ပယ်ရီပယ်ရီ ချစ်ကန်း

ပါပီယွန်

(ဒုတိယအကြိမ်)

ပယ်ရီ ပယ်ရီ ချစ်ကာန်း

ဝတ္ထုတိုစု

ပါပီယွန်

E-Books

ပုံနှိပ်မှတ်တမ်း

ပယ်ရီ ပယ်ရီ ချစ်ကန်း (ပါပီယွန်)

ပထမအကြိမ် - ဖေဖော်ဝါရီ၊ ၂၀၁၉ တန်ဖိုး • ၂၅၀၀ကျပ်

မျက်နှာဖုံး • **Moe Myint San**

အတွင်းစာမျက်နှာ • ဝေးခေါင်

စီစဉ်သူ • **Oo Kyi Soe,** ဝိုင်းမော်-စာအုပ်တိုက်

© ပါပီယွန်မူပိုင်ဖြစ်သည် (စာရေးသူခွင့်ပြုချက်မရှိပဲ-ဖြန့်ဝေခြင်း၊ ရောင်းချခြင်း၊ သွယ်ဝိုက်အကျိုးစီးပွားအတွက် အသုံးပြုခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းများ မပြုလုပ်ရ)

မာတိကာ

အရုပ်ဆယ်မျက်နှာသို့(ညီပုလေး)
ကျနော်မခူးရဲသည့်ပန်း နမ်းရုံကလေးပဲ
နတ်သစ်ရွက်နှင့် ဟာလီဒေဗဆင်
Santiago ပဲနွယ်ကုန်း၌ကွယ်လွန်သည်
ဉာဏ်များတဲ့ မောင်ပါပီ
အန်တီမန်ယူ
ချည်ဆံမျှင်များ
ငုံးအိမ်ကျူးလ (ဗန်းမော်ဗားရှင်း)
အိမ်ပြေးဂစ်တာ
ပြန်လမ်းမရှိတဲ့မြစ်
ပယ်ရီ ပယ်ရီ ချစ်ကန်း
စူပါစိန်နှင့် ရင်ဆိုင်ခြင်း
ရွှေထားတဲ့အပြုံး
မောင်ပါပီ သေကံမရောက် သက်မပျောက်ခဲ့စဉ်က
ပါပီမှောင်
အင်ဖာလိယာရုတ် ကောမ္ဗလဇ
ကျနော့် ဓါတ်ပုံဆရာမလေး
ငါးမျှားတံထိပ်က ဖော့ဖြူဖြူဒုက္ခတရား
Lame Duck
ငှက်ပျောသီးနဲ့စာကလေး
လေသိုင်းတတ်တဲ့ နတ်ကလျာ
သီချင်းဒဏ္ဍာရီ
လက်ဝဲဖက်နဲ့ ထမင်းစားတဲ့သူ
ကာဖီဆိုင်မှာ ဒင်းကို ထားရစ်ခဲ့
ဒိုင်ဗင် ရွှေဘ
လူယောင်ဆောင်ထားတဲ့ စက်ရုပ်
မသက်ဆိုင်ခြင်းများ

နီညိုရောင် ဗမာဝတ္ထု
စာအုပ်အမည်ကား...
စကားပြောတဲ့ သီချင်း
အတိတ်ကို ဖော်သော်
ရှုရှုတ်ခန်းနဲ့ ရင်ဆိုင်းခြင်း
မြက်ရိတ်သောနေ့
ဂျိုင်းကင် တိတ်ခ်ကဝေး
ညီမလေး မြစ်
ဂွတ်ဒ်ဘိုင် မေရီ
ပျောက်ဆုံးသွားသောအရာများ ရှိနေသည်
ပြတင်းပေါက်
ခရမ်းချဉ်သီးလေးတွေ
မတ်မတ်ရပ်တဲ့သူ
မှိုင်းကွင်းအိမ်
ခွေးကလေးနဲ့အမျိုးသမီး
ဝံပုလွေပါပီ

ဦးနှောက်သန်စွမ်းဖို့ စာဖတ်ခဲ့တယ်

နှလုံးသားသန်စွမ်းဖို့ ဂစ်တာတီးကျင့်ခဲ့တယ်။

ခုငါ စာသိပ်မဖတ်ဖြစ်တော့ပါ

ခုငါ ဂစ်တာကို အရှူးအမူးမတီးတော့ပါ။

မနက်ဖန် အလေးမဖို့ ဆုံးဖြတ်လိုက်ပြီ

ခန္ဓာကိုယ်သန်စွမ်းဖို့

တစ်စုံတရာကို မကျေနပ်တဲ့ အခါ

ငါ့ကြွက်သားတွေကို ညှစ်ထုတ်ပြနိုင်ဖို့။

ပါပီယွန်

အရပ် ဆယ်မျက်နှာ သို့

ပါပီယွန်ရဲ့စာအုပ် ၂ အုပ် ဖတ်ဖူးတယ်။ “မဏ္ဍာဇင်ပါပီ” နဲ့ “ ထရော်မာများ” တဲ့။ အဲဒီ၂အုပ် ကို သဘောကျလို့ မိတ်ဆွေတွေကို လက်တို့မိတော့၊ တုံ့ပြန်မှုက နှစ်မျိုး။ တချို့က ကျွန်တော်နဲ့ သဘောတူ ထပ်မျှကြတယ်။ တချို့က ငြင်းဆိုကြ။ ညီပုရေ၊ မင်းညွှန်းသလောက် မဟုတ်ပေါင် တဲ့။ ငါတော့ မကြိုက်ပေါင် တဲ့။ မကြိုက်ခွင့် ရှိတယ်။ ဒါ အနုပညာကိစ္စလေ။

ပါပီယွန် ဆိုတဲ့လူငယ်တစ်ယောက်ရဲ့စာတွေကိုစစ်သင်တန်းမှာ ဒရိန်းပြသလိုအကြိုက် တွေ ညီညီညာညာ ဘယ်ရှိနိုင်မလဲ။ ပထမနဲ့ ဒုတိယ စာအုပ် ၂ အုပ်အတွက် ကျွန်တော့်ဆီ တုံ့ပြန်တဲ့ ဩဘာလက်ခုပ်သံက မြည်ပါရဲ့။ ဒါပေမယ့် မညီမညာ လက်ခုပ်သံတွေ။

အခု “ပယ်ရီ ပယ်ရီ ချစ်ကန်း” မှာ ပါပီယွန်က အမှာစာ ရေးပေးပါ တဲ့။ ကျွန်တော် ခေါင်း ညိတ်လိုက်တယ်။ ဘာလို့ခေါင်းညိတ်လိုက်တာလဲဆိုတော့သူ့ဝတ္ထုတိုတွေကျွန်တော်သဘောကျ လို့ပါပဲ။ ပါပီယွန်ကို သဘောကျတာ သူ စာရေးတတ်လို့ပဲ။ သူက “စုံ” တယ်။ စာဖတ် “စုံ”တယ်။ အနုပညာ လိုက်စားတာ “စုံ” တယ်။ ပညာ “စုံ” တယ်။ ဘဝ လည်း “စုံ” ခဲ့တယ်။ သူ့ထက် “စုံ” တဲ့ ပုဂ္ဂိုလ်တွေ လောကမှာ ရှိနိုင်ပါသေးတယ်။ အဲဒီပုဂ္ဂိုလ်တွေ စာမရေးကြဘူးလေ။ ရေးစေချင်တယ်။

အာဏာစနစ်အခေါက်က လူးလွန့်စ၊ စာပေစိစစ်ရေး မရှိတော့တဲ့ ခေတ်ဦးမှာ၊ လူငယ် တစ်ယောက် ရေးသားတဲ့ ရသစာတွေဟာ သစ်မှာလား၊ ဆန်းမှာလား၊ အပြောင်းအမြင်းလား၊ ရန့် တွေသင်းမှာလား၊ လေဘေးထည့်လိုအနံ့မျိုးလား၊လင်းလက်သလား၊ခပ်မှိန်မှိန်လား၊အသံတိုးတိုး ညင်ညင်သာသာလား၊ သံစုံလား။ အခုပါပီယွန်ရဲ့“ပယ်ရီပယ်ရီချစ်ကန်း”ကိုစာဖတ်သူခံစားကြည့် စေချင်တယ်။ သူ့စာတွေဟာ ပေသိပ်မရှည်ဘူး။

သူ့စာတွေ ဖတ်ပြီး၊ လူချင်းကလည်း ဆုံဖူး တွေ့ဖူးနေတော့ ” ဟာ့ မောင်ပါပီရ၊ မောင်ရင့် ဟာ ဟုတ်ကော ဟုတ်ရဲ့လား၊ တကယ်လား မောင်ပါပီရ” ဒီလို မေးခွန်းထုတ်မိတာလည်း အခါခါ။ သူရေးတာသိပ္ပံဝတ္ထု၊ သိပ္ပံနယ်လွန်ဝတ္ထုမဟုတ်ပါပဲကျွန်တော့်ကိုသူ့မျော်ကလောင်နဲ့ဘဝင်ခိုက်စေ တယ်။ ဒါ သူ့အနုပညာ၊ အတတ်ပညာပါပဲ။

ပါပီယွန်က သူဟာ အဖိုး ဆရာကြီး ရွှေဥဒေါင်းနဲ့ ဦးလေး သော်တာဆွေတို့ရဲ့မြေးတပည့် တူတပည့်လို့ ခံယူထားသူပါ။ သူ့အဖိုး သူ့ဦးလေးရဲ့စာတွေ နှစ်သက်ကြတယ်၊ သဘောကျကြတယ် ဆိုရင်ဖြင့်၊ ဆရာကြီးရဲ့မြေး၊ ဆရာဆွေရဲ့တူရဲ့စာတွေလည်း မိတ်ဆွေ မငြင်းပယ်လောက်ပါဘူး။ သူ့ရဲ့ စာပေ အဖိုးများ ဦးလေးများ မြန်မာစာပေလောကမှာ ရှင်သန်နေသလိုမျိုး၊ ပါပီယွန် လည်း...။

ညီပုလေး

ကျနော်မခူးရဲသည့်ပန်း နမ်းရုံကလေးပဲ

လူတို့၏ မှတ်ဉာဏ်ကား တခါတရံတွင် အင်မတန်ဆန်းကြယ်လွန်းပေရာ တစ်ခါက မိမိ ဘဝတွင် ဖြစ်ပျက်ဖူးသည့် အဖြစ်အပျက်တစ်ခုအား မေ့လျော့နေလင့်ကစား ၎င်းအဖြစ်အပျက် ဖြစ် ပွားရာ ပတ်ဝန်းကျင်နှင့် အလျားသဏ္ဍာန်ဆင်ဆင်တူသည့် ပတ်ဝန်းကျင်သို့ ပြန်အရောက်တွင် မှတ်ဉာဏ်ထဲ ဘတ်သီးလင်းသကဲ့သို့ ဖျတ်ခနဲ ပြန်ပေါ်လာတတ်သည် မဟုတ်လော။

ညနေစာစားပြီးခါစဝရန်တာတွင်ဓာတ်ဆေးတံတစ်ဆုံဖွာရင်းချိုလေးသောဘာဘေး ယား ဘီယာတစ်ဖန်ခွက်ကို မြုံ့နေသည့် မောင်ပါပီတစ်ယောက်၊ ဝါသော သစ်ရွက်များအား ငေး ကြည့်နေရင်း ယခုကဲ့သို့သော ဆောင်းဦးကာလတစ်ခုတွင် ကြုံဖူးခဲ့သည့် တက္ကသိုလ်ကျောင်းသား ဘဝ အဖြစ်အပျက်တစ်ခုကို ပြန်ပြောင်းသတိရမိလေသည်။

ထိုစဉ်က နောက်ဆုံးနှစ်ကျောင်းသား မောင်ပါပီသည် ဘီလပ်တွင် နာမည် အတော်ရ သည့် အီတလီနံပြားဖိုတစ်ခုတွင် နံပြားရိုက်သူအဖြစ်(နာမည်ကျော်ပီဇာဆိုင်တွင် ပီဇာစာဖိုမှူး လုပ်သည်ဟု ဆိုလို) တစ်ပတ်လျှင် ၃ ရက်မျှ ဝင်ရောက်လုပ်ကိုင်နေသည်။ မူလ ပထမက နံပြား ရိုက် ဆရာဖြစ်သူ ဆီးရီးယားအာရပ်ကောင်အား တော့ပင်းလုပ်ပေးသူ(အဆာပလာခွက်များအား ဖြည့်ပေးသူ) အဖြစ် အလုပ်စဝင်ခဲ့သော်ငြား ဆီးရီးယားနိုင်ငံအပေါ် အစ္စရေးတိုင်းပြေ၏ နိုင့်ထက် စီးနင်းပြုလုပ်ခြင်းအား မကျေနပ်နိုင်ကြောင်း၊ မော့ဆက်သူလျှို အလီကိုဟင်အား ဖမ်းဆီးရမိ ကွပ်မျက်ခဲ့သော ဆီးရီးယန်းတို့၏ လုပ်ရပ်အား နှစ်ထောင်းအားရမိကြောင်း၊ မိမိမှာ အစ္စရေးတို့၏ ဇီယွန်ဝါဒအား အင်မတန်မုန်းတီး၍ အာရပ်ညီအကိုများအပေါ်ဂရုဏာသက်မိကြောင်း၊ ပလီပလာ အပြောကောင်းသဖြင့် ဆီးရီးယားနံပြားဖုတ်ဆရာ၏ ချစ်ခင်မှုရခဲ့ပြီး တစ်ပတ်မျှအကြာတွင် နံပြား ဖုတ်နည်း အတတ်သင်ပေးမှု ခံရကာ နံပြားဆရာအဖြစ် တိုးမြှင့်ခန့်ထား လစာကောင်းခဲ့လေသည်။

တစ်ပတ်လျှင်အနှီဆရာ ၃ရက်၊ မောင်ပါပီ

၃ရက်အလုပ်ဆင်းကြပြီးလျှင်မြို့ခံအသင်း၏ ဘောလုံးပွဲရှိသည့် နေ့များတွင်ကား(အဘေဒါများသဖြင့်) နှစ်ယောက်အတူတူ လက်မလည်အောင် နံပြားရိုက်ရလေသည်။

အခင်းဖြစ်ပွားရာ နေ့ရက်ကား ထိုကဲ့သို့ မြို့ခံအသင်း၏ ဘောလုံးပွဲရှိသော နေ့ပင် ဖြစ် သည်။ နာမည်ကျော် မော်ရင်ညို၏ အသင်းအား (မောင်ပါပီနှင့်တွဲဖက် နံပြားရိုက်ဆရာတို့ နှစ် ယောက်သား နံပြားဖိုအတွင်း ဖွင့်ထားသည့် လေဒီယိုမှ တစ်ဆင့် နားထောင်ရင်း အတန်တန် ဆု

တောင်းသည့် ကြားမှပင်) မြို့ခံအသင်းက အနိုင်ယူလိုက်လေရာ တစ်မြို့လုံး အောင်ပွဲခံကြလေ သည်။ ၄င်းတို့အောင်ပွဲခံပုံကား မိမိတို့နံပြားဖိုမှ အီတလီနံပြားများအား ဖုန်းဆက်၍ အဘေဒါ မှာယူ စားသောက်ကြရာ သေလောက်အောင် နံပြားရိုက်ရလေသည်။ နံပြားအချပ်ရေ ၇၀၀ မှ ၁၀၀၀ ထိ နာရီပိုင်းအတွင်း ရိုက်ရသည်မှာ နှစ်ယောက်သားကုလားဘုရား ကာလီမယ်တော်ကဲ့သို့ လက်ရှပ် ကာဒုက္ခရောက်ရလေသည်။

ညသန်းခေါင်လောက်တွင်မှ အလုပ်သိမ်းကာ အိမ်သို့အပြန်တွင် မောင်ပါပီကား ပင်ပန်း လွန်းသဖြင့် အတော်ဖားနေလေပြီ။ မောင်ပါပီနေသည့် အိမ်တွင် အတူနေသည့် တက္ကသိုလ် ကျောင်းသားများ ပါတီပွဲကြီး ဝှဲချီးကျင်းပ ပြီးစီးခါစ သိမ်းဆည်းနေသည်နှင့် ကြုံသည်။ ပါတီပွဲအား စပွန်ဆာသည့် အိမ်ခံ အာဖရိကန်မလေးကား မူးရူးကာ သီချင်းဖွင့်ရင်း ဒွန့်နေဆဲ။

အင်မတန် ပင်ပန်းနွမ်းလျလာသည့် မောင်ပါပီ အိမ်အပေါ်ထပ်သို့ တက်ကာ အဝတ် အစားလဲ၊ ရေချိုးစိမ်သည်။ ရေချိုးခန်းမှ ရေချိုးဝတ်ရုံဖြင့် အထွက်တွင်ကား ပြဿနာပေါ်လေပြီ။ အိမ်အပေါ်ထပ်တွင် တစ်ယောက်တစ်ခန်းစီဖြင့် တစ်အိမ်တည်းအတူနေသည့် အာဖရိကန်မလေး ကား မီးလုံးဝါကျင့်ကျင့်အောက်တွင် ခါးထောက်ရင်း မောင်ပါပီကို ကြည့်နေသည်။ ရေချိုးခန်း အထွက်ကား အိမ်အောက်ထပ်မှ တက်လာသည့် လှေကားအဆုံးနှင့် တည့်တည့်ဖြစ်လေရာ လှေကားလက်ရန်းအား မှီတွယ်၍ မခို့တယို့ရပ်နေသော သူ့ကိုမြင်ရသည်မှာ တစ်မျိုးကြီးပါလားဟု တွေးနေဆဲမှာပင် စကားစလာသည်။

“နင့်ကို ငါဒီည တွယ်မှာ”

ဟူသည့် စကားအား ကြားရလျှင် မောင်ပါပီ လန့်ဖျတ်မိလေပြီ။

“မနှစ်က ဒီအိမ်ကို ပြောင်းလာကတည်းက ကြည့်နေတာကြာပြီ၊ ပြုံးစိစိနဲ့ ငါစိတ်ယားလိုက်တာ၊ ဒီမယ်ကြည့်စမ်း”

ဟု ဆိုကာ မောင်ပါပီကို ကျောပေးရင်း၊ လေ့ကားလက်ရန်းကို ကိုင်ရင်း၊ တင်ကို ကောက်သည်။ ဖွင့်ထားသော သီချင်းသံစဉ်အတိုင်း ကိုယ်ကိုတွန့်လိမ်နေရာ စပိုတာလေးသာ ဝတ် ထားသည့် ၎င်း၏ ကြီးမားလှစွာသော အာဖရိက တင်ပဆုံကြီးကား တုန်စိတုန်စိ ခုန်နေ၏။

သမင် လည်ပြန်ကြည့်ရင်း ပြုံးတီတီဖြင့် ဘယ့်နယ့်ရှိစ ဟူသည့်အထာဖြင့် မျက်စပစ်ပြသည်။ ရေချိုးဝတ်ရုံ ကြီးဖြင့် ခါးထောက်ကာ အင်းအဲဖြစ်နေသည့် မောင်ပါပီကား စိတ်ညစ်လှပြီ။

ခေါင်းကုတ်ဖင်ကုတ်ဖြစ်နေသည့် မောင်ပါပုံထံသို့ အသာအယာကပ်ကာ ကိုယ်လုံးချင်း ဟိုပွတ်ဒီသပ်လုပ်ကာ သီချင်းသံအတိုင်း ရှိတ်ဆွဲပြန်သည်။

"ဘယ်လိုလဲ ဂျက်ကီချန်း နင်ငါ့ကို စိတ်မဝင်စားဘူးလားဟင်"

ဟု နားရွက်နားကပ်ကာ မြူ၏။ ၎င်းဝတ်ထားသည်ကား စွပ်ကျယ်အဖြူအပါးလေးဖြစ်ကာ ဘလာစီယာဝတ်မထားသဖြင့် အင်မတန်ထွားကြိုင်းသော အာဖရိက အုန်းသီးကြီးများမှာ ရှိတ်ဆွဲလိုက်တိုင်း ဟိုခါဒီခါဖြစ်နေ၏။

မောင်ပါပီကား ဘုရားဘုရား ဟု စိတ်ထဲတကာ အချိုသာဆုံး ပြုံးပြရင်း

"မိုင်ဘေဘီ စစ္စတား၊ နင် မူးနေပြီထင်တယ် အိပ်တော့ဟာ ငါ့ကို မနောက်ပါနဲ့"

ဟု တောင်းပန်သည်။

"ဟင့်အင်းမမူးပါဘူးငါသိပါတယ်ဟက်ဟက်...
လာစမ်းပါမိုင်ဂျက်ကီချန်းရဲ့"

ဟုတုံ့ပြန် ကာ သူ့မျက်နှာအား ရှေ့တိုးလာပြန်သည်။

အနီ အာဖရိကန်မလေးကား သာမန်အချိန်တွင် ကြည့်ပျော်ရှုပျော် (လှသည်ဟုပင် ဆို နိုင်ပါသည်) ရှိသော်ငြား ယခု ဆံပင်အတု တပ်မထားသဖြင့်(ဆံပင်ရှည်အတု တပ်လေ့ရှိသည်) ရှေ့တစ်လက်မ နောက်ပြောင် အာဖရိကန် ဆံပင်ကောက်တိုတိုလေးနှင့်ဖြစ်ရာ ခေါင်းတုံးမသာသာ ဖြစ်နေသည့်အပြင် ၎င်း၏ မျက်လုံးများမှာ နေကျောက်ခဲဖြစ်နေရာသဖြင့် (လေယာဉ်ပျံမော့ကြည့် ရင်း ပက်ဆံတစ်ဆယ် ကောက်ရသွားနိုင်သည့် မျက်လုံးမျိုး) မီးရောင်အဓောက်တွင် မြင်ရသည်မှာ အတော်ဖီးလ်တက်ချင်စရာ ကောင်းနေလေရာ... မောင်ပါပီကား အချိုသပ် ပလီရလေပြီ။

“အကျယ်ကြီး အော်မနေနဲ့ အဓောက်ထပ်က ကောင်တွေ ကြားကုန်မယ်။ လိမ္မာတယ်။ ခဏလေး ငါခုမှ ရေချိုးပြီးတာ။ အဝတ်ဝတ်ဦးမယ်။ ပြီးမှ နင်နဲ့ငါ အရက်တူတူသောက်ရင်း ပါတီ ဆက်လုပ်ကြမယ်နော် ... ဟုတ်ပြီလား”

ဟု ပြောပြောဆိုဆိုဖြင့် ၄င်းအား အသာအယာဖက်ကာ မည်းနက်ပြောင်တင်းသော ပါးပြင်ကို မွှေးမွှေးရှုတ်ခနဲပေး ချွေးသိပ်ရင်း မိမိအိပ်ခန်းထဲသို့ပြေးဝင်ခဲ့ လေသည်။ အခန်းထဲသို့ရောက်လျှင် တံခါးဂျက်ထိုး အဝတ်အစား အမြန်ဝတ်သည်။ အခန်းမီးပိတ် သည်။ အိပ်ရာထဲသို့ ဒိုင်ပင်ပစ်ဝင်ကာ စောင်ခေါင်းမြီးခြုံရင်း ပုနေရလေသည်။

အပြင်မှ ခပ်သဲ့သဲ့ကြားနေရသော

“ဂျက်ကီချန်းရေ မပြီးသေးဘူးလား၊ ဟားလိုး မိုင် ဂျက်ကီချန်း”

ဟူသည့် အသံအား မကြားတစ်ချက် ကြားတစ်ချက် ထိတ်လန့်တုန်လှုပ်စွာဖြင့် အိပ်ပျော်ခြင်းအမှုကို ပြုခဲ့ရလေသည်။

အထက်ပါဇာတ်လမ်း ဆုံးသည်နှင့် ဝရန်တာတွင် တူတူထိုင်ရင်း နားထောင်နေသည့် သူငယ်ချင်းမထံမှ တဟီဟီရယ်သံနှင့်အတူ နင်ကလည်း ကြောက်တတ်လိုက်တာ ဟူသည့် မှတ်ချက်ကို ကြားရလေရာ...

“အဲ့ဒီ အာဖရိကန်မက နင့်လို ဆံပင်ရွှေရောင်တွေနဲ့ ခပ်ချောချော ကော့ကေးရှန်းဆိုရင် တော့ ဘာဖြစ်မလဲ ငါလည်း မပြောတတ်ဘူးလေ”

ဟု ပြန်ပြောရင်း ရယ်သွေးသမ်းကာ မောင်ပါပီ တစ်ယောက် ဇာတ်ဆေးတံတစ်ဆုံ ထပ်ဖွာနေလေတော့သတည်း။

*****

နတ်သစ်ရွက်နှင့် ဟာလီဒေဗဆင်

ကယ်ရီယာခုံကို တမင်ဖြုတ်ထားတဲ့ ငှက်မြီးရှည်တံဆိပ် တရုတ်စက်ဘီးကို နင်းတယ်။ လေအဝှေ့မှာ ငါ့ဆံပင်ရှည်တွေက တလွင့်လွင့်ရယ်။ ငါ့ကျောမှာ လွယ်ပိုးထားတဲ့ စစ်ကျောပိုးအိတ် အစိမ်းရောင်လေးထဲမယ် မျောက်ဖြူတံဆိပ် ဓာတ်ခဲခြောက်လုံး ထည့်ထားတဲ့ ဆန်ညိုတံဆိပ် ကက်ဆက်ရီကော်ဒါ အကြီးကြီး ပါတယ်။ ကျည်အပြည့် ဖြည့်ထားတဲ့ သေနတ်တစ်လက်လို့ တစ်နည်းအားဖြင့် ယူဆလို့ရတယ်။ မြို့ပြင်က စိန်ပန်းကုန်းလို့ ခေါ်တဲ့ ဂေါ်ရခါးရပ်ကွက်ကို ပက်ဆံနဲ့ မာရှီ လဲလှယ်ဖို့ ငါ့ငှက်မြီးရှည် ဟာလီဒေဗဆင်ကြီးနဲ့ အရှိန်ပြင်းပြင်း မောင်းနှင်နေခဲ့တယ်။ ငါဟာ **Detroit** မြို့က ဆိုင်ကယ်စီးတဲ့ လမ်းသရဲတစ်ကောင်ပဲ။ ကျောပိုးအိတ်ထဲက ဇော်ဝင်းထွဋ်က အော်ဟစ်နေတယ်။

"ဘာကြောင့်အချစ်ရေအသည်းခွဲတာလဲအူ ဟူး... ဘာကြောင့်အချစ်ရေအသည်းခွဲတာလဲ အူဟူး... ဘာ့ကြောင့်အချစ်ရေအသည်းခွဲတာလဲ..."

ငါ့တို့မြို့က ကောင်တွေရဲ့လက်မောင်းမှာ ရှော့ခ်ဘုရား ဖွန်ဂျိုဗီရဲ့လက်မောင်းက လခြမ်း ပုံ သရဲနဲ့ ဆူပါမန်းတံဆိပ် တက်တူးတွေချည့်ပဲ။ ဖွန်ဂျိုဗီ စတိတ်ရှိုးဗီဒီယိုတိတ်ခွေဟာ တစ်မြို့လုံးမှာ မှ တစ်ခွေတည်းရှိလို့ ဒါကိုပဲ လှည့်ပတ်ကြည့်လွန်းလို့ ငါတို့ အလွတ်ကိုရနေခဲ့တယ်။

အဲ့ဒီတုန်းက ငါ တရုတ်ပြေဖြစ် လက်ပတ်နာရီ ဘယ်ညာနှစ်လုံးပတ်ခဲ့တယ်။ လူတွေက သောက်ရူးဆိုတဲ့ ပြုံးစိစိအကြည့်တွေ။ ငါဂရုမစိုက်ဘူး။ **Bon Jovi** ဟာ ရိုးလက်စ်နဲ့ တစ်တိုနီ လက် ပတ်နာရီတွေကို ဘယ်ညာပတ်တယ်ဆိုတာ သူတို့မသိဘူး။ နဖူးမှာ အရိုးခေါင်းပါတဲ့ လက်ကိုင်ပဝါ အနီ စည်းထားတဲ့ငါ။ ဂစ်တာကို ကုတ်တွယ်တီးခတ်ရင်း "သေနတ်ကလေးများ" ကောင်းဘွိုင် ဇာတ်ကားထဲက ဇာတ်ဝင်သီချင်းကို အာခေါင်ခြစ်အော်ဆိုတယ်။ ငါဟာ အနောက်ပိုင်း ဒဏ္ဍာရီထဲ ကနာမည်ကျော်သေနတ်သမား ဘီလီကလေး။ ငါဟာ ဝရမ်းပြေး။ ငါဟာ ခြောက်လုံးပူးသေနတ်ကို ချစ်တဲ့သူ။ ငါဟာ လေထဲက ဖယောင်းတိုင်။ ငါ့ပြိုင်ဖက်ရဲ့ခြောက်လုံးပူးသေနတ်ပြောင်းဝက ထွက် ကျလာမယ့် တူရှူအရပ်က ပျံသန်းလာတဲ့ ကျည်ဆံကို မမိုတ်မသုန် စိုက်ကြည့်ရင်း ယောက်ျားပီသ စွာ ကျဆုံးချင်ခဲ့တဲ့ ကောင်။

Stone Cold ဇာတ်ကား ခေတ်ထအပြီးမှာ ငါတို့မြို့က ကောင်တွေဟာ

ဂန်းစတားတွေ ချည့်ပဲ။ မော်တော်ဆိုင်ကယ်ဂန်း မဟုတ်ဘူး။ စက်ဘီးတွေနဲ့။ လက်မောင်းမှာ နှင်းဆီပန်းကို ကိုက် ထားတဲ့ကျားရဲတံဆိပ်တက်တူးတွေနဲ့။ စွပ်ကျယ်လေးတွေဝတ်လို့။ လက်မောင်းကတက်တူး တူးလေး တွေတပြပြ။ ကျားရိုင်းနှင်းဆီ ဂန်းစတားတွေတဲ့။ ကျားဆိုတာ အယဉ်ရှိလို့လား။ စောက်ရူးတွေ။ နေညိုလာပြီဆို ဂေါ်ယာကန်အစပ်နားမှာ စခန်းချတဲ့ ကျားရိုင်းနှင်းဆီဂန်းစတားတွေက

ဆေးပြားကွဲကွဲနဲ့ မည်းမည်းမြင်ရာ လိုက်ရိုက်တော့တာပဲ။

ငါ့လက်မောင်းမှာလည်း တက်တူးနဲ့ပဲ။ စောက်ပေါတက်တူး မဟုတ်ဘူး။ သံမဏိမိုက်ခ် လို့ နာမည်ကျော်နေတဲ့ လက်ဝှေ့ကျော်မိုက်တိုင်စန်ရဲ့ လက်မောင်းက တက်တူးကို ငါ့သူငယ်ချင်း တက်တူးဆရာက ကော်ပီအန် ပေ့စ် လုပ်ထားပေးတာ။ သံတိုင်တွေကြားထဲက အင်္ဂါဟစ်စေတဲ့ သရဲလိုလို ဘာလိုလို။ အင်္ဂါရဂျင်နယ် တက်တူးက အစောက်ခြေမှာ စာတန်းပါတယ်။ ရှူးသွပ်ခြင်း နေ့ရက်များတဲ့။ ငါ့တက်တူးက ပုံချည်းသက်သက်ပဲ၊ စာ မပါဘူး။ စုတ်နဲ့ပေါက်တာ နာလွန်းလို့ စာတန်း မထည့်နိုင်ခဲ့ဘူး။ တစ်ညမှာ ငါနဲ့ အဲ့ဒီကျားရိုင်းနှင်းဆီတွေနဲ့ တွေ့တာပဲ။

ဒီကောင်တွေအုပ်စုထဲ ငှက်မြီးရှည် ဟာလီဒေဗဆင်ကြီးကို လက်တစ်ဖက်တည်းနဲ့ ထိန်း အရှိန်ပြင်းပြင်း မောင်းဝင်သွားရင်း ကျန်တဲ့လက်တစ်ဖက်က ချိန်းကြိုးကို တရွှီးရွှီးရမ်းရင်း ငါအော်တယ်။

“ဟော့... ဈေးခွေး ချဉ်ပေါင်ဖူးဂိုဏ်းသားတွေ သတ္တိရှိရင် ကပ်ခဲ့ကြစမ်း... ဝူးဟားဟား”

ဒီကောင်တွေ ဘယ်လောက်အသည်းနာလိမ့်မလဲ စဉ်းစားသာကြည့်ကြ။ နောက်တော့ အဲ့ဒီ ဈေးခွေး ချဉ်ပေါင်ဖူး ဂန်းစတားတွေကို ထောက်လှမ်းရေးက အကုန်ထောင်ထဲ ထည့်လိုက် တယ်။ ငါတို့ကောင်တွေလည်း မာရီလေးဖွာရင်း လက်ဖက်ရည်ဆိုင်ထိုင်ရင်း ဦးကျော်ရဲ့ ဗီဒီယို ဇာတ်ကားတွေထဲက ဒိုင်ကြောင်တွေ ရွတ်ကြတော့တာပဲ။

“မင့်မျက်နှာကို ဘယ်သူ မှတ်ပုံတင်ပေးလိုက်တာတုံး ပြောစမ်း ... ငါ့ကိုပြောစမ်းပါကွာ”

“စွပ်စွဲပါ....နာကျည်းပါ...မုန်းတီးပါ...
ပြီးရင်အကိုရီးရှင်းပြတာလေးနားထောင်ပါကွာ”

“ကောင်းကင်ကြီးကပြာတယ်”

“အဲ့ဒီတော့ ဘာဖြစ်တုံးကိုချာလီ”

“မခင်သစ်ကို ကျနော်ချစ်တယ်”

“ထား…ထားဘဝဟာ သဇင်ပန်း… မောင့်ဘဝဟာ ခရေပန်း…”

ကြည့်စမ်း ဘယ်လောက်အဓိပ္ပာယ်ရှိလဲ။ မင်တို့ကောင်တွေက ဘာပန်းလဲ၊ အလကား ခွေးသေးပန်းတွေ။ ပန်းခြံထဲက လက်ဖက်ရည်ဆိုင်ကို မာရှီနဲ့တွေ့ ရယ်သံတွေ ဖုံးလွှမ်းထားခဲ့တယ်။ တစ်ဆယ့်ရှစ်နှစ်အကြာမှာ **Detroit** မြို့ကလေးကို ငါပြန်ရောက်သွားတယ်။ ငါပြောပြခဲ့ တဲ့ အရာတွေနဲ့ ခပ်ဆင်ဆင်တူတာ ဘာတစ်ခုမှမရှိတော့ဘူး။ ချိန်းကြိုးနဲ့ သံပိုက်လုံးတွေကိုင်တဲ့ ဂန်းစတားတွေ သေကုန်ကြပြီ။ ဟဲရိုးအင်းနဲ့ ယာဘာ ပေါပေါများများရနေတဲ့နေရာမှာ မာရှီမချကြ တော့ဘူး။ ငှက်မြီးရှည် ဟာလီဒေဗဆင်တွေ ဘယ်သူမှမစီးကြတော့ဘူး။

နောက်ဆုံး ၁၉၉၀ ကျော် နှစ်ကာလတွေဟာ ဒီမြို့ကလေးထဲ တကယ်ရှိခဲ့ပါလား ဆိုတာ တောင် မသေချာတော့ဘူး။

Santiago ပဲနွယ်ကုန်း၌ ကွယ်လွန်သည်

အဲ့ဒီတုန်းက ကျနော်ဟာ ပိုင်ရဲ့ စာပို့သမားကဗျာထဲက အရူးတစ်ယောက်ပဲ။ တစ်နေရာ ကို စာတွေ တစ်စောင်ပြီး တစ်စောင် ပို့နေခဲ့တယ်။ နေ့စဉ်နေ့တိုင်းရေးပြီး ပို့တယ်။ လတွေ ကြာလာ တဲ့အခါ တက္ကသိုလ်စာတိုက် အမြန်ချောပို့ဌာနက စာရေးမဟာ နေ့လယ် ၁၂ နာရီ ကျော်လို့ အမြန် ချောပို့ပိတ်ပြီဖြစ်ကြောင်း ဆိုင်းဘုတ်ထောင်ထားတာတောင် ကျနော့်ကို မျှော်နေခဲ့တယ်။ ငါ့မောင် လေး ဒီနေ့မလာသေးဘူးတဲ့။

ပိုင်ရဲ့ စာပို့သမားကဗျာအဆုံးမှာ အရူးတစ်ယောက်ရဲ့ စာတွေအတွက် ဘာမှမတတ်နိုင်

ကြောင်း စာတစ်စောင်ပြန်လာသလို တစ်နေ့မှာ ကျနော့်ဆီကို ဘယ်တုံးကမှ မမျှော်လင့်ထားတဲ့

ပြန်စာတစ်စောင် ရောက်လာခဲ့တယ်။

“ရှင် ဆေးလိပ်ဖြတ်မယ် လို့ ကျမကို ကတိပေးမလား”

တဲ့။

အဲ့ဒီစာတိုလေး ရအပြီးမှာ ကျနော်ဟာ သွက်သွက်ခါသွားခဲ့တာပဲ။

ကျနော့်ကိုကျနော်

သတိထားမိတဲ့ အချိန်မှာ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ အဝေးပြေးကားပေါ်မှာ။

ကျောပိုးအိတ်အပြာကို လွယ်ပိုးထားပေမယ့် အထဲမှာ မဖတ်ရသေးတဲ့ မြန်မာ့အလင်း သတင်းစာတစ်စောင်

(အင်္ဂလိပ်ဗားရှင်း)က လွှဲပြီး ဘာမှထည့်မထားဘူး။ တစ်ဆယ့်နှစ်နာရီအကြာမှာ အဝေးပြေးကားဂိတ်ဝန်းထဲကရေချိုးခန်းတစ်ခုမှာ လမ်းဘေးကဝယ်လာတဲ့ ဆပ်ပြာမွှေးနဲ့ ကျနော်ရေဝင်ချိုးတယ်။

သေနတ်များနှင့် နှင်းဆီပွင့်များ တံဆိပ်ပါ တီရှပ်အနက်နဲ့ လီဗိုက်စ်ဂျင်းပင်န်အနက်(အဝတ်ဟောင်း တွေ)ကိုပဲ ပြန်ဝတ်တယ်။ လန်ဒန်ဆစ်ကလက် ၃ လိပ်ဝယ်ပြီး အိတ်ကပ်ထဲ ထည့်တယ်။ အဆောင်ဂိတ်ပေါက်ရောက်တော့ ဘာဆက်လုပ်ရမလဲဝေခွဲမရဘူး။ ဆစ်ကလက် ၃ လိပ်ကုန်သွားတယ်။ ကသစ်ပင်အောက်မှာ ငူတူတူကြီး ရပ်နေတုန်း။ နေညိုလာပြီ။ အချိန်မရှိ တော့ဘူး။

ဘီ ၁၆ က X ကို ခေါ်ပေးပါလို့ တောင်းဆိုလိုက်တဲ့ ကျနော့်အသံဟာ အဖျားခတ်နေမှာ သေချာတယ်။ ဂိတ်စောင့်ဖြစ်သူက ဘီ အဆောင်ရှေ့ကနေ သူ့နာမည်ကို လှမ်းအော်ခေါ်နေတဲ့ အချိန်ဟာ ဘဝရဲ့ တုန်လှုပ်စရာအကောင်းဆုံးအချိန်ပေါ့။

ဇဝေဇဝါဟန်နဲ့ သူမဟာ လှေကားထစ်တွေဆီက လျှောက်ဖွတ်ပြီးစ ဆံပင်အရှည်ကြီးတွေကိုမွှေးပွတဘက်နဲ့ သုတ် နေရင်းဂိတ်ဝကိုလာနေပြီ။ ထမီအနီရင့်ရင့်နဲ့မစ်ကီမောက်စ်တီရှပ်အဝါ။အဲ့ဒီသွယ်လျလျကိုယ်လုံး လေးဟာ ဂိတ်ဝမှာရပ်နေတဲ့ သေနတ်များနှင့်နှင်းဆီပွင့်များတီရှပ်နဲ့ ဂျင်းပန်အနက်ကို မြင်သွား တယ်။ စိမ်းစိမ်းကြီး စိုက်ကြည့်တယ်။ ချာခနဲ လှည့်ထွက်သွားတယ်။

ကျနော့်ရင်ထဲ ဆို့တက်သွားတယ်။ ကျနော် ဘာမှမသိတော့ဘူး။ မှောင်အတိ ကျသွား တယ်။

အဲ့ဒီနောက်မှာ အဝေးပြေးဘတ်စ်ကားအစုတ်ကြီးပေါ်ကျနော်ရောက်တယ်။ လမ်းဘေး ဝဲယာကို ငေးကြည့်နေတဲ့ ကျနော့်မျက်လုံးတွေဟာ ဗလာသက်သက်ပဲ။ ညမိုးချုပ်တော့ လမ်းဘေး တစ်နေရာမှာ ကားပျက်တယ်။ ဆက်သွားလို့ မဖြစ်နိုင်တော့ဘူးတဲ့။ ပဲနွယ်ကုန်းတဲ့။

လမ်းဘေးလက်ဖက်ရည်ဆိုင်လေးထဲ ကျနော်ဝင်ထိုင်နေခဲ့တယ်။ အဲဒီညက လရောင် က ထိန်ထိန်သာလို့။ စိတ်နဲ့လူနဲ့မကပ်တဲ့ ကျနော်ဟာ ကျောပိုးအိတ်ထဲက မြန်မာ့အလင်း သတင်း စာကို ထုတ်ဖတ်တယ်။

နိုင်ငံတကာသတင်းတွေထဲ **Gregorio Fuentes** ဆိုတဲ့ တံငါသည် အဘိုးကြီး ကူးဘားမှာ ကွယ်လွန်ရှာပြီ။ အသက် ၁၀၀ စွန်းစွန်း။ ဒါက ဘာထူးဆန်းလို့လဲပေါ့။ ဆက်ဖတ် တော့သူဟာဟဲမင်းဝေးရဲ့ **The old man and the sea**ဝတ္ထုထဲက ကိုယ်သိပ်ကြိုက်တဲ့ အဘိုးကြီး **Santiago**

ကျနော့်ရင်ထဲ ဆွေးမြေ့သွားတယ်။

ကျနော့်ငယ်ဘဝရဲ့ သူရဲကောင်းကြီး သွားရှာပြီ။ လက်ဖက်ရည်ဆိုင် အပြင်ဖက်က လရောင်ကို ငေးတယ်။ လန်ဒန်ဆစ်ကလက်ကို ဖွာတယ်။ ခေါင်းထဲ ဖျတ်ခနဲ ပေါ်လာတာက အဘိုးကြီး **Santiago** ရဲ့စကားလုံးတွေ။

"လရောင်အောက်မှာ အလှဆုံးအရာ နှစ်ခုက ပင်လယ်နဲ့ မိန်းမပဲကွ။ အဒေ လောကမှာ နားလည်ရ အခက်ဆုံးကလည်းအဲ့ဒီနှစ်ခုပဲ" တဲ့။

အဲ့ဒီစကားလုံးတွေကို အစီအစဉ်တကျမဟုတ်ပေမယ့် ကျနော်ပြန်သတိရမိသွားတယ်။ ကျနော် ပြုံးတယ်။ ဆစ်ကလက်မီးခိုး မွှန်သွားလို့ မျက်ရည်ဝဲသလိုတော့ နည်းနည်းဖြစ်တယ်။ ဒါပေမယ့် အဒေဆေးပါ။ လရောင်ကို ဆက်ငေးတယ်။ ဂွတ်ဒ်ဘိုင် **Santiago** လို့ တိုးတိုးလေး ရေရွတ်တယ်။

အဲ့ဒီညက ပဲနွယ်ကုန်းမှာ **Santiago** ကွယ်လွန်ခဲ့တယ်။ လရောင်အောက်မှာ ကျနော့် ကိုယ် ကျနော် ပြန်လည်မွေးဖွားခဲ့တယ်။

ဉာဏ်များတဲ့ မောင်ပါပီ

ရောဘတ် အိုပင်ဟိုင်းမားနှင့် ဘာကလေတက္ကသိုလ်တွင် ပုခုံးချင်း တိုက်ခဲ့ဖူးသည့် ဆိုသော ဇမ္ဗူ့ရူပဗေဒဆရာကြီး၏လက်ရာ "ဝီရိယနဲ့ထူ ကံက ဖေးမသူ" ကဲ့သို့သော ဆောင်းပါးမျိုး ရေးပြလိုပါသော်လည်း မောင်ပါပီခမျာ ဘာကောင်မျှမဟုတ်၊ ဘာမှမကြီးကျယ်သော အညတရ တစ်ယောက်သာ ဖြစ်ခဲ့သဖြင့် တစ်ခါက တက္ကသိုလ်ကျောင်းတွင် အသက်ရှင်သန်ရန် မည်သို့ မည်ပုံ ဉာဏ်များခဲ့ပုံကို ရေးပြလိုက်ရပါသည်။

မောင်ပါပီကား လူတော်တစ်ယောက် ဘယ်တုန်းကမှ မဟုတ်ခဲ့ပါ။ ဘဝတွင် အဖြစ်ချင် ဆုံးသော ဆန္ဒမှာ မိခင်ဘာသာစကားဖြင့် သင်ကြားသော တက္ကသိုလ်စစ်စစ်တစ်ခုတွင် သမိုင်း သို့မဟုတ် ဒဿနဘာသာတွဲအား ပျော်ပျော်ရွှင်ရွှင် တက်ရောက်သင်ကြားရင်း မိမိနှင့် ဝါသနာတူ သော အတန်းဖော်များနှင့် ဆွေးနွေးငြင်းခုန်ရင်း ဘွဲ့ယူရန်ဖြစ်ပါသည်။ သို့သော် ကံပစ်ချရာ လူဖြစ် ရသော ဘဝတွင် အိုကြီးအိုမ အရွယ်ရောက်မှ ဘိလပ်ပြေ တက္ကသိုလ်တစ်ခုကို အချောင်ဝင်ခွင့်ရ သွားပြီးလျှင် ထမင်းရှာစားရန် လွယ်ကူသည့် သိပ္ပံဘာသာရပ်တစ်ခုအား ကုလားဖြူစကားဖြင့် သင် ယူရလေသည်။

ပြဿနာကား အသက်ကြီးမှ စာပြန်သင်သဖြင့် သံချေးတက်ဦးနှောက် ဖြစ်နေခြင်းနှင့် သင်ကြားရေးနည်းစနစ် မတူသော ပညာရေး၊ မိခင်ဘာသာစကားမဟုတ်ခြင်း အစရှိသည့် ဒုက္ခ ပေါင်း မြောက်မြားစွာတို့ပင်ဖြစ်၏။ ကျောင်းစာတစ်ဖက်ဖြင့် ထမင်းဝရန် ရှုန်းကန်ရခြင်းကား မကြာ ခဏ ရေးပြပြီးခဲ့ပြီဖြစ်သဖြင့် အကျယ်မချဲ့လိုတော့။ ထိုသို့သော အခြေနေမျိုးတွင် ရိုးရိုးကြီးဇယ်ျ လုပ်နေခဲ့ပါလျှင် ဒီတောင်ကို မောင်မကျော်နိုင်မှာ သေချာပါသည်။ ထို့ကြောင့် ဉာဏ်များသော ဇာတ်လမ်းများကို ဖန်တီးခဲ့ရပါတော့သည်။

ကနဦးတွင် မောင်ပါပီ အကြီးမားဆုံးသော အခက်အခဲမှာ ဂဏန်းသင်္ချာဖြစ်သည်။ ပညာ ရေးနှင့် နှစ်အတန်ကြာ ဝေးခဲ့ပြီဖြစ်သော မောင်ပါပီ

ကနဦးတွင် မျက်ဖြူဆိုက်ရသည့် ဘာသာရပ် ဖြစ်သည်။ သူတို့ဆီက တက္ကသိုလ်ဟူသည်ကား ၏သည်မရွေး သင်ပေးသည်မဟုတ်ပဲ လက်ချာ ချိန်အတွင်း အကြမ်းဖျင်းမျှသာ ရှင်းသွားပြီး စာကြည့်တိုက်သို့မြန်းကာ မိမိဖာသာ ဆက်လက် လေ့လာရန်တာဝန်ပေးသည် မဟုတ်လော။

စာကြည့်တိုက်သို့ သွားကာ ညွှန်းဆိုထားသည့် စာအုပ်များလှန်ကြည့်သော်ငြား ဘာမှန်း ရေရေရာရာ သဘောမပေါက်ချေ။ ငါကား ဒီဘာသာနှင့်ပင် တစ်တန်းမှမအောင်ပဲ ကျောင်းထွက် ရတော့မည်ဟု အတတ်သိသွားသော မောင်ပါပီ ဉာဏ်စများလေပြီ။

အတန်းထဲတွင် အသက်အကြီးဆုံး ကျောင်းသားဖြစ်သူ မောင်ပါပီတစ်ယောက် (အခြား ကျောင်းသားအားလုံး မိမိထက် ၁၀ နှစ် ပတ်ချာလည်မျှ ငယ်ကြသည်) အတန်းဖော်များထဲမှ ဂဏန်းသင်္ချာချိန်တွင် ဆရာနှင့် အပြန်အလှန် ငြင်းခုံတတ်သည့် ကုလားလေးတစ်ကောင်အား ခေတ်စကားဖြင့်ပြောရလျှင် ကဒက်ဖမ်းဖို့ ကြိုးစားသည်။ ချာတိတ်တို့မည်သည် မိမိထက် အသက် ကြီးသော၊ ဘဝအတွေ့ကြုံ ပိုစုံသော၊ မိုက်ကန်းကန်း ကာလသားကြီးများအား ဟီးရိုးတင်တတ်ကြ သည် မဟုတ်လော။ ငယ်ရွယ်စဉ်က ဖဲသမားလူမိုက် ကိုရွှေဘအား ဆရာတင်ခဲ့ဖူးသည့် မောင်ပါပီ တစ်ယောက် ထိုအကြောင်းကို နှောကျေနေသဖြင့် ကုလားလေးအား ကဒက်ဖမ်းနိုင်ခဲ့သည်။ တက္ကသိုလ်အရက်ဆိုင်တွင် အရက်ခေါ်တိုက်ရင်း ဟိုတလောက ခေါင်းပေါက်သည်မှာ အနိုင်ကျင့် သည့် စကယ်လီ လူမိုက်များနှင့် ရိုက်နှက်ရင်း ရလာသည့်ဒဏ်ရာဖြစ်ကြောင်း (မိုက်ဂုဏ်ပြသည်) ၊ မိမိငယ်ငယ်က လူပျိုရည် ဘယ်လိုပျက်ခဲ့ကြောင်း ဟာသနှောကာ ပြောသည်။ အတန်းထဲမှ တစ်ဦးတည်းသော ကျောင်းသူ ဘော်လီဝတ်မလာသော နေ့များတွင် ဆရာတစ်ယောက်မှာ ထို ကျောင်းသူအနားက မခွာတာ မိမိသတိထားမိကြောင်း(ချာတိတ်များ သည်းခြေကြိုက်ဖြစ်သော အညှီအဟောက်ကလေးများ) အစရှိသဖြင့် ရှီးလုံး ဖိန့်လုံးလေးများသုံးကာ ရည်ရွှန်းပတ်ရွှန်းဖြင့် မိတ်ဖွဲ့ရင်း မောင်ပါပီအားအထင်ကြီး လေးစား ခင်မင်စေပြီးလျှင် မိမိ အခန်းသို့ မကြာမကြာခေါ်ကာ သင်္ချာပြခိုင်းလေသည်။

သင်္ချာဘာသာရပ်တွင် တစ်ဖက်ကမ်းခတ်သည့် ၄င်းကုလားလေး၏ ကြပ်မတ်မှုဖြင့် နှစ်လမျှ အကြာတွင် သင်ရိုးကုန်ကာ လက်ချာချိန် အတန်းထဲတွင် ဆရာကို ထငြင်းတတ်သည့် မောင်ပါပီ ဖြစ်လာလေသည်။

ထိုသို့ဖြင့် အတန်းကြီးလာသည့်အချိန်တွင်ကားဉာဏ်များသည့် မောင်ပါပီကားလူမျိုးစုံ ပါဝင်သည့် ဂိုဏ်းတစ်ခုကို အုပ်စီးထားမိလေပြီ။ တက္ကသိုလ်တွင် ဘာသာတွဲပေါင်း သောင်းခြောက် ထောင်မျှ သင်ယူရလေရာ တစ်ကိုယ်တော်သမားတို့မည်သည် ဘာသာအစုံတွင် မတော်သဖြင့်

တစ်ဘာသာမဟုတ် တစ်ဘာသာ စာမေးပွဲကျရှုံးကာ ပြန်လည်ဖြေဆိုရတတ်လေရာ မောင်ပါပီတို့ အဖွဲ့ကား ဘယ်တော့မှ စာမေးပွဲမကျ။ တစ်ယောက်လျှင် ၂ ဘာသာမျှစီ ပိုင်ကြလျှင် လူ ၅ ယောက် ဂိုဏ်းဖွဲ့ထားရာ ပတ်ချာလည်ရှင်းပြ ကူညီနေရင်းဖြင့် လုံခြုံနေလေပြီ။ သူတပါးအား များများရှင်း ပြလေ မိမိ ပိုတတ်လေ ဆိုသည့်အချက်အား ဂိုဏ်းသားတို့နားလည်စေရန် မောင်ပါပီကိုယ်တိုင် ရိုက်သွင်းထားသည် မဟုတ်လော။

နောက်ဆုံးနှစ်သို့ ရောက်သော် ဘွဲ့ယူရန် စာတမ်းကိုယ်စီ ရေးရလေသည်။ မည်သို့မည် ပုံဉာဏ်များခဲ့ကြောင်း ပါပီယွန်၏ ၅၆ ၉၆ တွင် အကျယ်ရှုပါလေ။ မိမိပရောဂျက် ကိုယ်စီ ပြီးစီးသည် နှင့်ဖိုင်နယ်စာမေးပွဲကြီးဆက်ဖြေရသည်။

ဂိုဏ်းသားများ တညီတညွတ်တည်း အပြန်အလှန် ကူညီ ရင်း ရင်ဆိုင်ကြရသည်။

သို့သော် ...

စာမေးပွဲနောက်ဆုံးနေ့တွင် မောင်ပါပီ အင်မတန်ပိုင်ပါသည်ဆိုသော ဘာသာတွဲ အဖြေတွင်ဒုက္ခများကုန်လေသည်။

မေးခွန်းစာရွက်ကိုဖတ်ကြည့်ရာဘာတစ်လုံးမျှနားမလည်ပါ။ ဘေးဘီ ဝဲယာကို အကဲခတ်လိုက်လျှင် ကြက်သေသေနေသော အတန်းဖော်များ၊ ခေါင်းကုတ်မျက်နှာမဲ့နေ သူများသာ မြင်ရသည်။ အရိုးရှင်းဆုံး ပြောရလျှင် စာမေးပွဲကျဖို့ သေချာနေပါပြီ။ ဗမာပြေတွင် ပြော လေ့ရှိသော စကားအရ အသေသတ်ထားသော မေးခွန်းပေတည်း။ ကုလားဖြူကျောင်းသားများ သည်းခံနိုင်ဟန်မတူပဲ မေးခွန်းစာရွက်ကိုဖြဲကာ

"ယီးမှ မဖြေဘူး အဓိပ္ပာယ်မရှိတာတွေကွာ၊ မင့်တို့ ဘွဲ့လည်း ယီးမှမယူဘူး ရေပိုက်ပြင်စားမယ်ကွ"

ဟု ဆဲဆိုကာ စာမေးပွဲခန်းထဲမှ ထွက်ကုန်လေပြီ။

မောင်ပါပီကား ဟိုကြည့်ဒီကြည့်လုပ်ရင်း ကော်ရစ်ဒါတွင် ရပ်နေသော လူတစ်ယောက် ကို မြင်သည်။ ယခုဖြေနေသော ဘာသာတွဲကို သင်သည့် မိမိတို့ဆရာပါလား။ သူ့မျက်နှာကား မကောင်းချေ။ မေးခွန်း အင်မတန်ခက်သဖြင့် မိမိတပည့်များ ဒုက္ခတွေ့နေပြီဖြစ်ကြောင်း သိသည့် အလား ရပ်ကြည့်နေရှာသည်။ မေးခွန်းကို သူထုတ်သည်ဟုတ်ဟန် မတူ။ ထိုဆရာကား မောင်ပါပီ ဆရာအရင်း ၅၆ ၉၆ ဇာတ်လမ်းထဲမှ ကာပီတန်အမေရိက ဖြစ်လေရာ မောင်ပါပီခေါင်းထဲတွင် ဘတ်သီးလင်းသွားလေပြီ။

အဖြေလွှာစာရွက်ထဲတွင်မိမိသိသမျှမေးခွန်းနှင့်ဆိုင်မည်ထင်သော အရာများကို ချရေး သည်။ ဆိုင်ဆိုင် မဆိုင်ဆိုင် ထင်ရာမြင်ရာ ဖော်မြူလာ၊သီအိုရီ ဘာတစ်ခုမှမကျန် လျှောက်ရေးပစ် သည်။ အချိန်စေ့ခါနီးသော်အဖြေလွှာအဖုံးညာဖက်ထောင့်တွင်နာမည်၊ မွေးသက္ကရာဇ်နှင့် ခုံနံပါတ် ရေးဖြည့်ကာ တြိဂံခေါက်ချိုးအတိုင်း ကော်ဖြင့်ကပ်ရသည်။ ကျောင်းသားအမည်ကို စာစစ်ဆရာ အသိမခံသည့်ထုံးစံ ဖြစ်သည်။ မောင်ပါပီကားတြိဂံခေါက်ကို ကော်ဖြင့်မကပ်၊ ခေါက်ချိုးကိုအတင်း ဖိချိုးရင်း တံတွေးဆွတ်ကာ အသာလေးကပ်သည်။ ကော်ဖြင့်ကပ်သည့်အတိုင်း ဖြစ်သွားသည်။ အခန်းစောင့်ထံအပ်လိုက်သည်။ တံတွေးခြောက်သော် ခပ်ဟဟလေးပြန်ဖြစ်လာလိမ့်မည်။ အဖြေလွှာကိုစစ်မည့်သူမှာအခန်းအပြင်ကကော်ရစ်ဒါတွင် ရပ်စောင့်နေသည့် မိမိဆရာအရင်းဖြစ်သည်။ ခပ်ဟဟ မောင်ပါပီအဖြေလွှာကို မြင်လျှင် လူ့သဘောသဘာဝအရ ကောက်လှန်ကြည့်မှာ သေချာ သည်။ မိမိတပည့်အရင်းကြီး၏ နာမည်ကိုမြင်လျှင် မည်သည့်နည်းနှင့်မဆို သက်ညှာလိမ့်မည် မဟုတ်လော။

အဖြေလွှာအပ်ပြီးသော် အခန်းပြင်သို့ မောင်ပါပီထွက်သည်။ စိုးရိမ်သည့် မျက်နှာဖြင့် ကော်ရစ်ဒါတွင် ရပ်နေသည့် ဆရာကာပီတန်အမေရိကက

" ဟရောင် ဘယ်လိုလဲ"

ဟု လှမ်းမေးသည် ကို ပြန်မဖြေပါ။

အကယ်ဒမီ မောင်ပါပီကား မမစိမ်းဓာတ်ရှင်ထဲမှ ခင်သန်းနုအား ချစ်ခွင့်ပန်မရ သဖြင့် ကြေကွဲဆို့နင့်သွားသည့် ဇင်ဝိုင်း၏ မျက်နှာပေးဟန်ဖြင့် ဆရာဖြစ်သူအား မဝံ့မရဲ တစ်ချက် လှမ်းကြည့်ကာ မျက်လွှာလေးချရင်း ချာခနဲလှည့်ထွက်သွားလေသည်။

ဆရာဖြစ်သူကား အရှုံး

သမား မောင်ပါပို့ကျောပြင်အား ငေးရင်း ကျန်ခဲ့ရှာသည်။

ထိုသို့ဖြင့် နောက်တစ်လမျှအကြာ အောင်စာရင်းထွက်သော် အဆိုပါ ဘာသာကို အောင်မှတ်အတိကျဖြင့် မောင်ပါပီ အောင်လေသည်။ ထိုညတွင် အရက်မူးနေသောမောင်ပါပီ မိမိကဒက်လေးများအား လက်ညှိုးထိုးကာ ဆုံးမစကားဆိုသည်။

“ဟေ့ လူ့ဘဝမှာ မကျရှုံးဖို့က မိုးပျံနေအောင်တော်စရာ မလိုဘူးကွ၊

Survival Instinct ရှိဖို့ပဲ လိုတယ် ဆိုတာ မြဲမြဲမှတ်ထားလိုက်”

ဟူသတတ်။

အန်တီမန်ယူ

လောင်းကစားဝါသနာကြီးသော မောင်ပါပီတစ်ယောက် ဘောလုံးပွဲလောင်းခြင်းအား စွန့်လွှတ်ခဲ့သည်မှာ ထိတ်လန့်တုန်လှုပ်ဖွယ်ရာ ရလဒ်မျိုး ထွက်ခဲ့သည့် မီလန်နှင့် လီဗာပူး ဥရောပ ဗိုလ်လုသည့်ပွဲ ပြီးကတည်းက ဖြစ်သည်။

အင်္ဂလိပ် ဘောလုံးကလပ် ပွဲများတွင်လည်း မောင်ပါပီ အင်မတန်ကြိုက်သည့် လိဗ်ဒစ်ယူနိုက်တက် အဓောက်တန်း ဆင်းသွားကထဲက ထိုဘောလုံးပွဲများ အား မကြည့်ဖြစ်တော့။ တစ်ခါတရံ ကမ္ဘာ့ဖလားကဲ့သို့သော ကြိုတောင့်ကြိုခဲ ပွဲမျိုးမှသာ လောင်း ကြေးမပါပဲ အပျင်းပြေ ကြည့်တတ်သည်။

ထိုအကျင့်ကား အင်္ဂလိပ်ဘောလုံးပွဲများအား ကွင်းထဲထိ သွားကြည့်နိုင်သည့် ဘီလပ်တွင် ခဏတာနေစဉ်အထိ ပါသွားလေသည်။ ယခုကား မောင်ပါပီ ဘောလုံးပွဲအကြောင်း မပြောတော့။ တစ်ခါတရံ တက္ကသိုလ်ကျောင်းက အလကားဝေသော ဘောလုံးပွဲလက်မှတ် ရသည်ကိုပင် သူငယ်ချင်းများအား အလကားပေးပစ်တတ်သည်။

ထိုသို့ဖြင့် နောက်ဆုံးနှစ် စာမေးပွဲ ပြီးသွားသည့် ကာလ မောင်ပါပီနှင့် ဘော်ဒါတစ်သိုက် ဝေလေလေ လုပ်နေသည့်အချိန် ယခုဖော်ပြပါ အဖြစ်အပျက် ဖြစ်ပွားလေသည်။

ပေါ့ပါးလွတ်လပ် သွားသည့် ဘဝတွင် ကျောင်းသားဘဝ တလျှောက်လုံး အလုပ်နှင့်ကျောင်းစာ လုံးချာလည်လိုက် ကာ ပျော်ပျော်မနေခဲ့ရသည့် မောင်ပါပီ၊ အဓောင်စာရင်းအထွက် စောင့်နေရင်း အစွမ်းကုန် ဇိမ်ယူနေ သည်။ မနက် နေမြင့်မှ အိပ်ရာထသည်။

တက္ကသိုလ်အားကစားရုံသို့ သွားကာ အလေးမသည်။ ရေကူးသည်။ အိမ်ပြန်ကာ ထမင်းဟင်း ကောင်းကောင်း ချက်ပြုတ်စားသောက်သည်။ နေ့ခင်း တစ်ရေးအိပ်ပြီး အိပ်ရာမှထသည်နှင့် ရေမိုးချိုးကာ ဘော်ဒါတွေနှင့်

အရက်ဆိုင်တကာ ပတ်ထိုင် သည့်မှာ ညဥ့်နက်သည်အထိ။

အိမ်ပြန်ရောက်လျှင် မိုးလင်းခါနီးအထိ ဖွတ်စပုတ်ပွတ်၊ ယူတုမှ ဒွေါ်ကယူမန်ထရီတွေ ကြည့်သည်။

နေ့မြင့်မှ အိပ်ရာထကာ အထက်ပါအတိုင်း နောက်တစ်နေ့ ဖြတ်သန်းပြန်သည်။

တစ်နေ့တွင် နေ့ခင်း အိပ်နေရာမှထကာ ဘော်ဒါများနှင့်ချိန်းထားသည့် မြို့လယ်ခေါင်

သို့ လမ်းလျှောက်လာရင်း ဘူတာရုံတွင် အင်္ဂလိပ်ငမူးများ စုရုံးနေကြသည်ကို မြင်သည်။

ဘောလုံးလူရမ်းကားများကား မနက်ခင်းကတည်းက အရက်ဆိုင်ထိုင်သောက်ကြရင်း ညနေဖက်ကန်မည့်ဘောလုံးပွဲအတွက် သောင်းကျန်းရန် တာစူနေကြလေပြီ။

မြို့ခံအသင်း၏ ဘောလုံးသီချင်းများအော်ဆိုကာ ဧည့်သည်အသင်းပရိသတ် ရောက်လာမည့် ဘူတာရုံအပေါက်ဝတွင် ထိုင်စောင့်နေ

ကြခြင်း ဖြစ်သည်။

မိမိတို့အသင်းနှင့် ရန်ငြိုးရှိသည့် ဧည့်သည်အသင်းနှင့် ကန်သည့်ပွဲတိုင်း ထိုသို့ဖြစ်တတ်သည်။ တစ်ဖက်နှင့်တစ်ဖက် ဆဲဆိုကြရင်းရိုက်နှက်ကြသည်မှာထုံးစံပင်။

ထိုသို့ရန်စောင်ကြရင်း တစ်ဖက်နှင့်တစ်ဖက် သတ်ကြဖြတ်ကြသည်အထိ သောင်းကျန်းကြသဖြင့် ဟိုတစ်ချိန်ကအင်္ဂလိပ်ရောဂါဟု အမည်ပေးကာ ဗြိတိန်နန်းရေးဝန် မာဂရက်သက်ချာကိုယ်တိုင် နှိမ်နင်းခဲ့ရဖူး သည်ဟု ကြားဖူးသည်။

အဆိုပါ လူအုပ်နှင့် ရဲများအား ကွင်းရှောင်ကာ မိမိသွားလိုရာဖက်သို့ ထွက်လာရင်းလမ်းထောင့်တစ်ခုတွင် ဝီလျံဟီးလ်ခေါ် လောင်းကစားဆိုင်ရှေ့ကို အဖြတ်တွင် ဆိုင်ရှေ့မှ ဆို ဒီဂျစ်တယ် ဆိုင်းဘုတ်ကို မတော်တဆ ကြည့်မိရာ...

မြို့ခံအသင်းက ဧည့်သည့်အသင်း မန်ယူအား ၃ ဂိုး ၂ ဂိုးဖြင့် နိုင်လျှင် အဆ၂၀ လျော်မည် ဟူသည်ကို တွေ့လိုက်ရသည်။ အထက်ကဆိုခဲ့သလို

လောင်းကစား မလုပ်တော့သည့် မောင်ပါပီ သည် မိမိအင်မတန်မြင်ပြင်းကတ်သော မန်ယူ ဟူသည့်စကားလုံးကြောင့် ဆိုင်ထဲဝင်ကာ မိုက်မိုက် ကန်းကန်း စတာလင်ပေါင် ၅၀ ဖိုး လက်မှတ်ဖြတ်လိုက်လေတော့သည်။

အဓောက်တန်းအသင်းက မန်ယူကို ၃ ဂိုး ၂ ဂိုး အတိအကျဖြင့်နိုင်ရန် မဖြစ်နိုင်ကြောင်း မိမိသိပါသည်။

သို့သော် လူကြိုက်များ လွန်းသဖြင့်(အထူးသဖြင့် အာရှသားများ) အလိုလို ကြည့်မရသည့်အသင်းနှင့် ကန်မည့်ပွဲ ဖြစ် သည့်အပြင် ပိုက်ဆံအနည်းငယ် ပေါ်နေသဖြင့် (စကောလားရှစ် နောက်ဆုံးအရစ်က ပိုက်ဆံများ ဘဏ်ထဲ အနည်းငယ် ကျန်နေသေးသည်) မရည်ရွယ်ပဲ ပိုက်ဆံ ၅၀ အဆုံးခံခြင်းသက်သက်ပင်။

ဘော်ဒါများနှင့် မြို့ထဲတွင်ဆုံသော် ထုံးစံအတိုင်း အရက်ဆိုင်ထိုင်သည်။ ဘောလုံးပွဲ

လည်း ပြ၊ လူလည်း သိပ်မများသည့် အတိုးကြီးဘားသို့ လစ်ကြသည်။

ပင်စင်စား အဘိုးကြီးများ

ထိုင်လေ့ရှိသည့် ဆိုင်ဖြစ်သည်။ ပရိုဂျက်တာကြီးဖြင့် ဘောလုံးပွဲပြနေသော်လည်း တစ်အုပ်စုလုံး

အသေအချာ မကြည့်ပဲ အရက်သောက်လိုက် အာလူးဖုတ်လိုက်ဖြင့် ဝိုင်းကောင်းလာချိန်တွင်

အိမ်ရှင်အသင်းက တစ်ဂိုးသွင်းသည်။

ပရိသတ်အဘိုးကြီးများ အော်ဟစ်ကြသည်။

မောင်ပါပီတစ်ချက်လှမ်းရှိုးကာ ဘော်ဒါများနှင့် အာလူးဆက်ဖုတ်သည်။ မန်ယူက တစ်ဂိုးပြန်ချေပသွားသည်။

အိမ်ရှင်က တစ်ဂိုးသွင်းပြန်သည်။ မန်ယူက ပြန်ချေပပြန်သည်။

၂ဂိုးစီ သရေဖြစ်နေချိန်တွင် မောင်ပါပီ အာလူးဖုတ်ခြင်းအားရပ်လိုက်သည်။ ဘောလုံးပွဲ ကြည့်စို့ဟု ပြောသည်။

ဘော်ဒါများကား ဟမ် … မင်းက ဘောပွဲမကြိုက်ပါဘူးဟု

စောဒကတက် သည်။ ငါးခူပြုံးလေး ပြုံးပြကာ ဘောင်းဘီအိတ်ထဲမှ ဘောလုံးပွဲ လောင်းထားသည့် လက်မှတ်ကို ပြလိုက်သည်။

ငါတို့ဖက်က တစ်ဂိုးပဲ သွင်းကွာ၊ အဆ၂၀ ရပြီ။ စတာလင်ပေါင် ၁၀၀၀ကွာ၊ ကိုင်း … ဟု ကျူးရင့်သည်။

ကျောင်းသားဘ၀ ပိုက်ဆံ ၅ ကျပ် ၁၀ စိစိစစ်စစ်သုံးရသည့် ဘ၀တွင် ၁၀၀၀ ဆိုသည်မှာ နည်းနည်းနောနောလား။ ကျောင်းက အရက်ဆိုင်တွင် ဘီယာတစ်ခွက် တစ်ကျပ် ဖြစ်သည်။

တစ်ဖွဲ့လုံး စိတ်လှုပ်ရှားကုန်ကာ ဘောလုံးပွဲသို့ မျက်နှာမူကုန်သည်။ မောင်ပါပီကား ငယ်ငယ်ကတည်းကပင် ဂျင်ဝိုင်းဖဲဝိုင်းများတွင် ဘေးလူများ ထိုသို့ စိတ်လှုပ်ရှားအောင် လုပ်တတ် သည့် အကျင့်ရှိသည် မဟုတ်လော။

ထိုစဉ်မှာပင် ဒိုင်လူကြီးမှ ပင်နယ်လ်တီပေးသဖြင့် အိမ်ရှင်အသင်းကန်ရသည်။

“ဂိုး…”

တစ်ဖွဲ့လုံး ထခုန်ကုန်သည်။ ၃ဂိုး ၂ ဂိုးအတိအကျဖြစ်သွားပြီ။ ပွဲပြီးရန် ၁၅ မိနစ် လိုသေးသည်။ အားလုံးသိကြသည့်အတိုင်း မန်ယူဆိုသော အသင်းက ရှုံးနေလျှင် ပွဲပြီးခါနီး ၁၀ မိနစ် ၁၅ မိနစ် ကာလမှာ ကြောက်စရာကောင်းလောက်အောင် တလကြမ်း တိုက်စစ်ဆင်တတ်သည်။ အဆက်အပြတ် တိုက်သည်။ အိမ်ရှင်အသင်း လူကုန်ဆင်းကာ ခံစစ်ခင်း နေရသည်။ တစ်လုံးပြီး တစ်လုံး ကန်သွင်းသည်။

ဆိုင်ထဲရှိ အဘိုးကြီးများနှင့် မောင်ပါပီတို့ဘော်ဒါ တစ်သိုက်

“အမလေးလေးဟာ့ဟာ့ ဟာ့ မလုပ်ပါနဲ့ အိုး…တော်ပါသေးလား”

အစရှိသဖြင့် အာခေါင်ဟစ် ဆူညံနေရသည်။ ထိုအချိန်မှာပင် မောင်ပါပီအတန်းဖော်တစ်ယောက် ဆိုင်ထဲဝင်လာကာ ဝိုင်းထဲ ဝင်ထိုင်သည်။

ယူအက်စ်မှာ ကြီး၍ ဘီလပ်တွင် တက္ကသိုလ်လာတက်သည့် ယိုးဒယားချာတိတ် လေး ဖြစ်သည်။

အာရှသားပီပီ မန်ယူပရိသတ်ဖြစ်သည်။ မန်ယူဂိုးသွင်းဖို့ ကြိုးစားနေသည်ကို လုပ်ထား ချထား အစရှိသဖြင့် ဘေးက လာထိုင်အော်သည်။

ဘော်ဒါများကား ဟကောင် ... ဒီမယ် လောင်း ထားတယ် ယီးပြုလို့ မန်ယူနေတာလားဟု

ဝိုင်းဆဲသည်။

စတာပေါင်၁၀၀၀ ရထားပြီဟု ဝိုင်းပြော သည်ကို နောက်နေသည်ထင်သလားမသိ၊ ဘာဖြစ်လဲ ငါက မန်ယူဖန်ကွ ဟေ့ သွင်းစမ်း သွင်းလိုက် စမ်း ဟုဆက်အော်နေသည်။ မအဘေး မတိတ်ဘူးလား တိတ်မလားဟု မောင်ပါပီမေးသည်ကို ခေါင်းခါပြကာ ပြောင်စပ်စပ် လုပ်သည်။ ဘောပွဲကား ပြီးဆုံးရန် အချိန်ပို ၃ မိနစ်မျှသာ ကျန်တော့ သည်။ မောင်ပါပီ အာခေါင်ခြစ်၍ ကုန်းအော်ပစ်လိုက်သည်။

“ဒီမယ် မန်ယူတဲ့၊ သစ္စာဖောက် မန်ယူကို အားပေးနေတယ်၊ မအဘေး ထွက်စမ်း ဆိုင် ထဲက”

ဟု အကျယ်ကြီးအော်ကာ ယိုးဒယားချာတိတ်လေးကို လက်ညှိုးထိုးထားရင်း ဆိုင်ထဲက အဘိုးကြီးများကို တိုင်ပြောလိုက်လေရာ...

မိမိဘောလုံးအသင်းကို အသက်ထက်ချစ်သည့် မူးနေသည့် ပင်စင်စားအဘိုးကြီးများ ကားမအရေးမန်ယူပရိသတ်ဟု ဆဲကာ ဘီယာခွက်များ ပုလင်းများဖြင့် ယိုးဒယားကောင်လေးအား ဝိုင်းထုရာ မန်ယူပရိသတ်လေးခမျာ ဆိုင်ပြင်သို့ပြေးရရှာလေသည်။

များမကြာမီ ၃ ဂိုး၂ ဂိုးဖြင့် ပွဲပြီးလေရာ မောင်ပါပီတို့ ဘော်ဒါတစ်သိုက်နှင့် အရက်သမား အဘိုးကြီးများ အတူတူဖက်ကာ ကခုန်အောင်ပွဲခံရင်း စတာလင်ပေါင် ၁၀၀၀ အနိုင်ရခဲ့လေသည်။ အရက်ပုလင်းဖြင့် အထုခံရသည့် ယိုးဒယားကောင်လေးအား နောက်တစ်နေ့ လောင်း ကြေးငွေ ထုတ်ပြီးမှ ဂျာကင်အင်္ကျီတစ်ထည်ဝယ်ပေးကာ ပြန်ချော့လိုက်ရသည်။ ထိုကောင်လေး ကို မောင်ပါပီညီလေးတစ်ယောက်ကဲ့သို့ သဘောထားကြောင်း တခါက ပြောပြဖူးခဲ့သည် မဟုတ် လော။

ဤကား မောင်ပါပီ၏ အန်တီမန်ယူ ဇာတ်လမ်းဖြစ်လေသတည်း။

ချည်ဆံမျှင်များ

မောင်ပါပီဘဝတွင် ရခဲ့ဖူးသော ကြောက်မက်ဖွယ်ရာ အကောင်းဆုံး အတွေ့အကြုံ ဟူ သည်ကား အကျဉ်းထောင်အတွင်းက ပီစီခေါ် အလုံပိတ် အမှောင်ခန်းဟု ဆိုရမည်ဖြစ်ပြီး နောက် နောင် ထပ်မကြုံချင်သော အတွေ့အကြုံကား အိမ်အပြန်ခရီးပင်ဖြစ်သည်။ ထောင်မှလွတ်သော် လဝက မြေတိုက်ခန်းအချုပ်သို့ ရောက်သည်။ အိမ်ပြန်စရာ လေယာဉ်လက်မှတ်ဖိုး မရှိသဖြင့် မီးရောင်ဝါကျင့်ကျင့် မြေတိုက်ခန်းများထဲတွင် ငုတ်တုတ်ထိုင်နေရသော သွေးစုတ်ဖုတ်ကောင်နှင့် တူသည့် နိုင်ငံတကာက တရားမဝင် ရွှေ့ပြောင်းလုပ်သားများနှင့်အတူ ၃ ရက်မျှ အစောင့်အည်း နေထိုင်ပြီးသော် လဝက အရာရှိတစ်ယောက် ရောက်လာ၍ နာမည်ခေါ်ကာ လေယာဉ်လက်မှတ် ရပြီ ဖြစ်သဖြင့် အထုပ်အပိုး ပြင်စေသည်။ ထောင်ကျစဉ်က ရှာဖွေပုံစံဖြင့် သိမ်းသွားသော ဒေါ်လာ ထောင်ဂဏန်းမျှထဲမှ လေယာဉ်လက်မှတ်ဖိုး ၃၉၉ ဒေါ်လာ နုတ်ကာ အကုန်ပြန်အမ်းသည်။

ထို့နောက်တွင်ကား လေဆိပ်သို့မောင်းနှင်နေသည့် ရဲအချုပ်ကားထဲတွင် ထောင်က လွတ်၍ အိမ်ပြန်မည့် ယိုးဒယားပြည့်တန်ဆာမများနှင့်အတူ မောင်ပါပီတစ်ယောက် ငုတ်တုတ်ထိုင် ကာ ပါသွားလေသည်။ အချုပ်ကားအစောင့် ရဲမေဖြစ်သူမှ စကားစမြည်ပြောသည့်အနေဖြင့် မေးခွန်းထုတ်လာသည့် “နင်က ဘာအမှုလဲ” ဟူသည်ကို ဆင်းရဲမွဲတေမှုဟု ခပ်တိုတိုပြန်ဖြေကာ လမ်းဘေးဝဲယာကို ငေးကြည့်ရင်း တိတ်ဆိတ်ငြိမ်သက်စွာဖြင့် အတွေးနယ်ချဲ့နေမိသည်။

လေဆိပ်ထဲတွင် ယိုးဒယားပြည့်တန်ဆာမများနှင့်အတူ လက်ထိပ်တန်းလန်းဖြင့် ရဲများ ခြံရံလျှက် လမ်းလျှောက်စဉ် လူအများဝိုင်းငေးခြင်းကို ခံရသောအခါ တတ်နိုင်လျှင် ဖြုတ်ခနဲ ကိုယ်ပျောက်သွားချင်မိသည်။ ချာတိတ်လေး မောင်ပါပီကားမိမိဘဝကို အင်မတန်ရှက်ရွံ့နာကျည်းမိပြန် လေပြီ။ လေဆိပ်ထဲမှ လေယာဉ်ပေါ်သို့ ရောက်ရန် တစ်ကမ္ဘာမျှ ကြာခဲ့သည်။ လေယာဉ်ပေါ်သို့ ရောက်မှ ရဲက လက်ထိပ်ဖြုတ်ပေးသည်။ မင့်နိုင်ငံကူးလက်မှတ်ကို လေယာဉ်မှူးထံ အပ်ခဲ့သည်၊ လေယာဉ်ဆိုက်လျှင် တောင်းယူပါဟု မှာကာ ရဲအရာရှိ ထွက်သွားသည်နှင့် လေယာဉ်ပေါ်တွင် နေရာယူထားနှင့်ပြီဖြစ်သော ဗမာခရီးသည်များ၏ အကြည့်စူးစူးများနှင့် ထပ်မံရင်ဆိုင်ရပြန်သည်။ စိတ်ထောင်း ကိုယ်ကြေနေသော မောင်ပါပီတစ်ယောက် မိမိထိုင်ခုံတွင် ဝင်ထိုင်ကာ မျက်လုံးကို စုံမှိတ်ထားရင်း

ဥပက္ခာပြုနိုင်ရန် ကြိုးစားနေရသည်။

လေယာဉ်တက်သော အနည်းငယ် စိတ်သက်သာရာရလေပြီ။ လေယာဉ်ပေါ်မှ ကျွေး သော အစားအသောက် ဝေငှစဉ် မစားလိုဟု ငြင်းပယ်ကာ အိပ်ပျော်ရန်ကြိုးစားနေမိသည်။ မည်မျှ ကြာသွားသည်မသိ မိမိဘေးက ခုံအလွတ်တွင် လူတစ်ယောက် လာဝင်ထိုင်သဖြင့် မျက်လုံးဖွင့် ကြည့်ရာ လေယာဉ်မောင် ဖြစ်နေသည်။ မောင်ပါပီအား ပြုံးပြ၍ ငါးထမင်းဗူးကလေးကို လက်ထဲ

ထည့်ပေးကာ စားပါ ညီလေး၊ မင်းဗိုက်ဆာနေမှာပေါ့ ဗိုက်ထဲ အစာရှိနေရင် ဘယ်လိုပဲဖြစ်ဖြစ် နေသာတယ်ကွာ ဟုပြောသည်။ ထမင်းစားနေသည့် မောင်ပါပီအား အားပေးသည့်အပြုံးဖြင့် ငေးရင်း ဖြစ်ကြောင်းကုန်စင် မေးခွန်းထုတ်သည်။ အင်း ... ဖြစ်သမျှအကြောင်း အကောင်းချည့်ပဲ ပေါ့ကွာ လူ့ဘဝဆိုတာ ဒီလိုပါပဲ။ ဘာမှ မရှက်နဲ့ညီလေး။ ဒီလေယာဉ်ပေါ်က လူတွေနဲ့ မင်းနဲ့ သိ လည်း မသိဘူး။ နောက်ထပ် ၂ နာရီလောက်ဆို ရန်ကုန်လေဆိပ်ကို ဆိုက်ပြီ။ ဒီလူတွေမျက်လုံး အောက်က မင်းလွတ်သွားပြီ။ အားတင်းထားဟု ပြောကာ ပခုံးဖက် နှုတ်ဆက်ရင်း ထထွက်သွား သည်။ ထိုလေယာဉ်မောင်၏ ကြင်နာတတ်သော နှလုံးသားအား မောင်ပါပီ မှတ်တမ်းတင်သည်။

မင်္ဂလာဒုံလေဆိပ်သို့ ရောက်သော် အရာရာ ဘာမှမပြောင်းသေးကြောင်း တွေ့ရသည်။ ညစ်ထေးဟောင်းနွမ်းသော အပြင်အဆင်။ ကွမ်းသွေးကွက်များ။ အိမ်သာများကား ညစ်ပတ်နံစော် ဆဲ။ အိတ်ထဲပါလာသည့် ဒေါ်လာများထဲမှ အနည်းငယ်ကို ဗမာငွေလဲကာ ငါးသုံးလုံး ဆစ်ကလက် တစ်တောင့် ဝယ်သည်။ အထုပ်အပိုးများဆွဲကာ လေဆိပ်အပြင်သို့ထွက်သည်။ ပလက်ဖောင်းပေါ် ထိုင်ကာ ဆစ်ကလက် တစ်လိပ်ပြီးတစ်လိပ်ဖွာရင်းမိုးချုပ်စပတ်ဝန်းကျင်ကို ဗလာမျက်လုံးများဖြင့် ငေးကြည့်နေမိသည်။ ငါကား လွတ်မြောက်ခဲ့ပြီ။ ယခုဘယ်သွား၍ ဘာဆက်လုပ်မည်နည်း။ အဖြေ ကားမသိ။

လှည်းတန်းသို့ရောက်သော် မီးပျက်နေသည်။ ပူလောင်အိုက်စပ်လွန်းသည်။ ဆူညံပွက် လောရိုက်နေသည်။ မြင်မြင်လေရာ လူတွေ၏မျက်နှာမှာ ပျော်ရွှင်မှုကို ရှာမတွေ့ ။ အထုပ်အပိုး တစ်ဖက်ဖြင့် ခြေဦးတည့်ရာ လျှောက်နေသော မောင်ပါပီ စိတ်ညစ်လာသည်။ စံရိပ်ငြိမ်ရှိ အိမ် တစ်အိမ်သို့ ရောက်ကာ တံခါးခေါက်မိသည်။ မိမိနှင့် ဇာတိချက်မြုပ်တူသည့် ကိုညိုခေါ် မိတ်ဆွေ လူပျိုကြီးက တံခါးဖွင့်ပေးရင်း ဟကောင် မင့်ရုပ်က ဖုတ်တစ္ဆေရုပ်ပေါက်လာပါလားဟေ ဟု ဆို သည်ကို ခပ်ယဲ့ယဲ့သာ ပြုံးပြနိုင်တော့သည်။ ရေဝဝချိုးကာ အိမ်ရှင်ပြင်ပေးသည့် အိပ်ရာပေါ်လှဲ လိုက်သည်နှင့် တုံးခနဲ အိပ်ပျော်သွားသည်။ ထိုညက အိပ်မက်ထဲတွင် မောင်ပါပီတစ်ယောက် ထောင်ထဲ ပြန်ရောက်နေကာ အလုံပိတ်အမှောင်ခန်းထဲ ငုတ်တုတ်ထိုင်နေရပြန်သည်ဟု မက်ရင်း ဇောချွေးပြန်ကာ လန့်လန့်နိုးသည်မှာ အကြိမ်ကြိမ်။

ထိုသို့ ကိုညို့အိမ်တွင် တည်းခိုနေရင်း ၃ရက်မျှ ကြာသော် တစ်ညတွင်အပြင်မှ ပြန်လာ သည့် မောင်ပါပီအား ကိုညိုက စာတစ်စောင်ပြသည်။ "ကျမ ရှင့်ကို လာရှာသွားတယ်။နက်ဖန် ထပ်လာမယ်

(K)

ဟူသည့် စာတိုလေး။

ဇဝေဇဝါဖြစ်နေသည့် မောင်ပါပီအား ငါဖုန်းဆက် အကြောင်းကြားလိုက်လို့ မင်းငါ့ဆီ ရောက်နေမှန်းသိသွားတာဟု ကိုညိုက လှမ်းပြောသည်။

ကျနော် သူ့ကိုမတွေ့ချင်ဘူးဗျာ၊ ဘာကိစ္စ ခင်ဗျားက လျှာရှည်ရတာလဲဟု ကလေးဆိုး

တစ်ယောက်ကဲ့သို့ အော်ကာ စိတ်ဆိုးဟန်ပြရင်း အိပ်ရာဝင်သည်။ ထောင်ထွက် အရှုံးသမား

မောင်ပါပီကား သိမ်ငယ်သောစိတ်ဖြင့် မည်သူ့ကိုမျှ မျက်နှာချင်းမဆိုင်လိုပါ။ အထူးသဖြင့် သူမနှင့်

မတွေ့လို။

ဤသို့ဖြင့် နောက်တစ်နေ့ မိုးလင်းသည်နှင့် တည်းခိုအိမ်မှ လစ်ခနဲ ထွက်၍ တစ်နေကုန် ခြေဦးတည့်ရာ လျှောက်သွားကာ ရှောင်တိမ်းနေမိပြန်သည်။ မိုးချုပ်၍ အိမ်ပြန်ရောက်သော် ကိုညို ကား မျက်နှာမကောင်း။ ဟကောင် အဲ့လိုမလုပ်စမ်းပါနဲ့၊ ဟိုကောင်မလေးတစ်နေကုန်စောင့်နေရှာ တာ လမ္ဘီးတယ်လိုမှပဲ ဟု ဆဲသည်။ လူသေမျက်နှာပိုင်ရှင် မောင်ပါပီကား ခံစားချက်မဲ့ဟန်ဖြင့် စကားပြန်မပြော။

ရေမိုးချိုးပြီးစီး၍ ဧည့်ခန်းထဲရှိ ကွပ်ပျစ်ပေါ်တွင် ဝမ်းလျားမှောက်ကာ ဆစ်ကလက်ဖွာ ရင်း မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို တောင်လှန်မြောက်လှန်ဖတ်ရာမှဖွင့်ထားသော အိမ်တံခါးဝတွင် အရိပ်တစ်ခု ဖျတ်ခနဲ မြင်ရသဖြင့် မောင်ပါပီလှမ်းကြည့်သော် ရှည်လျားသော ဆံပင်နက်နက်များ နှင့် ပိန်ပါးပါး ဖြူဆွတ်ဆွတ် ကောင်မလေးတစ်ယောက် ဖြစ်နေသည်။ ငိုမဲ့မဲ့မျက်နှာဖြင့် မောင်ပါပီ အား မဝံ့မရဲ လှမ်းကြည့်ကာ အောက်နှုတ်ခမ်းကို ဖွဖွကိုက်ထား၏။

ငါလည်းတန်းဖက် လက်ဖက်ရည်ဆိုင် သွားထိုင်လိုက်ဦးမယ်ကွာ ဟု ရေရွတ်ကာ ကိုညို ထွက်သွားသည်။ ဧည့်ခန်းကွပ်ပျစ်ပေါ်တွင် ခေါင်းငိုက်စိုက်ကာ ငုတ်တုတ်ဖြစ်နေသော မောင်ပါပီ နှင့် မိုင်ပေါင်းများစွာက စွန့်စားကာ ရောက်လာသည့် ကောင်မလေးသာ ကျန်ရစ်ခဲ့လေပြီ။ အတန် ကြာ တိတ်ဆိတ်ငြိမ်သက်နေကြပြီးသည့် နောက် မောင်ပါပီစကားစသည်။

“မင်း ဘာလာလုပ်တာလဲ”

“ရှင့်ဆီ လာတာ”

“ငါ စိတ်မပျော်ဘူး”

“သိတယ် ကိုညို ပြောပြပြီးပြီ”

၁၀ မိနစ်မျှ တိတ်ဆိတ်သွားပြန်သည်။

“ပြန်တော့ မိုးချုပ်နေပြီ”

“ဟင့်အင်း”

“ဘာလုပ်မလို့လဲ”

“ရှင် နေမကောင်းဘူးမလား”

“မင်းနဲ့ ဘာဆိုင်လဲ”

“စိတ်ပူလို့”

“ကျွတ်..”

၅ မိနစ်မျှ ငြိမ်သက်သွားပြန်သည်။

ခေါင်းငိုက်စိုက်နေသော မောင်ပါပီ တွန့်ခနဲဖြစ်သွားသည်။ လက်ချောင်းပျော့ပျော့ ကလေးများကား မောင်ပါပဲ့ဂုတ်ပိုးကို တို့ထိလာသည်။ ခေါင်းကို ပွတ်ပေးလာသည်။ ငါယောကျ်ား ကွဟု တင်း ထားသော စိတ်များ ပျော့ကျမလို ဖြစ်လာသည်။

“ဘာမှမဖြစ်ဘူး၊ ရှင့်ဖာသာ ထောင်ထွက်မကလို့ ဘာကြီးဖြစ်နေနေ၊ စိတ်အားငယ်မနေ နဲ့၊ ကျမမှာ ရှင့်ကိုစိတ်ပူရလွန်းလို့သေတော့မယ်၊ တိတ်တိတ်လေးအိမ်ကမသိအောင် ခိုးထွက်လာ ရတာ သိလား ... ဒီမယ်... ဒီမယ်...”

မောင်ပါပီ မော့ကြည့်သည်။ မျက်နှာပေါ် အုပ်မိုးနေသည့် ဆံနွယ်များကို ဖယ်ရှားရင်း အောက်နှုတ်ခမ်းကို တင်းတင်းကိုက်ထားသည့် သူမ မောင်ပါပီကို စိုက်ကြည့်နေသည်။ ထို့နောက် နောက်နောင် တစ်ဘဝလုံးတွင် တစ်ဆယ့်တစ်ခါတိတိသာ ကြားဖူးမည်ဖြစ်သော စကားအား တစ်လုံးချင်း သူမ ပြောလေသည်။

“ရှင့်ကို ကျမ ချစ်တယ်သိလား...”

ထို့နောက်တွင်ကား သူမရင်ခွင်ထဲသို့ ခေါင်းတိုးဝင်ကာ တင်းကြပ်စွာ ဖက်ထားရင်း မောင်ပါပီတစ်ယောက် ကလေးငယ်တစ်ယောက်ကဲ့သို့ တသိမ့်သိမ့်ရှိုက်ရင်း ဗလုံးဗထွေး ဘာတွေ ပြောနေမိမှန်း မသိတော့ချေ။ ငါအရမ်းပင်ပန်းနေပြီ **K** ရာ။ ငါ့ဘဝကို အေးချမ်းအောင်လုပ်ပေးပါ အစရှိသဖြင့် ပြောမိပြောရာတွေ လျှောက်ပြောနေမိလေတော့သည်။

ငုံးအိမ်ကျူလ (ဗန်းမော် ဗားရှင်း)

အဖွားက ဂျပန်ခေတ်ထဲရှင်သန်

သားသုံးယောက်ပိုက်ပီး

တင်ကျန်ခဲ့တဲ့ မုဆိုးမ။

(ဝေးခေါင်)

ငါတို့မြို့က ဓာတ်ရှင်ရုံတွေပိုင်တဲ့ ဝမ်ချောင်ဖူး ဆိုတဲ့ တရုတ်ကြီးဟာ ခွေးမင် ဆိုတဲ့ တရုတ်ရွာလေးက ဗမာစကား မတတ်တဲ့ တရုတ်ကလေးကို အခိုင်းအစေလုပ်ခိုင်းဖို့ ဗမာပြေက ငါတို့မြို့လေးကို ခေါ်ခဲ့ရာက စတာပဲ။ ငါ့အဖွားက ဂျပန်ခေတ်မှာတစ်ဆယ့်ငါးနှစ်သမီး။ စစ်ကြီးအပြီး အပိုျပေါက်အရွယ်မှာ ဝမ်ချောင်ဖူးဓာတ်ရှင်ရုံက ကြော်ငြာကားမောင်းတဲ့ အရပ်မြင့်မြင့် ဒရိုင်ဗာ တရုတ်နဲ့ ချစ်ကြိုးသွယ်တော့တာပဲ။ ငါမေးခဲ့ဖူးတယ်။ ဝမ်ချောင်ဖူးအိမ်က ကျွန်းကွေကြိမ် ဆိုတဲ့ တရုတ်ဒရိုင်ဗာကို ဆွေကြီးမျိုးကြီးထဲက အဘွားက ဘယ်လိုလုပ်ကြိုက်ခဲ့တာတုံးဗျာ ဆိုတော့ ငါ့ အဘွား မယ်မယ်ခင်က ရှက်ပြုံးလေးနဲ့ ပြန်ဖြေခဲ့တယ်။ သူက ဘွားကိုခေါ်ပုံကို ကြည့်ဦး၊ ဗမာလို မပီကလာပီကလာနဲ့ လုံမလေးရေ...တဲ့။ ဒါပဲပြောပြီး ပြုံးနေတော့တာပါပဲ။

ကျနော်တို့ မောင်နှမလေးယောက်က သူ့သားမုဆိုးဖိုရဲ့သားသမီးများ။

မြစ်ကြီးနားဆေးရုံမှာ သေလာတဲ့ကျနော့်ညီမအလောင်းကို ချော့သိပ်သလို ကျောပိုးပြီး သယ်လာတယ် အစုန်မော်တော်ပေါ်က အဖွားရဲ့အဆန်မျက်ရည်ခရီး။

(ဝေးခေါင်)

ဒရိုင်ဗာတရုတ်ဟာ ဗမာမနဲ့ ညားအပြီး အလျင်အမြန်ပဲ ကြီးပွားချမ်းသာလာတယ်။ သား သမီးတွေ အဆက်မပြတ်ပွားစီးတယ်။ တစ်ဆယ့်တစ်ယောက်တိတိ ငါ့အဘွားဟာ မီးနေတယ်။ နှစ်ယောက်တိတိ ဆုံးပါးသွားလို့ စိတ်ထောင်းကိုယ်ကြေခဲ့တယ်။ အဆုတ်ထဲ သံကောင်တွေ ဝင် လို့ အသက်ရှူမရဖြစ်ပြီး သေသွားရှာတဲ့ မြင့်နိုင် ဆိုတဲ့ သားလေးရဲ့ဝေဒနာကို

မြင်အပြီးမှာ ငှါအဘိုး တရုတ်ဟာ သူ့ကုန်ကားတွေကို ဘာတွေဖြစ်နေပါစေ လှည့်မကြည့်တော့ဘူး။ ဘိန်းပြောင်းပဲ ကိုင် တယ်။ အဝေးကို ငေးတယ်။ တဖြေးဖြေးနဲ့ ဆုတ်ယုတ်လာတဲ့ စီးပွားရေးနဲ့ သားသမီး ၉ ယောက်ကို ထိန်းရင်း ငှါအဘွားဟာ ကုန်ခြောက်ဗန်းတွေ ခင်းခဲ့ရပြန်တယ်။ ဘိန်းစားလင်ကို အပြုံးမပျက်ဘူး တဲ့။

အမေဆုံးတော့ ကျနော့်ညီက အခါလည်သား အဖွားဆံပင်ဖြူတွေကြားက

ရုတ်ချည်းထွက်ကျလာတဲ့ နို့ရည်ဟာ ကျနော့်ညီငိုသံကို ရပ်တန့်စေခဲ့တယ်

နောက် ကျနော့်ညီဟာ အဖွားလက်ထဲက လျှောကျ ဘိန်းဖြူမွေ့ယာမှာ အိမ်မောကျသွားတယ်။

(ဝေးခေါင်)

တရုတ်ကြီးဟာ ဝမ်းသွားပြီး ဆုံးတယ်။ အရွယ်ရောက်လာတဲ့ သားသမီးတွေနဲ့ မယ်မယ် ခင်ဟာ တရုတ်ပြေကလာတဲ့ ကုန်စည်တွေကို ဒိုင်ခံရောင်းချနေတဲ့ ဂုဏ်သိက္ခာရှိ မိသားစုပဲ။ လင် တရုတ်ကြီးအစား ရထားတဲ့ မြင့်ခိုင်ဆိုတဲ့ ပိန်ရှည်ရှည် ဆံပင်ကောက်ကောက် မျက်လုံးမှေးမှေးနဲ့ သားအငယ်ဆုံးလေးဟာ ဘိန်းစားတယ်၊ ဖိုးရှူတယ်၊ ခိုးတယ်၊ ဝှက်တယ်၊ မိသားစုနာမည်ပျက် အခေါင် လျှောက်လိမ်တယ်၊ စီးပွားပျက်တဲ့အထိပဲ။ အဲ့ဒီနောက် ထောင်ထဲရောက်သွားတဲ့ သူ့သား ကို ဘယ်သူမှ လှည့်မကြည့်ကြတော့ဘူး။ လေပူတွေထတဲ့ နွေရာသီမှာ မယ်မယ်ခင်က သားသမီး တွေကို ပုန်းရှောင်လို့ ဟောက်ကျူးလို့ခေါ်တဲ့ တရုတ်လက်ဖက်ရည်ဆိုင်က သတင်းစာစက္ကူထဲက ပဲလမုန့်လေး နှစ်ခုရယ်၊ ဒန်ချိုင့်ထဲ ထည့်လာတဲ့ လက်ဖက်ရည်ဖန်ချိုရယ်ကို ကျစ်ကျစ်ပါအခေါင် ဆုပ်လို့ မြို့ပြင်က ထောင်ကြီးဆီ ရှမ်းခမောက်ကြီးဆောင်းလို့ အိပဲ့ အိပဲ့ လမ်းလျှောက်တာ နေ့တိုင်း ရယ်။ ထောင်ထဲက သူ့သားလေးက နေ့လယ်ဆို လက်ဖက်ရည်ဆာရှာမှာတဲ့။ နှစ်တွေ ကြာလာတဲ့ အခါ သူ့သားလေးဟာ ထောင်ကထွက်လာ၊ အိမ်ထောင်ပြု၊ သမီးလေးရ၊ ကုန်သည်ကြီးဖြစ်လို့၊ ငှါအဘွားဟာလည်း ပြုံးလို့ပေါ့။ အဲ့ဒါလည်း မကြာပါဘူးလေ။ ဖိုးထိုးဖူးတဲ့ လူတွေဖြစ်နေကျ ကုမရ တဲ့ ရောဂါနဲ့ သူ့သားလေး သေရှာတာပါပဲ။ သူ့သားလေး သေတယ်ကြားတော့ တူကို အင်မတန်ချစ်

တဲ့ မယ်မယ်ခင့်ညီမပါ ရင်ကွဲနာကျပြီး ခေါက်ခနဲ လိုက်သေတယ်။ ငှါအဘွားဟာ ငှါသားသေပြီ ငှါညီမသေပြီ ဘယ်လိုတွေ ဖြစ်ကုန်ကြတာလဲလို့ ပက်လက်ကုလားထိုင်ပေါ်မှာ တတွတ်တွတ်ရွတ် ပြီးဗလာမျက်လုံးတွေနဲ့ရယ်။

အဖွားဟာ ရုန့်ရင်းညစ်ပေစွာ မဆဲတတ်ဘူး

လက်က ဒလက်လို လည်နေရင်း အလွန်ဆုံးပြောလေ့ရှိတာက

ဟဲ့ မအသေလေးတွေ စားကြစားကြ စားပြီးရင် ပြီးပြီ

ဒီလောက်ပဲ။

(ဝေးခေါင်)

ငါ အိမ်က ထွက်သွားတော့မယ်ဆိုတော့ ငါ့အဘွားဟာ ငိုတယ်။ ငါ့ကို ချော့တယ်၊ မနက်မိုးလင်းတိုင်း နှစ်ရာကျပ်ပေးမယ် အဘွား မသေမချင်းတဲ့။ အသုဘရှိရင် ဖဲရိုက်ဖို့သပ်သပ် ပေးဦးမှာတဲ့။ အဘွားချက်တဲ့ မုန့်ညှင်းစောဟင်းရည် မသောက်ရပဲ နေနိုင်လို့လားတဲ့။ အဘွားကို မဂ္ဂဇင်းဖတ်ပြဖို့ ငါ့သား မရှိလို့မဖြစ်ဘူးလေတဲ့။ ဂစ်တာတီးပြရဦးမှာလေတဲ့။

ငါမမှတ်မိတော့တဲ့ငါ့အကြိုက်တွေ တတွတ်တွတ်ရွတ်လို့ပေါ့။ ငါက ငယ်ရွယ်တော့ မိုက် မဲခဲ့တယ်။ စောက်သုံးမကျတဲ့ စာအုပ်တချို့ဖတ်ပြီး စွန့်စားချင်လွန်းခဲ့တော့ကာ နှင်းတွေ ပိန်းပိတ် အခေါင်မှောင်နေတဲ့မနက်ခင်းတစ်ခုမှာ မြင်းလှည်းပေါ်တက်ပြီး သံဘောဆိပ်ဆီထွက်သွားခဲ့တာပါ ပဲ။ မြင်းလှည်းနောက်မြီးလေးကို ကိုင်ထားတဲ့ အဘွားက ဘုရားစာတွေ ရွတ်ပေးနေခဲ့သေးသလား ဝိုးတဝါးရယ်။

အဖွားဟာ တစ်ဘဝလုံး ထမင်းချက်တယ်

အဖွားဟာ အမြဲမီးမွှေးနေတော့တာပဲ။

(ဝေးခေါင်)

နှစ်တချို့ တချို့ ကြာတိုင်း ငါပြန်လာတယ်။ ငါ့အဘွားဟာ မီးဖိုထဲကမထွက်ဘူး၊ ငါမပြန် မချင်းပဲ။ ငါ့စွန့်စားခန်းတွေကို တမေ့တမော နားထောင်တယ်။ လန်ဒန်ဆစ်ကလက်လေး တဖွာဖွာ နဲ့ ငါ့မြေးက ဇာတ်လိုက်ပဲလို့ ငါ့ပုံပြင်တွေဆုံးတိုင်း မှတ်ချက်ချရင်း ကျေနပ်နေပြန်ရော။ အသည်း နှလုံးမရှိတဲ့ ငါက ထပ်ထပ်ပြီး သူ့ကို ပစ်ထားခဲ့ပြန်တာပါပဲ။ ဒီတစ်ခါ ငါ့မြေးပြန်လာရင် အဘွားရှိချင် မှ ရှိတော့မှာပါလေလို့ ဆွေးမြေ့မြေ့ကြီးပြောပေမယ့် အသည်းမာတဲ့ ငါက မျက်နှာကျက်က မီးလုံး တွေကို ငေး ကြည့်ရင်း မျက်ရည်ဝဲနေတာကို ကာကွယ်နေကျပေါ့။

ကဗျာဆိုတာ ဘယ်တော့မှ ရေးလို့မပြီးတဲ့အရာ

အင်း...

အဖွားက ကဗျာမှမဟုတ်တာပဲ။ ။

(ဝေးခေါင်၊ ၁၂ ဩဂုတ် ၂၀၁၆)

ခုခါမှာ ငါဟာ အိုမင်းခဲ့ပြီ။ ငါမတက်ကြွတော့ဘူး။ ငါ့ကိုယ်ငါ စွန့်စားနေဆဲလား၊ လမ်း တစ်ဝက်မှာ ယောင်ချာချာဖြစ်နေခဲ့ပြီလား ဘာမှမသေချာဘူး။ သေချာတာက ငါ မယ်မယ်ခင့်ကို သတိရတယ်။ ချွေးခံဘော်လီအိတ်ထဲက ထွက်ကျလာတဲ့ နှစ်ရာတန်တွေကို သတိရတယ်။ အသုဘာဖဲဝိုင်းတွေ ဖြစ်တိုင်း ခေါင်းအုံးအစောက် ရောက်ရောက်လာတဲ့ ကိုးဆယ်တန်တစ်အုပ်ကို သတိရတယ်။ ဖြေးဖြေးစား သားလေး အများကြီး ချက်ကျွေးဦးမယ် စားပိုးနင့်မယ် ဆိုတဲ့ စကားသံ ကို သတိရတယ်။ ငါခုတတ်နိုင်တာ ဗီဒီယိုကောလ်ပဲ။ ငါခေါ်တယ်၊ ငါ့ညီလေးရဲ့ ဖုန်းစခရင်ပေါ်ပေါ် နေတဲ့ ငါ့မျက်နှာကို သူငေးကြည့်တယ်။ ဗလာမျက်လုံးတွေ။ ဘာမှမသိတော့တဲ့ မျက်လုံးတွေ။

အဘွားရေ

ဟေ

ကျနော့်ကို သိလား နင်မြင့်ခိုင်လား အိန်း မြင့်ခိုင်သေရှာပြီကော ငါ့သားမဟုတ်ပါဘူး တဲ့။

အဘွားရေ သေချာကြည့်ပါဦးဗျာ ဆိုတော့ ငါ နင့်ကို မသိဘူးတဲ့ အဘွားရဲ့မြေးအကြီးဆုံး ခပ်ဆိုးဆိုးကောင်ကောဗျာ လို့ မေးတော့ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ပေါ့အေ တဲ့ ဒီလိုဆောင်းတွင်းကြီး ထွက်သွားလိုက်တာ ပြန်ကို မလာတော့ဘူးတဲ့ လေးတွဲ့တွဲ့ကြီး ပြောတဲ့ပြီး မျက်နှာလွှဲသွားတယ်။

ဖုန်းထဲမှာ ငါမြင်နေရတာက အသက်ကိုးဆယ်ကျော် အဘွားအိုကြီးဟာ အဝေးကို ငေးလို့ရယ် ငါလား ငါ ကလေးလို အင်္ဂါဟစ်ပြီး ငိုနေတော့တာပါပဲ။

ငါ ကဗျာမရေးတတ်ခဲ့ဘူး။ ငါ အိမ်ပြန်ဦးမယ်။ ငါ ကံကောင်းလို့ ငါ့အဘွားဘေးမှာ ထိုင် ခွင့်ရသေးရင် ဝေးခေါင်ရဲ့ ငုံးအိမ်ကျူလ ကဗျာကို ခပ်ဖြေးဖြေးရွတ်ပြမယ်။ သူနားလည်ချင်မှ နားလည်နိုင်တော့မယ်။ ငါတတ်နိုင်တာ ဒါပဲရှိတော့တာမလား။

အိမ်ပြေးဂစ်တာ

ဘဝရဲ့ ပေတေလေလွင့်နေတဲ့ နေ့ရက်တွေမှာ ဒီစာအုပ်ကို ရှာတွေ့ခဲ့တယ်။ "လမင်းရဲ့ ချိုသာတဲ့ လက်ခုပ်သံ " ပါ။ ညမှောင်မှောင်မှာ နိုင်ငံတော်ကို ပုန်စားလို့ ထောင်ကျနေတဲ့ အကျဉ်း သားနှစ်ယောက်ဟာ တီးတိုးတီးတိုး လုပ်ကြပါတယ်။ ထောင်ဖောက်ဖို့ ကြံစည်သလားရယ်လို့ ထောင်အာဏာပိုင်တွေက သံသယဝင်ပါသတဲ့။ အဲ့ဒီ အကျဉ်းသားနှစ်ယောက် တီးတိုးပြောနေကြ တဲ့ ဇာတ်လမ်းဟာ လမင်းရဲ့ချိုသာတဲ့ လက်ခုပ်သံပါပဲ။ ပြောပြသူက ဇာတ်လမ်းထဲက ဇွန်မိုး ဖြစ်ပြီး၊ နားထောင်သူဟာ စာရေးသူဆရာညီပုလေးပါပဲ။ ဒီအကြောင်းတွေကို ကျနော်ငယ်ငယ်က ဖတ်ခဲ့ဖူး တဲ့ ပထမအကြိမ်ထုတ်မှာ မပြောထားပါဘူး။ ပြောလို့လည်း အဲ့ဒီခေတ်က မရတာသေချာပါတယ်။ ဒုတိယအကြိမ်ထုတ် အမှာစာမှာမှ ဘယ်လိုရေးဖြစ်တယ်ဆိုတာပါတယ်။ ဂစ်တာတီးတဲ့ ကောင် လေးနဲ့ သူ့မိတ်ဆွေတွေအကြောင်း၊ သူနဲ့သူ့အဖေတို့ကြားက ချစ်ခြင်းမေတ္တာအကြောင်း၊ သီချင်း တွေအကြောင်းနဲ့၊ **classical** ဂစ်တာအကြောင်း လှလှပပဖွဲ့ဆိုထားတဲ့ ဇာတ်လမ်းလေးပါ။ ဒီ စာအုပ်ကို ဖတ်ပြီး ကျနော် ရူးခဲ့ဖူးပါတယ်။ ခင်ဗျားတို့လည်း ရူးချင်ရူးခဲ့ဖူးမှာပေါ့။

စာအုပ်ထဲက ဂစ်တာတီးတဲ့ ဇာတ်လိုက် ဇွန်မိုးဟာ ငါတို့ကို ရူးသွပ်သွားစေခဲ့တယ်။ ဒါနဲ့ ငါလည်း ငါ့ဂစ်တာဖလက်တံကို လွှနဲ့ တိုက်ချိုးပစ်လိုက်ခဲ့တာပေါ့။ ငါတို့ တီးနေတဲ့ ဂစ်တာဟာ ဖလက်တံရှည်ပြီး ဖင်းဂါးဘုတ်လို့ခေါ်တဲ့ လက်ကွက်အပြားက သေးတာကိုး။ အဲ့ဒီ ဝတ္ထုထဲက ဇာတ်လိုက် တီးတဲ့ **classical** ဂစ်တာဟာ ဖလက်တံတိုပြီး ဖင်းဂါးဘုတ်ကြီးတယ် ဆိုတာကိုး။ လွှနဲ့ တိုက်ချိုးလိုက်တဲ့ ဖလက်တံနေရာမှာ အတံတိုတို၊ အပြားကြီးကြီး လက်သမားကို သွားလုပ် ခိုင်းတယ်။ စနစ်တကျမဟုတ်တော့ ပေါက်ကရသံတွေ ထွက်လာတယ်။ အဆင်မပြေဘူးရယ်။ **classical** ဂစ်တာဆိုတဲ့ ပစ္စည်းကြီးကလည်း ဗမာပြေမှာတောင် ဘယ်နားရောင်းမှန်းမသိတာ ကြီးရယ်။

သံကြိုးတပ် ရိုးရိုးဂစ်တာတွေကိုပဲ လက်သည်းချွန်ချွန် အရှည်ကြီးတွေ ထားတဲ့ပြီး **classical** တီးတော့တာပါပဲ။ စာအုပ်ထဲက ဇာတ်လိုက် ဇွန်မိုးက ဇာတ်သိမ်းမှာ တံတားလေးက လူတွေကို သွားတီးပြတယ်ဆိုတဲ့ လာပါလိုးမား (ပီကာဆိုဟာ သူ့သမီးလေးကို အဲ့ဒီနာမည်ပေး ထားတယ်။ အဓိပ္ပာယ်က ငြိမ်းချမ်းရေးချိုးဖြူငှက်ကလေးတဲ့။ အဲ့ဒါလေးဖတ်ပြီး သဘောကျခဲ့ရတာ ပေါ့)၊ အဲ့ဒီသီချင်းကို စဖျင်းတာပါပဲ။ ဇွန်မိုးက တစ်ရက်ကို ၅ နာရီ ၆ နာရီ

ဂစ်တာတီးကျင့်သတဲ့။ ငါက ဇွန်မိုးထက် သာစေရမယ်ကွ ဆိုတဲ့ပြီး တစ်ရက် ၁၆ နာရီလောက် ကျင့်နေတော့တာပါပဲ။

နောက်ဆုံးမှာ ငါတို့တောမြို့လေးထဲမှာ ရှိသမျှသော ဂစ်တာနုတ်စ်စာရွက်တွေ ကုန် သွားခဲ့တယ်။ ငါနဲ့ ငါ့သူငယ်ချင်းတွေလည်း ဘာဆက်လုပ်ရမှန်း မသိတော့ဘူး။ ဒါနဲ့ ငါ ရန်ကုန်ကို ထွက်သွားခဲ့တယ်။ အင်းယားလိတ်ဟိုတယ် ထမင်းစားခန်းမှာ **classical** ဂစ်တာတီးပြီး အသက် မွေးနေတဲ့ ကိုဇော်ဆီ သွားတယ်။ **classical** ဂစ်တာကို ပြင်သစ်မှာ သွားသင်လာတယ် ဆိုတဲ့၊ စထရန်းဟိုတယ်မှာအခြေချနေတဲ့ ကိုသက်ရွှေဆီ ကိုဇော်နဲ့ ရောက်တယ်။ ရှေ့ငါ့မှာသ်ဘောသား တစ်ယောက် သယ်လာတဲ့ ဂစ်တာတစ်လုံး အပိုရှိတယ်တဲ့။ ငါလည်း ကချင်လွယ်အိတ်လေးထဲက ပါသမျှပိုက်ဆံကို အကုန်ထုတ်ပေးတာပါပဲ။ ၈ သောင်းဗျာ၊ ဒါ အကုန်ပဲလို့။ ယူသွားကွာတဲ့။ အနီ ရောင် စပိန်ဂစ်တာလေး ငါ့လက်ထဲ ရောက်လာတော့ လက်တောင်တုန်တယ်။ နိုင်လွန်ကြိုးတပ် ထားတဲ့ **classical** ဂစ်တာအစစ်ကို ငါကိုင်ဖူးပါပကောလားပေါ့။

အဲ့ဒီမှာ ကိုသက်ရွှေက ငါ့ကို၊ ဟာရောင် မင်းတို့ကောင်တွေ တောမှာ ဘယ်လိုလုပ်ပြီး တီးထားသလဲ ငါ့ကိုပြစမ်းတဲ့။

ခြေတင်ခုံပေါ် ဘယ်ခြေထောက်တင်၊ ဂစ်တာကို အကျအန ကိုင် (ကိုင်ပုံကိုင်နည်းကို **the history of guitar and its music** စာအုပ်ထဲက ပုံမှာ မြင်ဖူးတာ)တဲ့ပြီး ငါတီးတယ်။ ဘာသီချင်း ထင်လဲ။ အပေါ်မှာ ပြောတဲ့ အရှုံးထောင်မှာ ဇွန်မိုး တီးပြတဲ့ လာပါလိုးမား သီချင်း။

ကိုသက်ရွှေက ပြောတယ်၊ အမယ် လာပါလိုးမားကို **A** နဲ့ တီးနေပါ့လား။ ဘယ်က နုတ်စ် လဲဟတဲ့။ **D**နဲ့ တီးတာ ပိုမိုက်တယ် ငါ့ကောင်ရတဲ့။

ငါလည်း ခုမှတွေ့တဲ့ ကိုသက်ရွှေကို ပူဆာတာပေါ့။ ရှိသမျှ နုတ်စ်စာရွက်တွေ ကောင်းနိုး ရာရာလေးတွေ ပေးလိုက်ပါလား ဆရာရယ်လို့။ လက်အနေအထားတွေ ပြင်ပေး ပြပေးရုံတင်မက ဂစ်တာနုတ်စ်တွေ ထည့်ပေးလိုက်ပါတယ်။

ဒါနဲ့ ငါ တောပြန်တယ်။ ငါ့သူငယ်ချင်းတွေဟာ ပြုံးရွှင်စွာနဲ့ ငါ့ဘေးမှာ ပတ်ချာလည်ဝိုင်း နေတာပေါ့။ အနီရောင် ဂစ်တာရယ်၊ နုတ်စ်စာရွက်အသစ်တွေရယ်နဲ့ ရန်ကုန်က နာမည်ပဲ ကြားဖူး တဲ့ ဂစ်တာဆရာကြီးတွေဆီ ရင်ငွေ့လှုံပြီး ပြန်လာတဲ့ ငါမဟုတ်လား။

အဲ့ဒီ ဂစ်တာလေးဟာ အနားကို မရပါဘူး။ တစ်ယောက်တစ်လှည့် ဆွဲဆွဲကုတ်တာ ခံနေ ရရှာတယ်။

ဟော့ သမ္မာကျမ်းထဲ ပါတဲ့ ဗျတ်သရဲ့နုတ်စောင်း ဆိုတာဒါပဲကွလို့

ငါကမူးမူးနဲ့အခေါ်တော့ ငါ့ဘော်ဒါတွေက ငါ့ဂစ်တာ မကိုင်ရမှာစိုးလို့လား မသိ၊ ဟုတ်ပ ဟုတ်ပါ့နဲ့ အလုအယက်တွေ ထောက်ခံလို့။

တစ်မြို့လုံးက လူတွေက ငါတို့ကို အရူးလို့ ထင်နေကြတယ်။ လက်ဖက်ရည်ဆိုင်မှာ ငါတို့ ညာလက်ချောင်းတွေက တရွရွကစားလို့၊ နုတ်စ်စာရွက်တွေဖတ်ပြီး ဟိုငြင်းဒီခုံ၊ ပါးစပ်ကလည်း ဒန့်နန့် ဒန်ဒန် ဒန်ဒန် ဒန်ဒန် ဒန်းဒန် အဲ့လိုတွေ ရေရွတ်လို့။ အို စောင်ရူး စောင်နမ်းတွေပါပဲ။ ဟော့

လွန်ခဲ့တဲ့ နှစ်ရာပေါင်းများစွာက "ဘတ်" ဆိုတဲ့ ဥရောပတိုက်သားဟာ ဘောင်ရီအင် အီးမိုင်နာကို မီးအိမ်လေးအောက်မှာ ရေးခဲ့မှာပေါ့။ ခု ငါတို့က ဘက်ထရီမီးချောင်းအောက်မှာ သူ့နုတ်စ်တွေကို လိုက်တီးနေပြီပေါ့၊ မလှဘူးလား လို့ တိတ်ဆိတ်တဲ့ အရက်ဆိုင်လေးမှာ ငါအခေါ်တော့၊ ငါ့ဘော်ဒါ တွေက "တစ်နေ့မှာ ငါတို့အကြောင်းကို လူတွေပြောနေရမယ်ကွ" (အဲ့ဒီဝတ္ထုထဲက စကားလုံးတွေ ပုသျှကင်ရဲ့ရုပ်ထုအောက်ခြေမှာ ရေးထိုးထားတယ်ဆိုလား)လို့ ပြန်နောက်ပြောင်လို့ပေါ့။

နောက်တော့ ကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင်ထဲ ကူးနေရတာ ငါပျင်းလာတယ်။ တို့လက်ထဲက တချို့သီချင်းနုတ်စ်တွေကို ငါတို့ နားမလည်လာတော့ဘူး။ ငါ

ဒါနဲ့ ဆောင်းညတစ်ခုမှာ ငါ့ဘော်ဒါတွေကို ငါပြောတယ်။ ငါ ရန်ကုန်သွားတော့မယ်။ ကိုသက်ရွှေ၊ ကိုဇော်၊ ကိုမြင့်သန်းထွန်း၊ သူတို့ဆီ သွားမယ်။ ဆာကူရာ၊ ရကွားဒို့စ် ဒီလာ အလမ် ဘရာ၊ ဂရင်ဂျော်တာ၊ ဆီမီးလား၊ လီရန်းဒါး ... အစရှိတဲ့ နုတ်စ်စာရွက် အရွက်၂၀ လောက်စီရှိတဲ့ ကမ္ဘာကျော်သီချင်းတွေကိုသူတို့ဆီသွားသင်မယ်။
အဲငါပြန်လာတဲ့နေ့မှာအိမ်ကိုတန်းမပြန်ဘူး။ ဆိုက်ကား ငှားပြီး မင်းတို့ ထိုင်စောင့်နေမယ့် လက်ဖက်ရည်ဆိုင်ရှေ့ကို ဖြတ်လာမယ်။ ဂစ်တာကို ပေါင်ကြားညှပ်လာမယ်။ အိုင်းဇက် အယ်လ် ဘန်းနစ်ရဲ့ တုန်လှုပ်ခြောက်ခြားဖွယ်ရာ လီရန်းဒါး သီချင်းကို ဆိုက်ကားပေါ်ကနေ ခြေထောက်နဲ့တီးပြီး မင့်တို့ရှေ့ဖြတ်သွားမယ်။ မင်းတို့ ရူးခါသွားစေ ရမယ်၊ စည်းစားသာကြည့်ကြပေတော့။ ငါ အဲ့လိုပြောပြီး ဒီကောင်တွေကို ပစ်ထားပြီး ထွက်လာခဲ့ တော့တာပါပဲ။

ဇွန်မိုး ... ဇွန်မိုး ... အဲ့ဒီ ဇာတ်လိုက်ဟာ ငါ့အပေါ်လွှမ်းမိုးလွန်းခဲ့တာပေါ့။ ဒါပေမယ့် ငါ အိမ်မပြန်ဖြစ်တော့ဘူး။ နှစ်ပေါင်း၂၀ လောက်တောင် ကြာသွားမလားပဲ။

တစ်ခါတလေကျ ငါတွေးကြည့်မိတယ်။ ငါ့ကောင်တွေဟာ ဆိုက်ကားပေါ်ကနေ လီရန်း ဒါး သီချင်းကို ခြေထောက်နဲ့တီးရင်း လက်ဖက်ရည်ဆိုင်ရှေ့ဖြတ်လာမယ်ဆိုတဲ့ ငါ့ကိုများ မျှော်နေ ကြရှာမလားပေါ့။

ပြန်လမ်းမရှိတဲ့ မြစ်

နွေဦးပေါက်လာတဲ့အခါ ညနေတွေဟာ အင်မတန် လှပလာတယ်။ အပူချိန်ဟာ သင့်တင့်မျှတပြီးအင်မတန် နေသာထိုင်သာရှိလာတယ်။ ခြေခင်းလက်ခင်းသာတဲ့အဲ့ဒီနွေဦးညနေ တွေဆို ကျနော် ဝရန်တာမှာ ထိုင်ပြီး **Pinot Noir** ဝိုင်အနီတစ်လုံးကို ဖွင့်တော့တာပါပဲ။ ဝရန်တာ ထိတော့မတတ် ကိုင်းကျနေတဲ့ မေပယ်ရွက်တွေကို လေတိုးသံတရှဲရှဲကို နားထောင်ရင်း နေဝင်ရီ တဝေါမယ် ကောင်းကင်ပြာပြာထဲ အဓိပ္ပာယ်မဲ့ ငေးကြည့်နေရတာကို ကျနော်အင်မတန် နှစ်ခြိုက်တယ်။

ဝိုင်တစ်ဖန်ခွက်ကုန်သွားလို့ နောက်တစ်ခွက် ထပ်ငှဲ့တဲ့အခါမှ ကျနော် ဆစ်ကလက်ကို မီးစညှိတယ်။ ဖန်တန်တန် အရသာလေး လျှာပေါ်တင်ကျန်နေတုံးမှာ ဆစ်ကလက်အငွေ့တွေကို ရှိုက်သွင်းလိုက်ရတဲ့ အရသာဟာ ဘာနဲ့မှ လဲလို့မရနိုင်တဲ့စည်းစိမ်ပေ့ါ။ ကျနော့်မှာခုဘာမှမလိုအပ် တော့ဘူး။ ဥရောပရဲ့ မြို့တော်တစ်ခုထဲပေမယ့် ကျနော့်မှာ တိတ်ဆိတ်ခြင်းတွေရှိတယ်။ စပျစ်ဝိုင် အနီလုံလုံလောက်လောက်ရှိတယ်။ ဆစ်ကလက် လိုသလောက်သောက်နိုင်တယ်။ နေရောင်ခြည် ပျော့ပျော့ ရှိတယ်။ မပူလွန်း မအေးလွန်းတဲ့ ရာသီဥတုရှိတယ်။ သစ်ရွက်အစိမ်းတွေ ရှိတယ်။ နည်းနည်းပျင်းရိလာရင် ကောက်ဆော့နိုင်တဲ့ နှိုင်းကန် အကာဒန်း မြေညီထပ် အဟောင်းဆိုင်က ဝယ်လာတဲ့ နိုင်လွန်ကြိုးတပ် စပိန်ဂစ်တာအဟောင်းတစ်လုံး လက်တစ်ကမ်းမှာရှိတယ်။

အဲ့ဒီ ကျနော့်ကောင်းကင်ဘုံလေးထဲ ရုတ်တရက် နတ်သမီးတစ်ပါး ရောက်ချလာတယ်။ အက်စ်ရေးချ် ဂု ... မွှေးနေတာပဲလို့ လှည့်မကြည့်ပဲ ဂျာမန်လို မပီကလာပြောရင်း ပြုံးနေလိုက် တယ်။ ဖီလန်ဒန့်ခ် ... ကျေးဇူးအများကြီး ဆိုတဲ့ ဆွေးဗီးယန်းနယ်က ဂျာမန်လေသံနဲ့ ပြန်ဖြေသံနဲ့ အတူ အဝါရောင် ဆံနွယ်အတွန့်ခွေတွေဟာ ကျနော့်ဘေးက ပက်လက်ကုလားထိုင်မှာ လာဝင် ထိုင်တယ်။

ကျနော် သူ့ကိုစောင်းငဲ့ကြည့်ရင်း ဝိုင်ပုလင်းနဲ့ ဖန်ခွက်အလွတ်တစ်ခုကို မေးဆတ်ပြ လိုက်တယ်။ ပါးချိုင့်လေး ပေါ်အောင် ပြုံးပြလာရင်း သူမ ဝိုင်တစ်ခွက်ငှဲ့တယ်။ တစ်ငုံ ငုံတယ်။ ကျိုက် တယ်။ လက်ဖျစ်တစ်ချက် တီးတယ်။ ကောင်းလိုက်တဲ့ ဝိုင် ဆိုတဲ့သဘော။ လပ်ကီး ဆစ်ကလက် တစ်လိပ်ကို မီးညှိတယ်။

အဲ့ဒီ အချိန်မှာ ကျနော့် အလစ်အငိုက် တိုက်ခိုက်မှုကို စတင်လိုက်မိတယ်။

"ယူလီယာ ငါအိမ်ပြန်တော့မယ်"

"ဘာရယ်..."

မျက်လုံး အစိမ်းရောင်ဖျော့ဖျော့လေးတွေက အံ့သြ ထိတ်လန့်သွားတယ်။ မျက်နှာလွှဲ သွားတယ်။ ဆစ်ကလက်ကို ဖိဖွာတယ်။ ကောင်းကင်အပြာရောင်ထဲက တိမ်တွေကို ငေးရင်း

ငြိမ်ကျသွားတယ်။ စက္ကန့်အနည်းငယ်ကြာတော့ အတန်ငယ်တုန်ခါနေတဲ့ လေသံလေးနဲ့ စကားစ လာတယ်။

"ဘယ်လောက်ကြာမှာလဲ"

"မသိဘူး"

"ဘာကြောင့်လဲ ဘာကြောင့်လဲ ဘာကြောင့်လဲ"

သုံးခါဆက်တိုက် အဲ့ဒီစကားလုံးချည်းပဲ။ ကျနော့်ကို မေးတာလား၊ သူ့ဖာသာ ရွတ်နေ တာလား မကွဲပြားဘူး။

နှစ်ယောက်စလုံး ငြိမ်ကျသွားပြန်တယ်။ ခဏကြာတော့ ကျနော် စကားပြန်စတယ်။

"စန်တီရေဂို ပဲနွယ်ကုန်းတွင် ကွယ်လွန်သည် ဆိုတဲ့ဇာတ်လမ်းလေး ငါဖတ်ပြတာ နင်မှတ်မိလား"

"အင်း"

အေး အဲ့ဒီထဲက ကောင်မလေး နေမကောင်းဘူး။ တစ်နှစ်တန်သည် နှစ်နှစ်တန်သည် ဂရုစိုက်ရလိမ့်မယ်"

"ဪ ... အဲ့ဒါနဲ့ နင်တည်ဆောက်ခဲ့သမျှ ပစ်ချသွားတော့မယ်ပေ့ါ၊ နင် အင်မတန် ကြိုက်တဲ့ ပတ်ဝန်းကျင်နဲ့ လူသားဆန်တဲ့ ယဉ်ကျေးမှုတွေဆို"

"အေးလေ ဒါပေမယ့်ဟာ"

"အင်း ထားပါတော့၊ နင်ပြန်လာမယ်လို့ ငါမထင်တော့ဘူး။ အဲ့ဒါပဲ ... နင်ဘာပြောမလဲ"

"ငါမပြောတတ်ဘူး ငါလောလောဆယ် အကြွေးဆပ်ရတော့မယ် ဒါပဲ"

စကားပြောလက်စကို ရပ်ပစ်ပြီး အဲ့ဒီကိစ္စကို ကျနော်တို့ မေ့ပစ်လိုက်ပြန်တယ်။ ဝိုင် တစ်ခွက်စီ ထပ်ထည့်ပြီး မော့တယ်။ ဆစ်ကလက် ဖွာကြတယ်။ ဝိုင်ကုန်တယ်။ စတိုခန်းထဲက စင်ပေါ်က နောက်ထပ် **Pinot Noir** တွေ ထပ်ထုတ်ပြီး ဖွင့်ပြန်တယ်။ တစ်ခွက်ပြီး တစ်ခွက် မော့ လိုက် ကျိုက်လိုက်နဲ့။ စပရီးမြစ်ကြီးအတွက် တစ်ခွက်၊ ဧရာဝတီမြစ်ကြီးအတွက် တစ်ခွက်။ ဖန်ခွက် ချင်းတိုက်ရင်း အပြန်အလှန်တွေ နှောင်ပြောင်လို့ပေါ့။ ခဏကြာတော့ အဝါရောင်ဆံနွယ်အတွန့် အခွေတွေ တခါခါတရမ်းရမ်းနဲ့ ပျော်ရွှင်စပြုလာတယ်။ သူ့ပါးစပ်က သူပြောချင်တာတွေ လျှောက် ပြောတော့တာပဲ။

“ရန်ကုန်မှာတုံးကလေ၊ ငါပူဆာတာလေ .၊ မိုးတွင်းကြီး သောကြာညကြီး တရုတ်တန်းက အပြန် နင့်ကို ခုချက်ချင်း ငွေဆောင်သွားစို့ဆိုပြီး အတင်းမောင်းခိုင်းတာလေ”

“ဟာဟာ့…အတော်ဆိုးတဲ့ကောင်မလေးငါမှတ်မိပ့ါ”

“ညသန်းခေါင်ကြီး ရောက်သွားတော့ ကြယ်တွေ ကြယ်တွေ လုလိုက်တာဟာ၊ သဲပြင် ပေါ် ငါတို့ ပက်လက်လှန်ပြီး ကြည့်ရင်း ငါနင့်ကိုမေးတာလေ … လူဖြစ်ရတာ တန်တယ်မလား

ဆိုတော့ နင်က ငါကားမောင်းရတာ ခါးနာတယ် ခွေးမတဲ့၊ မတန်ဘူးဟာ တဲ့ ဟားဟား…”

“32:”

“နောက်နေ့လည်းကျရော ရာသီဥတုမသာယာ၊ လှိုင်းရှိနေရဲ့နဲ့ ငါအတင်း ရေဆင်းကူး တာလေ … နင်က စိတ်မချလို့ လိုက်လာ၊ ခြေထောက်တွေကို ရေစီးကြောင်းကဆွဲလို့ ပါသွားကြ တာ၊ သေတော့မလို့လေ”

“အင်း”

“ငါ့ကို နင်အတင်းဆွဲပြီး ကူးတာလေ၊ ငါတော့ သွားပြီလို့ စိတ်ထဲမှတ်တာ၊ နင်ကလေ ရေထဲ ငုတ်ငုတ်ပြီး ငါ့ကိုယ်လုံးကို ထမ်းပြီး မမတ့ပြီး ကမ်းဖက်ကို ပစ်တွန်းတွန်း…”

“တော်ပါဟာ ငါမှတ်မိပါတယ်”

“ကမ်းရောက်တော့ ငါက ငိုနေတာ … နင်က ပစ်မပြေးပဲ အတင်းကယ်လို့ ဝမ်းသာ ဝမ်းနည်းကြီးလေ၊ အဲ့ဒီမယ် ငါ နင့်ကို ကြည့်ပြီး အော်ရယ်မိသေးတယ်”

“ဘာလဲ ငါမမှတ်မိတော့ဘူး”

“ငါအိုပြီ … ငါအိုပြီ၊ ငါမသန်မာတော့ဘူးဟာ တဲ့၊ မျက်လုံးမှိတ်

ပက်လက်ကြီးလှန်ပြီး ဟောဟော ဟဲဟဲလုပ်ရင်း ပြောနေလို့လေ၊ ငါ့မှာ ရယ်လိုက်ရတာဆိုတာလေ”

“အင်း အဲ့ဒါ တကယ်ပဲဟာ၊ ငါနင့်ကိုသာ အတင်းတွန်းနေတာ၊ ခြေထောက်က ကြွက် တက်ချင်လာပြီ၊ နှစ်ယောက်လုံး သေပြီကွာလို့ စိတ်ထဲတွေးနေပြီ လခွမ်း”

“ငါလေ အဲ့ဒီကိစ္စပြီးကတည်းက နင့်မျက်နှာကို ကြည့်တိုင်း စိတ်ထဲ လုံခြုံနေခဲ့တာဟာ”

သူမ အသံ တိမ်ဝင်သွားတယ်။

“နောက်နှစ် ခရစ်စမတ်ရွာပြန်ရင် အဖေတို့အမေတို့ နင့်ကိုမျှော်နေတော့မှာပဲ၊ နင့်ကို သူတို့ အင်မတန်ခင်တာ သိတယ်မလား”

“အေးပါ၊ ငါလည်း အင်မတန်ယဉ်ကျေးတဲ့ နင်တို့မိသားစုကို ခင်ပါတယ်၊ နင်တို့ ရွာ ကလေးကိုလည်း အင်မတန်သာယာလို့ သဘောကျပါတယ်၊ ငါနှုတ်ဆက်ခဲ့တယ်လို့ ပြောပေးပါ”

“ဟေ့အေး မပြောပါဘူး၊ နင့်ဖာသာ ဖုန်းဆက်ပြော၊ နောက်ခရစ်စမတ် ငါ ရွာမပြန်ချင် တော့ဘူး၊ ငါဝမ်းနည်းရတော့မှာဟ၊ နင့်ကို သတိရလို့”

ခဏလောက် တိတ်ဆိတ်သွားကြပြန်တယ်။ သီချင်းဆိုရအခေါင်ဟာ လို့ ပြောရင်း သူမ ဂစ်တာကို ကောက်ကိုင်တယ်။ ဂစ်တာကြိုးတွေကို ဟိုကုတ် ဒီကုတ်နဲ့ဆော့ရင်း သီချင်းရှာတယ်။ အင်ထရိုစဝင်တော့ ကျနော် သိလိုက်တယ်။ မွန်ရိုးရဲ့ ပြန်လမ်းမရှိတဲ့ မြစ် ဆိုတဲ့ သီချင်း။ ကျနော် သူမကို မကြည့်ပဲ မျက်နှာလွှဲထားလိုက်မိတယ်။ သီချင်းဆိုသံ ခပ်တိုးတိုးရယ်။ မင်းနားထောင်ကြည့်ရင် ခေါ်သံကြားရလိမ့်မယ် အဲ့ဒီမှာ ပြန်လမ်းမရှိတဲ့မြစ် လို့ခေါ်တဲ့ မြစ်တစ်စင်းရှိခဲ့တယ်

တစ်ခါတရံမှာ ငြိမ်းချမ်းပြီး တစ်ခါတရံမှာ ရိုင်းစိုင်းတယ် လွတ်လပ်တယ် အချစ်ဆိုတာ ပြန်လမ်းမရှိတဲ့မြစ်ပေါ်က ခရီးသွားတစ်ယောက်

မြစ်ရဲ့ခေါ်သံကို ငါကြားနေရတယ် ပြန်လမ်းမရှိပြန်လမ်းမရှိ ငါ့ချစ်သူရဲ့ခေါ်သံကို ငါကြားတယ် ငါ့ဆီလာပါတဲ့ ပြန်လမ်းမရှိပြန်လမ်းမရှိ ငါ့အချစ်ကို မြစ်ပြင်ပေါ်မှာပျောက်ဆုံးခဲ့ရပြီး ငါ့နှလုံးသားဟာ ထာဝရနာကျင်ရပြီ

မင်း ဘယ်တော့မှ ငါ့ဆီပြန်မလာတော့ပါဘူးကွယ် သီချင်း ဆုံးသွားတယ်။ ရေမွှေး၊ ဝိုင်နဲ့ ဆစ်ကလက်နဲ့ရောနေတဲ့ အနံ့တစ်ခု ကျနော်ရ တယ်။ အဝါရောင်ဆံနွယ်တွေက ကျနော့်မျက်နှာနားမှာ။ ကျနော့်ပါးပြင်နှစ်ဖက်ကို နမ်းတယ်။ မဟုတ်ဘူး အနောက်တိုင်းလို နှုတ်ခမ်းနဲ့မဟုတ်ဘူး။ တစ်ခါက ကျနော်သင်ပေးဖူးတဲ့ ဗမာလို နှာခေါင်းနဲ့ မွှေးမွှေးပေးတာ။ ဘယ်ညာနမ်းပြီးမှ သူမ

ခပ်တိုးတိုးပြောတယ်။ အဇော့ဖ်ဝီဒါဇေး (ဂွတ်ဘိုင်) တဲ့။

“ငါပြန်တော့မယ်”

“ငါလိုက်ပို့ရမလား”

“ဟင့်အင်း၊ ဘတ်စ်ကားနဲ့ပြန်မယ်၊ ဒီမယ် တစ်ဆယ့်ငါးနှစ်တိတိ ဒီမြို့မှာ ငါတစ်ယောက် တည်း နေခဲ့တာဟာ့၊ နင်ပူစရာမလိုဘူး ဟုတ်ပြီလား”

ကျနော် ဘာမှဆက်မပြောပဲ သူမကို ငေးနေစဉ်မှာပဲ ချာခနဲ လှည့်ထွက်သွားခဲ့တယ်။ ကျနော် လက်ကျန်ဝိုင်ပုလင်းကို ဆက်ဖွင့်တယ်။ ဆစ်ကလက် ဖွာတယ်။ အစပြုစ အမှောင်ထုထဲ အဓိပ္ပာယ်မဲ့ငေးတယ်။ နည်းနည်းပြန်မူးလာတော့မှ ခုနက သူမ ဆိုသွားတဲ့ ပြန်လမ်းမရှိတဲ့မြစ် သီချင်းကို ခပ်တိုးတိုး ဆိုကြည့်နေတယ်။

မြစ်ရဲ့ခေါ်သံကို ငါကြားနေရတယ်

ပြန်လမ်းမရှိပြန်လမ်းမရှိ

ငါ့ချစ်သူရဲ့ခေါ်သံကို ငါကြားတယ် ငါ့ဆီလာတဲ့

ပြန်လမ်းမရှိပြန်လမ်းမရှိ

ငါ့အချစ်ကို မြစ်ပြင်ပေါ်မှာပျောက်ဆုံးခဲ့ရပြီး ငါ့နှလုံးသားဟာ ထာဝရနာကျင်ရပြီ

မင်း ဘယ်တော့မှ ငါ့ဆီပြန်မလာတော့ပါဘူးကွယ်...

ပယ်ရီပယ်ရီ ချစ်ကန်း

ပီဇာအူနို ဆိုတဲ့ဆိုင်ထဲ ကိုယ် ပထမဆုံးအကြိမ် ဝင်သွားတုန်းက အဲ့ဒီဆံပင်အဝါနဲ့ မယ်ဒီ့ကို စမြင်ဖူးခဲ့တာပဲ။ ဆံပင်အဝါတွေကို နောက်စေ့တည့်တည့်မှာ ထုံးထားပြီး ယူနီဖောင်း အပြည့်အစုံနဲ့ ပိုက်ဆံသိမ်းတဲ့ ဖြိုတိသျှမ ခပ်ပိန်ပိန်လေးပေ့ါ။

ဟားလို ဖလားဝါး ... တဲ့ ကိုယ့်ကို ပီဇာဝယ်သူမှတ်ပြီး အပြုံးချိုချိုနဲ့ နှုတ်ဆက်တယ်။ အလုပ်လျှောက်ချင်လို့ ဒါလင် လို့ပြောရင်း ကိုယ့်လက်ထဲက စီဗီစာရွက်လေး ကမ်းပေးတော့ လှမ်း ယူတယ်။

သူတကာ ဆိုင်တွေက ကောင်တာထိုင်တဲ့သူတွေလို ထားခဲ့လိုက်ဆိုပြီး ဝတ်ကျေတန်း ကျေ ယူထားတာ မဟုတ်ဘူး။ ကိုယ့်စာရွက်ကို ဖျတ်ခနဲ လှမ်းကြည့်တဲ့ပြီး အိုး တဲ့၊ ခဏစောင့်တဲ့။ ကောင်တာနဲ့ ကပ်လျှက်က အခန်းလေးထဲ ဆတ်ခနဲ ဝင်သွားတယ်။ တစ်မိနစ်တောင် မကြာဘူး၊ ပြန်ထွက်လာပြီး လက်ယပ်ခေါ်တယ်။ အထဲဝင်ပါ တဲ့။ ကိုယ်အခန်းထဲရောက်တာနဲ့ အပြင်ကနေ တံခါးကို စေ့ပေးခဲ့ပြီး သူ့အလုပ် သူဆက်လုပ်နေခဲ့တယ်။

နောက်နေ့ကစပြီး ပီဇာအူနိုမှာ ကိုယ်ဟာ ပီဇာဖုတ်သူ့ကို ကူပေးရတဲ့ကောင်ပေ့ါ။ အခန်း ထဲမှာ ကိုယ်တွေ့ခဲ့တာက ဆိုင်ပိုင်ရှင်ပဲ။ အီတလျစ်အဘိုးကြီး ပေ့ါ။ အာမက်တဲ့။ အဲ့ဒီပီဇာဆိုင်အပြင် ကပ်လျှက်က ကြက်ကြော်ဆိုင် ပေါင်မုန့်ဆိုင်တွေပါ သူအကုန်ပိုင်တယ်တဲ့။ ကိုယ့်ကို အလုပ် တန်းပေးတာကလည်း တခြားကြောင့်မဟုတ်ဘူး။ ကိုယ့်စီဗီထဲက ကိုယ်တက်နေတဲ့ တက္ကသိုလ် ကြောင့်။ အဘိုးကြီးက ဂုဏ်ယူဝင့်ကြွားစွာပဲ ကိုယ့်ကိုပြောခဲ့တယ်။ မင့်တို့ သိပ္ပံဌာနက ဆရာလေ ဒေါက်တာ ဖလက်ချာဆိုတာ သိလား တဲ့။ ကျနော့်ဆရာပဲလို့ ကိုယ်ပြန်ဖြေတော့ အဲ့ဒီကောင်ပေ့ါ ငါ့ဆိုင်မှာ လွန်ခဲ့တဲ့ အနှစ်၂၀ကျော်က ပီဇာဖုတ်တဲ့အလုပ်သမား လုပ်သွားတာကွ ဟားဟားတဲ့။ အဲ့လိုတွေ ပြောရင်းတက္ကသိုလ် ကျောင်းသားပေါင်း မြောက်များစွာကို သူ အလုပ်ပေးခဲ့ကြောင်း တွေ ကြွားတော့တာပဲ။ အဲ့ဒီ ကြွားလုံးတွေ နားထောင်ပြီးတဲ့နောက်တော့ ကိုယ်အလုပ်ရတယ်ပေ့ါ။ ဒါပါပဲ။

ပီဇာဖုတ်တဲ့ကောင်က မျက်နှာကြောတင်းတယ်။ ဇိုင်ယာ ဆိုတဲ့ ဆီးရီးယန်းပြည်ပြေး ကောင်။ ကိစ္စမရှိဘူး။ ကိုယ်က ဉာဏ်ကောင်းတယ်မလား။ သူ့ကို ကူနေရင်း ဇီယွန်ဝါဒီ အစ္စရေးကို မုန်းတယ် ဆိုတဲ့အကြောင်း၊

ဂိုလန်ကုန်းမြေကို မတရားသိမ်းပိုက်တာ လွန်ကြောင်း၊ မော့ဆတ် သူလျှိုထိပ်သီး အလီကိုဟင်ကို မင်းတို့ ဆီးရီးယန်းတွေမိသွားပြီး သတ်ပစ်လိုက်တာ ငါအားရကြောင်းအစရှိ သဖြင့် ပလီပလာ ပြောရာကနေ ရက်အနည်းငယ်အကြာမှာ သူကိုယ့်ကို ပီဇာလုပ်နည်း လက်ထပ်သင်ပေးတော့တာပဲ။ အဲ့ဒီလိုနဲ့ ပီဇာအူနို ဆိုတဲ့ဆိုင်မှာ ကိုယ်ဟာ ပီဇာဖုတ်ဆရာ ဖြစ်လာခဲ့တယ်။ ဗိုင်ယာတစ်ရက်၊ ကိုယ်တစ်ရက် အလှည့်ကျ။ သောကြာ စနေ လိုရက်တွေမှာ နှစ်ယောက်ပူးပေါ့။

ကိုယ့်အတွက် အဆင်မပြေတာက ငွေသိမ်းကောင်တာက အင်္ဂါဒါစာရွက်တွေ လာလာ ပေးတဲ့အခါ မယ်ဒီဆိုတဲ့ ဆံပင်အဝါပိန်ပိန်လေးဟာ ဟိုဖက်ဒီဖက် လုပ်တာပဲ။ ဟေး ဒါလင် ဟော့ဒီ မယ်လို့ နားရွက်နားကပ်ပြောရင်း ကိုယ့်ခါးကို သိုင်းသိုင်းဖက်တယ်။ ကိုယ်မကြိုက်ပါ။ မရင်းနှီးတဲ့ မိန်းမတွေရဲ့အနံ့ကို (မွှေးသည်ဖြစ်စေ နံတယ်ဖြစ်စေ) ရှုံ့ရှာတတ်တဲ့ကိုယ်ဟာ တွန့်ခနဲ ဖြစ်ဖြစ်သွားတတ်တယ်။ မျက်နှာလည်း နီတတ်တယ်။ အဲ့လိုဖြစ်သွားတာကို ဒင်းကလေးဟာ အတော် သဘော ကျပုံရတယ်။ ခဏခဏ လာလာဖက်တာချည့်ပဲ။ ဒါဟာ သူတို့ယဉ်ကျေးမှုလို့ ကိုယ့်ကိုယ်ကိုယ် သတိပေးရင်း တွန်းမထုတ်ပစ်ဖို့ သတိထားနေရတယ်။ နောက်ပြီးတော့ မယ်ဒီဟာ အလွန်ဆုံးရှိလှ တစ်ဆယ့်ကိုးနှစ်ပေါ့။ ကိုယ့်အတွက် သူက ကလေးလေးပဲဟာ။

အလုပ်သိမ်းတဲ့အခါတိုင်း ဆိုင်ကအလုပ်သမားတွေဟာ ပီဇာတစ်ချပ်စီ အိမ်ကိုယူခွင့်ရှိ တယ်။ ညသန်းခေါင်ရောက်လာရင် အိမ်ပြန်ဖို့စိတ်စောနေတဲ့ကိုယ်က (အိမ်ရောက်ရင် ရေမိုးချိုးပြီး စာကြည့်တိုက်ကို သွားရဦးမှာ) တစ်ဆိုင်လုံးက အလုပ်သမားတွေကို အင်္ဂါမေးတော့တာပဲ။ ဘယ်သူ ဘာအမျိုးအစားပီဇာ ယူမှာလဲပေါ့။ ခေါင်းဝါလေးဟာ ကိုယ့်အင်္ဂါသံကြားတိုင်း စပ်ဖြဲဖြဲနဲ့ ပြန်အင်္ဂါတတ်တယ်။

“စမောလ်ပီဇာ၊ ပယ်ရီပယ်ရီ ချစ်ကန်း၊ ဂရင်းပက်ပါ၊ နိုးချိစ် တဲ့။ ပီဇာအသေး၊ ပယ်ရီပယ်ရီ လို့ခေါ်တဲ့ ကြက်သား၊ ငရုတ်ပွအစိမ်း၊ ချိစ် မထည့်နဲ့ပေါ့။ ညစဉ်ညတိုင်း ကိုယ်မေးရင် ပယ်ရီပယ်ရီ ချစ်ကန်းချည့်ပဲ။

အဲ့ဒီလိုနဲ့ လပေါင်းများစွာ ကြာလာခဲ့ပြီး၊ တစ်ညသား ကိုယ်အလုပ်က အိမ်အပြန် လမ်းသရဲလေးတွေအဆဲ ခံရတယ်။

“ဟေ့ ချင်းချောင်” တဲ့ (ချင်းချောင်ဆိုတာ တရုတ်လို့ ဆိုလိုတာ)။ “အီးအီး အီးဒီအယ်လ်၊ ဘီအန်ပီ ဘီအန်ပီ” အဲ့လိုတွေအင်္ဂါရင်းအုပ်စုလိုက်ကြီး ကိုယ့်နောက်လိုက်လာတာ။ အီးဒီအယ်လ် ဆိုတာ အင်္ဂလိပ်ခုခံရေးအဖွဲ့ဆိုတဲ့ ဇာတ်ဖြ အုပ်စုနာမည်ဖြစ်ပြီး ဘီအန်ပီ ဆိုတာ ဗြိတိသျှ အမျိုးသား ပါတီပေါ့။ လိုရင်းက နိုင်ငံခြားသားမုန်းတဲ့ အုပ်စုပါပဲ။

ကိုယ်က ကျောင်းပြီးခါနီးတဲ့ အခြေနေမှာဆိုတော့ ဘယ်သူနဲ့မှ ကိုယ်ထိလက်ရောက် ခိုက်ရန်မဖြစ်ချင်တော့ဘူးရယ်။ သူတို့လည်း အုပ်စုလိုက်မို့သာ လိုက်တာကြတယ်၊ ခပ်ပိန်ပိန် ချာတိတ်တွေ ဆိုတော့

ကိုယ့်ကိုနည်းနည်းရှိန်နေကြတယ်။ သတိထားပြီးအသာလေးလျှောက်နေ ရတယ်။ ကိုယ်မကြောက်ပါဘူး။ သူတို့ အတင်းဝင်လာရင် ကိုယ့်ဂျာကင်အိတ်ထဲမယ် ဆွစ်မောင်းချ ဓားလေး ပါလာတာပဲ။ တစ်ယောက် နှစ်ယောက်လောက် အထိုးခံရရင် သူတို့ပြေးမှာ ကိုယ်သိတယ်။

အဲ့ဒီအချိန်မှာပဲ အဝါရောင်အရိပ်တစ်ခု ကိုယ့်ဘေးနား လှစ်ခနဲဝင်လာတယ်။ ဆတ်ခနဲ ငဲ့ကြည့်လိုက်တော့ မယ်ဒီ။ အသံစူးစူးလေးနဲ့ လမ်းသရဲအုပ်စုကို အဏ်ဟစ်ဆဲဆိုတော့တာပဲ။ ပိန်သေးသေး အဲ့ဒီအင်္ဂလိပ်မလေးဟာ ကိုယ်မြင်ဖူးသမျှတော့ ပြုံးဖြဲဖြဲပါ။ ခုတော့ ဒေါသတကြီးပဲ။ ဆံရုံတင်မက သူ့လက်ထဲကိုင်လာတဲ့ ကိုယ့်လက်ရာ ပယ်ရီပယ်ရီကြက်သားပီဇာ ထည့်လာတဲ့ ကတ္တူဘူးနဲ့ပါ ပစ်ပေါက်တယ်။ လမ်းသရဲချာတိတ်တွေ လန့်ပြီး ပြေးသွားတယ်။ နင့်ညစာတော့ ဆုံးပြီပေါ့ဟာ လို့ ကိုယ်ပြောတော့ တဟားဟားရယ်နေပြန်တယ်။

အဲ့ဒီညမယ် အိမ်နားက အနောက်ခွပ်ဒေါင်းလမ်းထိပ်က ဘားမှာ ကိုယ်သူနဲ့ နည်းနည်း သောက်တယ်။ အခါတိုင်းလို ခပ်တန်းတန်းမဟုတ်တော့ဘူး။ စိတ်ကြမ်းကိုယ်ကြမ်း ဖြစ်ခဲ့ဖူးတဲ့ ကိုယ့်အတွက် ဒေါသကြီးပြီး ထကြမ်းပြတဲ့ ခေါင်းအဝါလေးဟာ ညီမလေးလိုပဲ။ ၂ ခွက် ၃ ခွက် လောက် တူတူသောက် ပွတ်ချွန်းတစ်လိပ်စီ ဖွာရင်း လက်ချင်းချိတ်ပြီး အိမ်တူတူပြန်ခဲ့ကြတယ်။ ကိုယ့်လမ်းထိပ် အရင်ရောက်လာတော့ ဂွတ်နိုက် ဖလားဝါးတဲ့၊ ကိုယ့်ကို ခပ်တင်းတင်းရင်ချင်းအပ် ဖက်ပြီး နှုတ်ဆက်တယ်။ နားရွက်နား ကပ်ပြီး ရှက်နေပြန်ပလားတဲ့၊ ခပ်တိုးတိုးစတယ်။ ကိုယ်က ရီဝေဝေနဲ့ ယူလစ်အဲနော့အီး ဘာစ်ချ် (ခွေးဆိုးမလေး)လို့ ဆဲပြီး အဏ်ရယ်မိသေးတယ်။

လူ့ဘာဘာဝက တစ်စုံတစ်ခုသော အခြေနေကို အတူတူရင်ဆိုင်ပြီးရင် အလိုလို နီးသွား ကြတတ်တဲ့ သဘောရှိတယ်မလား။

နောက်ရက်တွေမယ် ကိုယ်နဲ့ မယ်ဒီက အလုပ်ထဲမယ် စဟယ် နောက်ဟယ် ဖြစ်လာလို့

လုပ်ဖော်ကိုင်ဖက်တွေက အံ့ဩလို့ရယ်။ အဏ်ဒါပါးတဲ့ အခါမျိုးမယ် ဆိုင်နောက်ဖက် ထွက်ပြီး

ဆစ်ကလက် တူတူဖွာကြတယ်။ တစ်ခါတလေ ဆစ်ကလက် ပြတ်သွားရင် နှုတ်ခမ်းနီရဲရဲတွေ ပေ

နေတဲ့ သူ့ဆစ်ကလက်ကို ကိုယ်နဲ့တူတူ တစ်ယောက်တစ်လှည့် ဖွာတာပါပဲ။ ဟေ့ ဂေါ်ဂျပ်စ် လို့

ကိုယ်က ခေါ်ရင် ဟေ့ ဟန်းဆမ်း လို့ ပြန်ခေါ်ပြီး လျှာထုတ်ပြ ပြောင်ပြတယ်။ ညအလုပ်သိမ်းရင်

တူတူပြန်ကြတယ်။ လစာထုတ်တဲ့နေ့တွေဆို အနောက်ခွပ်ဒေါင်းလမ်းထိပ်က ဘားမယ် တူတူထိုင်

ပြီး အမူးသောက်ကြတယ်။ အပြန်လမ်းမှာ တစ်ယောက်နဲ့ တစ်ယောက် ခါးဖက်ပြီး ဒရီးဒရိုင်တွေ

ပေါ့။ ရှော့စ်လင်းတဲ ရေစ့်၊ ကိုယ့်လမ်းထိပ်) ရောက်တိုင်း ပွေ့ဖက်ပြီး ဂွတ်နိုက် ဖလားဝါး လို့ သူ

ကိုယ့်ကို ပြောနေကျပဲ။

ကိုယ်တို့က ဘာတွေလဲ လို့ ခင်ဗျားတို့ မေးခွန်းထုတ်ချင်နေမှာပေါ့။ အင်း ဘာမှမဟုတ် ဘူး။ အဲ့ထက်လည်း ဘာမှမပိုဘူး။ သူက ပီဇာဆိုင်မှာ အလုပ်လုပ်တဲ့ ပညာသိပ်မတတ်တဲ့ အင်္ဂလိပ် မလေးပေါ့။ ကိုယ်က တက္ကသိုလ်ကျောင်းတစ်ဖက်နဲ့ ပီဇာဖုတ်တဲ့ တရုတ်ကြီးပေါ့။ ဒါပေမယ့် ကိုယ် တို့ဟာ အဲ့ဒါတွေအကြောင်း ဘာမှမပြောမိပါဘူး။ အလုပ်မှာ တွေ့တယ်၊ ကိုယ့်အလုပ် ကိုယ်လုပ် တယ်။ အိမ်အတူပြန်တယ်။ တစ်ခါတလေ တူတူမူးတယ်။ ဒါပါပဲ။

ကိုယ့်စာမေးပွဲတွေ နီးလာတော့ အလုပ်မသွားနိုင်တော့ဘူး။ တစ်လနီးပါး အလုပ်မဆင်း ဘူး။ အကုန်ပြီးသွားတော့လည်း အလုပ်မသွားသေးဘူး။ ပင်ပန်းခဲ့သမျှ ခဏနားနေလိုက်တယ်။ ဒီကြားထဲ ပီဇာအူနိုက အာမက်က ဖုန်း ခဏခဏဆက်တယ်။ အလုပ်မနိုင်ဘူး၊ ပြန်လာပါဦးကွာတဲ့။ ဒါနဲ့ အလုပ်ပြန်ဆင်းတယ်။ မယ်ဒီ့ကို မတွေ့ဘူး။ မေးကြည့်တော့ မသိဘူးတဲ့။ ဘာမပြော ညာမပြော ပျောက်နေတာတဲ့။

ကိုယ်လည်း "ဩော် ..." ပေါ့။ တစ်ပတ်လောက်နေတော့၊ တစ်ညသား ကိုယ် ဆိုင်

နောက်ဖက် ထွက်ပြီး ဆစ်ကာလက်ဖွာနေတုန်း အဝါရောင်အရိပ်ကလေး ပြေးကပ်လာတယ်။

ရိပ်ခနဲပဲ မြင်လိုက်ရတယ်။ ကိုယ့်ကို အတင်းဖက်ထားတာပဲ။ ရေမွှေးနံ့အရမှာ မယ်ဒီမှန်း ကိုယ်သိလိုက်ရတယ်။

"ငါဒီမြို့ထွက်သွားတော့မယ်"တဲ့။ ဘယ်ကိုလဲ၊ ဘာဖြစ်တာလဲဆိုတော့"မယ်လ်တန်ကီး ဖက်ကို"တဲ့၊ "ငါကိုယ်ဝန်ရှိနေပြီဟာ" တဲ့။

"ကလေးအဖေကော" လို့ ကိုယ်ဒေါသတကြီး ခပ်အုပ်အုပ်မေးမိပြီးမှ ဘာလို့မေးမိပါ လိမ့်လို့ တွေးမိပြီး ငြိမ်နေလိုက်တယ်။

"ကလေးအဖေကို ငါမကြိုက်ဘူး" တဲ့။

“မကြိုက်ပဲ ဗိုက်ကြီးရသလား” လို့ ကိုယ်အော်မိသေးတယ်။ ဒါပေမယ့် သူ့မျက်နှာ

ညှိုးငယ်ငယ်ကို မြင်တော့ ဆက်မအော်ရက်တော့ဘူး။

“ငါ ဗိုက်ကြီးနေတာ သူမသိဘူး” တဲ့။ “ငါအဲ့လိုကောင်ကို မကြိုက်ပဲ အနွယ်မခံနိုင်လို့ ပြေးပြီ” တဲ့။

“နင်ပြောင်းမယ့်နေရာမယ် အသိရှိလား” ဆိုတော့ ခေါင်းခါပြတယ်။ “ငါ့ကိုဘယ်သူမှ မသိတဲ့နေရာ” တဲ့။

ကိုယ်ဘာမှ မပြောနိုင်တော့ပဲ သူ့ပခုံးနှစ်ဖက်ကို ခပ်တင်းတင်းစုံကိုင်ပြီး ဖျစ်ညှစ်ထားမိ တယ်။ တစ်ဆယ့်ကိုးနှစ်အရွယ် ငါ့ညီမ ပိန်ပိန်ကလေးဟာ ဗိုက်တစ်လုံးနဲ့ ဘာတွေကို တစ်ယောက် တည်း ဘယ်လိုရင်ဆိုင်ရတော့မှာလဲ ဆိုတဲ့ အတွေးဟာ ကိုယ့်ရင်ကို နာကျင်စေလွန်းခဲ့တယ်။ ခဏလောက် ငြိမ်နေကြပြီးတဲ့နောက် မယ်ဒီဟာ ကျနော့်ကို အခါတိုင်းလို ရင်ချင်းအပ်

ပြီး ဖက်တယ်။ နားရွက်နားကပ်ပြီး တိုးတိုးပြောတယ်။

“ဂွတ်ဒ်ဘိုင် ဖလားဝါး” တဲ့။ ကိုယ့်ရင်ထဲ နင့်ခနဲပဲ။ လှည့်ထွက်သွားတဲ့ သူ့နောက်ကျောကို ကြည့်ရင်း ကိုယ်အော်မိ

“မယ်…ဒီ…”

သူလှည့်အကြည့်မှာ ကိုယ်သူ့ကို ခပ်တင်းတင်းတစ်ခါ ဆွဲဖက်တယ်။ နဖူးကို နမ်းတယ်။

ဒါဟာ ပထမဆုံးနဲ့ နောက်ဆုံးအကြိမ်ပဲ။ ကိုယ်အင်မတန်ချစ်တဲ့ ညီမလေးကို အကိုတစ်ယောက် က နှုတ်ဆက်တဲ့ အနမ်း။ သူ့လက်ထဲကို စာအိတ်ဖြူဖြူလေး ထိုးထည့်ပေးလိုက်တယ်။ ညနေက ရထားတဲ့ တစ်ပတ်စာလုပ်ခ စာအိတ်လေးမှန်း သူသိတယ်။ သူပြုံးတယ်။ လက်ခုံနဲ့ မျက်လုံးတွေကို ပွတ်တယ်။ ခီးယာ့စ် (ကျေးဇူး) လို့ ခပ်တိုးတိုးပြောရင်း အံတစ်ချက်ကြိတ်ပြီး လှည့်ထွက်သွားခဲ့ တယ်။

အဲ့ဒီညက ဆိုင်ပိတ်ခါနီး အလုပ်သမားတွေအတွက် ပီဇာဖုတ်တဲ့အခါ၊ ပယ်ရီပယ်ရီ ချစ်ကန်း၊ ဂရင်းပက်ပါနဲ့ ချိစ်မပါတဲ့ ပီဇာအသေးတစ်ချပ် ကိုယ်လုပ်တယ်။ အနောက်ခွပ်ဒေါင်းလမ်း ထိပ်က ဘားကို ခဏဝင်ထိုင်တယ်။ အရက် ဖြပက်ချတယ်။ ကိုယ်မကြိုက်တဲ့ပယ်ရီပယ်ရီချစ်ကန်း တွေ ပါတဲ့ ပီဇာကို ဝါးတယ်။ ကိုယ်တို့ တူတူခါးဖက်ပြီး လမ်းလျှောက်ပြန်ခဲ့ဖူးတဲ့ နီယွန်မီးတိုင်တွေ အောက်က လမ်းမကြီးကို ငေးနေခဲ့မိတယ်။

ကိုယ့်မြင်ကွင်းတွေက ဝေဝါးလိုက်တာရယ်။

စူပါစိန်နှင့် ရင်ဆိုင်ခြင်း

ဖိုက်ကျိုး(ဆရာကြီးရွှေဥဒေါင်းအခေါ် ပိုက်ကျုး) ခေါ် တရုတ်ဖဲကစားနည်းကား ပါဝါ အတွဲများဖြင့် အင်မတန်ဆန်းပြားသလို ဉာဏ်များသောသူက အသာစီးရလေ့ရှိသဖြင့် မောင်ပါပီ ငယ်စဉ်က အင်မတန်စွဲလန်းခဲ့ဖူးလေသည်။ ထင်၊ တီ၊ ရင့်၊ ဝေါ၊ မဲကျား၊ ဆင့်တန်၊ ခုတင်၊ ခက်တက်၊ ခွေး...အစရှိသဖြင့် ဖဲချပ် ၃၂ ချပ်၏ ပါဝါအစဉ်အလိုက်အား လက်ာလေးဖြင့် အလွတ်ကျက်ဆိုကာ ပထမအပုံ ရိုက်ပြီး၍လုန်ချထားသည့် ဖဲ ၁၆ ချပ်ကို ကြည့်ကာ မည်သည့် ၉ က ပါဝါအကြီးဆုံးအဖြစ် ကျန်နေသနည်း၊ ၁၀ (ကံ ဟုခေါ်သည် ဘူမဟုတ်၊) ၁၁ (ဝမ် ဟုခေါ်သည် ၁ ဖြစ်မသွား) ဘယ်နှစ်ခု ကျန်သေးသနည်း၊ အစရှိသဖြင့် မိမိရထားသော ဖဲ ၄ ချပ်ကို ကိုင်၍ ခေါင်းကုတ်နေသော ပြိုင်ဖက် များသည် (၄ အိမ် ထိုင်ကစားရသောနည်း ဖြစ်သည်) ကျန်သည့် ဖဲများထဲမှ မည်သည့်ဖဲချပ်ကို ရထားသဖြင့် မျက်နှာအမူအရာ မည်သို့ဖြစ်နေသနည်းဟု ခန့်မှန်းတွက်ချက်ကာ ဖဲအပွင့်ရှုံးနေ လျှက်ဖြင့်ပင် သရေကျအောင်ရိုက်ရခြင်း၊ ထိုမှတစ်ဖန် သရေဖြစ်နေလျှက် အနိုင်ယူလိုက်ခြင်း၊ အစရှိသဖြင့်မိမိ အိုင်ကယူအပေါ်မူတည်သော ကစားနည်းဖြစ်လေရာ ဉာဏ်များသော မောင်ပါပီ အတွက်ဖေးဘရိတ်လောင်းကစားနည်းတစ်မျိုးဖြစ်ခဲ့ရသည်။ ဆရာဝန်များမိမိကိုယ်မိမိအိုင်ကယူ မြင့်သည်ဟု ယူဆ၍ရှမ်းပြေ ကချင်ပြေဖက် ရောက်တုန်း အနီဖဲအား သွားမဆော့ပါနှင့်။ အိမ်တိုင်ပါ ကျွတ်သွားမည်။ အိမ်မိုးရှင်းခေါ် စိတ်ခံစားမှုအား မထိန်းနိုင်လျှင် ခွက်ခွက်လန်အောင် ရှုံးလိမ့်မည် ဖြစ်သည်။ (ဤကား စကားချပ်)

အထက်ပါ ဖိုက်ကျိုး လောင်းကစားနည်း ပြီးလျှင် မောင်ပါပီအတွက် ဒုတိယလိုက်သော အရာမှာ ဂျင်ဖြစ်သည်။ လေးကောင်ဂျင် ကစားနည်း ဟူသည်ကား ဆရာကြီးရွှေဥဒေါင်းစာအုပ်ထဲ တွင် ပါလေ့ရှိသော အနီထောင်နှင့် ခပ်ဆင်ဆင်တူကာ (၁၀၀ ရာနှုန်း တူမည်ထင်သည်) ပါထန်နှင့် သဘောတရား အတူတူဖြစ်သည်။ လိုတိုရှင်းပြောရလျှင် ကြက်၊ ငါးရှဉ့် (အနီရောင်)၊ ဖား၊ ဝက် (အမည်းရောင်) ပါသော အန်စာသီးကလေးအား ပန်းကန်ပြားပေါ်တွင် မှောက်နေအောင် လှည့်ကာ ယွန်းခွက်ဖြင့် အုပ်၊ ထိုးသားများကား မိမိထင်သော အကောင်အား ဇယားကွက်ပေါ်တွင် ချထိုး၊ ယွန်းခွက်လှပ်၍ မိမိအကောင်ပေါက်လျှင် ၃ ဆ လျော်သော ကစားနည်းဖြစ်သည်။ ဒိုင်ကား အချိန် တန်လျှင် မည်မျှလျော်သည် စားသည်ဖြစ်ပါစေ အကောက်ဖြင့် ထိုးသားများအား

ဖိထားရာမှ သူ ချည့်သာလျှင် မြတ်သည်သာ။

ဆရာကြီး ရွှေဥဒေါင်းကား ၎င်း၏ ကိုယ်ရေးမှတ်တမ်းအရ လေးကောင်ဂျင်ကို စံနစ်ဖြင့် ကစားသည်ဟု ပြောစမှတ်ရှိလေရာ (ထိုက်သင့်သလောက် နိုင်လျှင် ရပ်သည်) ဂျင်ပါးမဝခင်က

မောင်ပါပီကား ဆရာကြီးနှင့် ဆန့်ကျင်ဖက်ဖြစ်သည်။ ဆရာကြီး၏ ရင်ဘတ်မိတ်ဆွေထဲမှ တစ်ဦး ကဲ့သို့(ကိုခင်မောင်တင့်ဖြစ်မည်ထင်၏) ကလပ်ပြုတ်မှအိမ်ပြန်မည်ဟူသည့်အယူအဆဖြင့် ဒိုင်ကို အသေချ အပြုတ်ဆော်မယ်ဟု ကြိမ်းဝါးကာ ဂျင်ကိုဆော့လေ့ရှိရာမှ တစ်ခါတွင် စူပါစိန် အမည်ရ လေးကောင်ဂျင်ဒိုင်နှင့် ရန်ငြိုးသိုကြလေသည်။ စူပါစိန်ဟူသည်ကား လူအမည်မဟုတ်။ မိမိတို့နယ် ဖက် ထုံးစံအတိုင်း လေးကောင်၊ ခြောက်ကောင် ဂျင်ဝိုင်းများ ဘုရားပွဲတွင်ဖွင့်လေတိုင်း ဆိုင်းဘုတ် တပ်လေ့ရှိရာမှ ၎င်းလေးကောင်ဂျင်အဖွဲ့၏အမည်မှာခပ်ဆန်းဆန်းစူပါစိန်ဟူသတတ်။ ဝါးကွပ်ပျစ် အရှည်ကြီးပေါ်တွင် ကြက်၊ ဝက်၊ ဖား၊ ငါးရှဉ့် ရုပ်ပုံကားချပ်များ ချထားကာ အလျော်အစားလုပ် သည့် လူ ၁၀ ယောက်မျှ ထားသည့် စူပါစိန်အဖွဲ့ကား ဤနယ်တွင် အင်အားအတောင့်တင်းဆုံး လေးကောင်ဂျင်ဒိုင်များထဲမှ တစ်ဖွဲ့ပင်တည်း။ ဒိုင်ဖက်အခြမ်း ဝါးနံရံနှင့်ကပ်လျှက်စင်များပေါ်တွင် ပိုက်ဆံများကို အကတ်လိုက် စီကာ ပြထားခြင်းအားဖြင့် ၎င်းတို့၏ ဓနအင်အားကို ပြသထားလေ့ရှိ သည်။

တစ်ခါက မောင်ပါပီ ရေးပြဖူးသည်ဖြစ်သော လေးကောင်ဂျင်ဝိုင်းတစ်ခုတွင် ဝင်ထိုးရင်း ဝက် ၈ ကြိမ် ဆက်တိုက်ကျသည့် အဖြစ်အပျက်ကား အဆိုပါ စူပါစိန်ဒိုင်တွင်ဖြစ်သည်။ ပထမဆုံး အကြိမ် ဝက်ရုပ်ပေါ်တွင် ပစ်ချထားသည့် ပိုက်ဆံအား ပြန်မကောက်တော့ပဲ ထိုင်ကြည့်နေရာမှ အလက်တိုင်း ဝက် ဆက်တိုက်ကျနေရာ မည်သည့်ထိုးသားကိုမှ အထိုးမခံတော့ပဲ မောင်ပါပီနှင့် တစ်ယောက်ချင်း ဆက်ချသည်။ ပိုက်ဆံအပုံကြီးလာသည်နှင့်အမျှ လူအုပ်ကြီးမှာ တိတ်ဆိတ်လာ သည်။ ဝက်ရုပ်ပေါ်တွင် ပိုက်ဆံများအပုံကြီးလာသော်ငြား တစ်ကျပ်မျှ ပြန်နှုတ်မယူပဲ စူပါစိန်မှ ဩ့ခံသည့် ဆစ်ကလက်ကို ခဲရင်း မထီတရီလုပ်နေသော ချာတိတ်လေးအား ဒိုင်အဖွဲ့မှ ခံ ခံပြင်းနေ ကြပြီ။ သတ္တိရှိရင် ဝက် ဆက်ထိုးစမ်းဟု စိန်ခေါ်သည်။ လှည့်သာ လှည့်စမ်းပါ ကျနော်ထိုးမှာပေါ့ ဟက် ဟက် ဟု ရိထေ့ထေ့လုပ်ကာ ဆက်ထိုးသည်။ မိမိအရင်းကား ပထမအလက်ချထိုးစဉ် စဉ်က ပိုက်ဆံတစ်ရွက်သာ ဖြစ်သဖြင့် ငါဘာမှမရှုံး ကံလိုက်လျှင် စူပါစိန် ခွက်ဆွဲရသည်အထိ ဖြစ်တော့ မည်ဟု တွေးကာ ပျော်ရွှင် စိတ်လှုပ်ရှားနေသည့် ချာတိတ်လေးအားမြင် ကြည့်ပါ။ ဝက်ပင် ထပ်ကျ သည်။ ၈ လက် ဆက်တိုက် ဝက်ကျပြီးသော် ပိုက်ဆံအပုံကြီးကား မတန်တဆ ကြီးမားနေလေ လေပြီ။ ၉ ကြိမ်မြောက်တွင်ကား အန်စာသီးကို ဒိုင်ဖြစ်သူမှ လှည့်လိုက်ပြီး ယွန်းခွက်နှင့် အုပ်သည်။ အံစာ နှင့် ကြွေပန်းကန်ခတ်သံ အကြားတွင် မောင်ပါပီ စိတ်ပြောင်းကာ ပုဆိုးချွတ်ချသည်။ ပိုက်ဆံအပုံ ကြီးအား ဖြန့်ခင်းထားသည့် ပုဆိုးထဲသို့

ကျိုးထည့်ကာ မထိုးတော့ဘူးဗျာ တာ့တာ ဟုဆို၍ ဂျင်ဝိုင်း မှ ထအပြန်တွင် စူပါစိန်အဖွဲ့ တောက်ခေါက်ကာ ကျန်ရစ်ခဲ့ရရှာသည်။ ထိုရှုံးနိမ့်မှုကား စူပါစိန် အတွက် ခွက်မဆွဲရသော်ငြား ဘုရားပွဲ ၁၀ ညလုံးလုံးပြန်ရှာကာမှ အရင်းရတော့မည့် အနေအထား

ဖြစ်ခဲ့ရလေသည်။

ထိုမှစတင်ကာ စူပါစိန် လေးကောင်ဂျင်အဖွဲ့သည် ဘုရားပွဲများကျင်းပတိုင်း ၎င်းတို့အား

လိုက်လံရှာဖွေကာရင်ဆိုင်တတ်သည့်မောင်ပါပီအားစောင့်မျှော်တတ်လာသည်။ ငွေကြေးအမြတ် အစွန်းထက် စိတ်လှုပ်ရှားမှုကို ခုံမင်သည့် မောင်ပါပီကား မိမိအား အငြိုးထားသည့် ထိုအဖွဲ့အား အနိုင်ယူရလျှင်ပင် ကျေနပ်ပျော်ရွှင်တတ်လေရာ ဘုရားပွဲတွင် လေးကောင်ဂျင်ဝိုင်းများ မည်မျှပါ သည် ဖြစ်စေ စူပါစိန်ကိုမှ တွယ်ချင်သည်။ သို့သော် ဂျင်လောကတွင် အသံသမားနှင့် လမ်းသမား ဟူ၍ ရှိလေရာ မူလက အသံသမားသက်သက်ဖြစ်သူ မောင်ပါပီတစ်ယောက် အမြဲမနိုင်ချေ။ နိုင်တစ်ချီ ရှုံးတစ်လှည့် အပြန်အလှန်ဖြစ်နေကြရင်း လမ်းသမားဘဝသို့ ပြောင်းသောအခါမှ အနိုင် များလာလေသည် (လမ်းသမားအဖြစ် ပြောင်းသွားရခြင်းမှာ ဆရာမြသန်းတင့်၏ မာယာဘုံ ဖတ်အပြီးတွင် ဖြစ်ကြောင်းဝန်ခံပါသည်။ ထိုဝတ္ထုထဲတွင် အသံနှင့် လမ်းအကြောင်း အကျယ်ရှုရန်)။

လိုတိုရှင်းပြောရလျှင် အသံသမားကား အန်စာသီးနှင့် ကြွေပန်းကန်ထိခတ်သံကို နားထောင်၍ ခန့်မှန်းသူဖြစ်ပြီး၊ လမ်းသမားဆိုသည်ကား အလက်တိုင်းမထိုး၊ ဖွင့်သည့် အကောင် များကို ရေးမှတ်ပြီး လမ်းကြောင်းမှန်နေသည်ဟု ယူဆသည်အထိ စောင့်ဆိုင်းကာ အပီအလက် ရောက်ပြီဟု ယူဆပါက ပက်ဆံအထပ်လိုက် ဘုတ်ခနဲပစ်ချကာ တစ်ချက်နည်း နှက်ပစ်လိုက်ခြင်း ပင်။ ဗေးဂတ်စ်အား ရိုက်ချိုးခြင်း အမည်ရ သတင်းဓာတ်ရှင်တစ်ခုထဲတွင် ဤစနစ်နှင့် ခပ်ဆင်ဆင် တူသည့် နည်းစနစ်အား ကွန်ပြူတာ ပရိုဂရမ်ရေး၍ ကာစီနိုလောင်းကစားရုံများရှိ ရှူးလက် လောင်း ကစားနည်းခုံများတွင် တိုက်ခိုက်အနိုင်ယူသည့် လူတစ်စုအကြောင်းအား နောင်တွင် ကြည့်ရှုဖူး သည်။ စူပါစိန်ဒိုင်ကား အခြားဒိုင်များနည်းသူ အများဆုံးထိုးနိုင်သည့် ငွေပမာဏအား သတ်မှတ် ထားသော်ငြား မောင်ပါပီအတွက် အထူးအခွင့်ရေးပေးထားသည်။ ကြိုက်ထိုး ကြိုက်ခံ ပေါက်လျှင် လျော်မည်။

ထိုသို့ဖြင့် ဘုရားပွဲရှိလျှင် မောင်ပါပီချီတက်သည်။ စူပါစိန်ကို လိုက်ရှာသည်။ ဘေးတွင် တပည့်တပန်း (သူငယ်ချင်းများ) ၄-၅ ယောက်ခြံရံလျက်။ စူပါစိန်ဒိုင်ကို တွေ့လျှင် ဝင်ထိုင်သည်။ တည်ခင်းသည့် လစ်ပိုပုလင်းကို မော့သည်။ ဆစ်ကလက် ဖွာသည်။ ဖွင့်နေသော အကောင်များကို လိုက်မှတ်သည်။ မိမိကြိုက်သည့်လမ်းထဲသို့အန်စာသီးဝင်လာလျှင် ဘုတ်ဘုတ်ဖြင့်ပိုက်ဆံအထပ်

လိုက် ချထိုးသည်။ တစ်လက် သို့မဟုတ် နှစ်လက်မျှ ပစ်ချပြီး အလျှော်ရလျှင် စပ်ဖြဲဖြဲဖြင့် ပိုက်ဆံ အလျှော်ယူသည်။ အိတ်ထဲ ထည့်သည်။ အနိုင်ရသည့် ပိုက်ဆံများဖြင့် ပွဲခင်းထဲ သောက်ရစားရ ပျော်ပါးရတော့မည်ဖြစ်သဖြင့် ပျော်မြူးနေသော သူငယ်ချင်းများအားအော်ခိုင်းသည်။

"စူပါစိန် အဖွဲ့သားများ ကျန်းမာပါစီ... စူပါစိန်အဖွဲ့သားများ ကျန်းမာပါစီ"

ဂျင်ပရိသတ်များကား ဘာတွေဖြစ်နေပါလိမ့်ဟု ဝိုင်းအုံကြည့်နေကြသည်။ ထိုသို့ အော်ဟစ်ပြီးသည်နှင့် နောက်နေ့မှ ထပ်လာမယ်နော်ဟု နှုတ်ဆက်ကာ မချိုမချဉ်မျက်နှာပေးဖြင့် မောင်ပါပီ ပြန်လေသည်။ အနိုင်ပိုင်းသွားသည့် မောင်ပါပီတို့အုပ်စုအား မချိပြုံးဖြင့် ငေးရင်း စူပါစိန် များ ကျန်ရစ်ခဲ့ရှာသည်။

နောက်ဆုံးအကြိမ် စူပါစိန်နှင့် ရင်ဆိုင်ရသော အဖြစ်အပျက်မှာကား မောင်ပါပီအမှား မကင်းချေ။ အခင်းဖြစ်ပွားသည့်နေ့က ပထမတစ်ကြိမ် ဂျင်ဝင်ထိုးကာ နိုင်ပြီး လစ်ပြေးခဲ့ပြီးပြီ။ ပွဲခင်း ထဲတွင် သောက်စားပျော်ပါး မြူးတူးကြရာမှ ဒုတိယအကြိမ် ဂျင်ဝိုင်းဖက်သို့ ခြေဦးလှည့်မိပြန်သည်။ ဆရာကြီး ရွှေဥဒေါင်းစကားနှင့်ပြောရလျှင် စနစ်ကို ဖောက်ဖျက်ခြင်းပေတည်း။ တစ်ရက်တည်း အကြိမ်ကြိမ် ဂျင်ဝိုင်းသို့သွားရိုး ထုံးစံမရှိရာမှ ပထမဆုံးနှင့် နောက်ဆုံးအကြိမ် ထိုသို့ပြုမူမိခြင်းပင်။ တိုတိုပြောရလျှင် ရီဝေဝေမောင်ပါပီ ဂျင်ဝိုင်းသို့ ဝင်ထိုင်သည်။ လမ်းကြောင်းမှတ်သည်။ လမ်းကြောင်းထဲသို့ အန်စာသီး ဝင်လာပြီဟု ယူဆရသော အချိန်တွင် ထူးထူးဆန်းဆန်း ရှော (ငါးရှဉ့်) ၃ လက် ဆက်ကျမည်ဟု ပြနေရာ၊ ပထမတစ်လက် ဘုတ်ခန် ပိုက်ဆံအထုပ်လိုက် ချ သည်။ အန်ခွက်ဖွင့်သော်ငါးရှဉ့်။

"ရှောကလေး ရှောကလေး လျှော်ပေး လျှော်ပေး ခုလျှော်ပေး"

မူးရူးနေသည့် မောင်ပါပီဘော်ဒါများကား ခုန်ပေါက်ဆူညံကာ ကုန်းအော်သည်။ ဒိုင်လုပ် သူမှ လျှော်ပေးသည်။ နောက်တစ်ကြိမ် အန်စာအလှည့်တွင် ဘေးက ထိုးသားများကား မောင်ပါပီ ဘာထိုးမည်ကို စောင့်နေကြလေပြီ။ မိမိထိုးသမျှ လိုက်ထိုးတော့မည်။ မိမိလမ်းကြောင်းအား အင်မတန် ယုံကြည်မှုပြင်းပြနေသည့် မောင်ပါပီ ငါးရှဉ့်ပေါ်သို့ ပိုက်ဆံပစ်ချသည်။ တစ်ဝိုင်းလုံးက လူများကား ငါးရှဉ့်ချည့် ထိုးတော့သည်။ ဖွင့်သည်။ ငါးရှဉ့်။

"ရှောကလေး ရှောကလေး လျှော်ပေး လျှော်ပေး ခုလျှော်ပေး ရှောကလေး ရှောကလေး လျှော်ပေး လျှော်ပေး ခုလျှော်ပေး'

အော်ဟစ်သံများ ပိုမိုဆူညံလာသည်။ ဘေးက လိုက်ထိုးသောသူများပါ ပါလာပြီမဟုတ် လော။ တတိယအကြိမ်တွင်ကား အလျှော်ရသောပက်ဆံများကို ပြန်ကောက်မယူပဲ ငါးရှဉ့်ဇယား ကွက်ပေါ်ချန်ထားလိုက်သည်။ ရှောကလေးပဲဗျားဟု မူးမူးဖြင့် ကုန်းအအော် တစ်ဝိုင်းလုံးက လူများ ကား ငါးရှဉ့်ပေါ်သို့ ပိုက်ဆံများ ပစ်တင်ကြပြန်သည်။ အင်မတန်ပိုင်သော

နောက်ဆုံးအလက်ပင် တည်း။ ဒီတခါပိုက်ဆံအလျော်ရလျှင်ဆိုင်ကယ်တစ်စီးဝယ်စီးဦးမည်ဟုတွေးရင်းငမူးပါပီ တဟဲဟဲ ရယ်သည်။ တပည့်များ ကိုယ့်နောက်လိုက်ထိုးသော ထိုးသားများအား အခော်စမ်းကွာဟု မြှောက် ပေးသည်။

ရှောကလေး ရှောကလေး လျော်ပေး လျော်ပေး ခုလျော်ပေး ရှောကလေး ရှောကလေး လျော်ပေး လျော်ပေး ခုလျော်ပေး" ဆူညံပွက်လောရိုက်လွန်းသဖြင့် တခြားဂျင်ဝိုင်းများမှ လူများပါ စူပါစိန်ဖက်သို့ ကူးလာ ကြလေပြီ။ သို့ဖြင့် အန်ခွက်ဖွင့်သည်။ အနီရောင်အရိပ်ကို မြင်သဖြင့် ရှောကလေးမှန်း သေချာသွားသဖြင့် လက်နှစ်ဖက်ကို မြှောက်သည်။

"ရှောကလေး ရှောကလေး လျော်ပေး လျော်ပေး ခုလျော်ပေး"

ဘာမှ မရှောဘူးကွ ၊ ကြက်ဖကြီး ကြက်ဖကြီးဟု ဒိုင်ဖက်က လုန်ကုံး ဘုံး (အလျော်အစား လုပ်သူ)များမှ အော်ဟစ်သော်ငြား အရာမရောက်။ မောင်ပါပို့ဘော်ဒါ ငမူးများ၏ မျက်လုံးစုံမှိတ်၍ အော်ဟစ်နေသံများကြောင့် ဖုံးလွှမ်းသွားသည်။ အသေချာကြည့်သော် မူးပင်မူးနေသော်ငြား အနီရောင် ကြက်ဖကြီးကို အန်စာတုံးကပြနေလေရာ။ သွားပါလေရောလားဟု မချိပြုံးပြုံးရလေပြီ။

သို့သော် ဂျင်ဝိုင်းလုပ်ထားသည့် ဝါးကွပ်ပျစ်ကား အရှည်ကြီးဖြစ်လေရာ အစွန်းနှစ်ဖက် ထိုးသားများကား မမြင်ရသဖြင့် အော်နေသည့် ရှောကလေး ရှောကလေး သံများကြောင့် 3 အလျော်ရသည်ဟု ထင်ကာ ၎င်းတို့ ပိုက်ဆံများအား စားရန်ပြင်နေသည့် ဒိုင်ဖက်က လူများနှင့် ပြဿနာတက်သည်။ ဘာလုပ်တာတုံး၊ ရှောကလေးလေ၊ လျော်လေ။ ဟာ ကြက်ဖကြီးကွ၊ စား တယ်။ အစရှိသဖြင့် အငြင်းပွားနေကြစဉ်မှာပင် လူအုပ်ထဲမှ မည်သူပစ်လိုက်မှန်းမသိသော အုတ်နီ ခဲ အရှည်ကြီးသည် ကြက်ဖကြီး ကျထားသော အန်စာခွက်ကို ဂွမ်းခနဲမှန်လေသည်။ သက်သေ ပျောက်ဆုံးသွားပြီ ဖြစ်သဖြင့် မတိုင်ပင်ထားပဲ လူအုပ်ကြီးသည် ဂျင်ဝိုင်းကို လုယက်ကြလေပြီ။ ထိုးကြနက်ကြပိုက်ဆံအပုံများအား လုကြဖြင့် မည်ကဲ့သို့ဖြစ်နေမည်ကို မျက်စိထဲမြင်ယောင်ကြည့် နိုင်လေသည်။ ဤကား စူပါစိန်နှင့် မောင်ပါပီ နောက်ဆုံးအကြိမ် ရင်ဆိုင်ခဲ့ခြင်းပင် ဖြစ်လေသည်။

ထိုသို့ဖြင့် နှစ်ပေါင်းများစွာကြာသော် ဂျင်သမား ဖဲသမားဟောင်း မောင်ပါပီ အိမ်ပြန် သည်။ အသုဘ ဖြစ်လေတိုင်း ဖိုက်ကျိုးဝိုင်းများ ကျန်ရှိသေးသော်ငြား ဘုရားပွဲဂျင်ဝိုင်းများ ခေတ် မရှိတော့။ လောင်းကစားနှင့် ကင်းကွာခဲ့ပြီဖြစ်သော မောင်ပါပီသည်လည်း ထိုကိစ္စများဖက်သို့ ယောင်လို့မျှ ခြေဦးမလှည့်။

တစ်ရက်တွင် မြို့ပြင်ထွက်ကာ နာမည်ကျော် မျှစ်ချဉ်ခေါက်ဆွဲနှင့် ငါးဖယ်ကြော်လုံး စားသည်။ အားပါးတရ တွယ်ပြီးသော် ဆစ်ကာလက်ဖွာ ရေနွေးကြမ်းခါးခါး သောက်သည်။ ဇိမ်ယစ် ပြီးသည့်နောက် ဘေးဘီဝဲယာသို့ အကဲခတ်သော် စွပ်ကျယ်နွမ်းနွမ်းနှင့် ပုဆိုးတိုတိုဝတ်ထားသည့် ထိပ်ပြောင်လူဝ

အဘိုးကြီးသည် မောင်ပါပီအား စိုက်ကြည့်နေသည်ကို တွေ့သည်။ မောင်ပါပီနှင့် မျက်လုံးချင်းဆုံသော် ခပ်မဲ့မဲ့ပြုံးပြလာရင်း လက်ညှိုးထိုးကာ ပြောသည်။

“ငါ မင့်ကို မှတ်မိတယ် ကောင်လေး၊ အေး • ငါမသေခင် မင်းနဲ့ တစ်ခေါက်လောက် သူသေကိုယ်သေ ဆော်သွားချင်သေးတာပအေ...”တဲ့။

မောင်ပါပီကား တဟားဟား အော်ရယ်ရင်း စကားတစ်ခွန်းမှ ခွန်းတုံ့မပြန်ပဲ ခေါက်ဆွဲ ဆိုင်မှ ထထွက်လာခဲ့လေသည်။ အနီအဘိုးကြီးကား မိုးပျံတင်ဖေဟု နာမည်ကျော်သော ဂျင်ဝိဇ္ဇာ တင်ဖေ၊ တစ်နည်းအားဖြင့် စူပါစိန်အဖွဲ့၏ ခေါင်းဆောင်ကြီးဖြစ်ခဲ့ဖူးသည် မဟုတ်လော။

ရွှေထားတဲ့ အပြုံး

တစ်ခါတလေကျ တစ်စုံတရာကို သိဖို့ ခင်ဗျားစောင့်ရလိမ့်မယ်။ ကျနော်ရေးခဲ့ဖူးတဲ့ ဒိုင်ယာရီစာအုပ်များအကြောင်းထဲက ပုန်စားတဲ့ ကျောင်းသား၊ ထွက်ပြေး ပျောက်ဆုံးသွားတဲ့ကျောင်းသားဟာ ကမ္ဘာကြီးရဲ့ တစ်နေရာမှာ သူချစ်သူနဲ့ ပြန်လည် ပေါင်းစည်းသွားပြီဖြစ်ကြောင်း သိရဖို့ နှစ်တွေအကြာကြီး ကျနော်စောင့်ခဲ့ရသလိုပေါ့။

တချို့သော အကြောင်းအရာတွေကို သိဖို့ စောင့်ရတာဟာ အနှစ်နှစ်ဆယ် အစိတ်လည်း ဖြစ်သွားနိုင်တယ်။ အဲ့ဒီအကြောင်းအရာတွေဟာလည်း လူအတော်များများအတွက် အရေးမပါတဲ့ အရာ ဖြစ်ကောင်းဖြစ်နိုင်တယ်။ သို့သော် ရှင်သန်နေထိုင်ရတဲ့ လူ့ဘဝတိုတိုလေးမှာ ငါ့ကိုယ်ငါ တန်အောင် နေထိုင်ခဲ့ပါလား ဆိုတဲ့ ပီတိလေးရဖို့ ကျနော်အမြဲစောင့်ခဲ့တာပါပဲ။ လူဖြစ်ရတာ တန်တယ်ဆိုတာ ဒါကို ဆိုလိုပါတယ်။ ကျနော့် တစ်သီးပုဂ္ဂလအမြင်ပါ။ လူတိုင်းအတွက် မဆိုလို ဘူး။

တခါက ကျနော်ပြောခဲ့ဖူးတဲ့ ရပ်ရှားစာရေးဆရာ ဂါရှင်ရဲ့ ကြက်သွေးရောင်ပန်း ဝတ္ထုလို ပေါ့။ အဲ့ဒီဝတ္ထုကိုဖတ်ပြီး ကျနော် တုန်လှုပ်တယ်။ ဇာတ်ကောင်ဟာ စိတ္တဇဆေးရုံက အရူး၊ ဆေးရုံဝန်းထဲက ကြက်သွေးရောင်ပန်းကို စွဲလမ်းနေတဲ့ ကောင်။ ဒါပေမယ့်ဗျာ၊ ဂါရှင်ဟာ ဘယ်လို လုပ် အရူးနေရာကခံစားပြီး ရေးပြနိုင်ရတာလဲ ကျနော်နားမလည်နိုင်ခဲ့ဘူး။ အဲ့ဒီနားမလည်မှုကြီးနဲ့ ကျနော်ရှင်သန်ခဲ့တာ နှစ်ပေါင်းနှစ်ဆယ် မကဘူး။ နောက်ဆုံး တစ်နေရာမှာ ဘာသွားတွေ့တယ် ထင်လဲ။

ဂါရှင်ဟာ ၁၈၈၇ ခုနှစ်မှာ ရူးသွပ်သွားပြီး ကျောက်လှေခါးထစ်တွေတလျှောက် ဇောက် ထိုးခုန်ချ သတ်သေသည် တဲ့။

ကြက်သွေးရောင်ပန်းကို ဂါရှင် အရူးတစ်ယောက်နေရာက ခံစားပြီး ဘာလို့ရေးသွားလဲ အဲ့ဒီတော့မှကျနော်သိခဲ့ရတယ်။ အရူးတစ်ယောက်နေရာက ခံစားခဲ့တာဟာ သူကိုယ်တိုင်ကရူးနေ လို့မဟုတ်ပါလား။ အဲ့ဒါလေးကိုသိဖို့ကျနော့်မှာတန်နဲ့နဲ့နှစ်ပေါင်းများစွာရယ်။ဒါပေမယ့်အဲ့ဒီနေ့က ကျနော်ကျေနပ်ခဲ့ပါတယ်။ စောင့်ခဲ့ရသမျှ တန်ခဲ့တယ်မဟုတ်လား။

တစ်ခါ ငယ်ဘဝ ဂစ်တာတီးခဲ့စဉ်က...

ကြာခဲ့ပြီ မင်းကိုချစ်ခဲ့၊ နှလုံးသားလေးလည်းပူပြင်းလို့နေ... အမုန်းမျက်လုံးများ” ဆိုတဲ့ သီချင်း (တူးတူး လားမသိ၊ နောက်ထပ်ပြန်ဆိုတာကတော့ ထူးအိမ်သင်ပဲ)၊ မူရင်းက **Survivor** ရဲ့ **Eye of the Tiger** ။ မူရင်းသီချင်းကိုလည်း ရပ်ကွက်ပွဲတွေမယ်(ဘာအစီပွာယ်မှန်း မသိပေမယ့်)

တက်တက်ကြွကြွတဲ့ ခေတ်။ ဂျန့်...ဂျန့်ဂျန်ဂျန့်... ဆိုတဲ့ လျှပ်စစ်ဂစ်တာ **Riff** ဟာ နားထောင်မိ တဲ့ လူမှန်သမျှကို စွဲမက်စေလွန်းတဲ့ သီချင်းပဲ။

အဲ့ဒီမယ်၊ သီချင်းတစ်နေရာကို ကျနော်နားမလည်ပြန်ဘူး။ တတိယမြောက် ဘားမှာ **beat** တစ်ခု ပိုနေတာလား။ အဲ့လိုအသံ ထွက်နေတယ်။ အကြိမ်ကြိမ် ထပ်နားထောင်ကြည့်တယ်။ မပိုဘူး။ ဒါပေမယ့် **4/4** တိုင်မင်မှာ ရစ်သမ်အခတ်မယ် တတိယမြောက်ဘားရဲ့ နံပါတ် ၈ ခုမြောက် **note** တစ်လုံးဟာ နေရာရွှေသွားတယ်။ အမှားကြီးဖြစ်နေတာ။ တမင်အမှားကြီး တီးထားတာလား။ ကမ္ဘာကျော် ဂီတအဖွဲ့ဟာ မှားတော့ မတီးလောက်ဘူး။ ဘာလို့လဲ။ ကျနော်မသိဘူး။

ဒါနဲ့ ကျနော်စောင့်ခဲ့ရတယ်။ နှစ်ပေါင်းများစွာ နားမလည်မှုတွေနဲ့။ တစ်ခါတစ်ခါ အဲ့ဒီ သီချင်းရဲ့ဂစ်တာသံကို အလိုလိုပြန်ကြားမိတိုင်း ဘာလို့ အဲ့ဒီ တတိယမြောက်ဘားရဲ့**note** တစ်လုံး ဟာ နေရာရွှေနေရတာလဲ ဆိုတာ တစ်ဘဝလုံးအကြိမ်ကြိမ်ပဲ ပြန်တွေးနေမိခဲ့တယ်။

နှစ်ပေါင်းများစွာကြာတဲ့အခါ၊ ခုခါမှာ အဘိုးကြီးဖြစ်နေတဲ့ **Survivor** အဖွဲ့ရဲ့အဆိုတော် ကို အင်တာဗျူးပါတယ်။ **Eye of the Tiger** သီချင်းအကြောင်းပေါ့။ အဘိုးကြီးက ဂုဏ်ယူစွာ ပြန် ဖြေတယ်။

“၁၉၈၂ ခုနှစ်မယ် ငါ့ကို လူတစ်ယောက်ဖုန်းခေါ်တယ်။ ဟော့ ငါ ဆီဗက်စတာ စတားလုံး ပဲတဲ့။အဲ့ဒီအချိန်က မင့်တို့သိတဲ့အတိုင်း သူ့ရဲ့ **Rocky** ဇာတ်ကားတွေ လျှမ်းလျှမ်းတောက်နေတဲ့ အချိန်ပေါ့။ ငါ့ကို ဘာပြောလဲဆိုတော့ မင့်တို့ **Survivor** အဖွဲ့ရဲ့သီချင်းတွေ ငါနားထောင်ဖူးတယ်။ ခု ငါ **Rocky III**ဇာတ်ကားရိုက်ပြီးပြီ။ အဲ့ဒါ မင့်တို့အဖွဲ့ ဇာတ်ဝင်တေးတစ်ပုဒ် ရေးပေးနိုင်မလား တဲ့။ ဒါနဲ့ ငါတို့ ဇာတ်ကားကို အရင်ကြည့်တယ်။ လက်ဝှေ့ရုပ်ရှင်ကွာ။ ငါတို့တစ်ဖွဲ့လုံး ထိုင်ကြည့်ကြ တယ်။ သဲအိတ်ကို ထိုးကျင့်တဲ့အသံ ဖတ် ဖတ် ... ဖတ် ဖတ် အဲ့ဒီအသံတွေ။ အဲ အဲ့ဒါ ငါတို့ရဲ့ ကမ္ဘာကျော်လာမယ့် ဂစ်တာ **Riff** ပေါ့။ အဲ့ဒါကို ယူပြီးတော့ **Eye of the Tiger** သီချင်းကို ကောက်ရေးကြတော့တာပါပဲ” တဲ့။

အဲ့ဒီ အင်တာဗျူး၊ အဲ့ဒီအင်တာဗျူးဟာ နှစ်ပေါင်းများစွာ ကျနော်စောင့်ခဲ့ရတဲ့ မေးခွန်းရဲ့ အဖြေပါလား။

Eye of the Tiger သီချင်းရဲ့ တတိယမြောက်ဘားက နံပါတ် ၈ ခုမြောက် **note** ဟာ ရွှေနေမှာပေါ့။ သဲအိတ်ကို ထိုးနေတဲ့ လက်သီးချက်ပဲ။ လက်သီးချက်ရဲ့

ရစ်သမ်ဖရေစ့်ဟာ ရွှေမှာ ပေ့ါ။ ဂီတ **note** တန်ဖိုးလို တိုင်မင်တစ်ခုနဲ့ သွားစရာလိုလို့လား။ ခေါင်းထဲမှာ ဘာတ်သီးလင်းသွား ရတယ်။

ကျနော် ဆစ်ကလက်ဖွာပြီး အားပါးတရပြုံးနေမိတော့တာပါပဲ။ အဲ့ဒီလို ပြုံးနိုင်ဖို့ ကျနော် အနှစ်နှစ်ဆယ်ကျော်စောင့်ခဲ့ရတယ် မဟုတ်လား။

မောင်ပါပီ သေကံမရောက် သက်မပျောက်ခဲ့စဉ်က

သူများတကာတွေ ကားချပ်ထပ်တမ်း ဆော့၊ ဂေါ်လီ လိမ့်နေစဉ်ကပင် လေးတန်း ကျောင်းသား မောင်ပါပီကားဖဲကောင်းကောင်းရိုက်တတ်ခဲ့လေပြီ။

ဖဲရိုက်သည်မှ ကလေးဆော့သည့် တွမ်တီဝမ်းတို့ ဘူကြီးတို့ မဟုတ်၊ ရှိုး ဟုခေါ်သည့် တစ်ချပ်မှောက်မှ ရိုက်သည် ဟူသတတ်။

ထိုပေါက်စအရွယ်ကလေးဖြင့် လူကြီးများနှင့် အသုဘအိမ်က ဖဲဝိုင်းတကာတွင် သူတင် ကိုယ်တင် ချလာခဲ့ရာမှ မောင်ပါပီ မကြာခဏညွှန်းဆိုခဲ့သော ၄င်း၏ဆရာဖြစ်သူ ဖဲဝိဇ္ဇာ ဘရုစ္စလီ ရွှေဘနှင့် အတွေ့မိရာမှ ခြောက်တန်းအတက်တွင် ဖဲသမားပေါက်စ လုံးလုံးဖြစ်လေသည်။ မူလစိတ် ကလေးက လိမ္မာချင်သော်ငြားအပေါင်းအသင်းမှားခဲ့ရှာသော မောင်ပါပီလေးပါတကား။ မကျေနပ် ရင်လည်း သေရွာက ထလာပြီး ဆဲပေတော့ ကိုရွှေဘရာ၊ ကျနော် ခင်မျာ့ကို တကယ်လွမ်းတယ်ဗျ။

အတန်းထဲတွင်အမြဲတမ်းပထမစွဲနေလျှင်ဘာလုပ်နေနေအပြစ်မဆိုတတ်သောမော ပါပီအဖွားမယ်မယ်ခင်ကား မြေးဖြစ်သူ ဖဲရိုက်ရန် ပက်ဆံပါထုတ်ပေးတတ်သည်မှာ မယုံလျှင် ပုံပြင် ဟုသာ မှတ်ကြလော့။ ထိုခေတ်က အာဏာသိမ်းအစိုးရကား နိုင်ငံရေးဘာညာ စိတ်မဝင်စားလျှင် ပြီးရော ဟူသည့်သဘောဖြင့် လောင်းကစားဝိုင်းများအား ဖရီးလွှတ်ထားပေးသည့် ခေတ်ဖြစ်ရာ ၃၆ ကောင်၊ လေးကောင်ဂျင်၊ ပါထန်၊ ဖိုက်ကျိုး၊ ခြောက်ကောင် စုံပလုံနေသည့် လောင်းကစားဝိုင်း များမှာ မြို့ပြင်တွင် တစ်လကိုးသီတင်း မပြတ်တမ်း ပွဲကြမ်းနေသောကာလဖြစ်သည်။ မောင်ပါပီနှင့် သူ့ဆရာ ဘရုစ္စလီတို့နှစ်ယောက်သား အိမ်ကယူလာသော ပိုက်ဆံနည်းနည်းဖြင့် လေးကောင်ဂျင် ဝိုင်းတွင် ကပ်ပွတ်သည်။ အရမ်းကာရော စွတ်ထိုးခြင်းမဟုတ်ပဲ နည်းစနစ်ပါသဖြင့်(ဆရာကြီး ရွှေဥဒေါင်းကဲ့သို့ ဉာဏ်လွှာ၍သုံးသည်)အတန်ငယ် မြိုးမြိုးမြက်မြက်ရလျှင် တော်လိုက်သည်။

ပိုက်ဆံ လက်ထဲအတော်ထောလာလျှင် ၄င်းပွဲတွင် တဲထိုး၍ဖဲသမားကြီးများထိုင်လေ့ရှိ သည့် တစ်ချပ်မှောက်ဝိုင်းသို့ ဝင်ထိုင်ကာ ဟန်ကျပန်ကျဖြင့် ဝင်ရိုက်လေ့ရှိသည်။ ထိုသို့ဖြင့် ကြမ္မာ ငင်သော နေ့သို့ ရောက်လာလေသည်။

တစ်ချပ်မှောက်ဝိုင်းတွင် အတော်ထောနေကြသဖြင့် မောင်ပါပီနှင့် ဘရုစ္စလီတို့ အတော် အူမြူးကာ ဆူညံပွက်လောရိုက်နေကြစဉ် အသံအဂ်ကျယ်အဂ်ကျယ်ဖြင့် ယူနီဖောင်းဝတ် ဗိုက်ရွှဲ ကြီး တစ်ယောက် ဖဲဝိုင်းအတွင်းသို့ ဝင်လာရာ တစ်ဝိုင်းလုံး တိတ်ဆိတ်သွား၏။ အနီပုဂ္ဂိုလ်ကား ကောင်းဘို့င်ရှူး ရှူးနေသော ၅၅ တပ်ရင်းမှူး။ ဗိုလ်မှူးသန်းဋ္ဌေးဟု အမည်တွင်သည်။ လောင်းကစား

ခုံမင်သကဲ့သို့ ပြည်သူလူထုကို နှိပ်စက်ရာတွင် အံ့မခန်း ကျော်ကြားသောသူဖြစ်သည်။ ဆက်ကြေး မှန်မှန်မသွင်းသော ရွှေတွင်းဥက္ကဋ္ဌအား လက်ပြန်ကြိုးတုပ်ကာ ကောင်းဘို့င်ရုပ်ရှင်ကားထဲက ကဲ့သို့ စစ်ကားဖြင့် ဒရွတ်တိုက်ဆွဲ၍ အပြစ်ပေးရာ ခံရသူခမျာ ဒုက္ခိတ ဖြစ်သွားသည်မှာ မကြာလှ သေးချေ။ ယခု ဖဲဝိုင်းသို့ ဝင်လာသည့်တွင် အညိုရောင်နယ်မြေ ဖြစ်သောကြောင့် အူဇီဒင်တပ် မောင်းပြန်သေနတ် ကိုင်၊ လည်စည်းအနီရောင် ပတ်ထားသော ရှုတည်တည် စစ်သားတစ်အုပ်ပါ ပါလာသည်။

၄င်း ဖဲဝိုင်းထဲ ဝင်ထိုင်လိုက်သည်နှင့် ဘရုစ္စလီရွှေဘက မောင်ပါပီအား လက်တို့သည် (လစ်စို့ဟု အချက်ပြခြင်း)။ ဘုမသိ ဘမသိ ချာတိတ်ကလေးမျှသာဖြစ်သော မောင်ပါပီကား ဒီလောက် နိုင်ပြီး ပိုက်ဆံတွေပုံနေတာကို နေစမ်းပါဦး ဟူသည့်မျက်နှာပေးဖြင့် လှည့်ကြည့်ကာ ဆက်ချလေသည်။

အချိန်အတန်ငယ်ကြာလာလျှင် ဖဲဝိုင်းထဲရှိ ကျန်လူများ တစ်ချပ်မှောက်ထုံးစံအတိုင်း မလိုက်ပဲ ပြေးကာ ရှောင်နေကြပြီး ပိုက်ဆံပေါ်နေသည့် မောင်ပါပီနှင့် ကောင်းဘို့င်ရှူးဗိုက်ရွှဲကြီး နှစ်ယောက်တည်း သူတင်ကိုယ်တင်ရိုက်နေကြသော ဖဲဝိုင်းသက်သက်ဖြစ်လာလေပြီ။ ထိုဗိုလ်မှူး ကား စိတ်ပညာနှင့် ဉာဏ်ကို လှသုံးရသည့် ဖဲကစားနည်းတွင် ခြောက်တန်းကျောင်းသား မောင် ပါပီအတွက် နိုင်ချင်တိုင်း နိုင်၍ရသည့် အဆင့်။ လက်ရည်မတူသည်ကို အချိန်ကြာလာလေလေ ပိုသိလာလေလေ ဖြစ်လာသည်။ မှောက်ထားသော အခေါက်ဖဲကို မပြရသည့် ဖဲဝိုင်းတွင် မောင်ပါပီ ကား ဖဲကို လှန်လှန်ပြကာ “ဦးလေးကလည်း ကြောက်လိုက်တာ ကျနော်ကဖြင့် ဖဲအပျက်ကြီး၊ လိမ်လိုက်တာ ထွက်ပြေးတာ ဟုတ်လား အဟစ်ဟစ် ...” အစရှိသဖြင့် ရိလိုက် ထေ့လိုက်လုပ်လာ ရာ ကောင်းဘို့င်ဗိုက်ပူကြီးခမျာ မျက်နှာနီရဲချွေးစေးပြန်ကာ ဒေါသထွက်စပြုလာလေပြီ။

ထိုစဉ်က လူကြီးဖြစ်နေပြီဖြစ်သော ဘရုစ္စလီရွှေဘကား အခြေနေကို ရိပ်မိ၍ မောင်ပါပီ အား နားရွက်နားကပ်ကာ “လစ်မယ် မအဘေးရဲ့” ဟု တီးတိုးဆိုလာသည့်တွင် နောက်ဆုံး တစ်လက်ဗျာဟာဈေးဆစ်လိုက်သေးသည်။ နောက်ဆုံးအလက်တွင် ဟေ့ကောင်လေးကြောက်ရင် ပြေးလေဟု စိန်ခေါ်လာသော ဗိုက်ရွှဲကြီးအား ဟာဟ ဟာဟ ဟု ရယ်သံပေးကားစွတ်လိုက်သည်။

ဖဲ ၅ ချပ် ဝေ၍အပြီးတွင် နှစ်ယောက်စလုံး အံ့ဩစရာကောင်းစွာဖြင့်

လှန်ထားသော ဖဲ ၄ချပ် ကိုယ်စီတွင် ဆယ် ဂျက် ကွင်း ကင်း ဖြစ်နေလေ၏။ ကောင်းဘို့င်ကား မှောက်ထားသော သူ့အစောက်ဖဲကို အသာဟကြည့်ပြီး မောင်ပါပီကို စိုက်ကြည့်သည်။ မောင်ပါပီကား ကိုယ့်မှောက်ဖဲ ကိုယ်မကြည့်ပဲ ပြုံးစိစိလုပ်ပြသည်။ ဖဲဝိုင်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။

၅ မိနစ်မျှ ကြာသည်အထိ တိတ်နေပြီးမှ အစ်တစ်တစ်အသံဖြင့် အကုန်ထည့်တယ်ကွာ ဟု အာလုတ်သံကြီးဖြင့် ကြုံးဝါးကာ ၄င်းရှေ့ရှိ ပိုက်ဆံပုံကြီးအား တွန်းထည့်လိုက်လေရာ ချာတိတ် ကလေးမောင်ပါပီ ခွက်ထိုးခွက်လှန် ရယ်လေပြီ။

"လိုက်တယ်နော်"

သရော်တော်တော် အသံဖြင့် ပြန်ဖြေကာ မိမိပိုက်ဆံအပုံကို အလယ်ပုံထဲသို့ ထိုးထည့် ရာတွင် ဗိုက်ရွှဲကြီးက ဝမ်းသာအားရဖြင့် ၄င်း၏အစောက်ဖဲ ညှင်းတစ်ကို လှန်ပြ၍ **Run** ကွာ့ဟုအော် သည်။ မောင်ပါပီလည်း အားကျမခံ မိမိအစောက်ဖဲ စပိတ်တစ်ကို လှန်ပြလိုက်၍ **Run** ထဲမှာ ဘုရင် ဟုအော်လိုက်ရာ ၄င်းမျက်နှာကြီးရှုံ့မဲ့သွားလေပြီ။ ထိုနေရာတွင် ရယ်လိုက်လျှင်ပြီးလျှက်နှင့် အနိုင်ရ သော ပိုက်ဆံအပုံကြီးအား ဆွဲကျုံးနေသော မောင်ပါပီသည် ပြုံးစစဖြင့် ကောင်းဘို့င်ကြီးအား မျက်စေ့မှိတ်ပြကာ "စားမယ်နော် ဗိုလ်မှူးကြီး၊ စိတ်တော့မကောင်းဘူး သိလား"ဟု ရိလိုက်ရာတွင် ဝုန်းဒိုင်းကြဲကုန်လေသည်။

ကောင်းဘို့င်ရှူးကြီးကား ဝါးကြမ်းခင်းအား လက်ဖြင့် ဝုန်းခနဲရိုက်ကာ ခုန်ထပြီးလျှင် ခါးကြားမှ ပစ္စတိုဆွဲထုတ်ပြီး မောင်ပါပီနဖူးအား တေ့ထား၍ အစောက်ပါအတိုင်း အော်လေသည်။

"ဟော့ရောင် မင်းတို့ကောင်တွေ ဒီမိုကရေစီ တစ်သက်လုံး မရဘူးကွ၊ ငါမင့်ကို ပစ်သတ် လိုက်မယ် ငါ့ကို လာမရိန့် ဘာမှတ်တုံး" ဟူသတတ်။

ထိုနေ့က ဘုရစ္စလီရွှေဘ၏ တောင်းပန်တိုးလျှိုးမှုကြောင့် မောင်ပါပီ အသတ်မခံခဲ့ရပါ။ ငယ်ရွယ်လွန်းသော ချာတိတ်လေးမို့ ပစ်မသတ်ခဲ့ခြင်းလည်း ဖြစ်နိုင်ပါသည်။

၄င်းအဖြစ်အပျက်ပြီး နောက်ပိုင်း ဖဲရိုက်တိုင်း "ဒီမိုကရေစီတစ်သက်လုံး မရဘူးကွ" ဟူသည့် ဟာသကားတစ်မြို့လုံးတွင် ခေတ်စားလာခဲ့လေသည်။

ယခု မောင်ပါပီသည် ချာတိတ်ကလေးမောင်ပါပီ မဟုတ်တော့သလို ဖဲသမားဘဝကို စွန့်လွှတ်ခဲ့ပြီးနှင့်လေပြီ။

ကောင်းဘို့င်ရှူး ဗိုက်ပူကြီးကားရှိသေးသလားမဆိုနိုင်။ ဒီမိုကရေစီရမရကား ဖေဒင်မေး စရာမလိုဟု ထင်ပါသည်။

ပါပီမှောင်

ဘီလပ်သံရုံးက ပေးလိုက်သော စာအိတ်အညိုရောင်ကို ကိုင်၍ မောင်ပါပီတစ်ယောက် မိုးတဖွဲဖွဲအောက်တွင် မိုလ်အောင်ကျော်လမ်းမပေါ် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ သံရုံး ဝန်ထမ်းက အနီစာအိတ်အညိုရောင်အား သံရုံးအတွင်း၌ ဖောက်ခွင့်မပြု၊ အပြင်ရောက်မှ ဖောက်ပါ ဟု အမိန့်ပေးလိုက်သည့်တွင် မဖောက်ရသေးသော စာအိတ်အား ကိုင်၍ အထက်၌ ဆိုခဲ့သည့် အတိုင်း လမ်းပေါ်တွင် အိပ်မက်ယောင်သကဲ့သို့ ဟိုဟိုဒီဒီလျှောက်သွားနေမိလေသည်။

စာအိတ်ထဲတွင် ပါလာသည်ကား မောင်ပါပီ၏ ပွဲ့စပို့ခေါ် နိုင်ငံကူးလက်မှတ်တည်း။ နိုင်ငံကူးလက်မှတ်တွင် ဘီလပ်သို့ ပြည်ဝင်ခွင့် ပြုမပြု အဆုံးအဖြတ်ပေးမည့် ဗီဇာခေါ် ပြည်ဝင်ခွင့် ကပ်ထား မထား ဖွင့်၍မကြည့်ဝံ့သည်နှင့် လမ်းမပေါ်ခြေဦးတည့်ရာ လျှောက်နေခြင်းမဟုတ်လော။ အတန်ကြာ မိုးရေထဲ လျှောက်သွားပြီးသည့်နောက် မထူးပါဘူးလေဟူသည့် ဆုံးဖြတ်

ချက်ဖြင့် စာအိတ်ကို ဖွင့်ဖောက်ကြည့်မိလျှင် ဘီလပ်ပြည်ဝင်ခွင့်ဗီဇာ ကပ်ထားသည့် နိုင်ငံကူး လက်မှတ်ကို တွေ့ရလျှင် ထခုန်မတတ် ဝမ်းသာမိလေသည်။ အငြိမ်းစားသံအမတ်ကြီး ဦးသက် ထွန်း လေသံဖြင့်ဆိုရလျှင် အိုင်ယာလန်ထီပေါက်သည့်နှယ်တကား။

တစ်နှစ်စာ ကျောင်းလခ၊ လေယာဉ်လက်မှတ်၊ အဆောင်လခ ပထမအရစ်တို့ကို သွင်း အပြီးတွင် မောင်ပါပီလက်ထဲ၌ မြန်မာကျပ်ငွေ သုံးသောင်းနှစ်ထောင်တိတိ ကျန်ရှိလေသည်။

လူမိုက်ကလေး မောင်ပါပီအား တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်မျိုးရှိ၍ ဇော်ဝိတ် ကဲ့သို့သော စွန့်လွှတ်စွန့်စားတတ်သည်ဟု ထင်မှတ်မှားကာ အထင် အင်မတန်ကြီးသည့် ဦးလေး ထံသို့သွားကာ ဘီလပ်သို့ မကြာမီ ထွက်ခွာတော့မည်ဖြစ်ကြောင်း အကြောင်းကြားရာ ငါ့ကောင် ဘာလိုသလဲဟု အမေးရှိလာသဖြင့် ပိုက်ဆံဟု တစ်ခွန်းတည်း ဖြေသည်။ ဤသို့ဖြင့် ဗမာကျပ်ငွေ တစ်ဆယ့်သုံးသိန်း မုန့်ဖိုးရသည်။ ငွေအလုံ့အလှယ်လုပ်ရာ ဘီလပ်ပိုက်ဆံ တစ်ထောင်ရလာ၍ အိတ်ကပ်ထဲ ထိုးထည့်ကာ ဗမာပြေမှ ထွက်ခွာခဲ့ချေပြီ။

ဘီလပ်မြို့တော် လန်ဒန်သို့ရောက်သော် အင်္ဂလိပ်ဆေးကုသည့်လိုင်စင်ရရန် ကြိုးပမ်း ရင်း နိုပွန်ထမင်းလိပ်ဆိုင်၌ ပန်းကန်ဆေးရင်း ဝမ်းကျောင်းနေသည့် ညီတော်မောင်နှင့် ဆုံသည်။ တစ်ဝမ်းတစ်ခါးအတွက် ရုန်းကန်နေရသည့် ညီထံမှ အစွမ်းကုန်သော အကူအညီမှာ ထမင်းချက် ရန် ပေါင်းအိုးတစ်လုံး ဝယ်ပေးလိုက်ခြင်းပင် ဖြစ်သည်။ မောင်ပါပီတက္ကသိုလ်ရှိရာ အရှေ့မြောက် ဖက်သို့ ခရီးဆက်ရမည်ဖြစ်၍ ရထားလက်မှတ်ခံရန် စုံစမ်းသည်တွင် ဘီလပ်ငွေ ၈၀ ကျပ်ခန့် ကျသင့်လေရာ ရထားဖြင့်သွားရန် လက်လျှော့၍ ရထားလုံးဟု ကုလားဖြူလို ခေါ်တွင်သော အဝေး ပြေး ဘတ်စ်ကားလက်မှတ်ခံလိုက်လေသည်။ ရထားဖြင့်သွားလျှင် ၂ နာရီမျှ ကြာသောခရီးဖြစ်၍

ဘတ်စ်ကားဖြင့် သွားလျှင် ၈ နာရီ ကြာမည်။ သို့သော် ဘတ်စ်ကားလက်မှတ်မှာ ဘီလပ်ပိုက်ဆံ ၁၂ကျပ်မျှသာ ကုန်ကျသည်။

လန်ဒန်မြို့လယ် ဝိတိုရိယဂိတ်မှ ဘတ်စ်ကားထွက်ခွာသည့် မနက်ခင်းတွင် လက်ပြ နှုတ်ဆက်နေသည့် ညီတော်မောင်ကို ငေးကြည့်ရင်း မောင်ပါပီမျက်နှာမှာ (ဆရာကြီး ရွှေဥဒေါင်း စကား သုံးရလျှင်) ဘိန်းမုန့်မျှသာ ကျန်တော့သည်အထိ မျက်နှာငယ်ရလေပြီ။ တိုင်းတပါးတွင် တရံတစ်ခါမျှ မရောက်ဖူးသော နေရာဒေသတစ်ခုသို့ ငါထွက်ခွာသွားရလေပြီ။ ငါကား ဘယ်လိုနေ ၍ ဘယ်လိုစားရမည်နည်း။ ငါ့အိတ်ကပ်ထဲရှိ ဘီလပ်ပိုက်ဆံ တစ်ထောင်ဆိုသည်ကား တက္ကသိုလ် သို့ ရောက်လျှင်ရောက်ချင်း အဆောင်လခ ဒုတိယအရစ်အဖြစ် ၈၀၀ ထပ်သွင်းရဦးမည်ဖြစ်ရာ ၂၀၀ သာလျှင် ကျန်တော့မည်။ ထိုမျှလောက်သော ငွေပမာဏဖြင့် ဘဝကို မည်သို့ ရင်ဆိုင်ရမည် နည်း။

အတွေးပေါင်းများစွာဖြင့် ချာချာလည်ကာ မှုးရိပ်မှုးရိပ်ဖြင့်ပင် ပတ်ဝန်းကျင်မြင်ကွင်းများ အား ဘတ်စ်ကားပေါ်မှ ကျိုးကန်းတောင်းမှောက်ငေးရင်း ခရီးဆက်နေရှာသည့် မောင်ပါပီအား မြင်ယောင်ကြည့်နိုင်ပါသည်။

လမ်းခရီး၌ အစိုးရိမ်လွန်နေသော မောင်ပါပီတစ်ယောက် မိမိသွားလိုသော မြို့ကို ရောက်ပြီလားဟု ဒရိုင်ဘာအား မကြာခဏ ထမေးသည်တွင် စိတ်တိုလာဟန်တူသည့် ဒရိုင်ဘာက ကိုယ့်နေရာ ကိုယ်ထိုင်နေစမ်း၊ ရောက်ရင် ပြောမယ်ဟု အဟောက်ခံရသည်။

ဤတွင် ခုံနီးနားချင်း ကုလားဖြူအဘွားကြီးတစ်ယောက်မှ ဂရုဏာသက်ဟန်ဖြင့် မောင်ပါပီအား မိတ်ဖွဲ့၍ စကားစမြည် စတင်ပြောဆိုလာသည်။ သူမ ပါလာသည့် အသားညှပ် ပေါင် မုန့်နှင့် ဖျော်ရည်ဘူးဖြင့် ဧည့်ခံသည်။ အားမငယ်ရန် အားပေးသည်။ နောင်တွင် တစ်ဦးနှင့်တစ်ဦး စာတိုက်မှ စာပို့သည့် အလေ့အထ အင်မတန်ကျင့်သုံးသော ကုလားဖြူများထုံးစံအတိုင်း မောင်ပါပီ နှင့် အဆိုပါ အဘွားကြီးတို့ စာအပြန်အလှန်ရေးကြကာ တစ်သက်စာ ခင်မင် ရင်းနှီးသွားကြလေ သည်။

ထိုသို့ဖြင့် ခရီးဆုံးသို့ရောက်လျှင် ခရီးဆောင်အိတ်တစ်ဖက် ထမင်းပေါင်းအိုးတစ်ဖက်

ကိုင်၍ ဘတ်စ်ကားပေါ်မှ ဆင်းသည်။ တစ်ခါမှ မရောက်ဖူးသည့် မြို့လယ်ခေါင်တွင် ဆောင်းကာလ ညနေစောင်းအချိန်ရောက်နေပြီဖြစ်၍ မှောက်မိုက်စပြုနေသည့် ပတ်ဝန်းကျင်ကို ကြည့်ကာ ပိုပို၍ အားငယ်လာသည်။ မြို့တွင်းပြေးသည့် ဘတ်စ်ကားများကား မတွေ့။ တက္ကစီတစ်စီးကို တား၍ မိမိသွားလိုသည့် တက္ကသိုလ်အဆောင်လိပ်စာကို ပြသည်။

ကားဆရာမှ ဟုတ်ပြီ ကားပေါ်တက်ဟု ခေါ်လေရာ မတက်သေးပဲ ဘယ်လောက်ကျနိုင်သလဲဟု ဈေးအရင်မေးရသေးသည်။ ၎င်းထံမှ မီတာနဲ့ရှင်းရမှာ၊ ကျလှ ၃ ကျပ်ပေါ့ကွာဟု ပြန်ဖြေသံကြားမှ သက်ပြင်းချ၍ ကားပေါ်တက်လေသည်။

မိမိနေရမည့် တက္ကသိုလ်အဆောင်သို့ ရောက်သော် ရေပူရေအေး ခလုတ်ကို ရှာမတွေ့ သည်နှင့် ရေအေးဖြင့်သာ အလိုလေး အဘလေး "တ" ၍ ရေချိုးလိုက်ရသည်။ ရေချိုးပြီးသော် ထမင်း အင်မတန်ဆာလာသည်။ သို့သော် ဆန်မရှိ။ ယုတ်စွအဆုံး ခေါက်ဆွဲထုပ်ကလေးမှ မရှိ။ မောင်ပါပီ ရောက်နေသော လေးထပ်အဆောင်တွင် ကျောင်းဖွင့်စ ကာလဖြစ်သဖြင့် ကျောင်းသား များ ရောက်မလာသေးသဖြင့် ကြောက်မက်ဖွယ် တိတ်ဆိတ်ငြိမ်သက်ခြင်းသာ ကြီးစိုးနေသည်။

ညကာလရောက်ပြီဖြစ်သဖြင့် အဆောင်တဝိုက် မီးလုံးများထွန်းထားရာ ကုလားဖြူ ထုံးစံအတိုင်း မီးအဝါမှိန်မှိန်များသာ ဖြစ်သဖြင့် မှောင်ကြောင်ကြောင် အလင်းရောင်အဓောက်တွင် စိတ်ဓာတ် အင်မတန်ကျဆင်းစ ပြုလာလေပြီ။

ဗမာပြေမှပါလာသည့်လန်ဒန်ဆစ်ကလက်များအားတစ်လိပ်ပြီးတစ်လိပ်ဖွာရင်းအပြ
လောကသို့ ငေးကြည့်နေမိသည်။

ငါ့အိတ်ကပ်ထဲက ပိုက်ဆံမှ နက်ဖန်တွင် သွင်းရမည့် အဆောင်လခ ၈၀၀ ကို ဖယ် လိုက်သော် ၁၇၀ မျှ ကျန်မည်။ ထိုပက်ဆံ ၁၇၀ ဖြင့် ငါ့ဘဝအား မည်သို့ရှေ့ဆက်မည်နည်း။ ထမင်း ဆာသည့်အထဲ အဆက်မပြတ် ဖွာရှိုက်နေသော ဆစ်ကလက်တန်ခိုးကြောင့် မောင်ပါပီ မူးဝေစပြု လာလေပြီ။ ညစ်ညျူးနောက်ကျိသော စိတ်ဖြင့် ကောင်းကင်ကို မော့ကြည့်လိုက်ရာ ကြယ်မမြင် လမမြင် မှောင်မိုက်နေသည်ကို တွေ့ရလေသည်။

ထို့အတူ မောင်ပါပီ၏ အနာဂတ်သည်လည်း မှောင်မိုက်လွန်းပေစွ။

အင်ဖာလိယာရတိ ကောမ္ဗလဇ”

ကျွန်ုပ်ကား အိုမင်းခဲ့ပြီဖြစ်သည်။

ယခုအခါ တိမ်မြုပ်လုပြီဖြစ်သော ဗမာ့ရိုးရာဇာတ်သဘင်အဖွဲ့သားများပြောလေ့ရှိသော ပညာကို “သေရွာသို့ ယူမသွားကြေး” ဟူသည့်စကားအား ပြန်ပြောင်းသတိရကာ ဆင်ခြင်သုံးသပ် မိသည်နှင့် မိမိ၏ ဂုဏ်သိက္ခာကို မငဲ့ကွက်ပဲ နှောင်းလူတို့အတွက် ဤဆောင်းပါးကို ရေးရသည်ပင်။

ယမန်နေ့ညက ကျွန်ုပ်ရေးသားခဲ့သည့် ဓာတ်ပုံဆရာမနှင့်အဖြစ်အပျက်အား ဖတ်ရှု၍ စိတ်လှုပ်ရှားဟန်တူသည့် သူငယ်တစ်သိုက်မှ ကျွန်ုပ်အား မေးခွန်းထုတ်သည်။ ကုလားဖြူမများနှင့် ဦးကြီးပါပီ မည်ကဲ့သို့ အစွံထုတ် အတွဲခုတ်ခဲ့သနည်းဟူသတတ်။ ဤတွင် ကျွန်ုပ်လည်းဒဂုန်တာရာ အပြုံးမျိုးဖြင့် ပြုံးမိချေသေးသည်။

ထိုသူငယ်များ၏ မေးခွန်းကိုကြည့်ခြင်းအားဖြင့် ၎င်းတို့တွင် အင်ဖာလိယာရတိ ကောမ္ဗ လဇစွဲကပ်နေကြောင်း ထင်ရှားနေသည်မဟုတ်လော။

သို့သော်အဖက်ဖက်ကနိမ့်ကျခဲ့ပြီဖြစ်သော တိုင်းပြေနှင့် စနစ်ဆိုးအစောက်တွင်ကြီးပြင်း လာရရှာသည့် ၎င်းတို့အား ကျွန်ုပ်အပြစ်မဆိုရက်။ တစ်ချိန်တစ်ခါက ကျွန်ုပ်ကိုယ်တိုင်ပင် အဆိုပါ အင်ဖာလိယာရတိ ကောမ္ဗလဇ စွဲကပ်နေသည့် သာကီဝင် တရုတ်ကပြားတစ်ယောက် မဟုတ် လော။ အနောက်တိုင်းသားတို့သည် ကျွန်ုပ်တို့ အာရှသူ ကာလသမီးပျိုများနှင့် အတွဲခုတ်တတ်ကြ သည်မှာ ရှေးပဝေသဏီကတည်းကပင် ဖြစ်သည်။ မောရစ်ကောလစ်၏ နော်ဗဲခေါ် ဝတ္ထုရှည် တစ်ပုဒ်တွင်မျက်နှာဖြူသခင် ဗမာမယားယူထားသည်ကို မြင်ရ၏။

သို့သော် အရှေ့တိုင်းသားများကား အနောက်တိုင်းသူ ကုလားဖြူမများနှင့် အတွဲခုတ် သည်မှာ ပါးရှားလွန်းလှသည်။ ရှေးအခါကမူ ကိုလိုနီသခင်များ၏ ဒိုမိနီတွ ခေါ်လွှမ်းမိုးမှုကြောင့်ဟု ဆိုနိုင်သော်ငြား (ကျွန်ုပ်၏အဘိုးဆရာရွှေဥဒေါင်းသည်အင်္ဂလိပ်ကိုအင်မတန်အထင်ကြီးခဲ့သည်) ယခုအခါ ဂလိုဘဲလ ခေါ်ကမ္ဘာ့ရွာခေတ်ကြီး ရောက်ခဲ့ပြီဖြစ်သဖြင့် ကုလားဖြူကောင်များ အာရှသူ ကို အတွဲခုတ်လျှင် မိမိတို့အာရှသားများ ကုလားဖြူမများနှင့် အဘယ်သို့သော အကြောင်းကြောင့် အစွံမထုတ်ဝံ့သနည်း။

မူလ အကြောင်းရင်းခံကား အထက်တွင် ဆိုခဲ့ပြီးဖြစ်သည့် ကိုလိုနီခေတ် ကျွန်စိတ် အကျန် မျက်နှာဖြူသခင်ကြီးများ ဟူသည့် အင်ဂလိယာရတိ ကောမ္ပလဇကြောင့် ဖြစ်သည်။ မျက်နှာဖြူများနှင့် စကားပြောရလျှင် အသံတုန်၏။ ခြေတုန် လက်တုန် ဖြစ်၏။ ကုလားဖြူနှင့် တွဲရလျှင် ဂုဏ်တက်သည်ဟု မှတ်ကြသည်။ ရက်ဆား ရက်ဆားနှင့် အခောက်ကျိုးခံကြသည်။ အင်မတန် အခောက်ကျသော အပြုအမူပင်တည်း။ ထိုသို့သော လူများကား မည်သို့သော ရဲစိတ်ရဲမာန်ဖြင့် ကုလားဖြူမအား ဒချိရဲတော့မည်နည်း။ ဒချိရန် အသာထား၊ ရှက်ခြင်း ကြောက်ခြင်းတို့ကြောင့် ချစ်ရေးဆိုရန်ပင်အင်မတန်ခက်နေလေပြီ။

ပမာအားဖြင့် ကဗျာဆရာဝေးခေါင်ကို ကြည့်နိုင်သည်။

ဗမာအမျိုးသမီးများအား သားပြော မယားပြော ပက်ခနဲပြောရန် ဝန်မလေးသော အနီ ကဗျာဆရာသည် ၎င်းအား ပွဲတစ်ခုတွင် မတော်တဆ မြင်ဖူးလေဟန်တူသည့် အနောက်တိုင်းသူ ကုလားဖြူမလေးတစ်ဦးမှ "ဝေးခေါင်ဆိုတာ စပလိန်ဆံပင်ကြီးနဲ့မလား၊ ငါကြွေလိုက်တာဟယ် ဒီတ်ချင်တယ်လို့ ပြောပေး" ဟု အဘ်ဖပေးသည်ကိုပင် မည်သို့မျှမလှုပ်ရှားရဲပဲ ဖွတ်စပုတ်ပေါ်တွင် "ဗမာပြေကိုပဲ ချစ်တယ်၊ ပြင်သစ်ကို လိုက်မသွားနိုင်ပူး၊ အချစ်က ကျနော့်အတွက်အရေးမကြီးပူး" (ဟိုကပဲ သူ့ကို လင်ဖမ်းတော့မှာလိုလို) အစရှိသည့် ပေါကြောင်ကြောင် စတေးတပ်စ်ကလေးများ ဗမာလိုရေးသည်မှ အပ အပြင်တွင် အင်းမလုပ် အဲမလုပ်ဖြင့် ငြိမ်သက်စွာဖြင့် ဘောအကြီးဂိုက် ဖမ်းနေခဲ့သည် မဟုတ်လော။ အင်ဂလိယာရတိ ကောမ္ပလဇကား သူကဲ့သို့သော နိုင်ငံကျော် ကဗျာဆရာတောင်မှ မလွှတ်ကင်းပါတကား။

ကျွန်ုပ်၏ အင်ဂလိယာရတိ ကောမ္ပလဇအား ချေဖျက်ခဲ့စဉ် အဖြစ်အပျက်အား နောက်ကြောင်းပြန်ပြရဦးမည်။

ထိုစဉ်က ကျွန်ုပ် ဘီလပ်တွင် တက္ကသိုလ်တက်နေသည့် အဆောင်နေကျောင်းသား ဖြစ်သည်။ တက္ကသိုလ် အိပ်ဆောင်များတွင် ယောကျ်ားနှင့် မိန်းကလေး ရောနှောထားသည့် သူတို့ဓလေ့ကြောင့် (စားဖိုဆောင်ကို ဘုံသုံးရသည်) တစ်ဆောင်တည်းနေသူ ကုလားဖြူသမီးပျို များနှင့် အတန်ရင်းနှီးကျွမ်းဝင်ခဲ့သောငြား အတွဲခုတ်ရဲလောက်သည် အထိတော့ ခရီးမရောက် သေး။ ထိုသို့ဖြင့် နွေကျောင်းပိတ်ရက်ရှည်ရောက်သော် ကျောင်းသား ကျောင်းသူများ အိမ်ပြန်ကြ လေပြီ။ ကျွန်ုပ်ကား တရုတ်ထမင်းဆိုင်တွင် ပန်းကန်ဆေးသည့်အလုပ်လုပ်ရင်း ကျောင်းဆောင်မှ မခွာနိုင်သေး။

အလုပ်အားသည့်ရက်တွင် မိမိဘွဲ့အတွက် ကျမ်းပြုနေသဖြင့် အိမ်မပြန်နိုင်ပဲ ကျန်ရစ် လေသူ တစ်ဆောင်တည်းနေသည့် ဗရိုနီကာ ခေါ်ရှော့ခ်ရှိုင်းယားသူတစ်ဦးနှင့် ကျောင်းအားကစား ရုံသို့ အတူသွားရန် အကြောင်းဖန်လာသည်။ စာဖတ်သူများ ဖီးလ်တက်ရန် သူမ၏ ပုံပန်းအား ပုံဖော်ပြရလျှင် နွားနို့ရောင် အသားအရည်ဖြူဆွတ်ဆွတ်နှင့် အဝါရောင်တောက်တောက်ဆံနွယ် ရှည် လှိုင်းတွန့်များ ပိုင်ရှင်ဖြစ်သည်။

ကိုယ်လုံးကိုယ်ထည် တောင့်တင်းသည်။ မျက်နှာသွယ်လျ၍ နှာတံချွန်သည်။ ခေတ်သမီးပျိုဆန်စွာ ရဲတင်းသွက်လက်သည်။

ကျောင်းအားကစားရုံတွင် အလေးတူတူမ၊ အားကစားလုပ်ကြပြီးသော် ရေကူးကန်တွင်

ရေအတူ ကူးဖြစ်ကြသည်။ ရေသူမလေးကား ရေအတူတူကူးကြရင်း ကျွန်ုပ်ကို ပွတ်သီးပွတ်သပ် လုပ်လာရာ ဖိုးသိုးဖတ်သပ်ဖြစ်ရပြန်သည်။

အဆောင်သို့ ပြန်ရောက်သော် မိမိအခန်းသို့မပြန်ပဲ ကျွန်ုပ်အခန်းထဲသို့ လိုက်လာကာ ရေချိုးဦးမည်ဟု အရေးဆိုသည်။ အနီ ရှော့ခ်ရှိုင်းယားသူကား ဉာဏ်ဆင်ခြင်းလော၊ ရိုးရိုးလော ကျွန်ုပ် ဝေခွဲမရချေ။ ကျွန်ုပ်၏ အင်ဖာလီယာရတိ ကောမ္ပလဇ ဓာတ်ခံကြောင့် ကတုန်ကယင်ဖြစ် ကာ သူမ ရေချိုးနေစဉ် ဆစ်ကလက်တစ်လိပ်ကို မီးငြိ၊ မှန်ကဲလား တံခါးဖွင့်၊ ကိုယ်တစ်ပိုင်း အပြင်ထွက်ရင်း ဆစ်ကလက်ဖွာကာ ကျောင်းဝန်းမြက်ခင်းပြင်ကို ငေးဟန်ဆောင်နေမိခဲ့သည်။

အတန်ငယ် ကြာလတ်သော် ရေချိုးခန်းထဲမှ ရေကျသံရပ်သွားသည်။ ကျွန်ုပ်ကား လှည့်မကြည့်ရဲ။ ပေးယာဗိုက်ဆာလိုက်တာကွယ်... ဟူသည့်နောက်ကျောဖက်ဆီကအသံပြုသံ ကြားမှ တုန်ရင်သော ရင်အစုံဖြင့် လှည့်ကြည့်လိုက်ရာ...

ရှော့ခ်ရှိုင်းယားသူကလေးကား အဝတ်မဝတ်သေးပဲ မွေးပွတဘက်ကြီးကို ပတ်ထား လျှက်ဖြင့် ကျွန်ုပ်အား ရီဝေစွာငေးနေသည်ကို မြင်ရလေပြီ။ ဆံနွယ် အတွန့်အရှည်များကား ရေသုတ်မထားသဖြင့် အချောင်းလိုက်ဖြစ်နေကာ ရေစက်လက်ဖြင့်။ ကျွန်ုပ်ကား အာခေါင်ခြောက် စွာဖြင့် “အဟမ်း”ဟူ၍ ချောင်းခြောက်ကြီးတစ်ချက် ဆိုးကာ ဆံပင်တွေ ရေမသုတ်ဘူးလားဟာ၊ ကြမ်းတွေ စိုကုန်တော့မှာပဲဟု အသံတုန်တုန်ဖြင့် ကယောင်ကတမ်း ဆိုမိဆိုရာ ဆိုသည်။

“ရော့ ... နင်သုတ်ပေး” ဟု မူနွဲ့သော အသံတိုးတိုးဖြင့် ချွဲပျစ်ပျစ်ဆိုကာ ကိုယ်တွင် ပတ် ထားသော တဘက်ကို ဆွဲဖြေ၍ကမ်းပေးလာသည်။

ဖြူဖွေးဝင်းအိသော အသားစိုင်များအား မျက်မြင်ကိုယ်တွေ့ တွေ့နေရသည့် ကျွန်ုပ်ကား ကယောင်ယတမ်းဖြင့် သူမကမ်းပေးသော တဘက်ကို ဆတ်ခနဲလှမ်းယူကာ ရေစိုနေသော ဆံနွယ် ရှည်များကို ခပ်ဖွဖွသုတ်ပေးနေမိလေသည်။

“နင်က ဘာဖြစ်နေတာလဲ စိတ်အရမ်းလှုပ်ရှားနေတာလား” ဟူသည့် စကားသံနှင့် အတူ လက်သည်းချွန်ချွန်များနှင့် ကျွန်ုပ်၏ လည်တိုင်ကို ခပ်ဖွဖွ ကုတ်ခြစ်ခံလိုက်ရသည်မျှသာ မှတ်မိတော့သည်။ ထိုနေ့က သူမ၏ ရေစိုဆံပင်များကား တဘက်နှင့် မသုတ်လိုက်ရပဲ သွေ့ခြောက်

ခဲ့သည်မဟုတ်လော။

အထက်ပါ အဖြစ်အပျက်ကား ကျွန်ုပ်၏ ကုလားဖြူမများနှင့် ပတ်သက်သည့် အင်ဖာလီ ယာရတိ ကောမွလဇာတ်သိမ်းခဲ့သည့် အဖြစ်အပျက်ပင်ဖြစ်သည်။

"အစရှိ၊ သာအိ တစိုစို" ဆိုသည့် စကားပုံအတိုင်း နောက်နောက်တွင် သူရဲဘော မကြောင်တတ်တော့ချေ။ အထူးသဖြင့် ကွင်းဖွင့်ဘောကန်သည်ဟု ဥပမာပေးရမည့် အဆိုပါ ရော့ခ်ရှိုင်းယားနယ်က ဆံပင်အဝါရောင်ပိုင်ရှင်လေး၏ အားပေးစကားများကြောင့် အားတက်ခဲ့ရ သည်ဟု ဆိုရမည်ဖြစ်သည်။ ရိုးသားဖြူစင်သည့် ကျွန်ုပ်ကား ထိုနေ့ကိစ္စပြီးသော် နှစ်ကိုယ်ကြားမေးခွန်းထုတ်ခဲ့သည်။"နင်တို့ ကုလားဖြူမတွေက ငါတို့ အာရှသားတွေနဲ့ အတွဲခုတ်ချင်လို့လား" ဟူသတတ်။

သူမကား တခစ်ခစ်ရယ်သည်။ "ကုလားဖြူထီးတွေတောင် အာရှသူတွေနဲ့ တွဲသေးတာ၊ ငါတို့ ကုလားဖြူမတွေကော အာရှသားကို မကြိုက်ရှိပါ့မလားဟု ဖြေသည်။ နင်တို့ကအရက်သည်း လွန်းတာကိုးဟာ၊ ခုတောင် ငါမစရင် နင်က ကြက်ကြီးလည်လိမ်ထားသလိုပဲ၊ ခုကျတော့လည်း သူ မဟုတ်သလိုပဲ၊ ကိုကဲလေး" ဟု မူနွဲ့ စွာပြောရာ ကျွန်ုပ်ကား တဟီးဟီးဖြင့် မာန်တက်ခဲ့ရဖူးလေ သည်။

နောက်နောင်တွင် ကာဖီရေသောက်ရင်း မတော်တဆတွေ့သည့် ကုလားဖြူမချောချော လေးများမှ မိမိအား ပြုံးပြလျှင်ပင် ဝင်ရောက်မိတ်ဆက်ကာ ဒီဗွသောတ ဓာတ်ခွက်နံပါတ်တောင်း ရန်ဝန်မလေးတော့ချေ။

အင်္ဂလိပ်မျက်နှာဖြူများအား လွန်စွာ အထင်ကြီးတတ်သော အဘိုးဆရာကြီး ရွှေဥဒေါင်း သက်ရှိထင်ရှား ရှိသေးပါက ၎င်း၏မြေးတပည့်ဖြစ်သူ ကျွန်ုပ်အား တယ်ဟုတ်လိုက်လေဟု ကျောသပ်ရင်သပ်ကာ ချီးမွမ်းမည်လောဟု တွေးကာ ပီတိဖြစ်မိသေးသည်။

အချုပ်ဆိုရလျှင် မိမိတို့ ဗမာကာလသားများ သတ္တိရှိစေချင်သည်။ ဘိုးဘေးဘီဘင်များ ၏ မျက်နှာဖြူသခင်ကြီးများအား အခေါက်ကျိုးခဲ့ရသည့်သမိုင်းနှင့်ချီသည့် အရှက်ရစရာ ဖြစ်ရပ်များ အား ငါတို့ခေတ်တွင် အပြီးပိုင်ချေဖျက်ကြဖို့ လိုမည်။

ကုလားဖြူမများသည် လူသားများသာဖြစ်သည်။ လူမှန်လျှင် အချစ်နှင့်ကင်းမည်လော။ ငါဟဲ့ ယောကျာ်းဟု ရဲမာန်ဝင့်ကာ မိမိတို့လက်လှမ်းမီသော ကုလားဖြူမများနှင့် ချစ်ကြိုးသွယ်ကြ ရင်း မိမိတို့၏ အင်ဖာလီယာရတိ ကောမွလဇအား ချေဖျက်နိုင်ကြပါစေဟု ကျွန်ုပ်ဆုတောင်းလိုက် ရပါသည်။

“အင်ဖာလိယာရတိ ကောဂ္ဂလေ = inferiority complex

ပါပီဒေါင်း

ရန်ကုန်မြို့

ကျနော့်ဓာတ်ပုံဆရာမလေး

နေဝင်ရီတယောတွင် ယောက်လမ်းသို့ ရောက်သည်။ သုခရိပ် လက်ဖက်ရည်ဆိုင်တွင် ဟိုစဉ်ကလိုရဲဘော်များနှင့်ဝိုင်းဖွဲ့၏။ ပေါ့ဆိမ့်ငုံသည်။ ဆစ်ကလက်ဖွာသည်။ တဝါးဝါး တဟားဟား ထွေရာလေးပါး ပြောသည်။ အာညောင်းသော် စကားဝိုင်းထဲမှ ခဏဘေးထွက်ထိုင်ကာ ထာဝစဉ် ရှုပ်ထွေးနေတတ်သည့် ယောက်လမ်းအားရည်ရွယ်ချက်မဲ့ ငေးကြည့်နေမိသည်။

မီးတိုင်အောက်တွင် ယောမင်းကြီးလမ်းဟူသည့် ဆိုင်းဘုတ်အား ခပ်လျော့လျော့ မှီတွယ်ကာ ရပ်နေသည့် ဥရောပတိုက်သူလေး တစ်ယောက်အား မြင်သည်။ ဖြူဆွတ်ဆွတ် ပိန်သွယ်သွယ် ကိုယ်နေဟန်ထားမှလွဲ၍ မျက်နှာအား အသေအချာမမြင်ရ။ စွပ်ကျယ်ဖြူလွလွနှင့် ဂျင်းပန်အပြာကို ချပ်ချပ်ရပ်ရပ် ဝတ်ထားသည်။ သစ်ကြားသီးရောင် ဆံနွယ်အတွန့်များအား ကျစ်ဆံမြီးကျစ်ကာ ပခုံးတစ်ဖက်သို့ ချထားသည်မှာ မခို့တရို့ဆန်သည်။ မောင်ပါပီရင်အစုံကား ထိတ်ခနဲဖြစ်သွားသည်။ **Ida**လားမသိဘူးဟု တွေးမိသည်။ မဟုတ်လောက်ပါဘူးလေဟုငြင်းဆန် မိသည်။ ငါကား အစွဲအလမ်းကြီးလွန်းပြန်ပြီဟု တွေးကာ လှစ်ခနဲပြုံးသည်။ အသိစိတ်ကားအတိတ် ဆီသို့ မပီဝိုးတဝါး ထွက်ခွာသွားလေပြီ။

ထိုစဉ်က မောင်ပါပီ ရန်ကုန်ပြန်ရောက်စဖြစ်သည်။ ဗမာပြေကနေ နှစ်ပေါင်းများစွာ ထွက်သွားခဲ့သည့် မောင်ပါပီတစ်ယောက် ကံစေစားမှုကြောင့် ရန်ကုန်သို့ ပြန်ရောက်သည်။ မိတ်ဆွေအပေါင်းအဖော် မရှိ။ ဝေးခေါင် ဆိုသည့်ပုဂ္ဂိုလ်မှ ကျနော် ဝေးခေါင်ပါ၊ ဒါ ကျနော့်ဖုန်းပါဟု မက်ဆေ့ချ်ပို့သည်ကိုပင် ဖုန်းမဆက်ဖြစ်။ ဆယ်စုနှစ်တစ်ခုစာမျှ တစ်ကိုယ်တော်ရှင်သန်ခြင်းအား အသားကျနေပြီဖြစ်သည့် မောင်ပါပီ၊ လူတွေနှင့် ကင်းကင်းနေသည်။ အလုပ်သွားသည်။ အိမ်ပြန် သော် ရေမိုးချိုးအဝတ်စားလဲ၍ ကြံ့ရာ အရက်ဘားတစ်ခု သွားထိုင်ကာ စိတ်ကူးဖြင့် ဝတ္ထုရေး သည်။ အတန်ငယ်ရီဝေသော် အိမ်ပြန်သည်။ စိတ်ကူးထဲက ဇာတ်လမ်းများကို ဒရောသောပါး ချရေးသည်။ စိတ်အဆာပြေသော် ဂစ်တာတီးသည်။ ထို့နောက်အိပ်ရာဝင်သည်။ ဤကားနေ့တစူဝ တည်း။ အထီးကျန် ဝံပုလွေတစ်ကောင်၏ နေ့ရက်များပင်။

တစ်နေ့၊ ရုံးတွင် အလုပ်များနေသော မောင်ပါပီအခန်းထဲသို့

ဒါရိုက်တာဖြစ်သူ ဝင်လာ ကာ ဟာရောင် အဲ့ဒါတွေ ခဏချထားပြီး လိုက်သွားလိုက်စမ်းပါ၊ ဟိုမယ် အင်တာလာဗျူးတဲ့ သတင်း ထောက်တွေက တွေ့ချင်တယ်ဆိုလား မသိဘူးဟု ခိုင်းသည်။ ဘာတွေလဲကွာဟု စူပုပ်သော မျက်နှာဖြင့် ထလိုက်သွားသော် ပရောဂျက်မန်နေဂျာဖြစ်သူနှင့် စကားပြောနေသော ဥရောပတိုက် သား နှစ်ယောက်နှင့် ပက်ပင်းတိုးသည်။ တစ်ယောက်က ယောက်ျားလေးဖြစ်၍ ကျန်တစ်ယောက်ကား ကောင်မလေး။ မောင်ပါပီဘော်ဒါ ပရောဂျက်မန်နေဂျာလုပ်သူက **“Teddy** လေး (မောင်ပါပီ နာမည် “သက်” ကို အစွဲပြုကာ ထိုသို့ခေါ်ကြသည်)၊ ဒါ နာမည်ကြီး ဂျာမန်သတင်းစာက သတင်း ထောက်တွေ၊ ငါတို့ ကန်ပနီကို အင်တာလာဗျူးနေတာ၊ ဥရောပက ကန်ပနီတွေရဲ့ ဗမာပြေတွင်းက အလားအလာ ဘာညာပေါ့ကွာ။ ခု သူတို့က ဆောင်းပါးနဲ့တွဲပြီး ဓာတ်ပုံလေး ဘာလေး ထည့်ချင်လို့ တဲ့၊ အဲ့ဒါ မင်းပဲ ဖိုတိုမိုဒယ် လုပ်ပေးလိုက်တော့၊ ငါတို့ဆီမယ် ဗမာဆိုလို့မင်းပဲရှိတယ်၊ လုပ်ပါကွာ”

ဟု ချောက်တွန်းသည်။

“နီးနီး... ရှိုက်ဇာ”

(ချိုးမှမလုပ်ဘူးဟု မောင်ပါပီငြင်းသည်)

“ဟားလို... ကျမ **Ida** ပါ၊ ဓာတ်ပုံသတင်းထောက်ပါ” ဟူသည့် စကားသံနှင့်အတူ ရယ်ကျဲကျဲဖြင့် ကောင်မလေးတစ်ယောက် မောင်ပါပီအနား ကပ်လာသည်။

သစ်ကြားသီးရောင် ဆံနွယ်များအား ကျစ်ဆံမြီးကျစ်ကာ ပခုံးရှေ့ဖက်သို့ ချထားသော ပြား နှဖူးဝင်းဝင်းလေးပေါ်တွင် ဆံနွယ်အတွန့်ကလေးတစ်ခု ကျနေသဖြင့် အင်မတန်ကြည့်ကောင်း သည့်အပြင် ပြုံးချိုသော မျက်နှာလေးအား အနီးကပ်မြင်ရသော် စူပုပ်ပုပ်မောင်ပါပီမျက်နှာ အတန် ငယ် ပြေလျော့သွားသည်။ “လုပ်ပါရှင် ... သိပ်မကြာပါဘူး၊ ဆောင်းပါးထဲထည့်ဖို့ ၂ ပုံ၊ ၃ ပုံ ပါပဲ”ဟု ခပ်ချွဲချွဲအသံလေးဖြင့် တောင်းပန်သော မိန်းမလှလေးများအား သနားကြင်နာတတ်သည့် မောင် ပါပီ နှလုံးသားမှာ ထင်သလောက် မမာကျောနိုင်တော့ပြီ။

ထိုသို့ဖြင့် ဆေးတက္ကသိုလ် ၁ နှင့် မလှမ်းမကမ်းရှိ အဆောက်အဦးကြီးတစ်ခု၏ ခေါင်မိုး ထပ်တွင် သတင်းထောက်နှစ်ယောက်နှင့် ဖိုတိုမိုဒယ်လေး မောင်ပါပီ ဓာတ်ပုံအလုပ်စခန်း ဖွင့်ကြ လေသည်။ ဥရောပကန်ပနီတစ်ခုနှင့် အတူအလုပ်လုပ်ရင်း ကြီးပွားတိုးတက်တော့မည့် ဗမာပြေ ကြီး၏ အနာဂတ်ကို လှမ်းမျှော်နေသည့်ဟန် ဂိုက်အမျိုးမျိုးပေးကာ သရုပ်ဖော်နေသည့် မောင်ပါပီ ခမျာ ဓာတ်ပုံဆရာမလေး၏ ဟိုလိုနေ၊ ဒီလိုနေ ဟူသည့် အသံတစာစာလေးအား လိုက်နာရင်း ချွေးအတော်ပြန်ခဲ့ရသည်။

၂ ရက်မျှကြာသော် မောင်ပါပဲ့ရုံးခန်းသို့ **Ida** တစ်ယောက်တည်း

ရောက်လာသည်။ ဗမာပြေက ဟိုမိုမင်းသားများ ရှုံးလောက်သည့် ဟန်ဖြင့် ဂိုက်ပေးနေသော မောင်ပါပဲဓာတ်ပုံများ လာပေးကာ စကားစမြည်ပြော၏။ ဒီပုံ ဒီပုံ ကြိုက်သလား၊ ဒီပုံက ရုက်နေတယ်၊ ဒီပုံက သဘာဝကျ မယ်၊ ဆောင်းပါးထဲ ဒါလေးသုံးလိုက်မယ်နော်ဟု အခွင့်တောင်းသည်။ ခပ်ချောချော ဓာတ်ပုံဆရာမ လေးနှင့် ပလူးနေရသော မောင်ပါပီကား နွားပြာကြီး အခောက်သွားမရှိ ဖြစ်နေရာမှ အလစ်ချောင်း ကာ **Ida** အား ချုံခိုတိုက်ခိုက်သည်။

“မိုဒယ် လုပ်ပေးခ အလကားတော့ မရဘူးနော် သိလား”

“အာ…ဘာလဲ”

“ညနေ အရက်တိုက်”

“အိုခေလေ ဘယ်ချိန်လဲ”

“ညနေ၆ နာရီ”

“အင်းပါ”

“နင့်သူငယ်ချင်း ဟိုသတင်းထောက် ကောင်လေးကော”

Martin လား၊ မြောက်ဦးဇက် သွားတယ်၊ ငါက ရန်ကုန်မှာ ဆန္ဒပြပွဲတစ်ခုရှိတယ် ဆိုလို့

ချန်နေရစ်တာ”

“အိုခေ နင့်ဖုန်းပေး”

ထိုညနေတွင် ပြည်ကြီးတရုတ်တစ်ကောင်သည် သစ်ကြားသီးရောင် ကျစ်ဆံမြီးပိုင်ရှင် ဥရောပတိုက်သူလေး တစ်ဦးနှင့် ယောက်လမ်းထဲ တွဲခုတ်လာသည်ကို မြင်တွေ့ကြရလေသည်။ ကနဦးတွင် အတန်ငယ် ရှိုးတိုးရှန်းတန်း ဖြစ်နေခဲ့သော်ငြား လူဝကြီးအရက်ဘားထဲသို့ ဝင်ကာ ဂျာမန် ဆတ်ချိုနှ တစ်ယောက် ၅ ပက်စီမျှ တွယ်ပြီးသော် စိမ်းမနေကြတော့ပဲ ငယ်ပေါင်းကြီးဖော် များကဲ့သို့ ရယ်ရွှန်းပတ်ရွှန်း စကားစမြည်ပြောစပြုလာသည်။ ငမူး မောင်ပါပီကား ဘာသာစကား ၂ မျိုး ရောကာ **Ida** အား မိမိဘဝအတွေ့အကြုံများကို ပုလဲလုံး ရွှေလုံးကလေးများ သီကုံးသကဲ့သို့ နားထောင်ချင့်စဖွယ် အာလူးဖုတ်ရင်း အရှိန်တက်စပြုလေပြီ။ အတန်ကြာလတ်သော် **Ida** တစ်ယောက် မောင်ပါပီ ကပေါက်တီကပေါက်ချာ မထော်မနန်း အဖြစ်အပျက်များအား နားထောင် နေရင်း တဟီဟီဖြင့် ပျော်ရွှင်နေပုံရကာ ငယ်ပေါင်းကြီးဖော်တစ်ယောက်ကဲ့သို့ ခြေပုတ် ခေါင်းပုတ် ပြုစပြုလာလေပြီ။

အရက်ဝိုင်းသိမ်းသော် မောင်ပါပီတစ်ယောက် ဆူးလေလမ်းမပေါ်က **Ida** တည်းခိုသည့် ဟိုတယ်သို့ လိုက်ပို့သည်။ ဟိုတယ်ခန်းမထဲသို့ ဝင်ခါနီးတွင် **Ida** တစ်ယောက် မောင်ပါပီကို ရွှန်းရွှန်းစားစား တစ်ချက်ကြည့်ကာ အောက်နှုတ်ခမ်းကို ကိုက်သည်။ ဘာမှမပြောပဲ ခေါင်းငုံ့သွား သည်။

ခြောက်ကပ်ကပ်အသံဖြင့် ဂုတင်နတ် (ဂွတ်နိုက်) ဟု မောင်ပါပီ နှုတ်အဆက်တွင် ဖျတ်ခနဲ မော့ကြည့်လာသည်။

သူမ မျက်လုံးများကား နီယွန်မီးရောင်အောက်တွင် စိန်ပွင့်ကလေးများကဲ့သို့ တလက် လက်ထနေသည်ဟု မောင်ပါပီတွေးမိသေးသည်။

သတိလက်လွှတ်ဖြစ်ကာ ထိုမျက်လုံးလေးများအား ဖျတ်ခနဲ နမ်းမိတော့မယောင် ဖြစ်သွားသော်ငြား စိတ်ကို အချိန်မီထိန်းကာ ချာခနဲလှည့်ထွက်လာခဲ့သည်။

အိမ်အပြန်လမ်းတွင် မောင်ပါပီတစ်ယောက် **Du bist shön** ဟူသည့် ဂျာမန် အချစ် သီချင်းအား ခပ်တိုးတိုး လေချွန်ရင်း မြှောက်ဆွဆွဖြစ်နေခဲ့သည်။

နောက်တနေ့ ရှုံးဆင်းချိန်နီးသော် ဖုန်းကို တကြည့်ကြည့်လုပ်နေသည့် မောင်ပါပီ တစ်ယောက် ဒီညနေ အားတယ်မလား ဆိုသည့် မက်ဆေ့ချ်ကလေး အရတွင် ပြုံးပြီးပြီးဖြစ်နေလေ သည်။

ယောက်လမ်းထဲတွင် ခေါက်ဆွဲပြုတ် အတူသောက်သည်။ နဝဒေးလမ်းထဲက အယ်လ်ဖာဟိုတယ် ခေါင်မိုးထပ်က အရက်ဘားတွင် တူတူထိုင်သည်။ မက်ဆီကန်အရက် ၄ ပက် စီမျှ အတူချပြီးသော် လေတဖြူးဖြူးတွင် ဆစ်ကလက်ဖွာနေသည့် မောင်ပါပီတစ်ယောက် **Ida** ကို စကားစသည်။

“**Ida**”

””

“ကိုယ့်မယ် **Agoraphobia** ရှိတယ် သိလား”

“အဲ့ဒါ ဘာပြောတာလဲ”

“ရောဂါ၊ စိတ်ရောဂါပေါ့၊ လူစုလူဝေး ဒါမှမဟုတ် ဟင်းလင်းပြင်ကို ကြောက်တဲ့ရောဂါ”

””

“ကိုယ်အခုအရမ်းကြောက်နေပြီ၊ အရက်မူးလေလေ ကြောက်လေလေပဲ”

“မင်းနဲ့ ကိုယ့်ကြားက ဟော့ဒီ ဟင်းလင်းပြင်ကြီးဟာ....

ပြောပြောဆိုဆိုဖြင့် **Ida** အနားသို့ ဆတ်ခနဲ တိုးကပ်ထားရင်း ခါးကျင်ကျင်လေးကို သိုင်းဖက်ကာ ရင်ကော့ ခေါင်းကို မော့ထားရင်း မောင်ပါပီဉာဏ်များလေပြီ။

သစ်ကြားသီးရောင် ဆံကျစ်မြီးပိုင်ရှင်လေးကား တခစ်ခစ်ရယ်မောရင်း လူလည် လူလည်၊ နင်က စကားအရမ်းတတ်လွန်းတာပါ ဟု ပြောရင်း မောင်ပါပီရင်ခွင်ထဲသို့ ခေါင်းတိုးလာ လေသည်။ လေတဖြူးဖြူးတွင် မေးစေ့အစောက်က သူမဆံနွယ်စများဆီမှ သင်းပျံ့လာသော ရနံ့ လေးအား မောင်ပါပီ ခိုးကြောင်ခိုးဝှက် ရှုရှိုက်မိနေလေသည်။

ထိုညှ **Ida** တည်းခိုသည့် ဟိုတယ်သို့ ပြန်အပို့တွင် ရီဝေနေသော စုံတွဲသည် စကားစ မပြတ်နိုင်ကြ။ သစ်ကြားသီးရောင် ကျစ်ဆံမြီးလေးကား တခိုးခိုး တခစ်ခစ်သံ ပေးရင်း မောင်ပါပီ လက်ကို တင်းတင်းဆုပ်ကိုင်ထားရင်း လမ်းလျှောက်သည်။ ဟိုတယ်အဝသို့ ရောက်သော်လည်း လက်ကို မလွှတ်။ ဟိုတယ်ထဲသို့ ရောက်သည်အထိ မလွှတ်။ သူမ အိပ်ခန်းထဲသို့ ရောက်ကာမှ လွှတ်လေသည်။

“ရှင်က အင်မတန်ပျော်တတ်တဲ့သူ၊ ခင်စရာ အရမ်းကောင်းတယ်၊ ကျမ ရှင့်ကို အရမ်း ခင်တယ် သိလား”

“အဲ့ဒီ တွေ့တွေ့ချင်းတုန်းက ဓာတ်ပုံအရိုက်ခံရမယ်ဆိုလို့ စိတ်ရှုပ်သွားတဲ့ စူပုပ်ပုပ် ရုပ်ကလေးကို မြင်ကတည်းက ကျမတွေးနေတာ၊ ချစ်စရာလေး ဟန်လည်းမဆောင်တတ်ဘူးလို့”

“ခုလို ချိန်းတွေ့ကြည့်မှ ကျမ ရှင့်ကို ဘာလို့ တွေ့တွေ့ချင်းနေ့က မဒိတ်ခဲ့မိပါလိမ့်လို့ နောင်တရနေတာ”

“မနေ့ညက ရှင်ကျမကို လိုက်ပို့ပြီး အပြန်မယ် ဆတ်ခနဲ ဖြစ်သွားတာလေ၊ ကျမကို နမ်းချင်နေတာမလား ဟင်”

“**Ida** တစ်ယောက် မောင်ပါပီအား သိုင်းဖက်ထားရင်း ရင်ခွင်ထဲ မျက်နှာအပ်ကာ အထက်ပါအတိုင်း တတွတ်တွတ်ရွတ်ရင်း မောင်ပါပီမေးစေ့အား တရွတ်ရွတ်နမ်းနေသည်။ မောင်ပါပီကား ဘာစကားတစ်ခွန်းမှ မဆိုနိုင်။ မက်ဆီကန် အရက်ချိုနံ့သင်းသင်းမွှေးနေသည့် **Ida** နှုတ်ခမ်းဖူးဖူးလေးအား မထိတထိ ဖိကပ်နမ်းရှုတ်ရင်း စိတ်လှုပ်ရှားလွန်းသဖြင့် အတန်ငယ် တုန် ယင်နေသော လေသံဖြင့် နားရွက်နားကပ်ကာ ငါနင့်ဆံပင်တွေကို ထိကြည့်လို့ရမလား ကျစ်ဆံမြီး တွေဖြေပေးပါ ဟု ပြောမိသည်။

Ida တစ်ယောက် အသံလွင်လွင်လေးဖြင့် အော်ရယ်ကာ မောင်ပါပီကို

တွန်းထုတ်ရင်း ကျစ်ဆံမြီးကို ဖြေသည်။ ဖြာကနဲကျလာသည် ဆံနွယ်အတွန့်များ...။ မချိုမချဉ်အပြုံးဖြင့် မောင်ပါပီ ကို စိုက်ကြည့်နေသည့် **Ida** ဆိုသည့် ဓာတ်ပုံဆရာမ ချောချောလေး။ မီဒူဆာ နတ်သမီး။

"ကဲ လာခဲ့၊ တစ်ခုပဲ ရှင့်ကို ဒီညှ ကျမ ပြန်မလွှတ်တော့ဘူး"

တုန်ခါနေသော ရင်အစုံဖြင့် မောင်ပါပီ ရှေ့သို့တစ်လှမ်းတိုးလိုက်မိလေပြီ။ ဝူးဝူးဝါးဝါးဖြင့် စကားအော်ပြောသံနှင့်အတူ ရဲဘော်နှုတ်ခမ်းမွှေး၏ တဟားဟားရယ်သံ၊ ကျန်ရဲဘော်များ၏ စကားသံများကြောင့် အတိတ်ကိုတွေးကာ ဆွေးရီနေသော မောင်ပါပီ သတိပြန် ဝင်လာသည်။

ယောမင်းကြီးလမ်းဆိုင်းဘုတ်ကိုမှီတွယ်နေသောဥရောပတိုက်သူလေးကားမရှိတော့ သက်ပြင်းခိုးချရင်း မောင်ပါပီ ဆစ်ကာလက်တစ်လိပ်ကို မီးငြိသည်။ ယောက်လမ်းကား ဟိုစဉ်က အတိုင်း လူစည်ကားဆဲဖြစ်သည်။

ငါးမျှားတံထိပ်ဖျားက ဖော့ဖြူဖြူ ဒုက္ခတရား

ငါတို့ငယ်ငယ်က နာမည်ကျော်စာရေးဆရာတစ်ယောက် ရေးဖူးတာရှိတယ်။ အခက်ခဲ အကြမ်းတမ်းဆုံးအရာတွေနဲ့ ရင်ဆိုင်ရတိုင်း ကျနော်က ခြိသေ့ခံ ခံပြီး ပြန်ဆုတ်ခဲ့တဲ့ကောင်ပါ တဲ့။ စကားလုံး အတိအကျတော့ မမှတ်မိပါဘူး။ ဆိုလိုရင်းကတော့ အဲ့ဒီလိုပေါ့။ တစ်နည်းအားဖြင့် သူ မမှုဘူးပေါ့လေ။ ဒါ သူ့အယူအဆပေါ့။

ငါကတော့ အဲ့လိုမဟုတ်ခဲ့ဘူး။

စကားမစပ် ငါ့အကြောင်းတွေ ငါပြန်ပြောတဲ့အခါ ဇာတ်လိုက်ဆန်လွန်းတာတွေ၊ စတန့် လုပ်ပြတာတွေ များကုန်မှာ စိုးတဲ့အတွက် (တချို့ဟာတွေကလည်း မယုံကြည်နိုင်ဖွယ်ရာတွေ ဖြစ် နေတယ်) ငါသတိထားလွန်းခဲ့တယ်။ ဒါတောင် ခြေချော်လက်ချော် ပြောမိကုန်တာတွေ ရှိတော့ ကာ ဒီကောင်က ဆူပါမင်းလား ပါဝါရိန်းဂျားလားလို့ ဆဲကြတာတွေရှိဖူးတယ်။ သတိလက်လွှတ် တွေ ပြောမိတယ် ထင်ပါရဲ့။

နောက်တစ်ခုက ငါ့အကြောင်း ငါပြန်ပြောတဲ့အခါ ဘယ်ဟာက အရင်ဖြစ်ခဲ့တာလဲ၊ ဘယ်ဟာက နောက်လဲ စီကာပတ်ကုံး မဟုတ်ဘူး။ စိတ်ထဲတွေ့ကရာ ဟိုရောက်ဒီရောက်တွေ များတယ်။ ဒီတော့ကာ နားထောင်တဲ့လူအဖို့မှာ ဘာတွေမှန်းမသိ ဖြစ်ရပြန်ရော။ တောရောက် တောင်ရောက်တွေရယ်။ ဥပမာ ငါ့စိတ်ဟာ ဓားထိုးလုယက်မှုတွေ ပြည့်နှက်နေတဲ့ အင်္ဂလန်အရှေ့ မြောက်ပိုင်းက မြို့တစ်မြို့ရဲ့ အစွန်အဖျားက အိပ်ခန်း ၅ ခန်းပါ အိမ်အိုကြီးဆီ ရောက်သွားလိုက်၊ စက်ဘီးပူ ကွင်းစ်တောင်းအကျဉ်းထောင်ထဲက ပီစီ လို့ ခေါ်တဲ့ အလုံပိတ် အမှောင်ခန်းထဲဆီ ရောက် သွားလိုက်၊ ဂျာမနီတောင်ပိုင်း ဆွေးဗီးယန်းမြို့ကလေး တစ်မြို့ထဲက အိမ်နောက်ဖက်မှာ တောအုပ် လေးရှိတဲ့ မှန်ချပ်တွေ အများကြီးနဲ့ နှစ်ထပ်အိမ်ကလေးဆီ ရောက်သွားလိုက်၊ ငယ်ငယ်က တောဘုရားပွဲတွေထဲက ဂျင်ဝိုင်း၊ ဖိုက်ကျိုးဝိုင်းတွေ၊ ရန်ပွဲတွေဆီ ရောက်သွားလိုက်...အစရှိသဖြင့် အစီအစဉ်မကျဘူး။

တစ်ခါတလေကျ ငါ ဂျက်လန်ဒန်နဲ့ ဟဲမင်းဝေးကိုဆဲခဲ့ဖူးတဲ့ နေ့ရက်တွေဆီ ရောက်သွား

ပြန်ရော။

လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်၊ ရန်ကုန်နွေပူပူမှာ ဘတ်စ်ကားခမရှိလို့ တာမွေအဝိုင်းထိပ် ကနေ အုတ်ကျင်းဘာဒါဖက်ကို ခြေလျင်လျှောက်တုန်းကပေါ့။ ငါရိုးမသားတွေ မင့်တို့စာတွေ ဖတ်ပြီးအဟုတ်မှတ်ခဲ့ရတာ၊ ငါ့ဖာသာ တောမှာဖဲလေးရိုက်၊ ဂျင်လေးထိုးနေတာ အဟုတ်သားပေါ့။

ခုပြန်တွေးမိတော့လည်း တစ်ယောက်တည်း ရယ်ကျဲကျဲရယ်။

နော်ဖော့လ်စ်လမ်းက အသိုးကြီးများအရက်ဘားမှာ ငါနဲ့ ငါ့ဘော်ဒါချာတိတ်လေး **Duke** တို့ နောက်ဆုံးအကြိမ် အတူသောက်တုန်းကလည်း အဲ့လိုပေါ့။ နောက်ဘယ်တော့မှ ပြန်မတွေ့ တော့ဘူး၊ ဘဝရဲ့ အခက်ခဲဆုံး နေ့ရက်တွေကို နှစ်ချီအခေါင် အတူခုခံဖူးခဲ့ပြီး ခုတော့ ဆန်ဆုံစား ကံကုန်သွားတော့မယ်ပေါ့။ အရာရာပြီးဆုံးပြီမို့ သူက နောက်တစ်နေ့ လေယာဉ်နဲ့ ထွက်သွားတော့ မှာကိုး။ ငါလည်း ဘားထဲက ထွက်ကော၊ ကျန်ခဲ့တဲ့ မအေဘေးလေးဟာ ဘားအဝင်ဝက ဆင်နား ရွက် တံခါးလေးကို ကိုင်လို့ လှမ်းအော်တာလေ...

"Hey Thet, It fucking hurts, matey ..." ၀

ငါက မျက်မှောင်ကြုတ် လက်၂ ချောင်းကို **V** ပုံစံ ပြောင်းပြန်ထောင်ပြပြီး ချာခနဲ လှည့်ထွက်လာခဲ့တယ်။ အဓိပ္ပာယ်က **Fuck Off!!** ပေါ့။ သူ့ကွယ်ရာရောက်မှ ငါ ဆစ်ကလက် လေး တဖွာဖွာနဲ့ မျက်ရည်ကျရတယ်။

အိမ်ရှေ့ဝရန်တာမှာ လေကလေးတဖြူးဖြူးနဲ့ ငါရပ်နေမိပြီဆို မြို့အဝင်ဝက သံတံတား အဟောင်းကြီးဆီ ရောက်သွားပြန်ရော။

မာလကာသီး...မာလကာသီး...အသက်ကလေး၂၀ စွန်းစွန်းနဲ့ လောကစံရဲ့ရိုက်ပုတ်မှု ကို ခံသွားရရှာတဲ့ ကလေး။ ငါရိုးလေးဟာ ငါ့ကို ဘာလို့ နှုတ်မဆက်ပဲ တံတားပေါ်က တိတ်တဆိတ် ခုန်ချသွားတာလဲပေါ့။ မင်းဆိုတဲ့ကောင်က ငါ့ထက် ၂ ဆ လောက် ဉာဏ်ကောင်းတယ်ပေါ့။ ဒီဘဲ့ လေးမရတာနဲ့များ သတ်သေရတယ်လို့ပေါ့။ မအေဘေးဟာ ဉာဏ်မရှိဘူး။ ငါ့ကို လာပြောပါလား ပေါ့။ မင့်ကျောင်းလခ သွင်းဖို့က ငါ့ဆီမယ် ပိုက်ဆံ ၉၅၀၀ ရှိတယ်။ လိုတဲ့လေးငါးထောင်ကို ငါတို့ ကြံဖန်လို့ မရဘူးလားပေါ့။ အဲ့ဒါကို တစ်ခွန်းမပြောဘူး၊ ဆိတ်ဦးနှောက်ဟင်းလေး ချက်ကျွေးသွား ပြီး ညတွင်းချင်း တံတားပေါ်က ခုန်ချသွားရသလားပေါ့၊ စောက်သုံးမကျတဲ့ နွားပေါ့။ ငါလည်း စောက်သုံးမကျပါဘူး။ မသကာ အရိပ်အခြည်လေးကြည့်ပြီး မင့်နောက်တစ်နှစ်စာ ကျောင်းလခ ဘယ်လိုလုပ်မလဲလို့ တစ်ခွန်းမေးဖို့ သတိရခဲ့လို့လား။

အဲ့လိုပါပဲ၊လက်ဖက်ရည်ဖန်ခွက်လေးငုံ၊
ဆစ်ကလက်လေးခဲရင်းလက်ဖက်ရည်ဆိုင်ထိုင် နေတုန်းအငဲရဲ့

"ဟိုတချိန်က ကမ်းခြေဆီ ငါပုံ့သန်း အရောက်လာမယ်

အမှောင်တွေကိုဖယ်ရှားပြီး အလင်းသစ်ပွင့်ရာ အရပ်ဆီ နှစ်ယောက်သား ဒို့ရဲ့အိပ်မက်”

အဲ့လိုလေး တစ်စွန်းတစ ကြားရတဲ့အခါ ဖိုးရှောင်နဲ့ ငါ့ရဲ့ ၁၆၉ နံပါတ်ဘတ်စ်ကားပေါ်က ညတွေပေါ့။ ဝေါ့ခ်မန်း နားကြပ်ကက်ဆက်လေးကို တစ်ယောက်တစ်ဖက် နားမှာတပ်ပြီး အိမ်ပြန်ခဲ့ တဲ့ ကူလီနေ့ရက်တွေဆီ ရောက်သွားပြန်ရော။

အချုပ်ကားတွေမြင်တိုင်း ငါဖွာခဲ့ရတဲ့ သိပ်အရသာရှိတဲ့ ရွှက်လှေတံဆိပ် ဆစ်ကလက် ဆီစိတ်က ရောက်ရောက်သွားပြန်သေးတယ်။ မေရီ ... မေရီ ... ဒင်းကလေး ဘယ်ဆီဘယ်ဝယ် ... ရောက်နေရှာမလဲ ဆိုတာလေးပါ ပါလိုက်သေး။

ငါခုပြောနေတာတွေက တောင်ရောက် မြောက်ရောက်တွေ များလွန်းနေပြီထင်ပါရဲ့။ ဘာရယ် မဟုတ်ပါဘူး၊ တစ်ဘဝတည်းမှာ ဘဝပေါင်းများစွာမှာ နေခဲ့ဖူးတဲ့ ငါ့အတွက် ဒုက္ခတွေ လွမ်းစရာတွေပေါ့လေ၊ အဲ့ဒါမျိုးတွေ များလွန်းခဲ့တယ်ပေါ့။

အစမှာ ပြောခဲ့တဲ့ စာရေးဆရာ ပြောခဲ့သလို ခြိသေ့ခံ မခံဖူးဘူး။ ငါ့အယူအဆက ဘယ်အရာမဆို ထာဝရမဟုတ်ဘူး။ ဒုက္ခသည်လည်းပဲ ထိုနည်းလည်းကောင်းပေါ့။

ငါးမျှားတံမှာ တပ်ထားတဲ့ ဖော့ဖြူဖြူလေးလိုပေါ့။ လောကဓံဟာ ငါးတွေ ဆိုပါတော့။ ငါးအဆွဲမှာ ဖော့ကလေးဟာ မြုပ်မြုပ်သွားတယ်။ ထာဝရ မဟုတ်ဘူး။ ရေပေါ် ပြန်ပေါ်လာတာချည့် ပဲ။ အဲ့ဒါပါပဲ။

ငါ မင်းတို့ကို မိုတီဗိတ်တာလည်း မဟုတ်ပါဘူး။ တက်ကျမ်းတွေ ကျကျမ်းတွေအပေါ် ငါဘယ်တုန်းကမှ အယုံအကြည်မရှိဖူးခဲ့တဲ့အတွက် လူစွာလုပ်တဲ့ ကိစ္စကို မစင်ဘင်ပုတ်တွေလို ရွံရှာတယ်။ ငါထင်တာ ငါပြောတာပါပဲ။ မင်းတို့မေးတဲ့အခါ ငါဖြေပါတယ်။ ငါ့ရင်ထဲမှာ မကြောက် တရားရယ်။ ဒုက္ခဆိုတာ ငါးမျှားတံက ဖော့ဖြူဖြူလေးဆိုတာရယ် အဲ့ဒီနှစ်ခုပါပဲ။

ပါပီယွန်ဇာတ်လမ်းထဲမှာ ပါပီယွန်က သူ့သူငယ်ချင်း လူဝီဒက်ဂါးကို ပြောတဲ့ စကား

တစ်ခွန်းရှိတယ်။

“အရေးအကြီးဆုံးတစ်ချက်က ငါတို့ အသက်ရှင်နေသေးတယ် ဆိုတာပဲ” တဲ့။ အဲ့ဒီစာကြောင်းလေးနဲ့ ငါအသက်ရှင်သန်ခဲ့ဖူးတယ်။ ဒါပါပဲ။

Lame Duck

မြကြီးအစောင် အိပ်ပျော်သွားတဲ့အခါ ငါဟာ မြက်ခမောက်အဝါကို ဆောင်းတယ်။ မြင်းခေါင်း စွပ်ကျယ်အဖြူနဲ့ ဂျင်းပန်အတို ပေါင်ပြဲကို စွပ်တယ်။ အနှစ်၂၀ ကျော် အိုမင်းခဲ့ပြီဖြစ်လို့ ဖုန်အလိမ်းလိမ်းနဲ့ သံချေးကိုက်နေတဲ့ တရုတ်ငှက်မြီးရှည်တံဆိပ် စက်ဘီးပေါ် တက်ခွတယ်။ ဒါဟာ ငါ့ဟာလီဒေးဗစ်ဆင်ကြီးပေါ့။

မြို့ကို ပတ်တယ်။ စက်တပ်ယာဉ်တွေ တဝေါဝေါကြားထဲ ငါ့ ငှက်မြီးရှည် ဟာလီဒေးဗစ် ဆင်ဟာ သိပ်အဆင်မပြေလှဘူး။ သူကြီးဆိုင်မှာ ဆံပင်ဝင်ညှပ်တယ်။ ငါ့ဆံပင်ဟာ ငါ့အလံကွလို့ ဟယ်ရီလင်းလို ကျူးရင့်ဖူးသူ ဆံသဆရာ ဆံရှည်ကြီးဟာ ခုတော့ ကတုံးအဘိုးအိုကြီး ဖြစ်နေခဲ့ပြီ။ မင်း မသေဘူးပေါ့တဲ့ ဆွေးမြွေမြွေ သူမေးတယ်။ သူ့ဆံသဆိုင်ကို ကျူးကျော်ခဲ့ဖူးတဲ့ ငါတို့အုပ်စု အယောက် ၃၀ မှာ နံပါတ်ဖိုးကြောင့် အသက်မသေပဲ ကျန်ရစ်တာ နှစ်ယောက်တိတိပေါ့။ ငါတို့ စကားဆက်မပြောဖြစ်ဘူး။ တိတ်တဆိတ် ဆံပင်ညှပ်ခဲ့ကြတယ်။ ငါ ထမထွက်ခင် သူကြီးက ပြော တယ်။

“မင်း နောက်တစ်ခါ ပြန်လာလို့ ငါသေနှင့်ပြီးခဲ့ရင်၊ ဟိုကောင်က ငါ့သားပဲ၊ သူ မင်းကို ဆံပင်ညှပ်ပေးလိမ့်မယ်တဲ့။ သူ မင့်ကို မမြင်ဖူးပဲသိနေတာ ငါ့အိပ်ရာဝင်ပုံပြင်တွေပေါ့ကွာ”

ပြောပြီးတာနဲ့ တံတွေး ထွီခနဲ ထွေးတယ်၊ စကားဝါ ဆေးပေါ့လိပ်ကို မီးညှိတယ်။ ငါ့ကို ဆက်မကြည့်ဘူး။ မျက်နှာလွှဲသွားတယ်။ ဆိုင်ထောင့်က ကက်ဆက်အစုတ်ကြီးကို သွားကလိနေ တယ်။ ငါဆိုင်ထဲကထွက်ပြီး ငှက်မြီးရှည်ပေါ်အတက်မှာ မပီမသနဲ့ သီချင်းသံကို ကြားလိုက်ရသေး တယ်။

“နှလုံးသားတစ်ခု ပန်းလေးတစ်ပွင့်အလား လွင့်ကြွေ မင်းလက်က လွှတ်ချလိုက်ပြီပဲ ငါ့ဘဝ အစိတ်စိတ်ကွဲလို့မွကြေ ဒါတွေဟာ သိပ်ချစ်ခဲ့လို့ပဲ”

ငါလှစ်ခနဲပြုံးမိတယ်ထင်ပါရဲ့။ ဇော်ဝင်းထွဋ်ရဲ့အချစ်သေနတ်ကိုငါဆက်ဆိုရင်းစက်ဘီး ကို ဆက်နင်းတယ်။ ပိုလန်နေရာမှာ အယ်လ်ဒီ ဓာတ်ပြားစက်ကြီးနဲ့ လက်ဖက်ရည်ဆိုင်မဟုတ်တော့ဘူး။ ငါစိတ်ပျက်တယ်။ ဆိုင်ပိုင်ရှင် ငါ့ဘော်ဒါ ဗလတောင့်တောင့် အရပ် ၆ ပေကျော် လူမိုက် ကြီး ဂျီးတန်ဟာ နံပါတ်ဖိုးနဲ့သေခဲ့ပြီ မဟုတ်လား။

တွေ့ကရာ လက်ဖက်ရည်ဆိုင် တစ်ဆိုင်ထဲ ငါဝင်ထိုင်ရင်း တွေးနေတယ်။ ဘာတွေဖြစ်ခဲ့ ပြီလဲပေါ့။ တံတားအောက်မှာ ရေတွေ စီးသွားခဲ့တာလား။ ဒါမှမဟုတ် ငါဟာ ပုံပြင်ထဲက ရပ်စ်ဗင်န် ဝင်းကဲလို တစ်နေရာမှာ အရက်မူးပြီး နှစ်ပေါင်းများစွာ အိပ်မောကျသွားခဲ့တာလား။ လက်ဖက်ရည် ဖန်ချိုမော့တယ်။ မွန်ထရီ၂ လိပ်လို့ မှာတော့ စားပွဲထိုးလေးက ခေါင်းခါတယ်။ ရှုဘီလပ်ကီး ဒါပဲတဲ့။ ငါ ဟက်ခနဲ အစိပ္ပာယ်မဲ့ရယ်မိတယ်။

ငါထဖို့လုပ်တယ်။ ရှင်းပြီးပြီကိုဖိုးသက်တဲ့၊ ဘေးဝိုင်းက ချာတိတ်တွေ။ ငါမသိတဲ့မျက်နှာ တွေပါ။ ငါပြုံးပြပြီး ထထွက်လာခဲ့တယ်။ လမ်းမှာ ခမောက်ငိုက်ငိုက်အောက်ကနေ ငါ့မယ် ရယ်ကျဲ ကျဲပေါ့။ ငါငယ်ငယ်က ကြည့်ဖူးတဲ့ ဟောင်ကောင်ဇာတ်ရှင်ကားကို သတိရတယ်။ **Goodbye** ဟောင်းကြီး **Mr. Lame Duck** ထင်တာပဲ။ လူမိုက်ဟောင်းကြီး ခြေတစ်ဖက်ဆာလို့ ခေါက်ဆွဲရောင်းစားရင်း ဇာတ်မြှုပ်နေရာက တစ်စုံတရာကြောင့် လမ်းပေါ်ပြန်တက်လာတဲ့အခါ လူငယ်လူမိုက်လေးတွေက သံပိုက်တွေ ဝက်ရိုးခုတ်ဓားတွေနဲ့ သူတို့နာမည်ပဲ ကြားဖူးတဲ့လူမိုက်ဟောင်းကြီးနောက်ကိုအတင်း လိုက်လာကြတော့တာလေ။ ငါအဲ့လောက်ကြီး မမိုက်ခဲ့ဖူးပါဘူးလေလို့ ဖြေတွေးမိတယ်။ ကိုရွှေဘ ကြောင့် ဖြစ်မယ်ပေါ့။ ဒါပေမယ့် ငါဟာ ခုခါမှာ **Lame Duck** တစ်ကောင်ဖြစ်နေခဲ့တာ သေချာ တယ်။

ကြက်ပေါင်ခြံဖက်ရောက်လာတော့ ငါ ချွေးအရမ်းထွက်တယ်။ မသက်မသာကြီး ခံစားရ တယ်။ မြေလမ်းလေးထဲ ချိုးကွေ့လိုက်တော့ ငါ့စိတ်ထဲ သူတစိမ်းဝတ္ထုထဲက မာဆော့ သူ့အမေရဲ့ အသုဘ လိုက်ပို့တဲ့အခန်းကို သတိရမိတယ်။

၂ မိနစ်လောက် လမ်းထဲဆက်သွားလိုက်တော့ ငါရည်ရွယ်ရာကိုရောက်ပြီ။ ကိုရွှေဘ၊ ကိုကြောင် ... ငါ့ငယ်ဘဝက မိုက်ဖော်တေဖက်တွေ သူတို့အကုန်လုံးကို မြှုပ်နှံထားတဲ့ နေရာပေါ့။ အုတ်ဂူတွေပေါ် ငါခဏထိုင်မယ်။ ဆစ်ကလက်ဖွာမယ်။ ငါဟာ လူဆိုးတစ်ယောက် မဟုတ်ခဲ့ ကြောင်း သူတို့ သက်သေထူပေးကြလိမ့်မယ် ထင်ပါရဲ့။

ငှက်ပျောသီး နဲ့ စာကလေး

ငှက်ပျောသီးနဲ့ စာကလေး ဆိုတဲ့ နှစ်ကောင်က ရေလည်မိုက်တယ် ဆိုတာကိုး။ မိုက် ကန်းတာကို ပြောတာ။ နို့ အလုပ်ကပြန်လာလို့ အိမ်ရောက် ရေမိုးချိုးစားသောက်ပြီး နားနေပြီဆိုတဲ့ အခါ သူတို့ရဲ့ မိုက်ဇာတ်လမ်းတွေချည့်ပဲ နားထောင်နေရတာကိုး။ အပြောနဲ့တင် တစ်ယောက်က အယ်လ်ကပုန်၊ နောက်တစ်ယောက်က စက်သေနတ်ကယ်လီလောက် နီးနီးမိုက်တဲ့ ဂန်းစတား တွေလို့ကို ယူဆရမလိုပဲ့။

နောက်တော့ ကိုယ်တို့ တူတူနေတဲ့ ၄ ယောက်ထဲက ဖိုးရှောင် (ပျောက်ဆုံးသွားသော သူငယ်ချင်း) အိမ်ပြန်မလာတော့ဘူး။ အဲ့ဒီ ဂန်းစတားနှစ်ကောင်နဲ့ ကိုယ်ပဲကျန်တော့တယ်။ တစ် နေရာရာကို ပြောင်းတော့မယ်လို့ စဉ်းစားနေတုန်း ဘယ်သူ့လက်ချက်မှန်းမသိ အိမ်အခောက်ကို ရဲရောက်လာတယ်။ အဲ့ဒီခေတ်က ဒီလိုချည့်ပါပဲ။ ဗမာချင်းချင်း အရက်သောက်ရင်း စကားများ

ရန်ဖြစ်၊ ဒါမှမဟုတ် အလုပ်နဲ့ပတ်သက်ပြီး အကျော်အခွလေးတွေဖြစ်ကြပြီဆို တစ်အိမ်နဲ့ တစ်အိမ် ရဲကို သတင်းပေးလိုက်တာပါပဲ။ ဗမာ ကွန်ထရက်တာတစ်ကောင်ဆို အဲ့ဒီအကွက်ချည့်ပဲ နင်းတာ။ ဗမာတွေကို အလုပ်ခေါ်ခိုင်း ၂ ပတ် ၃ ပတ်လောက်နေလို့ လူ ၇ ယောက် ၈ ယောက်စာ နေ့တွက်တွေ များလာပြီဆို ရဲကို သတင်းပေးလိုက်တယ်။ အကုန်ဝင်ဖမ်းသွားတော့ ပေးစရာရှိတာ

တွေ သက်သာသွားရော။

ခုလည်းရဲကားကအိမ်အခောက်ရောက်လာပြီ။ အိမ်ကဂန်းစတား၂ကောင်နဲ့ပဲ ပတ်သက် နေလိမ့်မယ်လို့ ကိုယ်ယူဆတယ်။ ထားပါတော့၊ ကိုယ်ပြောချင်တာက သိပ်မိုက်တယ်ဆိုတဲ့ ဂန်းစတားတွေရဲ့ အနေအထားလေးတွေ။

ပိတ်မိနေပြီဆိုတာသေချာသွားတော့ စာကလေးက အိမ်ထဲ ဟိုပြေးဒီပြေးနဲ့ ဘယ်လို လုပ်ကြမလဲ ဘယ်လိုလုပ်ကြမလဲ ဆိုပြီး အဆက်မပြတ် ရေရွတ်နေတယ်။ ငှက်ပျောသီးက တရှုံ့ရှုံ့နဲ့ ကြောက်ပြီး ငိုနေတာ နှပ်ချေးတွေပါ ထွက်တယ်။

ကိုယ် သူတို့ကို ထိုင်ကြည့်နေတာရယ်။ ဆစ်ကလက်တစ်လိပ် ဖွာရင်း

ဒီတိုင်း ထိုင်ငေး နေတာ။ လူတွေကို ခုတ်မယ်ထစ်မယ် ရိုက်မယ်တွေချည့် ပြောနေတဲ့ ကောင်တွေရယ်။

ဆစ်ကလက်ကုန်တာနဲ့ ကိုယ် အိပ်ခန်းထဲဝင်တယ်။ ရှပ်အင်္ကျီအသစ်တစ်ထည် ထုတ် ဝတ်တယ်။ ဘောင်းဘီ ခပ်သန့်သန့်လေး ကောက်ဝတ်တယ်။ ဆံပင်ကို ကော်ရည်သုတ်ပြီး လက်နဲ့သပ်တယ်။ ရှူးဖိနပ်စီးတယ်။ ဖွက်ထားသမျှ ပိုက်ဆံတွေ ဘောင်းဘီနောက်ဖက် ဖင်အိတ် ထဲ ထိုးထည့်တယ်။ ဧည့်ခန်းထဲက ဖြတ်ပြီး ငိုပွဲဆင်နေဆဲ အယ်လ်ကပုန်နဲ့ စက်သေနတ်ကယ်လီ တို့ ၂ ယောက်ကို ပြုံးပြရင်း အိမ်အပြင်ထွက်တယ်။ အခောက်ထပ်ဆင်းတယ်။

ပိတ်စောင့်နေတဲ့ ရဲတွေနဲ့ တွေ့တယ်။ ဘယ်သွားမလို့လဲ တဲ့ တရုတ်လိုမေးတယ်။ အိမ် ပြန်မယ်လို့ ပြောရင်း ပြုံးပြလိုက်တယ်။ သွားစေလို့ လက်ပြန်ပြလာတာနဲ့ ခြေလှမ်းမှန်မှန်လျှောက် ရင်း ဆက်ထွက်လာတယ်။ မိုးတဖွဲဖွဲတွေ ကြားထဲမှာ ရှပ်အင်္ကျီအသစ် ဘောင်းဘီအသစ်နဲ့ ကိုယ်ဟာ ကြောင်လေးတစ်ကောင်လို ပေါ့ပါးလွတ်လပ်နေတာပဲ။

စာကလေးနဲ့ငှက်ပျောသီးဟာ လူမိုက်တွေဆိုတာ ဟုတ်ချင်ဟုတ်မှာပေါ့။ ကိုယ် မသိပါ ဘူး။ ဉာဏ်တော့ မရှိတာသေချာတယ်။ အန္တရယ်နဲ့ ရင်ဆိုင်တဲ့အခါမှာ မတည်ငြိမ်တာတော့ သေချာတယ်။ အဲ့ဒါတွေဟာ လွန်ခဲ့တဲ့ ၁၆ နှစ်လောက်က ကိစ္စတွေပါ။ ကိုယ့်ဆရာတွေလည်း ဘယ်ဘဝ ရောက်နေပါလိမ့်မလို့ တွေးနေမိသေးတယ်။

ခုခေတ် ဖေ့စ်ဘွတ်ခ်တွေမှာ စတေးတပ်စ်တွေနဲ့ ချမယ် ခုတ်မယ်တွေ မြင်တိုင်း ကိုယ့် မယ် အိမ်ထဲပတ်ပြေးပြီး တတွတ်တွတ်တွေ ရေရွတ်လို့ သွေးပျက်နေတဲ့ စာကလေးနဲ့ တရှုတ်ရှုတ် ငိုနေတဲ့ ငှက်ပျောသီးဆိုတဲ့ လူမိုက်နှစ်ယောက်ကို ပြေးမြင်တာပါပဲလေ။

လေသိုင်းတတ်တဲ့ နတ်ကလျာ

အဲ့ဒီ စက်တင်ဘာမှာ နေကြာပန်းအဝါရောင်တွေ ပွင့်ခဲ့သလား ငါမမှတ်မိဘူး။ ငါမှတ်မိ တာက နေဝင်ရီတရောမှာ နင်တို့မြို့လေးကို ရစ်ခွေစီးဆင်းနေတဲ့ တူးမြောင်းနှုတ်ခမ်းပေါ်က သစ်လုံးအိမ် ဗျစ်ဆိုင်လေးထဲကနေ ရေကူးနေတဲ့ ငန်းရိုင်းတွေကို ငေးရင်း တစ်ခွက်တစ်ဖလား တူတူချခဲ့ဖူးတာ။

"မိသဲ"

"တကယ်တော့ငါ့ဘဝမှာ အလိုအပ်ဆုံးဆိုတာဟာ..."

"ဟုတ်..."

ငါ့ကို ငေးကြည့်နေတဲ့ နင့်မျက်လုံးတွေ ကြည်လင်တောက်ပလာတာ ကြယ်ပွင့်ကလေး တွေအတိုင်းပဲ။

"နင်လုပ်ကျွေးနေကျ နန်းကြီးသုတ်မှန်း ငါသိလိုက်ပြီ ဟီး"

"ဘာ

(ဒေါသစွက်နေတဲ့ ရေရွတ်သံစူးစူးလေး ထွက်လာ)

မချိုမချဉ်မျက်နှာပေးနဲ့ ငါ၊ စူတူတူပုတ်တုတ်တုတ်နဲ့နင်၊ ဖန်ခွက်တွေထဲက လက်ကျန် ကို ပြိုင်တူမော့လိုက်ကြတယ်။

"အကို"

(နီမြန်းမြန်းမျက်နှာလေးနဲ့ ငါ့ကို အင်္ဂ)

"ဟေ"

"Scumbag!! I fucking hate ya!"

မြူတွေအုံ့ဆိုင်းနေတဲ့ တောမြို့လေးရဲ့အလယ်ခေါင်ကို ဝါကျင့်ကျင့်မီးတိုင်တွေအစောက် ဖြတ်လျှောက်ရင်း ယိုင်နဲ့နဲ့ဖြစ်လာတဲ့

ငါတို့နှစ်ယောက် ဟိုတွန်းဒီထိုးရယ်။ စီးကရက်ကို မီးငြှိဖို့ ကြိုးစားနေတဲ့ ငါ့ အွတ်ခနဲမြည်သံနဲ့ တင်ပါးတစ်လုံး ပူခနဲဖြစ်သွားတယ်။ လမ်းတစ်ဖက် ပလက်ဖောင်းပေါ်က ငါတို့နှစ်ယောက်ကို ငေးနေတဲ့ ကုလားဖြူတစ်ကောင်ရဲ့ တဟားဟားအော်ရယ်သံ ထွက်လာတယ်။ ရှက်ရမ်းရမ်းပြီး ငါအော်တယ်။

"ဟာရောင် မိသဲ … ယိဖြစ်လို့ ငါ့ကို ဖင်ပိတ်ကန်တာလား"

"စပ်မြင်ကတ်လို့ ကန်တာလေ၊ သူများသားသမီးကို တပြွတ်ပြွတ်တော့ လုပ်တယ်၊ ချက်ကျွေးတာတွေ တဖြုန်းဖြုန်းစားတယ်၊ ပြီးတော့ ချစ်လည်းမချစ်ဘူး၊ သေနာကြီး … ထပ်ကန်ဦး

မယ်၊ ရော့စ်…လာထားအင့်ဟာ"

"သောက်ကလေး လူကြီးကို မလုပ်နဲ့နော် မြေမျိုသွားမယ် ခွီး"

ရှန်းရင်းဆန်ခတ်ဖြစ်နေတဲ့ ငါတို့နှစ်ယောက်ရဲ့မြင်ကွင်းဟာ ခုခါပြန်စဉ်းစားကြည့်တော့ လွမ်းမောဖွယ်ရာပေါ့။ မူးမူးနဲ့သောင်းကျန်းနေတဲ့ နင့်ကိုငါ ဖမ်းချုပ်ပြီး တစ်ပြွတ် နှစ်ပြွတ် ပြွတ်လိုက် တော့မှ နင်ဟာ ငြိမ်ကျသွားပြီး ခပ်တိုးတိုးမောနေတဲ့အသံလေးနဲ့ပြောလာတယ်။

"ဒီမယ် ရှင်ဟာ ကျမရဲ့မှော်ဆရာကြီး သိလား"

အဲ့ဒီနောက် ငါတို့ စီးကရက်တူတူဖွာပြီး ငြိမ်သက်နေကြသေးတယ်။ မိနစ်အနည်းငယ် အကြာမှာ နင်ဟာ မြို့လယ်ခေါင်က ကြေးရုပ်ဝဝကြီးကို မူးမူးနဲ့ တွယ်တက်နေပြန်ပြီ။ လေတွေက တဝီးဝီး တိုက်လို့။ တူနှယ့် တဲ့နှယ် ဗျောင် ဘာညာတွေ အော်ဟစ်နေတဲ့ အရက်မူးသမလေးကို ငါ စိုးရိမ်တကြီး အော်တယ်။

"ဟဲ့ ပြုတ်ကျမယ် ဆင်းခဲ့စမ်း သောက်ကောင်မလေး"

"နိုး… မဆူးပင်း မဆင်းပူး တူနှယ့်တဲ့နှယ် အုအု"

"ဟာကွာ"

မူးမူးနဲ့ ရီဝေဝေဖြစ်နေတဲ့ ခေါင်းထဲကအရသာ ပျောက်ချင်သလိုလိုဖြစ်လာတယ်။ ငါ နင့်ကို ချော့မော့လို့မရတဲ့အဆုံး၊ ဘေးဘီဝန်းကျင်ကို တစ်ချက်အကဲခတ်လိုက်တယ်။ အေးလေ ကွယ်၊ ဒီမြို့မယ် ဗမာစကားနားလည်တဲ့သူ တစ်ယောက်မှ မရှိပါဘူးလို့ တွေးရင်း ညစ်တီး ညစ်ပတ် ပြောခဲ့လွန်းတဲ့ အရှက်ကြီးလွန်းတဲ့ ငါ ကြေးရုပ်ပေါ်တက်ထိုင်နေတဲ့ နင့်ကိုမော့ကြည့်ပြီး အော်ဟစ် လိုက်မိတယ်။

"ခုချက်ချင်းဆင်းခဲ့စမ်း၊ ဆင်းဆို ဆင်း … အေး ဆင်းမလာလို့ကတော့ ဒီနေ့ည နင့်ကိုငါ မပြွတ်တော့ဘူး အပြွတ်လည်းမခံတော့ဘူးသာ မှတ်၊

ငါ့အတည်ပြောတာ … အတည်ပြောနေတာ နော်၊ တစ်… နှစ်…”

“ဝုန်း”

သောက်ပလုတ်တုတ်။ ငါ့ရှေ့ကို နှင်ခုန်ချလာတယ်။ လက်မောင်းကို ခပ်တည်တည် ချိတ်တယ်၊ ပြောင်ချော်ချော်မျက်နှာပေးနဲ့ ပါးကိုရှုတ်ခနဲနမ်းပြီး ပြောတယ်။

“အိမ်ကျန်ဖို့ဟိဟိ.. မီးမီးလိမ္မာတယ်…” တဲ့။ ကျနော့်ညီမလေးဟာ လေသိုင်းတတ်တဲ့ နတ်ကလျာ။

သီချင်းဒဏ္ဍာရီ

ဟိုနေ့က လမင်းရဲ့ ချိုသာတဲ့လက်ခုပ်သံ အကြောင်းပြုပြီး ခုခါမယ် ကိုယ်နဲ့ဝေးခဲ့ပြီဖြစ် တဲ့ **classical** သီချင်းတွေအကြောင်း ပြန်တွေးမိတယ်။ မနီးစပ်တဲ့ လူတွေ အလွယ်နားလည် အောင် ပြောရရင် အဲ့ဒီ သီချင်းတွေဟာ အဆိုမပါဘူး။ အတီးသက်သက်ပဲ။ အနောက်တိုင်း ဂန္ထဝင် သီချင်းတွေဟာ ပီယာနို၊ ချယ်လို၊ ဗိုင်အိုလင်း၊ ဂစ်တာ အစရှိတဲ့ တူရိယာတွေနဲ့ တီးခတ်ထားပြီး လစ်ရစ် ခေါ်စာသားတွေ မပါပါ။ သို့သော် သီချင်းတွေမှာ အဓိပ္ပာယ်တွေ အများကြီးပါနေပါတယ်။

ဆိုကြပါစို့၊ "ရိုမန့်စ်" ဆိုတဲ့ သီချင်း။ ရေးသူ အမည်မသိဘူး။ အချစ် အလွမ်းအဆွေး သီချင်း။ စာသား မပါဘူး။ ဒီတော့ကာ ဒီသီချင်းကို နားထောင်တဲ့အခါ နားထောင်သူရဲ့ အတိတ်က အချစ်ပုံပြင်တစ်ခုကို စိတ်ကူးကြည့်ပြီး နားထောင်နိုင်တယ်။ ခင်ဗျာ့အချစ်ဇာတ်လမ်းလည်း ဖြစ်နိုင် သလို ကျနော့်အချစ်ဇာတ်လမ်းလည်း ဖြစ်နိုင်တယ်ပေါ့။ အဲ့လိုမျိုးဆိုပါတော့။

ယိုကွင်းရော်ဒရီကိုရဲ့ ကော်န်ရှာတို ဒီ အာရန်ကွေး **(Concierto de Aranjuez)** ကို နားထောင်တယ် ဆိုပါတော့။ နည်းနည်းတော့ သူ့ရဲ့နောက်ခံအကြောင်းအရာကို သိထားဖို့လိုပြီ။

First movement မှာ ရွှင်မြူးစရာ သံစဉ်လေးတွေ။ ကျေနပ်ပျော်ရွှင်စရာလေး။ အဲ့လိုလေး နားထောင်လာရင်း၊ **Second movement** အရောက်မှာ ဆွေးရီရီ သံစဉ်တွေအဖြစ် ချိုးချသွားတယ်။ ဘာဖြစ်သွားတာလဲပေါ့။ ပထမအပိုဒ်က သီချင်းရေးသူရဲ့ အပျော်ရွှင်ရဆုံးသော အိမ်ထောင်ဦးပျားရည်ဆမ်းကာလကိုရည်ညွှန်းပြီး၊ ဒုတိယအပိုဒ်ကသူ့အမျိုးသမီးဖြစ်သူကိုယ်ဝန် ပျက်ကျလို့ ကြေကွဲခဲ့ရတာကို ရည်ညွှန်းတာကိုး။ ဒီအကြောင်းအရာကို နားထောင်သူက သိမထား ခဲ့ရင် လိုပ်ပတ်မလည်ဘူးပေါ့လေ။

ဒီနေ့ဒီခေတ်အခါမှာ အင်တာနက်ရှိနေတော့ကာ ကြိုက်တဲ့ ဂန္ထဝင်သီချင်းရဲ့နောက်ခံကို ဂူးဂဲလ်ခေါက်ရုံနဲ့ အလွယ်ဖတ်နိုင်ကြပေမယ့်လို့ ဟိုးယခင် ကိုပါပီတို့ ငယ်ငယ်က ဘယ်နားရှာရမှန်း မသိခဲ့ဘူး။

ဒီတော့ကာ **classical** သီချင်းတွေ ဂစ်တာနဲ့တီးတဲ့ အခါ ရမ်းသမ်းပြီး

ဖီးလ်ရတာပါပဲ။ ဒီသီချင်းကဟိုဟာကိုပြောတာဖြစ်မယ်ဒီဟာဖြစ်မယ်ဆိုပြီး ကိုယ်တီးလိုက်တဲ့ သံစဉ်ပေါ်မူတည်ပြီး ဖီးလ်တယ်ဆိုပါတော့။

ဟိုတစ်နေ့က ပြောသလို ကိုပါပီတို့ သူငယ်ချင်းတစ်သိုက် တောမြို့လေးမှာ **classical** ဂစ်တာအဟောင်းလေးတစ်လက်၊ လက်ထဲရှိသမျှနတ်စ်ကလေးအခွေလေးတွေနဲ့ကြံဖန်ခံစားနေ ကြရင်း “လီယန်းဒါး” ဆိုတဲ့ သီချင်းကို ဖွင့်နားထောင်ရင်း မင်းဘယ်လိုမြင်လဲ ဘယ်လိုခံစားရသလဲ ငါက ဘာပေါ့၊ အပြန်အလှန်ရှီးနေကြတယ်ဆိုပါတော့။ တခြားကောင်တွေက ဒီစောင်ကြမ်းသီချင်းကြီးကို နားထောင်ရတာ ဖုန်တလုံးလုံးနဲ့ စပိန်က နွားရိုင်းသတ်ပွဲတွေ မြင်တယ်ပေါ့။ နွားရိုင်းတွေရဲ့ ခတ်ချက်တွေကို အလူးအလှိမ့်နဲ့ ရှောင်တိမ်းနေတဲ့ နွားရိုင်းသတ်သမားတစ်ယောက်ကို ပြေးမြင်တယ် ဘာညာပေါ့။ အဲ့လိုတွေ ဖိန့်ဖိန့်တွေ ပွားနေကြရော။

ကိုပါပီအလှည့်လည်း ရောက်ကော “ဟာရောင် မင်းကော ဘာတွေမြင်လဲ” တဲ့။ အခွေကို ပြန်ရစ်စမ်း။ သီချင်း အစက ပြန်ဖွင့်မယ်။ ငါ ခံစားပြမယ်ကွပေါ့။ သီချင်းက စပိန်လို လီရန်းဒါး **Leyenda** ဆိုတာ အင်္ဂလိပ်လို **Legend** ၊ ဗမာလို ဒဏ္ဍာရီပေါ့ကွာ။ ဒါ့အပြင်ငါလည်း မပြောတတ် ဘူး။ ကိုင်း ရစ်လို့ရပြီလား။ ဖွင့်စမ်းသီချင်း။

သီချင်းစတယ်။ ဂစ်တာသံက တဖြေးဖြေးမြန်မြန်လာတယ်။

“သိမ်းဖာတောင်ကို မြင်တယ်ကွာ”

“ဟမ်”

သိမ်းဖာတောင် ဆိုတာ မြို့အထက်ဖက် မြစ်ကြောင်းအတိုင်း တက်သွားရင် တွေ့ရတဲ့ တောင်။ ဒဏ္ဍာရီလာ နဂါးမနဲ့ လူနဲ့ ညားတဲ့ပြီး ဘုရားတည်ထားတာဆိုလား။

“သိမ်းဖာတောင်က မတ်စောက်စောက် လှေကားထစ်အတိုင်း ဟိုးတောင်ခြေကို ရှမ်းအဘွားကြီးတစ်ယောက် ပြေးဆင်းလာတာ မြင်တယ်ကွာ”

“ထဘီအနားစတွေကို လက်နှစ်ဖက်နဲ့ စုံကိုင်ပြီး ဒုန်းပြေးလာတာ၊ သေးပေါက်ချင်လို့။ တောင်ပေါ်မှာက နတ်ကိုင်တတ်တယ်ဆိုတော့ မပေါက်ရဲဘူးလေ”

ဂစ်တာသံက စောင်ရမ်းမြန်လာပြီ။

“ပြေးဆင်းတယ်၊ ပြေးဆင်းတယ်၊ ဟာ တောင်အခြေက်ရောက်ပြီ၊ ဆောင့်ကြောင့်ထိုင်

တယ်”

သီချင်းဒုတိယအပိုဒ်အကူး၊ ဂစ်တာသံကငြိမ်ဆင်းသွားတဲ့နေရာအရောက်... “အဘွားကြီး ထဘီခြုံပြီး ဝေါခနဲ ပေါက်ချလိုက်ပြီ၊ ကောင်းလိုက်တာတော်...” တဲ့။ ဂစ်တာသံ ပလန် ဆိုတဲ့ အသံလေးအခတ်...

“အမယ်၊ ပေါက်ပြီးတော့ ထဘီလေးကိုင်တဲ့ပြီး ခါလိုက်သေးတယ်ဟေ့” ဂစ်တာသံက ဒုတိယအပိုဒ်အပြီး တဖြေးဖြေးပြန်ကြွမ်းဖို့ ပြင်လာပြန်တယ်။

“ထဘီကို တင်းတင်းပြန်ဝတ်ပြီး တောင်ပေါ်ပြန်တက်ဖို့ပြင်နေပြီခင်ဗျ” အဲ့လိုလေး ပြောခါရှိသေး၊ ကိုပါပို့ဘော်ဒါတွေက ဘာပြောတယ်မှတ်လဲ။

“ငိုးမရေ... ကမ္ဘာကျော်သီချင်းလည်း ပျက်ကုန်ပြီ၊ တော်ပါတော့ကွာ ...” တဲ့။

လက်ဝဲဖက်နဲ့ ထမင်းစားတဲ့ လူ

ကွန်ပူနစ်ဆိုတဲ့လူတွေက လူထုအုံကြွအောင် လုပ်တဲ့နေရာမယ် နှစ်ယောက်မရှိဘူး ရယ်။ ကိုယ်က လက်ဝဲစာလေး ဘာလေး နည်းနည်းဖတ်ဖူးပေမယ့် ဆစ်ကလက် တဖွာဖွာ၊ ဝီစကီ လေး တမြမြ လုပ်ချင်တော့ကာ အဲ့ဒီဝါဒနဲ့ နည်းနည်းဝေးတယ်။ ပညာလေး အတန်းနည်းနည်း တက်ခဲ့ဖူးတော့ ပညာတတ်ရင် တွေဝေတယ်လို့ သူတို့အဆိုရှိသကိုးဗျ။ ဒီတော့ကာ ကိုယ့်ကို ကွန်ပူနစ်ဆင်ပတိုက်ဇာ လို့ ခေါ်လို့ရမယ်ထင်တာပဲ။ ထားလိုက်ပါတော့။

ကိုယ်ပြောချင်တာက ကွန်ပူနစ်တွေ လူထုကို ဘယ်သို့ဘယ်ညာ လှုံ့ဆော်တတ်တယ် ဆိုတာ။ ဟိုးရှေးခေတ်က ဘားမားရိုင်ဖယ် သရီး **(3rd Burma Rifles)** ထဲသိန်းဖေမြင့် ခဏဝင်ပြီး တရားဝင်ဟောလိုက်တာ တပ်ရင်း နှစ်ခြမ်း ချက်ချင်းကွဲ၊ တစ်ခြမ်းက ဖဆပလအစိုးရကို သူပုန်ထဖို့ တောထဲဝင်သွားတယ် ဆိုတာမျိုး။

တရားဟောတဲ့ သိန်းဖေမြင့်ကျတော့ တောမခိုဘူးဆိုလား။ ဘယ့်နှယ့်ဟာတုံး မသိပါ ဘူး။ အတော်စွမ်းတဲ့ လူတွေပါလားပေါ့။

အဟမ်း အင်ထရိုဝင်ပြီးပြီ။ တကယ့်ဇာတ်လမ်း လာတော့မယ်။ သောက်တင်းအုပ်ချင် လွန်းလို့ ပျိုးနေရတာ ဟီ ဟီ။ အဲ့လို ကွန်ပူနစ်အစစ်ကြီးတွေ မပြောနဲ့၊ ကွန်ပူနစ်အတုခေါ်မလား ကိုင်းဖျားကိုင်းနားခေါ်ရမလားအဲ့လိုလူတွေတောင်ဘယ်လောက်စွမ်းတယ်မှတ်သလဲ။ နားထောင် ကြည့်။

တစ်ခါက ကိုယ့်ဘော်ဒါတစ်ယောက် တောကနေ ရန်ကုန်တက်လာပြီး လာလည်တယ်။ ကိုယ်နဲ့ ရန်ကုန်တက္ကသိုလ်စာတိုက်နားက ဆိုင်မယ် လက်ဖက်ရည်လေးဘာလေး သောက်ပြီး အာလူးဖုတ်နေကြရော။ အဲ့ဒီမယ် ဟိုလူရောက်လာတယ်။ ဘယ်လူလဲဆိုတော့ လက်ဝဲဖက်နဲ့ ထမင်းစားတဲ့ လူပေါ့။ သူ့သောက်ကျင့်အတိုင်း ဝိုင်းထဲဝင်လာတာနဲ့ ဘယ်ကောင့်မှ လူမထင်တဲ့ ပုံ နဲ့ ကိုယ့်မျက်ခွက်ချည့်ပဲ စိုက်ကြည့်ပြီး သူပြောချင်တာတွေ စွတ်ပြောနေတာ နာရီဝက် တစ်နာရီ လောက် ရေပက်မဝင် ပြော။ အာညောင်းသွားတော့ ကိုင်း ပြန်ပြီကွာဆိုပြီး ထထွက်သွားတယ်။ ကျန်တဲ့ဝိုင်းထဲ ထိုင်နေတဲ့ကောင်တွေကို တစ်ချက် ငဲ့ကြည့်မသွားဘူး။ ကိုယ့်မယ် အလည်လာတဲ့ ဘော်ဒါကို မျက်နှာချိုသွေးနေရတယ်၊ အဟက် ငါ့သူငယ်ချင်းကွ၊ မင့်ကို

သောက်ဖက်မလုပ်တာ ရိုင်းတယ် မထင်နဲ့၊ သူက ဒါဖြစ်နေတာ သိလားပေါ့ (နားထင်ကို လက်ညှိုးနဲ့ထောက်ပြ)၊ အဲ့လိုနဲ့ ဝိုင်းသိမ်းသွားတယ်။ နောက်တနေ့ကျတော့ ကိုယ့်ဘော်ဒါပြန်ရောက်လာပြီး ဇာတ်စုံခင်းကော။

မင့်သူငယ်ချင်း ဆိုတဲ့လူလေ၊ ဆံပင်အရှည် ခေါင်းစုတ်ဖွားမနေ့ကလူလေ...ငါမနေ့ည ကအပြန် လှည်းတန်းကနေ ဘတ်စ်ကားစောင့်စီးတာ သူလည်း မှတ်တိုင်မှာ ရပ်နေတယ်။ ငါလည်း သူ့ရုပ်ကြီးက မျက်နှာမာကြီးဆိုတော့ ဘယ်နှုတ်ဆက်ရဲမလဲ။ အဲ့မယ် ဘတ်စ်ကားတစ်စီး ရောက်လာတော့ သူလည်း တက်၊ ငါလည်း တက်ပေါ့။ စပယ်ယာက ပိုက်ဆံကောက်တော့ မင့်လူက ၆၀ ထုတ်ပေးတယ်။ စပယ်ယာက တစ်ယောက်တစ်ရာ ကျတယ်တဲ့။ ဟရောင် ဘာတစ်ရာလဲဆိုတော့ ဒါ ညကြီးပိုင်းမို့ တစ်ရာကောက်တာတဲ့။ ဒါနဲ့ မင့်လူက ပြန်မေးတယ် မင့်တို့ဟာက လိုင်းကားလား အခေါက်ဆိုက်ကားလားဆိုတော့ စပယ်ယာက လိုင်းကားတဲ့။ အဲ့မယ် သူကဘာပြောလဲဆိုတော့ နေ့ပိုင်းတစ်ယောက်ကို၂၀၊ ညပိုင်းတစ်ယောက် ၆၀၊ ဒါ တရားဝင်ထုတ်ပြန်ထားတာ။ လိုင်းကားဆို ယိမ်မို့တစ်ရာတောင်းတာလားဆိုပြီး သောင်းကျန်းကော။ သူ့ဖာသူ မပေးရုံတင်မက ဘတ်စ်ကားပေါ် က ခရီးသည်တွေကို လျှောက်တရားဟောတယ်။ ကျုပ်တို့ကို မတရားကျင့်ကြံနေတာ ဒီလိုခေါင်းငုံ့ ခံမနေကြနဲ့။ သပိတ်စုံ သူပုန်ထကြလော့ ဘာညာ။ ခင်ဗျားတို့ ပိုက်ဆံ ၄၀ ကို ဒီဒရိုင်ဘာနဲ့စပယ်ယာ မတရားခေါင်းပုံဖြတ်ထားတာ။ ကျုပ်တို့ အခွင့်အရေးအတွက် ရရာလက်နက်စွဲကိုင် တော်လှန်ကြ။ သပိတ် သပိတ် မှောက်မှောက်၊ ပက်ဆံ ၄၀ ပြန်အမ်းရေး ဒို့အရေး ဒို့အရေး၊ အဲ့လိုတွေလျှောက်ပြီး အော်ဟစ်ပစ်တာ။ မှုင်မောင်းတွေ ဘာတွေနဲ့ဆိုတော့ ခရီးသည်တွေက ဆူပွက်လာကော။ အို ဘာပြောကောင်းမလဲ၊ စပယ်ယာကို ဝိုင်းပြီး ဖိအားပေး၊ အမ်းအမ်း ခုချက်ချင်း ပြန်အမ်း ဆိုတာချည့် ပဲ။ နောက်ဆုံး ဒရိုင်ဘာလုပ်သူကအစ ကားကို မီးပွိုင့်မယ် ဆက်မမောင်းရဲပဲ ကန့်လန့်ကြီးရပ်၊ ခုံကနေထလာပြီး အမလေးဗျာ အားလုံးကို ပြန်အမ်းပေးပါ့မယ်၊ မလုပ်ကြပါနဲ့၊ မဆူကြပါနဲ့ ဆိုပြီး ချော့မော့ရကော။ ငါ့မယ် ပါးစပ်အဟောင်းသားနဲ့၊ ဒါမျိုးလည်း တစ်ခါမှ မမြင်ဖူးတော့ အံ့သြတကြီး ပေ့ါ။ အဲ့လို လူမျိုး ၁၀ ယောက်လောက် ပေါင်းမိလို့ကတော့ နောက်ထပ် ၈ လေးလုံး အရေးခင်း ထပ်ဖြစ်လောက်တယ် သိလားတဲ့။

ဒီကိစ္စ တကယ်ဟုတ် မဟုတ်၊ အဲ့ဒီ လက်ဝဲဖက်နဲ့ ထမင်းစားတဲ့လူကို သွားမေးကြည့်ကြပေ့ါဗျာ။

ကာဖီဆိုင်မှာ ဒင်းကို ထားရစ်ခဲ့

"မနေ့ညက ကြယ်တွေ အရမ်းကြွေတာပဲ အိရယ် ... ကိုယ် တစ်ညလုံး အိပ်မပျော်ဘူး သိလား"

မင့်မျက်ခွက်ကြီးက ယိမို့ စပ်ဖြဲဖြဲလုပ်နေရတာလား။ ပြင်စမ်း၊ မျက်နှာငယ်လေး ဖြစ်အောင်။ မျက်လုံးတွေကို မှိန်ဖျော့သွားအောင် ကာလာတုံးတွေ ချပစ်စမ်း။ ဒီမယ်ကြည့် ငါလုပ်ပြမယ်။

အဲ့ဒါ ဒါရိုက်တာပါပီ သူ့ဘော်ဒါကို နှုတ်တိုက်သင်ပေးနေတာ။ သူ အပီအပြင်ကြွေနေတဲ့ ကောင်မလေးကို သွားတွေ့ရမှာကိုး။ တစ်ပတ်တစ်ခါ သွားတွေ့ပြီး ပွားရတာဆိုတော့ကာ အဲ့လို မသွားခင်လေး ထရိန်နင် ဘာညာပေ့ါ။

ဒီကောင်က လူကသာ ကျန်ကျောင်းရုပ်၊ ခိုးချင်တာ သူ့ပြင်မရှိတယ်၊ လက်ကလည်း ချာလို့ ဆိုတာမျိုး။ မိန်းကလေးတွေနဲ့ စကားပြောရရင် ခြေတန်္ဓလက်တုန် ဘောအကြီးသောက်ချိုး နဲ့။ ရည်းစားကလည်း မထားဖူး။ ငါမကယ်ရင် သေဖွယ်ပဲ ဆိုပြီး မောင်ပါပီက အဲ့လိုလေးတွေ ချရေးပေး။ တစ်ညလုံး အလွတ်ကျက်ထား၊ မနက်ကျရင် ပြန်ရွတ်ခိုင်း။ အမူအရာလေးတွေပါ သင်ပေး၊ ပြီးမှ သွားကြူပေ့ါ၊ အဲ့လိုမျိုး။ အဖိုးအခကတော့ စနေညတိုင်း အရက်အဝတိုက်ပေ့ါ။

ပြောချင်တာက အဲ့ဒီဘောအဟာ ဘယ်လောက်အသလဲ ဆိုတော့။ တစ်ရက် မောင်ပါပီ အလုပ်မအားတော့ စနေည အိမ်ပြန်မလာဘူး။ တနင်္ဂနွေလည်း ရောက်ကော သူ့ကောင်မလေးဆီ သွား၊ ဘောအကြီးလို လူသေမျက်ခွက်နဲ့ ငုတ်တုတ်ကြီးသွားထိုင်နေသတဲ့။ အဲ့မယ် ဟိုကောင်မ လေးက ဘာပြောတယ်ထင်လဲ။

"ရှင့်သူငယ်ချင်း ဘာမှမသင်ပေးလိုက်ဘူးလား" တဲ့။ အဲ့ဒါကို ကိုယ့်ဆရာက ဘာပြန်ပြောတယ် ထင်သလဲ။ "ဟာ... ခင်ဗျား ဘယ်လိုသိသွားတာလဲ" တဲ့။ ငုံးမ ဘောအ။ ဖိနပ်ချေးလူးပြီး ပါးပိတ်တီးဖို့ကောင်းတာ။

ထားလိုက်ပါတော့။ အဲ့ကောင်မလေးက ခပ်ထက်ထက်ရယ်။ "ဇ"လည်း ပြင်းတယ်။ "ဇ" ပြင်းတယ်ဆိုတာ တခြားမဟုတ်ဘူး။ အရင်ရည်းစားတုန်းက

နောက်တစ်ယောက်တွဲတယ် ကြားလို့ လွယ်အိတ်ထဲ ကတ်ကျေးထည့်ယူသွားပြီး နင်လားဖောက်ပြန်တာဆိုပြီး ထိုးတာဆိုလား အမစီး။

နောက်ဆုံးတော့ဗျာ ရုပ်ချော၊ သဘောကောင်း၊ ပညာတတ်တဲ့အပြင် အူတူတူ အတတ မောင်ပါပဲ့ဘော်ဒါကို ငါလိုသလိုကြိုးကိုင်လို့ရမယ်ဆိုပြီး ဆုံးဖြတ်လိုက်ပုံရတယ်။ရှင့်ကိုကျမအဖြေ ပေးမယ်ဆိုပြီး ချိန်းလိုက်ကော။

ပြဿနာက ကိုယ့်ဆရာ ဘောအ။ တုန်တုန်ရီရီနဲ့ ငါမသွားဘူး၊ ငါမသွားရဲဘူး၊ မင်း ...

မင်းပါ လိုက်ခဲ့ပေးပါတဲ့။ ကိုင်း၊ ဆရာ မြင့်သန်းအလုံးနဲ့ ပြောရရင် လူကြားလို့မကာ ခွေးကြားလို့မှ မကောင်းတဲ့ ဟာမျိုး။ နောက်ဆုံး သေမလိုဖြစ်နေတော့၊ အေးပါ သွားရယ်ဆိုပြီး လိုက်သွားကော။ အဲ့မှာ စတွေ့တယ်။ ဒန်ဒန့်ဒန်ပေ့ါ။

ကောင်မလေးက မောင်ပါပီကို မြင်တော့ စနိတ် စနိတ်ဆီး သည့်လက် အထာနဲ့ ခပ်ပြုံး ပြုံး။ “နင်မလား ဟိုကောင့်ကို သင်ပေးနေတာ” ပေ့ါ။ မောင်ပါပီကို ရှိတယ်လို့ မထင်ဘူး ဆရာရေ့။ ဟိုကောင့်ကို ကာဖီဆိုင်ထဲမယ် မောင်ပါပီရှေ့မယ် ပေါ်တင်ပဲ စကားစပြောတယ်။

“ရှင့်ကို မေးခွန်း ၃ ခု မေးမယ်။ အဖြေက ကျေနပ်လောက်စရာဆို ရှင်လိုချင်တာရပြီ”တဲ့။ ဟိုကောင်လား။ ဟုတ် ဆိုပြီး ရှက်ဝဲဝဲနဲ့ ခေါင်းငုံ့၊ လက်မနှစ်ခုကို ပွတ်နေတယ်။ မမလေးက ထီမထင်ဟန်နဲ့ စကားစတယ်။

“နံပါတ်တစ်၊ ဖဲရိုက်လား”

“ဟင့်အင်း”

“နံပါတ်နှစ်၊ အရက်သောက်လား”

“နည်းနည်း”

“ရတယ် ကျေနပ်သယ်။ နောက်ဆုံးတစ်ချက်ပဲ မှန်မှန်ဖြေတော့၊ ဒါပြီးရင် ပြီးပြီ။ နံပါတ် သုံး၊ မိန်းမ လိုက်စားဖူးသလား”

“အင်း ...အဲ...ဟို...ဟယ်”

(မောင်ပါပီဖက်လှည့်ပြီး မျက်နှာနီနီနဲ့ ကြည့်လိုက်သေးတယ်)

“သူ... သူငယ်ချင်းတွေ...အ...အတင်းခေါ်လို့ နှစ်ခါ လုပ်ဖူးတယ် အစ် အစ်”

“ခုလို ဝန်ခံရဲတဲ့ အတွက် ရှင့်ကို ကျမ ချစ်တယ်”

မောင်ပါပုံစိတ်ထဲမယ် စီးထားတဲ့ ဆင်ခြောက်ကောင် သားရေဖိနပ်ကို ချွတ်ပြီး အဲ့ကောင် သောက်ခွက်ကို အားရပါးရ ပိတ်တီးချင်လိုက်တာ ထိန်းလို့ကိုမရတာ။ ငုံးမသား၊ မလုပ်ဖူးဘူးဆို လည်း သူ့လိုဘောအကိုဟိုကယ့်နေမင့်ဟာ။ ပြီးတော့သူငယ်ချင်းခေါ်လို့ဆိုပြီးမောင်ပါပဲ့မျက်ခွက် ကို စေ့စေ့ကြည့်လိုက်သေးတယ်။ သူ့မေတစ်တီတူးလေ။ ကြုံလို့ပြောရရင် အဲ့ဒီသူငယ်ချင်းဆိုတာ မောင်ပါပီ လုံးဝမဟုတ်ဘူး သက်လား။ အမှန်က အဲ့ဒီအရွယ်ကထဲက မိန်းမလိုက်စားတာကို အရိယာ ဖြစ်စပြုနေတဲ့ မောင်ပါပီဟာ မစင်ဘင်ပုတ်လိုရွံ့ရှာတတ်နေပြီ။

ခုတော့လည်းအဲ့ဒီ“ဘောအ”ဟာအဲ့ဒီကောင်မလေးနဲ့ညားပြီးကလေး၃ယောက်ရနေ ပါပြီ။ တစ်ခါတလေ ဖုန်းဆက်ပြီး အရက်သောက်ရအောင်လို့ ချိန်းရင်၊ အိမ်က ဂျိုးဇက်စတာလင်ကို မင်းခွင့်တောင်းပေးမလားတဲ့။

ဘဝဆုံးသွားတာ ဟိုကာဖီဆိုင်မယ် အဖြေရကတည်းကပဲ ထင်ပ့ါ။

ဒိုင်ဗင်ရွှေဘ

ထိုစဉ်က မောင်ပါပီတို့လူပျိုပေါက်အရွယ်ဖြစ်သည်။ မိုးကျ၍ မြစ်ရေတက်လာလျှင် ရှပိုး ထိုးစပြုလေပြီ။ နေဝင်မိုးချုပ်သည်နှင့် ဓာတ်တိုင်တွင် တိုင်မယိုင်အောင် အထိန်းအဖြစ် တပ်ဆင် ထားသော သံမဏိဝင့်ကြိုးကို ဖြုတ်ခိုးရန်ကြံသည်။ အဆင်ပြေသည့်နောက် ကားဝပ်ရှော့တစ်ခုမှ တာယာအဟောင်းတစ်ခုတောင်းယူကာ လက်ကိုင်၍ကောင်းရုံ ဓားဖြင့်ဝိုက်လှီးသည်။ မြစ်ကမ်းပါး အမြင့်ကြီးတွင် ရေထဲသို့ကိုင်းကျနေသော ကုက္ကိုပင် အကိုင်းကြီးကြီးတစ်ခုတွင် သံမဏိကြိုးကို တက်၍ ချည်နှောင်ကာ တစ်ဖက်အစတွင် ကားတာယာကို တပ်ဆင်လိုက်လျှင် ကမ်းပါးမှ ရေထဲသို့ ဒန်းလွှဲသလို လွှဲကာ ဒိုင်ဗင်ထိုးနိုင်လေပြီ။ ကမ်းပါးပေါ်မှ တာယာကွင်းကို ကိုင်ကာ အရှိန်ဖြင့် ဝှီးခနဲ တွဲလွဲခိုပါသွားပြီး မြစ်ပြင်ပေါ်အရောက် ရေထဲသို့ဗွမ်းခနဲ ဒိုင်ဗင်ထိုးဆင်းရသော အရသာကား ဘာနဲ့မှမတူ ဇိမ်ရှိလွန်းလှသည်။

တစ်ညနေတွင် တဟီးဟီး တဟားဟားဖြင့် ကမြင်းနေကြသော မောင်ပါပီတို့ သမန်းရှ တစ်သိုက်အနား အမှိုက်တွန်းလှည်းလေး တွန်းကာ မြစ်ကမ်းပါးသို့ အမှိုက်လာသွန်သည့် ရပ်ကွက် ထဲမှ ဘရုစ္စလီ ရောက်လာသည်။ အန္တိပုဂ္ဂိုလ်ကား ထိုခေတ်က နာမည်ကျော် ကွန်ဖူးမင်းသား ဘရုစ္စလီနှင့် ကိုယ်လုံးကိုယ်ထည်သာမက မျက်နာပေါက်ပါ ခပ်ဆင်ဆင်တူသည့်အပြင် (မတူသည်ကား တလက်လက်ထကာ အတန်ငယ်ခေါ်နေသည့် ရွှေသွား) ထိုမင်းသားကဲ့သို့ ကိုယ်လုံ ပညာ သိုင်းပြောင်းပြန်၊ ဗန်တို၊ဗန်ရှည်၊ ဗန်လတ် ဘာညာ အကုန်ကျွမ်းကျင်သည်ဟု နာမည်ကျော် လေသည်။ သို့သော် အလုပ်အကိုင်ကား ၄င်းဖခင်ပိုင်သည့် တရုတ်လက်ဖက်ရည်ဆိုင်တွင် နံနက်စောစော နံပြားရိုက်ခြင်းနှင့် မိုးချုပ်လျှင် အသုဘအိမ်တကာ လှည့်ကာ ဖဲရိုက်ခြင်းနှစ်ခုသာတည်း။

မောင်မောင်သန်းဆပ်ကပ်ထဲမှ ကျွမ်းဘားကျွမ်းကျင် ချာတိတ်လေးများကဲ့သို့ အစွမ်း ပြနေသည့် မောင်ပါပီတို့အား အင်္ကျီချွတ်၊ ဝက်ဝံတံဆိပ် ပုဆိုးတိုတိုဝတ်ထားသည့် ဘရုစ္စလီရွှေဘ တစ်ယောက် လက်ချာဝင်ရိုက်သည်။ သူငယ်စဉ်က ယခုကဲ့သို့ ဒိုင်ဗင်ထိုးဆော့ကစားရာတွင် ရပ်ကွက်ထဲတွင် ဘုရင်တစ်ဆူဖြစ်ခဲ့သည်ဟု ကြွားဝါသည်။ လေထဲတွင် ကိုယ်ကို မည်ကဲ့သို့လှည့် ရသည် ဘာညာ။ အသံကျယ်ကျယ်ဖြင့် လက်ချာရိုက်ရင်း စိတ်နောက်ကိုယ်ပါ ပုဆိုးခါးတောင်း ကျိုက်၍၊ ဟိတ်ဒီမှာကြည့် ဟုဆိုကာ

မြေပြင်ပေါ်တွင် နောက်ကျွမ်းထိုးပြလိုက်သေးသည်။ အခေ် ကျယ် အခေ်ကျယ်ဖြင့် စကားပြောနေသော်ငြား သူ့မျက်လုံးများက တခြားသို့ လှမ်းလှမ်းကြည့်နေ သည်။

ကျွန်ုပ်တို့ဇာတ်လိုက်ကျော်ကား မြစ်ကမ်းပါးအခောက် မလှမ်းမကမ်းရှိ ဝါးဖောင်တွဲများ ပေါ်တွင် အဝတ်လျှော်ရင်း ၎င်းအား လှမ်းလှမ်းကြည့်နေသော ရုပ်ကွက်ထဲမှ မမိချိုလေးရှေ့တွင်အစွမ်းပြချင်နေမှန်း မောင်ပါပီ ရိပ်မိလေပြီ။ ချောက်တွန်းတတ်သည့် မောင်ပါပီတစ်ယောက်ပြုံးစစ ဖြင့် ကားတာယာကွင်းကို ဘာရုစ္စလီရှေ့ဘလက်ထဲ ထည့်ကာ ရေထဲကို ဒိုင်ဗင်ထိုးပြစမ်းပါ၊ ပညာယူ ချင်လို့ပါဟု တောင်းဆိုသည်။ ထိုခွင်ကို ချောင်းနေသည့် ကွန်ဖူးမင်းသားကား တာယာကွင်းကို လှမ်းကိုင်သည်။ သေချာကြည့်နော် နှစ်ပတ် လေပေါ်မှာ လှည့်ပြပြီးမှ ဒိုင်ဗင်လှလှကလေးထိုးမှာ၊ အရှိန်များအခောင်ငဲ့ါကိုဝိုင်းတွန်းပေးဟုဆိုသည်။ ဝါးဖောင်ပေါ်မှ မမိချိုလေးအဝတ်လျှော်တာရပ်ပြီး အခြေနေကို လှမ်းကြည့်နေလေပြီ။

ဝမ်း...တူး...သရီး...။

ဝိုင်းတွန်းလိုက်သည့်အရှိန်ဖြင့်တာယာကွင်းကိုကိုင်ရင်းမြစ်ပြင် ဖက်သို့ ရိပ်ခနဲပါသွားသည်။ ရုတ်တရက် ဘာဖြစ်သွားသည်ကို မသိလိုက်ရ။ အနေးပြကွက်ဖြင့်မြင် အခောင်ကြည့်ရလျှင် ကမ်းပါးနှင့် အဝေးဆုံးအရောက် ဘာရုစ္စလီရှေ့ဘတစ်ယောက် လေပေါ်တွင် နှစ်ပတ်လှည့်ကာ ကျွမ်းထိုးသည်။ ကံမကောင်းသည်ကား ကားတာယာအဝိုင်းထဲသို့ စွပ်ခနဲပြန်ဝင် သွားသည်။ ချိုင်းနှစ်ဖက် တာယာကွင်းတွင် ချိတ်ကာ အရှိန်ဖြင့် ပြန်ပါလာသည်။ ကုက္ကိုပင်ကြီး၏ ပင်စည်ကို အုန်းခနဲ ပြေးဆောင့်သည်။ နာရီချိန်သီးကဲ့သို့ ရမ်းတန်းတန်းဖြစ်ကာ မြစ်လယ်ဖက်သို့ ပြန်ပါသွားသည်။ ထို့နောက် အရှိန်သေကာ လေထဲတွင် ရပ်နေလေသည်။ မောင်ပါပီကား မတ်တပ် ပင် မရပ်နိုင်။ ဆောင့်ကြောင့်ထိုင်ကာ မိုက်နှိပ်ရင်း ရယ်နေမိသည်။ ကိုယ့်ဆရာသမားကား ကုက္ကိုပင်ကို ဝင်ဆောင့်စဉ်က ပုဆိုးခါးတောင်းကျွက် ပြေသွားပြီး ယခု လေထဲတွင် တာယာကွင်းစွပ်
လျှက်ကလေးဖြင့်ဖင်တုံးလုံးတန်းလန်းတန်းလန်းဖြစ်နေသည်မဟုတ်လား(အောက်ခံဘောင်
မပါချေ)။ ၎င်း၏ ဝက်ဝံတံဆိပ် ပုဆိုးအဝါလေးအားဝါးဖောင်ပေါ်မှ မမိချိုလေးက ဆယ်ယူရရှိသွား ချိန်တွင် မောင်ပါပီတို့ ကလေးတစ်သိုက် သံချိတ်တပ်ထားသော ဝါးလုံးဖြင့် ဘာရုစ္စလီအား လှမ်းဆွဲ ကာ ကမ်းပါးဖက်သို့ ဆွဲယူလိုက်နိုင်သည်။ ကမ်းပါးပေါ်ရောက်လာသည်နှင့် ချိုင်းနှစ်ဖက်က ပွန်းပဲ့ ရာများအပြင် သစ်ပင်နှင့် ဝင်ဆောင့်မိသည့် ဒဏ်ကြောင့် မြေပြင်ပေါ်တွင် ခွေခွေလေး လှဲချကာ တအီးအီး အခေ်ညည်းနေရှာသည်ကို မြင်မကောင်းသဖြင့် ပုဆိုးတစ်ထည်ယူကာ အုပ်ထားပေးရ သည်။

ထို့နောက် မည်သို့မျှ မထနိုင်တော့သည့် ဒိုင်ဗင်ဆရာကြီးအား ပုဆိုးပတ်ပေးကာ ၎င်း၏ အမှိုက်လှည်းပေါ်တင်ရင်း အိမ်သို့ ပြန်ပို့လိုက်ရလေသည်။ အိမ်သို့အရောက်တွင် ဘာရုစ္စလီ၏ ဖခင် ဖြစ်သူ တရုတ်ကြီးကား ဒေါသထွက်ထွက်ဖြင့် အခောက်ပါအတိုင်း ဆဲဆိုလေပြီ။

“မီးမေရိုး တီလောက် ကမြင်းတာ၊ ငါ့အိမ်ပြန်လာမပို့ပဲ မြစ်ထဲ မျှောလိုက်တာ မီဟုတ်ပူး...” တဲ့။

အထက်ပါအဖြစ်အပျက်များဖြစ်ပြီး နှစ်ပတ်မျှအကြာတွင် ဒိုင်ဗင်ရွှေဘနှင့် မမိချိုလေး တို့ ပုဆိုးပြန်ပေးသည်မှ အစပြု၍ကာ ကြည်နူးဆွတ်ပျံ့ဖွယ် အချစ်ဇာတ်လမ်း အစပြုလေသတည်း။

လူယောင်ဆောင်ထားတဲ့ စက်ရုပ်

ဝီစကီပုလင်းကို အဖုံးဖွင့်မိပြန်ပြီ။ ဒါဟာ ဖွတ်မော်ဒန်အယူအဆအရ ဒီကွန်စထရပ်ရှင်း ဘာညာဆိုပြီး ရှိုးချင်ရှိုးပေ့ါ။ အနုပညာမော်ဝင်ချင်ရင် မိမိကိုယ်ကိုယ် အရင်ဖျက်ဆီးပစ်ပါဆိုလား အဒေါ်စကာဝိုင်းလ်ဆိုတဲ့ ဆရာကြီး ပြောဖူးသလားလို့။ တစ်ပက် နှစ်ပက်လောက် ပက်ပြီးမှ ဂစ်တာ အစုတ်ကလေးကို ဆော့လို့ကောင်းတာကိုး ညယ်။ စကားမစပ်၊ ကိုယ့် **Alhambra** စပိန်ဂစ်တာ အသစ်လေး မရသေးဘူး။

ကိုယ်ခုတလော **CIA** ၊ **KGB** လူထွက်တွေရေးတဲ့ စာအုပ်တွေ လိုမ့်ဖတ်နေတာ။ လမ်းမှာတွေ့တဲ့ လူတွေကို စပိုင်လို့ ထင်ထင်နေတယ်။ ကိုယ်ဟာ သိပ်အထီးကျန်လွန်းတဲ့ ကောင်။ စာအုပ်ရယ် ဂစ်တာရယ် မရှိရင် ရူးသွားမလားပဲ။ အလုပ်ထဲက လူတွေနဲ့ ကိုယ်အပြင်မှာ မဆက်ဆံ ဘူး။ အပြင်မှာ ကိုယ်ဆက်ဆံတဲ့လူကလည်း ဦးကြည်တစ်ယောက်ပဲ ရှိမယ်။ ဒီဆန်းဒေးမှာ မျှစ်ချဉ် ခေါက်ဆွဲစား၊ ရန်ကင်းဘော်စတွန်ဖက် လက်ဖက်ရည်သောက်ဖို့ ခေါ်ဦးမှပါ။ ကိုယ်ဟာ နှစ်ပေါင်း များစွာ အထီးကျန်ခဲ့တာကြာပေ့ါ။ ခုလည်း အရင်တိုင်းပဲ။ ကိုကိုဆစ်ကလက်တွေ အရမ်းမသောက် နဲ့ကွယ် တို့၊ မောင်ရှင်ဒီခွေးမကြိုက်တဲ့ အရည်တွေ သောက်သောက်မနေနဲ့လို့ ဆူမယ့်သူလည်း မရှိဘူးရယ်။ ကိုယ် တကယ်လိုချင်သေးသလားလို့ မေးကြည့်တော့ မသေချာတော့ပြန်ဘူး။ ကိုယ် တစ်ခါတလေပြန်မေးကြည့်နေတယ်၊ ငါ့ဖြစ်တည်မှုက ဘာလဲ။ မသေချာဘူးရယ်၊ ဝေဝါးနေတယ်။

ဒါထက် ဒေါ်နန်းမေမေကြည်ကို ကိုယ်အံ့သြတယ်။ သူ့ယောက်ျားက ထမင်းရောင်းတဲ့ ကောင်တဲ့။ အဟက် ... ရုပ်က ကျောက်ဘီလူးရုပ်ကြီး။ ကိုယ်က မင်းသားလေးလို ချောမနေပါဘူး။ ပေါက်စီရုပ်ပါ။ ဒါပေမယ့် သူ့ယောက်ျားထက်တော့ သာပါသေးတယ်။ ဘယ့်နှယ့်၊ ကိုယ့်ကို အမြဲ တမ်း တက္ကသိုလ်မယ် ထိပ်ဆုံးရအောင် လုပ်ရမယ် ဘာညာ ဆူပွက်ခဲ့တဲ့ အမျိုးသမီးက ထမင်း ရောင်းတဲ့ ကောင်နဲ့ ညားသွားရသလား။ တစ်ခါတလေကျ ခပ်စွာစွာ သိပ္ပံပညာရှင် ဘွဲ့သုံးခုရတဲ့ မိန်းမတွေဟာ အံ့သြစရာ အတော်ကောင်းတာပဲ။ ကိုယ်က ဘုန်းကြီး ဦးဝိသုဒ္ဓဆီမယ် ငယ်ငယ်က အင်္ဂလိပ်စာတွေ ဘာတွေ လေ့လာဖူးတော့ ဒီကောင်ကြီးက ယုတ်ကမ်းမယ့်ကောင်ကြီး ဆိုတာ ရုပ်ကြည့်တာနဲ့ သိနေပြီ။ ဒေါ်နန်းမေမေကြည် ... ခင်ဗျာ့ကို ဒီကောင် ကိုယ့်လို ဇက်ကြောဆွဲမပေး ဘူးမလား ဟဲ ဟဲ။ ဂရုတစိုက်လည်း ယုယမယ့်ပုံ မပေါက်ဘူးရယ်။ ကိုယ်က

သာမန်ကောင်ပါ။ မင့်ကို စိတ်တိုရင် အဲဖူးတယ်။ လူကိုး၊ စိတ်ဆိုးတယ်၊ ဒေါသထွက်တယ်။ ကိုယ် မင့်ကို မညာဖူး တာတော့အသေချာပဲ။

ဒါထက် ဒေါ်နန်းမေမေကြည့် ဘာညာ ကိုယ် လျှောက်လျှောက်ပြောတာ အဲ့ဒီထမင်း ရောင်းတဲ့ ကျောက်ဘီလူးရဲ့ မိန်းမကို တမ်းတနေတာ မဟုတ်ဘူး။ ကိုယ် ဘယ်တော့မှ ပြန်မရနိုင်တော့တဲ့၊ ကိုယ့်ကို အင်မတန်ကြင်နာခဲ့တဲ့ ခပ်ပိန်ပိန်ကောင်မလေးကို တမ်းတနေတာရယ်။

ချစ်တယ်လို့ ၁၁ ခါပဲ ပြောဖူးတယ်နော်လို့ စကားနာထိုးခဲ့တာ မှတ်မိပါသေးတယ်။ ဒီမယ် စကားလုံး

တွေဟာ အဓိပ္ပာယ်မဲ့လွန်းတယ်။ ကိုယ် မရေမတွက်နိုင်အောင် ပြောဖူးတာက မင်းဟာ ငါ့ရဲ့မေ

လေးပါကွာ ဆိုတာ မင်းသတိမထားမိဘူးမလား အဟက်။ နေရောင်မမြင်ရတဲ့ အဓေးစက်နေတဲ့

ဒေသမှာ အသက်ရှင်သန်အောင် နှစ်ယောက်တည်း ရုန်းကန်ခဲ့ကြရတဲ့ လူသားနှစ်ယောက်ဟာ

ရဲဘော်ရဲဘက်တွေပေ့ါ။ ဘယ်ချစ်သူတွေထက်မဆို အဓိပ္ပာယ်ပိုတယ်ဆိုတာ မင်းနားမလည်ခဲ့

ဘူး။ နောက်ဆုံးတော့လည်း ကိုယ့်အထုပ် ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်လျှောက်ပေ့ါ ကိုယ့်ရဲ့မေ

လေးရာ။

ကိုင်း ကိုယ်တစ်ပက်လောက် ထပ်ချလိုက်ဦးမယ်။ ပြီးရင် **scarborough fair** ကို ဂစ်တာနဲ့ တစ်ခါလောက်ဖြစ်ဖြစ် တီးလိုက်ဦးမယ်။ မုဒကုန်ရင် ဂစ်တာကို ကြိုးလျှော့ပြီး အိပ်ရာထဲ ဝင်၊ စပိုင်ဟောင်းတွေရေးတဲ့ စာအုပ်တစ်အုပ်လောက် ဖတ်ရင်းအိပ်ပျော်သွားလိမ့်မယ်။ နက်ဖန် မနက် အစည်းအဝေး ၃ ခု တက်မယ်။ ကိုယ်ဟာ လူယောင်ဆောင်ထားတဲ့ စက်ရုပ်တစ်ကောင်ပေ့ါ။

မသက်ဆိုင်ခြင်းများ

တစ်ခါတလေကျ ရှင်းပြလို့မရတာတွေ ရှိတယ်။ အထူးသဖြင့် ခင်ဗျား ဘယ်နေရာ ရောက်နေတာလဲပေါ်မူတည်တာကိုးဗျ။

လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက၊ ဧရာဝတီမြစ်ထဲက သင်္ဘောတစ်စင်းရဲ့အပေါ်ဆုံးထပ်မှာ ကျနော် လိုက်လာတယ်။ ညနေ နေဝင်ရီတရောပေါ့။ ဆစ်ကလက်ဖွာ၊ ဘီယာမော့ရင်း ပတ်ဝန်း ကျင်ကို ငေး၊ လေက တဖြူးဖြူးနဲ့ အင်မတန်ဇိမ်ကျတာပေါ့။ အဲ့ဒီခေတ်က တရုတ် သုံးထပ်သင်္ဘော တွေ ရောက်ခါစဆိုတော့ သင်္ဘောပေါ်ပါတဲ့ ဆောင်းဘောက်စ်တွေ ဘာတွေနဲ့ သီချင်းတွေ စွတ်ဖွင့် တာရယ်။ သီချင်းကတော့ ထုံးစံအတိုင်း တောသီချင်းလေးတွေပေါ့။

အဲ့မယ် သီချင်းတွေလည်း ဆုံးသွားကော ဂစ်တာသံတစ်ခု ထွက်လာတာဗျ။ ကလပ်စစ် ကယ် ဂစ်တာသံ။ သီချင်းက **Cavatina** ဆိုတဲ့ သီချင်းဗျ (သီချင်းဆိုလို့ အဆိုပါတာမျိုး မဟုတ်၊ မယ်လိုဒီသက်သက်)။ အဲ့ဒီသီချင်းက သမင်လိုက်မုဆိုး ဓာတ်ရှင်ထဲက **theme** ဗျာ။ ဒီတော့ကာ အဲ့ဒီဓာတ်ရှင်ကို ပြေးမြင်ကော။

အင်မတန်ချစ်တဲ့ သူငယ်ချင်းနှစ်ယောက် ဗီယက်နမ်စစ်မှာ သုံ့ပန်းဖြစ်တော့ ဗီယက် ကောင်းတွေက သူတို့နှစ်ယောက်ကို ခြောက်လုံးပူးထဲ ကျည်နှစ်တောင့်ထည့်ပြီး ဆံလည်ကို မွှတ် နေအောင် လှည့်၊ တစ်ယောက်တစ်လှည့်စီ နားထင်ကို သေနတ်နဲ့တေ့ပြီး ပစ်ရတဲ့ ရုပ်ရှင်ရှူးလက် ဆော့ခိုင်းတာဗျာ။ ဗီယက်ကောင်းစစ်သားတွေက ဘေးကနေ လောင်းကစားလုပ်။ အင်မတန် တုန် လှုပ်ဖွယ်ရာ ကောင်းတဲ့ ဇာတ်ဝင်ခန်း။ ရောဘတ်ဒီနီရိုးနဲ့ ခရစ္စတိုဖာဝေါလ်ကန်တို့ရဲ့ မှော်ဝင်နေ တဲ့ သရုပ်ဆောင်ချက်တွေ။

ကိုယ့်နားထင်ကိုယ်တေ့ အံကြိတ်ပြီး ရောဘတ်ဒီနီရိုးရဲ့ သေနတ်မောင်း ဆွဲညှစ်ဟန်။ ကျည်မထွက်ဘူး။ ခရစ္စတိုဖာဝေါကန်တစ်ယောက် သူ့အလှည့်မှာ နားထင်ကို ခြောက်လုံးပူးနဲ့ ထောက်ထားရင်း မျက်ရည်လည်ရွဲနဲ့ "ငါမပစ်ရဲဘူး ငါမပစ်ရဲဘူး" လို့ အော်၊ ဗီယက်ကောင်းတွေက ပါးတွေ နားတွေရိုက်။ ရောဘတ်ဒီနီရိုးက "နစ်ကီ ပစ်ပလိုက်စမ်းပါကွာ၊ မပစ်ရင် မင့်ကို သူတို့ ပစ် သတ်မှာကွ" လို့ သူ့သူငယ်ချင်းကို အာခေါင်ခြစ်ပြီး အော်ရင်း ငို။ ကျနော်ဘယ်တော့မှ မမေ့တဲ့ ဇာတ်ဝင်ခန်းပေါ့။

ခုနကပြောတဲ့ **Cavatina** သီချင်းက အဲ့ဒီဇာတ်ကားရဲ့ဇာတ်ဝင်တေးဗျ။ အဲ့ဒီတော့ကာ နေဝင်ရီတရောမှာ မတော်တဆ ကြားလိုက်ရတဲ့ ဂစ်တာသံကြောင့် ကျနော် မျက်ရည်ကျလာတာ ပါပဲ။ အဲ့ဒီမှာ ဘာဖြစ်သလဲဆိုတော့၊ ကျနော့်ဘေးနားမှာ ထိုင်နေတဲ့၊ တစ်နေကုန် တူတူဖဲဝိုင်းထောင်လာတဲ့ လူတွေက ဝိုင်းမေးတော့တာပဲ။ ဘာဖြစ်လို့ ငိုတာလဲ ကောင်လေး တဲ့။ ကျနော် သူတို့ကို ဘယ်လိုမှရှင်းပြလို့မရခဲ့ဘူး။ ရပ်ရှင်းရှူးလက် ကစားနည်း၊ သမင်လိုက်မုဆိုး၊ သိပ်ချစ်တဲ့ သူငယ်ချင်းတွေ၊ ကာဗာတီးနား ဂစ်တာသံ၊ ဟင့်အင်း သူတို့နဲ့ ဘာမှမသက်ဆိုင်ပါဘူး။

အဲ့လိုပါပဲ လောကကြီးမယ် ... တစ်ခါတလေကျတော့ လူတိုင်းကို ခင်ဗျားပြောပြလို့ မရ တာတွေ အများကြီးပဲဗျာ။

နီညိုရောင် ဗမာဝတ္ထု

လူ့ဘဝဆိုတာ တစ်ခါတရံမှာ သမိန်ပေါသွပ်ကာတွန်းဆန်သလို တရံတစ်ခါမှာ ဗမာ ဝတ္ထု ဆန်လွန်းတာမျိုးလည်း ရှိသေးတယ်။

ဆိုကြပါစို့၊ ကိုယ်တိတ်တိတ် ကြိတ်သဘောကျနေတဲ့ အမျိုးသမီးတစ်ယောက် ကိုယ့်မယ် ရှိတယ်။ တော်တော် ချောတာကိုးဗျ။ သူ့ဖေ့စဘွတ်ခ်အကောင့် ဟုတ်လား၊ ဟင့်အင်း ကိုယ် ဘယ်သိမလဲ။ သူက ကိုယ်နဲ့ အလုပ်ထဲ ဘေးချင်းယှဉ်ထိုင်တဲ့သူ။ ဗမာအမျိုးသမီးလည်း မဟုတ်ပါဘူး။ ကိုယ့်အလုပ်မှာ ဗမာဆိုလို့ ကိုယ်ပဲရှိတာ ဆိုပါတော့။ ကိုယ်နဲ့သူက အလုပ်ကိစ္စက လွဲပြီး ဘာမှသိပ်မပြောကြဘူး။ ကိုယ်က တစ်ချိန်လုံး ပေါက်ကရ ပြောပြီး ပြုံးရယ်နေတတ်တဲ့ ကောင်။ နီညိုရောင်ဆံပင်အတွန့်လေးနဲ့ သူက ရံဖန်ရံခါ ခပ်ယဲ့ယဲ့ပြုံးတာက လွဲပြီး မျက်နှာက အမြဲ ခံစားချက်မဲ့နေသလို ငြိမ်သက်နေတတ်တယ်။ ထမင်းစားချိန်ရောက်ရင်လည်း ကိုယ့်လို ဟိုဝိုင်း ဒီဝိုင်း ပတ်ကူးပြီး ပေါးလားဝါးလား လုပ်တာမျိုးမဟုတ်ပဲ ခေါင်မိုးထပ်က ထမင်းဆိုင်ထောင့် တစ်နေရာမှာ အစားတစ်လုပ် စားလိုက် စာအုပ်တစ်မျက်နှာ ဖတ်လိုက်နဲ့ ငြိမ်ငြိမ်ကလေးရယ်။ တစ်ခါတလေ သူ့စာအုပ်တွေ ကိုယ်ဆွဲယူကြည့်ပြီး လျှောက်လှန်(သူ့ဘာသာစကားမို့ ကိုယ် နားမလည်တော့ ဘာတွေမှန်းမသိပေမယ့် တချို့နာမည်တွေဆင်မွယ်ဘာက်ကက်တို့၊ ဆတ်တို့၊ ဂျိုက်စ်တို့ကို လက်ညှိုးထောက်ပြပြီး) ငါဒီဆရာတွေကို သိတယ်ဟ ဘာညာ ဝင်အာလူးဖုတ်ရင် ဘာမှပြန်မပြောပဲ ခပ်ယဲ့ယဲ့ပြုံးနေတတ်တယ်။

ကိုယ်သတိထားမိတာက ကိုယ်နဲ့သူဟာ ဆန့်ကျင်ဖက်တွေ။ အလုပ်ထဲမှာလည်း သူက တည်ငြိမ်ပေမယ့် ကိုယ်က မှန်တယ်ထင်ရင် ခေါင်းမာမာနဲ့ ဒေါသတကြီး ငြင်းခုံအော်ဟစ်တတ်တဲ့ ကောင်။ စာလေး ပေလေး ဝါသနာပါကြတာတော့ တူပါတယ်။ ဒီလိုနဲ့ ကိုယ် သူ့ကိုသဘောကျပေ မယ့် အပြင်တူတူသွားမလားလို့ တစ်ခါမှ မခေါ်ဖြစ်ခဲ့ဘူး။ ပန်းဆိုးတန်း စာအုပ်တန်းမှာ တစ်ခါ မတော်တဆတွေ့လို့ သူလိုချင်တဲ့ ရှေးရိုးရေးတဲ့ ဗမာပြေအကြောင်းစာအုပ် လိုက်ဝယ်ပေးရင်း ရန်ကုန်တီးဟောက်စ်မယ် လက်ဖက်ရည်တစ်ခါ တူတူသောက်ဖူးတယ်။ ဒီလောက်ပါပဲ။

နောက်တော့ အလုပ်သဘောသဘာဝအရ သူပြန်သွားတယ်။ ကိုယ်တို့က လုပ်ဖော် ကိုင်ဖက်တွေပဲလေ။ ကိုယ့်ဘေးမှာ ထိုင်နေတတ်တဲ့

သူမရှိတော့ဘူးဆိုတော့ ဟာတာတာပေါ့။ ကြိုတ်ဆွေးသလိုလို ဘာလိုလိုရယ်။ နီညိုရောင်ဆံပင်အတိုလေး မရှိတော့ဘူး။ မင်းဆွေးနေတာ မလားဘာညာ တခြားကောင်တွေ ဝိုင်းစရင် ဟီဟိ ... ငါ့အခွင့်အရေးတွေ ပေးခဲ့တာပဲ၊ သူမှ ငါ့ကို အပြင်ခေါ်မထုတ်တာလေလို့ မျက်နှာပြောင်လိုက်သေးတာ။

ဒီလိုနဲ့ နည်းနည်းကြာတော့ ကိုယ်ရုံးချုပ်မှာ အစည်းအဝေးသွားတက်ဖို့ ဖြစ်လာတယ်။ ကိုယ် မီဇာလျှောက်နေဆဲ မထင်မှတ်ပဲ သူ့ဆီက အီးမေးလ်လာတယ်။ နင်လာမယ်ဆိုလို့ ပျော် တယ်၊ ငါခု တစ်လ ဗကေးရှင်းရထားတာ ဆိုတော့ **Munchen** မှာ ခဏပြန်နေနေတာ၊ နင့်ကို ငါ ဟစ်တလာရဲ့ ဝံပုလွေဂူကို လိုက်ပို့မယ်လေတဲ့။ ကိုယ် ရေလည်ပျော်ရရော။ ဒါပေမယ့် ကိုယ် နားမလည်တာတွေဖြစ်ခဲ့တယ်။

တိုတိုပြောရရင် ကိုယ်ရောက်သွားတဲ့ နှစ်ပတ်အတွင်းမှာ သူပေါ်မလာခဲ့ဘူး။ ကိုယ့်မှာ သူ့ဖုန်းနံပါတ်လည်း မရှိဘူး။ တခြားလူတွေကို မေးရမှာလည်း ရှက်နေခဲ့တယ်။ တစ်နိုင်ငံတည်း ဖြစ်ပြီး အီးမေးလ်တွေ အပြန်အလှန်ပို့နေကြတယ်။ ဘယ်လိုလဲ အလုပ်ကိစ္စ၊ ရာသီဥတုအခြေနေ၊ သွားရေးလာရေး အဆင်ပြေလား။ ဘာတွေမှန်း ကိုယ်နားမလည်တော့ဘူး။ ကိုယ်လည်း အမြင် ကတ်ကတ်နဲ့“အနေအားကိုမအားဘူးသိလား”လို့အီးမေးလ်တစ်စောင်ရေးပြီးပို့ထည့်လိုက်တ နောက်ထပ်ဘာမှ ပြန်မလာတော့ဘူး။

ဒီလိုနဲ့နောက်ဆုံး သူနဲ့လျှောက်လည်မယ်လို့ ရည်စူးပြီး အပိုနှစ်ရက်ချန်ထားခဲ့တဲ့ စနေ တနင်္ဂနွေကို ကိုယ်တစ်ယောက်တည်း ဟိုတယ်ဝရန်တာပေါ်ကနေ ရှေ့ဖက် အလက်ဇန္ဒားပလက်ဇ် ရင်ပြင်ထဲက ဂစ်တာဝိုင်းတွေ ပျော်မြူးနေတဲ့ကလေးတွေ၊ မိသားစုတွေကို ထိုင်ငေးရင်း ကုန်ဆုံးခဲ့ ရတာပေါ့။

ကိုယ် ရန်ကုန်ပြန်ရောက်တော့ အလုပ်ထဲက ကောင်တွေက ဘယ်လိုလဲ အခြေနေ ကောင်းခဲ့သလား၊ နီညိုရောင်ဆံတိုလေးကမင်းနေတဲ့ ဟိုတယ်နားမှာ တစ်ယောက်တည်းအိမ်ငှား နေတာဆိုတော့ သူ့အိမ် သွားလည်တယ်မလား ဘာညာနဲ့ ဝိုင်းမေးကြတာကို မတွေ့ခဲ့ပါဘူးကွာ လို့ ရယ်ကျဲကျဲ ပြန်ဖြေရင်း မခံချိမခံသာပေါ့။

ရက်နည်းနည်းကြာတော့ ကိုယ့်ဆီ သူအီးမေးလ်ပို့ပြန်တယ်။ ဓာတ်ပုံတစ်ပုံ ပါလာလို့

ဖွင့်ကြည့်တော့ ရထားလက်မှတ်ကလေး နှစ်စောင်ရယ်။ ငါတို့ ဝံပုလွေဂူ သွားမလည်ဖြစ်ခဲ့ဘူး။ နင်

နေတဲ့ ဟိုတယ်ရှေ့က အလက်ဇန္ဒားပလက်ဇ်ရင်ပြင်ကို ငါစက်ဘီးနဲ့ နေ့တိုင်းလာပြီး နင့်ဟိုတယ်ကို

ထိုင်ထိုင်ငေးနေခဲ့တာနင်ပြန်သွားတဲ့နေ့ အထိပဲ။ နင်ငါ့ကိုမချိန်းခဲ့တာ ဘာကြောင့်မှန်းမသိပေမယ့်

ငါဝမ်းနည်းရတယ် သိလားတဲ့။

ကိုယ်ဆိုတဲ့ အကောင်ဟာ မယုံကြည်နိုင်လောက်အောင် အူကြောင်ကြောင်နိုင်လွန်းခဲ့ ကြောင်း(ကိုယ်က မချိန်းပဲ သူက အရင်စချိန်းမလား စောင့်နေခဲ့တာကိုး) လက်မခံချင်ပဲ လက်ခံ လိုက်ရတယ်။

နီညိုရောင်ဆံတိုလေးနဲ့ ကိုယ့်အဖြစ်အပျက်ဟာ တကယ်တော့ ဗမာ၀တ္ထုဆန်လွန်းခဲ့ တယ် မဟုတ်လားကွယ်။

စာအုပ်အမည် ကား....

အနောက်တိုင်းသားတို့အား ကျွန်ုပ် သဘောခွေ့ရသည့် အကြောင်းအရင်းများထဲတွင် အဓိကကျသည့် တစ်ချက်သည်ကား ဒိုင်ယာရီခေါ် နေ့စဉ်မှတ်တမ်းအား တစ်သက်တာမှတ်တမ်း သဘောမျိုး ရေးမှတ်လေ့ရှိခြင်းပင်ဖြစ်သည်။ ၄င်းတို့၏ မျိုးဆက်သစ်များဖတ်ရန် ချန်ရစ်ထားလို ခြင်းလော မိမိဖာသာ အယားဖြေခြင်းလော ကျွန်ုပ်မသေချာပါ။

ဗမာစာပေတွင် အော်တိုဘိုင်အိုဂရပ်ဖီ ဟုခေါ်ဆိုရမည့် အရေးအသားတွင် ကျွန်ုပ် ဆရာ တင်လေ့ရှိသည့် အဘိုး ဆရာရွှေဥဒေါင်း၏“တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ” သည် ခန့်ထည့်သလောက် အဘိုးလေးဆရာဖြစ်သည့် သော်တာဆွေ၏ “ကျနော့်ဘဝဇာတ်ကြောင်း” အတွဲလိုက်သည် ရှင်ပျကာ သွက်လက်လှသည်။

သို့သော်ငြား ၄င်းတို့နှစ်ဦးစလုံးသည် မိမိတို့အကြောင်း မိမိတို့ ပြန်ပြောင်းပြောပြရာတွင် တစ်ရာ ရာခိုင်နှုန်း ရိုးသားပါသလောဟု ကျွန်ုပ်မေးခွန်းထုတ်မိသည်။ ကျွန်ုပ်ဖာသာ စောကြောရာ တွင် မဖြစ်နိုင်ဟူသည့် အဖြေသာရသည်။

ရွှေဥဒေါင်း၊ ဒုတိယအိမ်ထောင်နှင့် ထွက်ပြေးသည့် အဖြစ်အပျက်သည် ယုတ္တိကင်းမဲ့ လွန်းနေသည်။ သော်တာဆွေ၊ တတိယနှင့် နောက်ဆုံးအိမ်ထောင် ဆရာမလေး အန်တီမေနှင့် ရန်ကုန်ဘူတာကြီးတွင် ခဏတာမျှသာ တွေ့တော့မည်ဟု ဆုံးဖြတ်ကာ သွားနှုတ်အဆက်တွင် မီးရထားဟိုတယ်သို့ ရောက်သွားကာ မပြန်တော့ဟု ဆိုထားသည်။ ကြိုတင်ကြံစည်မှု မပါသည် မှာ သေချာပါ၏လား။

ထိုကဲ့သို့သော အချက်အလက်များသည် ရီဇင်းနင်း နှင့် ကမောင်းဆန့်စ်ကို အင်မတန် အားပြုတတ်သည့် ကျွန်ုပ်အတွက် လက်ခံနိုင်လောက်ဖွယ်ရာ မဟုတ်ချေ။ မကြောလေးအား ဆရာ တင်သည်ဟု ဝန်ခံဖူးသည့် ရွှေဥဒေါင်းနှင့် ရွှေဥဒေါင်းသာလျှင် မိမိ၏လက်ဦးဆရာဟု ဆိုဖူးသည့် သော်တာဆွေ ဆိုသည်ကား ကျွန်ုပ်မမီလိုက်ပဲ ဆရာတင်သည့် အဘိုးဆရာများသာ ဖြစ်သော်ငြား အတော် “ရွှေ” တတ်သည့် လူကြီးများပေတကားဟု လှောင်ပြုံးပြုံးခဲ့ဖူးကြောင်း ကျွန်ုပ် ဤနေရာ တွင်ဝန်ခံလိုသည်။

သို့သော် ယခု အသက်အရွယ် အတန်ရလာသည့် အချိန်တွင်၊ လားလား၊ ထိုမှတ်တမ်း များကို ရေးစဉ်က ကျွန်ုပ်၏ အဘိုးဆရာများကား ဆင်လောက်ကြီးသည့် ပုဂ္ဂိုလ်ကျော်များ ဖြစ်နေ ခဲ့ပြီး မိမိတို့၏ ယဉ်ကျေးမှုလူ့ဘောင်စည်းမျဉ်းများအရ ရှက်ကုန်ဖွင့်ကာ မရေးနိုင်၊ မရေးရဲခဲ့ကြခြင်း ပါလားဟု နားလည်စပြုခဲ့ရလေသည်။

ဤတွင် ဆရာဒဂုန်တာရာ၏ နာမည်ကျော်အပြုံးဖြင့် ကျွန်ုပ်ပြုံးမိလေပြီ။ ငါကား အဘိုး ဆရာများကဲ့သို့ နိုင်ငံကျော်မည့်သူ မဟုတ်ချေ။ ဟိုအရင်တလောဆီက အာဇာနည်နေ့ နာမည် ကျော်ခြင်းမျိုးကား ကောင်းသော ကျော်ကြားခြင်း မမည်။ ငါ့တွင် ဂုဏ်သိက္ခာ ဘာကြီး ညာကြီးဟူ၍ လည်း တစ်သက် ရှိမလာနိုင်။ ထို့ကြောင့် ငါသည် ဘာတစ်ခုကိုမျှ ထောက်ထားညှာတာစရာ မရှိ လေပဲ စိတ်ကုန်လက်ကုန် သုတ်ကာ တစ်သက်သာ မှတ်တမ်းတစ်ခုအား ရေးနိုင်တော့မည် မဟုတ်လော။ နောင်တစ်ချိန်တွင် ကျွန်ုပ်မသေသေးသော်...။

(အဘိုးဆရာကြီး ရွှေဥဒေါင်း၏ ဒိဋ္ဌေဒိဋ္ဌမတ္တံ၊ လက်တွေ့ကျင့်စဉ် ကဲ့သို့သော စာပေများ အား အရည်ကြိုသောက်ထားသောကြောင့် တရားနလုံး အမြဲသွင်းသဖြင့် ဤစကားကို ဆိုသည်)။ ကျွန်ုပ် ကံကောင်းထောက်မ၍ အိုမင်းခွင့်ရသော် တစ်ဘဝလုံး ရှုပ်ရှက်ခတ်ကာ အတက်အကျ အနိမ့်အမြင့်များလှသည့် ကျွန်ုပ်အကြောင်း ကျွန်ုပ် တစ်လုံးတစ်ပါဒမျှ မဖုံးကွယ်ပဲ မှတ်တမ်းတစ်ခု ရေးကာ ချန်ထားခဲ့မည်။

ကျွန်ုပ်ပြောပြမည့် အဖြစ်အပျက်ပါ လူများကား ထိုအချိန်တွင် ကွယ်လွန်နှင့်ပြီး၊ သို့တည်းမဟုတ် ထိုမှတ်တမ်းအား လက်လှမ်းမမီနိုင်လောက်တော့သည့် အရွယ်သို့ ရောက်ရှိပြီး သား ဖြစ်နေလိမ့်မည်။

ဖတ်မိသော လူတို့ကား မယုံကြည်နိုင်လောက်ဖွယ် အဖြစ်အပျက်များကြောင့် ပြင်းပြ သော တုန်လှုပ်ခြင်းများခံစားရလတ္တံ့ ။ အင်မတန်ယုတ်ကန်းသော အမူအကျင့်များကို ဖတ်ရှုရ သောကြောင့် ကျွန်ုပ်အား ရွံမုန်းသွားလတ္တံ့ ။ စိတ်ခံစားမှုပြင်းထန်လွန်းသော ကျွန်ုပ်ကြောင့် နလုံး မချမ်းမြေ့သော အရသာကို ခံစားရလတ္တံ့။ မိုက်ရူးရဲဆန်လွန်းသည့် အဖြစ်အပျက်များကြောင့် ဘုရားပွဲတွင် ချားရဟတ် စီးသကဲ့သို့ တလှပ်လှပ်ဖြစ်လတ္တံ့ ။ ဘဝတစ်ခုလုံး အလွမ်းဇာတ်များ ခင်းလွန်းခဲ့သောကြောင့် ကြေကွဲငေးငိုင်လတ္တံ့ ။ ရယ်မောပျော်ရွှင်ဖွယ်ရာ အဖြစ်အပျက်များ ကြောင့် ကျွန်ုပ်ကား မည်သို့သော ပုဂ္ဂိုလ်နည်းဟု ရော်ရမ်းမှန်းဆကာ ချစ်ခင်စုံမက် လတ္တံ့။

မှတ်တမ်းကို ဖတ်ရှုပြီးဆုံးသော် ထိုမှတ်တမ်းရေးသူသည် လူ့လောကတွင် သက်ရှိ
ထင်ရှားရှိသေးသလောဟူသည့်စူးစမ်းစိတ်ဖြင့်လိုက်လံရှာဖွေချင်သည့်စိတ်ဖြင့်နိဂုံးချုပ်လိမ့်
(ကျွန်ုပ်သေဆုံးမှ ထိုမှတ်တမ်းအား ပုံနှိပ်ဖြန့်ချိရန် ရှေ့နေရှေ့ရပ်ဖြင့် အပ်နှံခဲ့မည်ဖြစ်သော ကြောင့် မှတ်တမ်းရေးသူအား ဖတ်ရှုသူများ ရှာဖွေရန်မဖြစ်နိုင်တော့ပါ)

အဘိုးဆရာကြီးနှင့် အဘိုးလေးဆရာတို့၏ မြေးတပည့်ဖြစ်သည့်အားလျော်စွာ ကျွန်ုပ် ၏မှတ်တမ်းအား ခန့်ထည်စွာ အမည်ပေးခဲ့မည်ဖြစ်သည်။ စာအုပ်အမည်ကား...

"ဒီစာအုပ်ကြောင့် နင်တို့ တဆတ်ဆတ်တုန်စေရမယ်" ၊ ရေးသူ ပါပီယွန် ဟူသတတ်။

စကားပြောတဲ့ သီချင်း

မျိုးကျော့မြိုင်ပေါ်ပေါ်ချင်း ကိုယ်တို့မြို့မယ် လူမသိဘူး။ ကိုယ်တို့ အင်မတန်ရူးခဲ့ရတာ။ ကိုယ့်သူငယ်ချင်း အခွေဆိုင်ပိုင်ရှင်က သူများလာကူးခိုင်းတဲ့ အခွေလေးတွေ နောက်ဖက် တိတ်သားအပိုတွေ ကျန်သမျှမှာ သူ့သီချင်း အပိုင်းအစလေးတွေ ထည့်ထည့်လွတ်တတ်တယ်။ ကိုယ်တို့တတွေ(စုစုပေါင်း နှစ်ယောက် သုံးယောက်လောက်) “မိုးကောင်းကင်မှာ” ကို နားထောင် ပြီး ဝမ်းနည်းဆွေးမြေ့ခဲ့ဖူးတာပေ့ါ။

“ငိုနေပြန်လည်း ကိုယ်တစ်ယောက်တည်း … ရယ်နေပြန်လည်း ကိုယ်တစ်ယောက် တည်းပဲ…” ဆိုတဲ့ နေရာနားမယ် မျက်ရည်တွေ ဘာတွေ ဝဲလို့။ ကြယ်စုတွေကြား… အိုးဟို့ ဟိုဟို … ဆိုတဲ့နေရာမယ် မူးမူးနဲ့ ငိုရပြီ။

နှူးအင့်ဂျ်ဂီတ အမျိုးအစားကို ကိုယ်တို့မှ မကြားဖူးသေးတဲ့ကာလကိုး။ “အဝေးကြီး” ဟာ အနစ်ဂ်မာအဖွဲ့ရဲ့ လင်းပိုင်တစ်ကောင်ရဲ့ အိပ်မက်သီချင်း(ပီယာနိုသံနဲ့ ပင်လယ်သံသက် သက်) ကို စာသားလှလှလေး သွတ်ထားတာမှန်း မသိသေးဘူး။

“သစ္စာရှိကြေး” ဆိုတဲ့သီချင်းမယ် ဖီးလ်အပြည့်နဲ့ နားထောင်နေဆဲ”တူ…” ဆိုတဲ့ရထား ဥသြသံကြီး ထွက်ကျလာတဲ့အချိန် ကိုယ်တို့တွေ တုန်တုန်ယင်ယင်တွေဖြစ်။ သူ့ဟာက ကဗျာတွေ ရယ်။ အရမ်းလှတဲ့ ကဗျာတွေ။

“ကိုယ်တစ်နေရာကို ထွက်သွားချင်တယ် လေထဲမှာ လွှင့်နေတဲ့အတွေးတွေနဲ့အတူ စီးမျှောရင်း အမြင့်မားဆုံး လျှင်မြန်မှုနဲ့ ဇာတ်သိမ်းချင်တယ် နောက်ဆုံး ငါမြင်လိုက်တယ် တံခါးပေါက်တစ်ခုပွင့်နေတယ် ပေ့ါပေ့ါလေးပဲ ငါ…ထွက်သွားလိုက်တယ်…”

အဲ့ဒီမယ် နွဲ့ယဉ်ဝင်းအသံက အေးချိုချိုလေးနဲ့ ဝင်လာရော

“အခြံအရံ နတ်သမီးပေါင်းများစွာ ပူလောင်နေတဲ့ ငါ့ရဲ့နံဘေးမှာ အခြွေအရံတွေဘေး ခြံရံထား ငါဟာပေ့ါပေ့ါလေးပါလား…”

ကြွေတာ ကြွေတာ ဆိုတာလေ။

ဒါတွေ ဘာလို့ပြောပြနေတာလဲဆိုတော့ကာ ငါဟာ စကားပြောတဲ့ သီချင်းတွေလည်း ခံစားတတ်ပါတယ်ဆိုတာ အဓိကပြောချင်တာ သိလား။ အီမီနမ်ဘာညာ ငါ ရေလည်ကြွေတာ။ အဲ့ဒီမယ် နောက်ပိုင်း စကားပြောတဲ့ကောင်တွေ ခေတ်စားလာပါ ပကောလား။ သူ့မေတစ်တီတူး ညှောင်နာနာအသံနဲ့ သနားကြပါ သနားကြပါလို့ အဲ်တဲ့ကောင်တွေပါ ပေါ်လာတာ။

တစ်ရက် အိမ်ပြန်တော့ ညီမဝမ်းကွဲတစ်ယောက် ဓာတ်စက်ကြီးဖွင့်ပြီး ရေလည်ခံစား နေရော။ ဆန်းဆန်းပန်းကြိုင်ဆိုလား ဘာဆိုလား။ မရပ်မနားကြီးဗျာ၊ ဖွင့်နေတာ။ စာဖတ်လို့ တောင် မရတော့ဘူး။ ၂ နာရီလောက်ကျတော့ စာဖတ်ရာကထ သောက်ရေတစ်ဖန်ခွက်ခပ်ပြီး ဓာတ်စက်ရှေ့ တရိုတသေ သွားချပေးလိုက်တယ်။ ညီမလေးက မေးကော၊ "ကိုကို ဘာလုပ်တာ လဲ"တဲ့။

"နင့်ကောင် စကားအကြာကြီး ပြောနေရတာ အာခြောက်မယ်စိုးလို့" လို့။

အတိတ်ကို ဖော်သော်

လောင်းကစားဝိုင်းတွေအကြောင်း ပြောလို့ သတိရသွားမိတာ တစ်ခုလေး ပြောပြဦး မယ်။ အာဏာရှင်တွေကို သူ့နည်းသူ့ဟန်နဲ့ တော်လှန်ခဲ့ကြတဲ့နေရာမယ် လောင်းကစားသမားတွေ ပါ ပါခဲ့ကြတာ။ ၃၆ ကောင် ဒိုင်တစ်ယောက်။

ကနဦးအနေနဲ့ ၃၆ ကောင် ဆိုတာဘာလဲ အရင်ရှင်းပြမယ်။ လူပုံအလယ်မှာ ကတ္တီပါ အိတ် အနီကို ဝါးလုံးအဖျားထိပ်ကို ဆွဲတင်လိုက်တယ်။ အဲ့ဒီ အိတ်အနီထဲမှာ တိရိစ္ဆာန်ပုံပါတဲ့ ဖဲချပ် တစ်ချပ်ကို သံဗူးအပြားလေးနဲ့ ထည့်ထားတယ်။ အဲ့ဒါ ၃၆ ကောင်သော အကောင်တွေထဲက ပေါက်ကောင်ပဲ။ ဒါပေမယ့် အဲ့ဒါကို တင်ချင်တိုင်းတင် ဖွင့်ချင်တိုင်းဖွင့်လို့ မရဘူး။ ကျောက်သင်ပုန်း တစ်ချပ်ပေါ်မယ် ကဗျာလေးတစ်ခုဖွဲ့ပြီး ရေးပြထားရတယ်။ အဲ့ဒါကို အတိတ်လို့ခေါ်တယ်။ အတိတ် ပေးထားတာပေ့ါ။ အတိတ်အပြင် နောက်ထပ် အတိတ်စိမ်း ဆိုတာကိုလည်း တစ်ကြောင်းတစ်ပါဒ ထပ်ပေးထားသေးတယ်။ အဲ့ဒီအတိတ်ကဗျာ အတိတ်စိမ်းတွေကို ဖတ်ပြီး ကဗျာ့ဆိုလိုရင်းက ဘာအကောင်ဖြစ်မယ် ထင်သလဲ ဖော်ရတယ်။ ပြီးရင် ကိုယ်ထင်တဲ့အကောင် ကိုယ်ထိုး။ တိုက်ရင် ၂၅ ဆ လျော်တယ်။

အကောင်ကို အချိန်စေ့ရင် ဝါးလုံးပေါ်က အဓာက်ချပြီး ဖွင့်တယ်။ ရေးထားတဲ့ ကဗျာနဲ့ မဆီမဆိုင် မဖြစ်ရဘူး။ ဒိုင်လုပ်သူကရှင်းပြရတယ်။ ဆိုလိုတာက၃၆ကောင်ဒိုင်ဆိုတာသောက်ချဉ် တစ်ကောင် တက်လုပ်လို့မရဘူး။ မှတ်မိနေတာလေး ရေးပြမယ်။

(အတိတ်) “သစ္စာတောင်ခြေ အလွမ်းပြေ ငါလေ မင်းလောင်း ထီးဖြူဆောင်း”

(အတိတ်စိမ်း) “ဘေးပေါင်းကင်းကွာ နိဗ္ဗာန်ရွာသို့” တဲ့။

ကိုင်း မလှဘူးလားဗျာ။ ဖတ်ပြီး ဘာအကောင်ဝှက်ထားတာလဲ တွေးပေရှော့ပဲ။ ခုခေတ် ရေးတဲ့ ကဗျာတွေနဲ့ ၃၆ ကောင်ဖွင့်လို့ မရလောက်ဘူး ထင်တယ်နော်။ ပြန်လမ်းမရှိတဲ့ မြစ်ထဲ ခုန်ချ လိုက်တယ် လေထီးမပွင့်ခဲ့ဘူး … ဘာညာတွေ အလုပ်မဖြစ်လောက်ဘူး။ စကားမစပ် ကဗျာဆရာ

ဝေးခေါင်တို့ ဘာတို့ကလည်း ၃၆ ကောင်ခေတ်မယ်

လူပျိုဖြစ်လာတာဆိုတော့ ကဗျာတွေဘာတွေ ဒိုင်တွေကို ရှဲဒိုးရေးဖူးပေးသလား ပးသလား မေးကြည့်ကြပါလား။

ကိုင်း လိုရင်းဇာတ်လမ်းကို သွားရရင်၊ တစ်ရက် ၃ ပွဲနဲ့ လူတွေလည်း ၃၆ ကောင် ကဗျာ တွေချည့်ပဲ ရွတ်၊ အကောင်တွေ စဉ်းစား၊ အိပ်မက်က အတိတ်တွေ ဘာတွေ ကောက်တဲ့လူက ကောက်။ လောင်းကစားသံသရာ လည်နေတဲ့ကာလ။ စစ်တပ်ကအာဏာသိမ်းပြီးစ။ ထောက်လှမ်း ရေးတွေ ခေတ်ထ၊ အဲ့လိုအချိန်။

အဲ့မယ် ည ၉ နာရီ ဖွင့်မယ့် ပွဲစဉ်တစ်ခုမှာ စပ်ထားတဲ့ ကဗျာက ရေလည်ဟော့နေပြီ။ ကဗျာလေးက...

“ငါတိုင်းပြေ ငါဘုရင် ငါလုပ်ချင်တာ လုပ်မည်”

အတိတ်စိမ်းက “တစ်ခါတလေတော့လည်း ဘုရင်ခမျာ ပလ္လင်ပေါ်က ဆင်းပြေးရတတ်၏” တဲ့။

အရေးအခင်းပြီးစဆိုတော့ ဒီကဗျာက ရေလည်ပွဲဆူနေပြီ။ ဝါးလုံးထိပ်က အကောင်ချ ခါနီး လူတွေဆို အုံခဲနေတာ။ ထောက်လှမ်းရေးတွေကလည်း ထိုးသား အသွင်ယူလို့ လူအုပ်ကြား ထဲမှာ။

ကတ္တီပါအိတ်အနီကို ဝါးလုံးထိပ်က ဆွဲချလိုက်တယ်။ ဒိုင်က အိတ်အနီကိုင်ပြီး ပေါက် ကောင်ကြေညာဖို့ စင်ပေါ်တက်တယ်။ သံဗူးကို ဖွင့်တယ်။ အကောင်ပုံပါ ဖဲချပ်ကို ထုတ်ယူတယ်။ အခါတိုင်းလို့ ကဗျာကို မခံစားပြဘူး။ ပရိသတ်ဖက် ဖဲချပ်ကို လှည့်ပြပစ်လိုက်တယ်။ ပေါက်ကောင် က ဒါပါပဲတဲ့။

အားလုံးဝိုင်းအော်ကြတာ

“ခွေး..ခွေး...ခွေး”

ထိုးသားအသွင်ယူထားတဲ့ ထောက်လှမ်းရေးတွေက ဒိုင်ကို ချက်ချင်း လက်ထိပ်ခတ်ပြီး ဖမ်းခေါ်သွားပါရောလား။

ရှရွတ်ခန်းနှင့် ရင်ဆိုင်ခြင်း

တစ်ခုသောနွေရာသီတွင် တက္ကသိုလ်ကျောင်းသား မောင်ပါပီဇိမ်အတော်တွေ့နေ၏။ နွေကျောင်းပိတ်ရက် အိမ်ပြန်သွားသော ကျောင်းနေဖက်ယိုးဒယားချာတိတ်တစ်ကောင်၏ နှစ်ထပ်အိမ်ကလေးတွင် အလကားနေခွင့်ရထားသည် မဟုတ်လော။ မေပယ်ပင် ခပ်အုပ်အုပ် ကြားထဲမှ ၎င်းအိမ်ကလေးတွင် အင်မတန် သန့်ရှင်းသပ်ရပ်ကျယ်လွင့်သော မီးဖိုချောင်ပါရှိသဖြင့် အစားကောင်း အသောက်ကောင်းကလေးများ ချက်ပြုတ်ကာ ဘီယာတစ်လုံးနှစ်လုံးဖြင့် မြည်းရင်း မိုးမြူမှုန်များဖြင့် လွှမ်းဆွေးဖွယ်ရာကောင်းလှသည့် တိတ်ဆိတ်ငြိမ်သက်သော ပတ်ဝန်းကျင်ကို မှန်ချပ်များမှတစ်ဆင့်ငေးမောရသည်မှာ တစ်သက်မမေ့နိုင်ဖွယ်ရာ မြင်ကွင်းပင်တည်း။ ထိုမှတပါး ကျန်အားလပ်ချိန်များတွင် အလင်းရောင်ကောင်းစွာရသော ဧည့်ခန်းကျယ်ကြီးထဲတွင် လဲလျောင်း ရင်းစာဖတ်ရသည်မှာ တစ်သက်မမေ့နိုင်စရာ ဇိမ်တစ်မျိုးပင်။ ဘီလပ်တွင် ကျယ်ဝန်းသော ဧည့်ခန်းပါသည့် အိမ်ကား ရှားပါဘိတောင်း။ ထိုစဉ်က မောင်ပါပီလက်ထဲတွင် ရွှေဥဒေါင်း၏ တစ်သက်တာ မှတ်တမ်း၊ သော်တာဆွေ၏ ကျနော့်ဘဝ ဇာတ်ကြောင်း၊ ရန်အောင်မောင်မောင်၏ ထောင့် တစ်သက်အတွေ့အကြုံကဲ့သို့သော စာအုပ်များရထားလေရာ အင်မတန်ဟန်ကျနေလေသည်။

သို့သော် အဆိုပါ သာယာစိုပြေသည့် ဘဝကား တာရှည်မခံချေ။ နွေကျောင်းပိတ်ရက် ကုန်ဆုံးရန် တစ်လခန့်မျှ လိုသေးသည့်အချိန်တွင် အိမ်ရှင်ယိုးဒယားကောင်လေး၏ အတူနေ ရည်းစားဖြစ်သူ **Jem** ဟုခေါ်သည့်ယိုးဒယားမလေး ပြန်ရောက်လာသည်။ မဟာတန်း တက်နေ သည့် ၎င်းကား သူမတင်ရမည့် စာတမ်းအတွက် ပြင်ဆင်ရန် ကြိုတင်ရောက်ရှိလာခြင်းပင်။ အိမ်သို့ရောက်လျှင်ရောက်ချင်း မျက်နှာခပ်မာမာဖြင့် ဆစ်ကလက်တစ်တောင့် ထုတ်ကာ မောင်ပါပဲ့ကို ပစ်ပေးသည်။ ဒါ နှင့်အတွက် **Duke**(သူ့ရည်းစားကောင်လေး နာမည်) ပါးလိုက်တာဟု ခပ်ပြတ် ပြတ်ပြောကာ မျက်နှာလွှဲသွားသည်။ **Jem** ဆိုသည့် အဆိုပါကောင်မလေးကား ယူအက်စ်တွင် ငယ်စဉ်မှစ၍ ကျောင်းနေခဲ့ကာ ဘီလပ်တွင် တက္ကသိုလ်လာတက်ခြင်းဖြစ်သည်။ သူမ၏ မိခင်ကား ယိုးဒယားရှိ နာမည်ကျော် ဘဏ်တစ်ခု၏ ထိပ်တန်းရာထူးယူထားသူသူဌေးမကြီးဖြစ်ရာ ၎င်းကား ပက်ဆံပေါ်ရုပ်ချောသည့် သူဌေးသမီးလေး ဖြစ်သည့်အားလျော်စွာ ဆံပင်ရှည်ရှည် ညှင်းသိုးသိုး ဖြင့် ပရိုင်မတ်ကုန်တိုက်ထုတ် ၂၅ ကျပ်တန် ဂွမ်းကပ်ဂျာကင်အစုတ်ကို ဝတ်ကာ ပွတ်ချွန်းဆေးလိပ် သောက်ရင်း

ကျောင်းတက်လေ့ရှိသည့် မောင်ပါပီအား ကလေကချေကောင်ဟု ယူဆကာ မတူမတန်သလို သဘောထားဟန်တူသည်။သူ့ရည်းစား **Duke** ဆိုသည့် မောင်ပါပီသူငယ်ချင်းဖြစ်သူ ချာတိတ်သည်လည်း ယူအက်စ်နှင့် ကနေဒါတွင် အထက်တန်းတက်လာသည့် သူဌေးသားလေး ဖြစ်သည်။ သို့သော် သူငယ်ချင်းဖြစ်သူ မောင်ပါပီကို အင်မတန်ချစ်ရှာသည်။ ထို့ကြောင့်ပင်အိမ်ပေါ် ခေါ်တင်ထားခဲ့သည် မဟုတ်လော။

သူဆင်းရဲလေး မောင်ပါပီ အိပ်ခန်းထဲသို့ ဝင်သည်။ ကွန်ပြူတာကို ဖွင့်ကာ ဘဏ်စာရင်း ထဲတွင် မိမိပိုင် ပိုက်ဆံ မည်မျှကျန်သနည်းကို စစ်သည်။ မိမိအား မကြည်ဖြူသည့်နေရာတွင် ဆက် နေရန် မဖြစ်တော့ပြီမို့ ငွေကြေးအခြေနေကို ကြည့်ကာ စျေးပေါပေါ အိပ်ခန်းလေးတစ်ခု ရှာရမည် မဟုတ်လော။

ညနေစောင်းသော် ဤအိမ်တွင် နေရာသည်မှာ စိတ်မလွတ်လပ်တော့ဟု ခံစားမိသည် နှင့် အဝတ်အစားအပို အနည်းငယ်ယူကာ အပြင်ထွက်ရန် ပြင်သည်။ ဧည့်ခန်းတွင် **Jem** တစ်ယောက် ဧည့်သည်တစ်ယောက်နှင့် အရက်ဝိုင်းဖွဲ့နေသည်ကို မြင်သဖြင့် ဝတ္တရားကျေ ဝင်နှုတ် ဆက်သည်။ ဧည့်သည်ဖြစ်သူကား ၎င်းတို့ စုံတွဲနှင့် အတော်ရင်းနှီးဟန်တူပြီး မြင်ဖူးနေကျ ရှရွတ်ခန်းနှင့် ခပ်ဆင်ဆင်တူသည့် ကုလားသူဌေးသားလေးဖြစ်နေသည်။ ဘုရင့်ကောလိပ်မှ ပထမ ဘွဲ့ရခဲ့ပြီး ဒုတိယဘွဲ့ ထပ်ယူရန် မောင်ပါပီတို့တက္ကသိုလ်သို့ ရောက်လာသည်ဟု ကြားဖူးသည်။ အဆောင်တွင် ဝီစကီခွက်လေးတကိုင်ကိုင်၊ ဆေးခြောက်လေး တဖွာဖွာဖြင့် ဖွန် အင်မတန်ကြောင်သော သူ့ကို မောင်ပါပီ မြင်ခဲ့ဖူးပေါင်း များလှပြီ။ မောင်ပါပုံကို မြင်သည်နှင့် အဖက်မလုပ်ချင်သည့် အပြုံးဖြင့် ပြုံးပြသည်။**Jem** က အသိပေးသည့်သဘောဖြင့် လှမ်းပြောသည်။

“သူဒီမှာ ညအိပ်မယ်တဲ့၊ နင့်အိပ်ခန်းပေးအိပ်လို့ရမလား”

“ရပ့ါ… ငါဒီည ဟိုဖက်မြို့က ဘော်ဒါတွေဆီသွားမလို့”

“…”

တစ်ဖက်မြို့သို့ရောက်သော် မောင်ပါပီဘော်ဒါ ညီငယ်များကား ပျော်ရွှင်နေကြသည်။ ၎င်းတို့ အရက်ဝိုင်းပြင်သည်။ မောင်ပါပီ ချက်မည်ပြုမည်။ သောက်ကြ စားကြရင်း မောင်ပါပီ ပေါက်ကရဇာတ်လမ်းများ၊ အညှီအဟောက် ကိုယ်တွေ့ စွန့်စားခန်းလေးများအား ကြားရတော့မည် မဟုတ် လော။ မိုးချုပ်စအပြုတွင် မောင်ပါပဲ့ဖုန်းကို ယိုးဒယားနံပါတ်တစ်ခုက အဆက်မပြတ် ခေါ်သည်။ ချက်ပြုတ်ရင်းတန်းလန်းဖြင့် ကောက်ကိုင်လိုက်ရာ…

“အကို မင်းဘယ်မှာလဲ … **Jem** ဖုန်းဆက်တယ်၊ သူ့ကို ရှရွတ်ခန်း အခမ့္ဘကျင့်တယ်တဲ့၊ ခု အိပ်ခန်းထဲမှာ ကလန့်ထိုးပြီး နေနေရတယ်၊ ဟိုကောင်က အပြင်ကနေ အတင်းခေါ်နေတယ်တဲ့၊ ကယ်ပါဦးဗျာ…ကျနော်

ဘာလုပ်ရမှန်းမသိတော့ဘူး”

အထက်ပါအတိုင်း အလောတကြီးပြောနေသည့် ယိုးဒယားကောင်လေး၏ စကားသံကို ကြားလျှင် မောင်ပါပီ ဖုန်းချ၍ ဝုန်းခနဲ ထပြေးသည်။ ဂျာကင်အင်္ကျီကို ကောက်စွပ်၍ ထွက်အပြေး တွင်ဟင်းထမင်းအတူချက်ပြုတ်နေသည့် နော်သမ်ဘာရီယာမှ ကဗျာဆရာလေးကား“ဟာ ဘာဖြစ် တာတုံးဗျ” ဟု ရေရွတ်ရင်း အူကြောင်ကြောင် ကျန်ရစ်ခဲ့ကြောင်း မှတ်မိနေသေးသည်။ ရထားစီး လျှင် မိနစ် ၄၀မျှ ကြာသော ခရီးကို တက္ကစီငှားသွားသဖြင့် မိနစ်၂၀ မျှဖြင့် ရောက်သွားသည်။

အိမ်သို့ရောက်သော် ဘယ်သူ့ကိုမျှ မတွေ့ ။ ဧည့်ခန်းတစ်ခုလုံးကား မုန်တိုင်းထန်ခဲ့ဟန်ဖြင့် ညစ်ပတ်ပေရေ ရှုပ်ပွနေ၏။ ကျကွဲထားသော အရက်ခွက်များ၊ ကောဇောပေါ်ရှိ အမြည်းဖတ် များ၊ မှောက်နေသော ဆစ်ကလက်ပြာခွက်။ ပက်လက်လှန်နေသော ဆိုဖာထိုင်ခုံ။ **Jem** ၏ အိပ်ခန်းတံခါးကို ပြေးကာ ထုမိသည်။

“**Jem** ငါပြန်ရောက်နေပြီလေ၊ နင် အထဲမှာလား၊ ငါရှိတယ်နော်”

“**Leave me alone**” ဟု ပြန်အော်သံ ခပ်တိုးတိုးကြားရသည်။ တစ်အိမ်လုံးကို ပတ် ကာ ရှရွတ်ခန်းကို ရှာကြည့်သည်။ မတွေ့။ မအေးဘေးကား ထွက်ပြေးပြီထင့်။ ဧည့်ခန်းထဲက ညစ်ပတ်ပေပွနေသည့်များကို လှဲကျင်းသုတ်သင်ရင်း ယိုးဒယားကောင်လေးထံ စိတ်မပူရန် ဖုန်း ဆက်သည်။ ဘာတွေ ဖြစ်သွားခဲ့တယ် ထင်သလဲဟု စိတ်ပူပန်စွာ မေးသည်ကို ငါဘယ်သိမှာလဲ ကွာ၊ ခုလောလောဆယ် ဘာမှထပ်မဖြစ်တော့ဘူး၊ ငါရှိနေပြီ ဟုတ်ပလား။ ခု ရဲခေါ်မလားဟု မေး သည်ကို မလုပ်နဲ့အကို **Jem** က ရက်တယ်တဲ့ မခေါ်နဲ့ဟု ပြန်ဖြေသည်။ ပြီးတာပဲကွာ ဟု ဒေါသဖြင့် ပြန်အော်ရင်း ဖုန်းချလိုက်သည်။

နောက်တစ်နေ့ မနက်လင်းသော် **Jem** သူမ အိပ်ခန်းထဲကထွက်မလာပါ။ နေ့လယ်ထိ ရောက်ပြီ၊ ထွက်မလာသေး။ မောင်ပါပီ အပြင်ခဏထွက်ကာ ဈေးအနည်းငယ်ဝယ်သည်။ အာလူး နှင့် ဝက်နံရိုးဟင်း ချက်သည်။ မုန့်ညင်းဖြူဟင်းချို တည်သည်။ ထမင်းကျက်သော် အိပ်ခန်းတံခါး သွားခေါက်သည်။

ထမင်းစားမယ် ထွက်လာ ဟုခေါ်သည်ကို မည်သည့်အသံမျှ ပြန်မပြုချေ။ စိတ်ပူလာ သည့် မောင်ပါပီကား တံခါးကို ဆောင့်ကန်သည်။ **Jem** ထွက်မလာဘူးလား၊ ငါ တံခါးကို ဖျက်ပြီး ဝင်လာရမလား ခုဖွင့်စမ်းဟု ဒေါသသံဖြင့် ကုန်းအော်သည်။ တံခါးဂျက်ဖြုတ်သံနှင့်အတူ အမှောင်ခန်းထဲမှ **Jem** ထွက်လာသော် မောင်ပါပီ တုန်လှုပ်သွားလေသည်။ ဖူးယောင်နေသော မျက်နှာ၊ ဒဏ်ရာဗလပွဖြင့် သွေးဆုတ်ဖြူရော်နေသော ကောင်မလေးကို ငေးကာ ဘုရားသခင် ဖြစ်ရလေ ရေရွတ်မိချေပြီ။

Jem ကား အင့်ခနဲ တစ်ချက်ရှိုက်ကာ မောင်ပါပီကို

အတင်းဖက်တွယ်ထားရင်း တအီး အီး မြည်သံပြုရင်း ငိုလေသည်။ ထိုကောင်မ ပိန်ပိန်လေးအား ပြန်ဖက်ထားရင်း ကျောကိုပုတ်ကာ တစ်မိနစ်မျှ နှစ်သိမ့်ပြီးသော် ရေနွေးဂေါက် ဖွင့်ပေး၍ ရေပူပူဖြင့် ရေချိုးခိုင်းလိုက်သည်။ ရေမိုးချိုး အဝတ်အစားလဲပြီးသော် ညွှေ့ခန်းထဲရှိ ဆိုဖာခုံသို့ စွေ့ခနဲပွေ့ချီသွားကာ ချထားပေးလိုက်သည်။ ထမင်းခူးခပ်ကာ ကျွေးသည်ကို ခေါင်းခါပြသည်။

မစားလို့ရမလား သေသွားမယ် ဟု ဟောက်ကာ အတင်းခွံ့ကျွေးသော် စား၏။ သို့သော် မျက်ရည်ကျမြဲ ကျလျက်ပင်။ ထမင်းစားပြီးသော် ရေနွေးကြမ်းတစ်ခွက်စီ သောက်ရင်း ဆစ်က လက် ဖွာစေသည်။ **Duke** က ငါ့ညီလေးပဲဆိုတော့ ငါက နင့်အကိုပေါ့ဟာ၊ ဘာမှမကြောက်နဲ့ တော့၊ ငါရှိတယ်ဟု အားပေးရင်း သူမ ရယ်ပြုံးစေရန် ပုံတိုပတ်စ ပေါက်ကရလေးများအား ဟာသလုပ်ရင်း ပြောရာ အတန်ကြာသော် အငိုရပ်ကာ ခပ်ယဲ့ယဲ့ပြုံးစပြုလာသည်။

ညနေစောင်းသော် မောင်ပါပီ အိမ်အောက်ထပ်သို့ဆင်းကာ ပြုနေကျအတိုင်း ကိုယ် လက်လေ့ကျင့်ခန်း ဒိုက်ထိုး၊ ဘားဆွဲ လုပ်နေသည်။ ထိုစဉ် လူခေါ်ခေါင်းလောင်းသံ ကြားရသဖြင့် အိမ်တံခါး ဖွင့်ကြည့်သည်။ ရှုရွတ်ခန်းကို ပန်းစည်းလေး ကိုင်လျှက်သား ဘွားခနဲ တွေ့သည်။ မထီတရီ ဟန်ဖြင့် မောင်ပါပုံကို ကြည့်ရင်း **Jem** ရှိလားဟုမေးသည်။ တံခါးကို အသာအယာ ပြန်ပိတ်လိုက်ပြီး ဆတ်ခနဲ ပြန်ဆွဲဖွင့်ကာ ရှုရွတ်ခန်း၏ ပေါင်ကြားတည့်တည့် အလစ် ဆောင့်ကန်လိုက်ရာ “အု” ဆိုသည့် အသံခပ်အုပ်အုပ်ထွက်လာပြီး ခွေကျသွားသည်။ ထို့နောက် ခပ်မြန်မြန် နောက်သို့ အသာအယာဆုတ်ကာ မြေပြင်ပေါ် ခွေနေသည့် ရှုရွတ်ခန်း၏ စောက်ခွက်အား လွှဲ၍ ကန်သည်။ ရင်ဘတ်ပေါ် ဒူးဖြင့်ဖိထားကာ မျက်ခွက်ကို လက်သီးဖြင့် ဘယ်ညာထိုးသည်။ ထိုး၍ အားရသော် ခုခံရန် မစွမ်းသာတော့သော ၎င်းအား ဆံပင်မှကိုင်ကာ တရွတ်ဆွဲသွား၍ အိမ်ရှေ့မြေကွက်လပ်ရှိ မေပယ်ပင်၏ပင်စည်နှင့် ခေါင်းကို ဆောင့်တိုက်ပေးသည်။

“ကောင်းလား ခွေးမသား ကောင်းလား ဟမ်” ဟု အာခေါင်ခြစ်အော်ရင်း ဆောင့်တိုက် ပေးနေရာ၊ “အကို ...မလုပ်နဲ့ အကို... သူသေသွားလိမ့်မယ် တော်ပါတော့” ဟု အသံစူးစူးလေးဖြင့် အတင်းအော်ဟစ်ကာ သိုင်းဖက်ခံရမှသတိဝင်လာသည်။ **Jem**ကားငိုယိုရင်းမောင်ပါပီကိုအတင်း သိုင်းဖက်ထားသည် မဟုတ်လော။

“မအေရိုး...သွားစမ်း... မင့်ကိုဒီမြို့မှာ ထပ်မြင်ကြည့်၊ ဖောရက်စ်ဟောလ်က အိုင်းရစ်ရှ် လူမိုက်တွေမှန်သမျှ ငါ့သူငယ်ချင်းတွေချည့်ပဲ၊ ငါဖုန်းဆက်ပြီး မင့်ကိုသတ်ခိုင်းမယ်၊ ဗိုက်ထဲ ဓားဝင် သွားမယ် ... ရီးပဲ” ဟု ဒေါသမပြေသေးပဲ အော်ဟစ်ဆဲဆိုနေမိသေးသည်။ သွေးစက်လက် ဖြစ်နေ သော ရှုရွတ်ခန်းကား အတင်းအားယူထကာ မောင်ပါပီတို့ နှစ်ယောက်အား မျက်နှာချင်းဆိုင် မကြည့်ရဲပဲ ခေါင်းကလေးငုံ့ရင်း ဒရီးဒရိုင်ဖြင့် ထွက်ခွာသွားရှာလေသည်။

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး အတန်ကြာသော် မောင်ပါပီကား **Duke** နှင့် **Jem** ဟူသည့် ယိုးဒယားစုံတွဲ၏ အကိုကြီးလူမိုက် ဖြစ်လာခဲ့လေသည်။

ထမင်းစားလည်း အကို ပါမှ၊ ချေးပါလည်း အကိုပါမှ လုပ်လာတတ်ကြသည်။ ကျောင်းပါတီပွဲများတွင် အသောက်လွန်ပြီး ထိုနှစ်ကောင် အိမ်မပြန်နိုင်လျှင် ဖုန်းဆက်ကာ လာကြိုပါဦး လုပ်တတ်လာသည်။ ထိုအခါမျိုးတွင် ဟိုကောင်အားတွဲ၊ ဟိုကောင်မလေးအား ကျောပိုးရင်း အိမ်ပြန်ခေါ်ရတတ်လေသည်။

ငင်းတို့စုံတွဲရန်ဖြစ်တိုင်း အကို့ညီမကလေ၊ အကို့ညီကလေအစရှိသဖြင့်အတိုင်အတော ထူတတ်ကြသည်။ မောင်ပါပီကား လူကြီးပီပီ ပြုံးစိစိဖြင့်နားထောင်ရုံမျှသာ။ မိမိရှေ့တွင် ရန်ဖြစ်ပြီး သတ်ကြလျှင် မအဘေးလေးတွေ တိတ်ကြစမ်းဟု ဟောက်တတ်သည်။

ယခုအခါ သူတို့နှင့်ကွဲကွာခဲ့ရပြီ ဖြစ်သော အကိုကြီးလူမိုက် မောင်ပါပီသည် ဒင်းကလေး

တို့အားလွမ်းဆွတ်မိနေလေသည်။

မြက်ရိတ်သော နေ့

ဒီနေ့ အသုဘာရှုသွားတယ်။ အမေ့မေ့အလျှော့လျှော့ နေခဲ့မိတဲ့ သေခြင်းတရား ဆိုတာ ကြီးကို အနီးကပ် ထပ်မြင်ပြန်ရော ဆိုပါတော့။ ငိုကြွေးမှုတွေ၊ စိုစွတ်တဲ့ မျက်လုံးတွေ၊ ကျန်ရစ်သူ တွေရဲ့သောက ဗျာပါဒတွေ အစရှိသဖြင့် မြင်ရတယ်။

ငယ်စဉ်က ဥမမည့် စာမမြောက် အရွယ်လေးမှာ (စာလုံးပေါင်းဖတ်တတ်ခါစ) မြို့အပြင် ထွက်ပေါက် ကုလားသင်္ချိုင်း အပေါက်ဝ မုခ်ဦးက စာလုံးတွေကို အသံထွက်ဖတ်ကြည့်ပြီး ကြောက် လန့် တုန်လှုပ်သွားခဲ့ဖူးတာကို သတိရတယ်။

“သင်တို့ ရှောင်ပုန်းနေသော သေခြင်းတရားသည် သင်တို့ထံ တစ်နေ့မုချ ရောက်လာ မည်တည်း...” တဲ့။

ဘာကြောင့်ရယ် မသိဘူး၊ အဲ့ဒီစာလုံးတွေကို ဒီနေ့အထိ တစ်ခါတလေ မျက်လုံးမှိတ် လိုက်တိုင်း ပြန်ပြန်မြင်နေသေးတယ်။

ဒီနေ့လည်း ထိန်ပင်သင်္ချိုင်းမှာ မိတ်ဆွေတစ်ယောက်ရဲ့ မိခင်ကို မီးသ်ဂြိုဟ်တော့ မီးခိုး ခေါင်းတိုင်ကမီးခိုးတွေကို ငေးကြည့်ရင်း ဘေးမှာ ရပ်နေတဲ့ မားဆိုးကို လှမ်းပြောမိတယ်။

“ဟေ့ ... မား၊ ဦးကျော်(ကျော်ဟိန်း)ရေးဖူးတဲ့ ဝတ္ထုတို “ပြာ” ဆိုတာ သတိရသေးလား ဗျာ” လို့။ အင်မတန်လှတဲ့ ဝတ္ထုတိုလေးကိုး။

သူ့ကို အဲ့လိုလှမ်းပြောရင်း ဘိုင်ကျလို့ အသုဘာကားတွေ လမ်းကြိုလိုက်စီးတဲ့ ဗန်းမော် တင်အောင်နဲ့ သော်တာဆွေကို သတိရပြန်ရော။ ကြံတောသင်္ချိုင်းနား ရောက်တော့ သော်တာဆွေ က ဗန်းမော်တင်အောင်ကို လှမ်းပြောတာလေ...

“ဟေ့ ... ကိုတင်အောင်၊ ခင်ဗျား့ဆရာ ရှင်ဥက္ကဋ္ဌက လူသေရင် လူဖြစ်တယ်ဆို၊ ဟိုမှာ ကြည့်စမ်း၊ လူသေရင် ပြာဖြစ်တယ်ဗျ” ဆိုတာ။ ဗန်းမော်တင်အောင် ခပ်ယဲ့ယဲ့ပြုံးသွားတယ် ဆိုလား။

ထိန်ပင်က ထွက်လာတော့ မိတ်ဆွေတွေနဲ့ လက်ဖက်ရည်ဆိုင် ထိုင်ဖြစ်ကြတယ်။ ဗမာ တွေပီပီ အသုဘရှုပြီးတာနဲ့ ဘာသာရေးတွေ ဘာတွေဖက် စကားလမ်းကြောင်း ရောက်ကုန်တယ်။ အဲ့ဒီမှာ စဉ်းစားစရာက သေခြင်းတရားနဲ့ ဘာသာရေးဟာ ချိတ်ဆက်နေသလားပေါ့။ ကျနော် အသေအချာမသိပါဘူး။ သို့သော် လူတွေဟာ သေခြင်းတရားကို လူတွေဟာ သေခြင်းတရားကို ကြောက်လန့်ရာကနေ သေခြင်းရဲ့ အခြားတစ်ဖက်ကို စဉ်းစားကြရင်း ဘာသာတရားတွေ ဖြစ်တည်လာတာမျိုးလားလို့ တွေးနေမိ သေးတယ်။

ဒီလိုပြောလို့ ကျနော့်ကို ဘာသာတရားတွေအကြောင်း ဆွေးနွေးတတ်တဲ့ကောင်မျိုးလို့ မထင်လေနဲ့။ တော်ရုံ ခင်တဲ့လူတွေ အတည်အပေါက် ဘာသာရေးအကြောင်းပြောရင် ထပြန်တာ ရယ်။ အဲ့ဒီကိစ္စကြီးဟာ(ဘာသာရေးအကြောင်းဆွေးနွေးတာ) ကောင်းကျိုးထက်ဆိုးကျိုးကိုပိုများ စေတယ်လို့ ကျနော်ယူဆတာကိုး။

အဲ့ဒါနဲ့ ပတ်သက်လို့ ဟိုစဉ်က အဖြစ်အပျက်တစ်ခုကို သတိရမိသေးတယ်။ တရားဟော ဆရာတွေ ပေးခဲ့တဲ့ ဒုက္ခတွေပေါ့။ အိမ်တိုင်ရာရောက် တရားပတ်ဟောတဲ့ ပုဂ္ဂိုလ်တွေပေါ့။ ကျနော် လည်း မူလက ပျင်းပျင်းရှိတာနဲ့ အဲ့လို လာဟောရင် ထိုင်နားထောင်ပြီး ကန့်လန့်တွေ ပြန်ပြန်တိုက် တာရယ်။ နောက်တော့ ကိုယ့်ကို ပြိုင်မငြင်းနိုင်တော့ဘူးဆိုတဲ့ပြီး တစ်ခါသား တရားဟောဆရာ ခုနစ်ယောက်လောက် ကားကြီးနဲ့ ပြန်သွားခေါ်ပြီး လာဟောတော့တာပဲ။ ချစ်သား ငမိုက်သားကို ကယ်တင်မယ်ပေါ့။ ကမ္ဘာ့ရဲ့ သူတစ်မ်းဝတ္ထုထဲက ဇာတ်လိုက်လို လည်ပင်းထည့်ချင်လာတယ်။ ခုနစ်ယောက်လောက် ဝိုင်းကြပ်တဲ့အပြင် ငြင်းခုံရတဲ့ ဘာသာစကားက ကိုယ့်မိခင်ဘာသာစကားမှ မဟုတ်တာကိုး။

အဲ့အဖြစ်အပျက်ပြီးတော့ ကျနော်လည်း အတော်သတိထားသွားတယ်။ တရားဟော ဆရာတွေ လာရင် ပတ်ကိုပြေးတော့တာရယ်။

ဒီလိုနဲ့ နွေဖက်ရောက်လာတော့ ကျနော် ခြံထဲဆင်းပြီး မြက်ရိတ်တယ်။ ဘေးအိမ်က အဘွားကြီးရယ် အနားရောက်လာတဲ့ပြီး ပြုံးပြတယ်။ ကိုယ့်များ တစ်ခုခု အကူအညီတောင်းမလား ပေါ့။ ဟုတ်ကဲ့ မဒမ် ဆိုတော့ ...

“သား ဘာကိုးကွယ်သလဲ” တဲ့။ ကျနော့်စိတ်ထဲ“အင်း......လာပြန်ပြီ”ပေါ့။ ခပ်တင်းတင်းပဲမျက်နှာထားနဲ့“ဘာမှမကိုးကွယ် ဘူး” လို့ ဘုတောလွှတ်ရော။

“ဘာသာမဲ့လား” တဲ့။

“ဟင့်အင်း ဘာသာလည်းမမဲ့ဘူး၊ ဘယ်ခေါင်းစဉ်အောက်မှာမှ မနေဘူးဗျာ” လို့။

အဲ့ဒီမယ် အမျိုးသမီးကြီးက ပြုံးတယ်ဗျ။ ရင်ထဲမှာ နွေးခနဲဖြစ်သွားစေတဲ့ အပြုံးမျိုး။ ကျနော့်လက်ကို ဖမ်းကိုင်တယ်။

“စိတ်ဓာတ်ခွန်အား ပြင်းတဲ့ လူတွေသာလျှင် အဲ့လိုနေနိုင်တာ၊ သိပ်ကောင်းတယ် ငါ့သား” တဲ့။

အဲ့လိုပြောပြီးကျနော့်လက်ထဲကိုချောကလက်တစ်ပြားထည့်ပေးပြီး ချာခနဲလှည့်ထွက် သွားတာပါပဲ။ ကျနော့်စိတ်ထဲ တစ်မျိုးကြီးဖြစ်ပြီး ကျန်ရစ်ခဲ့တယ်။

ဂျိုင်းကင် တိတ်ခ်ကဝေး

အခါစကာတို့လင်မယားနဲ့ ပထမဆုံး စကားစပြောတုန်းက လူကိုအူတိအူကြောင်ရယ်။ ဘယ့်နှယ့် တရုတ်ခေါင်းဖြူလင်မယားက ဂျော်ဒီစကားတွေ ပြောနေတာကိုး။ ကိုယ်ကလည်း အဲ့ဒီ နယ်ကို ရောက်စဆိုတော့ကာ ဂျော်ဒီစကားကို တစ်လုံးတလေတောင် နားလည်ဖို့ အနိုင်နိုင်ရယ်။ ဂျော်ဒီဆိုတာ ဘိလပ်အရှေ့မြောက်ပိုင်းနယ်က လူတွေပြောတဲ့ အင်္ဂလိပ်ဒိုင်ယာလက်တစ်ခု ဆိုပါ တော့။ အင်္ဂလိပ်စကားကို တစ်ဖက်ကမ်းခတ်အောင် ပြောတတ်တဲ့ လူတွေတောင် ဘာမှန်းမသိတဲ့ စကားတွေပေါ့။ သူတို့ ကိုယ့်ကို အင်တာဗျူးတော့ မေးတယ်။

"မင့်မယ် ဟင်းနီ ရှိလား" တဲ့။

ဘေးက ကိုယ့်ကို အလုပ်သွင်းပေးဖို့ခေါ်လာတဲ့ ကုလားလေးကို နဝေတိမ်တောင်နဲ့ ဘာလဲဟင် ဆိုတဲ့သဘောနဲ့ မျက်စပစ်ပြတော့၊ မင့်ကို မေးနေတာ၊ မိန်းမရှိသလား အိမ်ထောင် ရှိသလားလို့ မေးနေတာတဲ့ (ရိုးရိုး အင်္ဂလိပ်လို ဘာသာပြန်ပေးနေရတယ်၊ ဒုက္ခ)။ လက်စသတ် တော့ **Hinny** ဆိုတာ ဂျော်ဒီလို မိန်းမ ကြင်ဖော်ပေါ့လေ။ အဲ့ဒါနဲ့ ကိုယ်လည်း သံယောင်လိုက်ပြီး ဂျော်ဒီလေသံဖမ်းရင်း ခပ်တည်တည်နဲ့ ပြန်ဖြေပလိုက်တယ်။

"နိုး....ဟင်းနီ..." လို့ (မိန်းမ မရှိဘူးပေါ့)။

ဒါဆိုရပြီတဲ့။ တစ်နာရီကို ၆ ကျပ်နဲ့ ပြား ၇၀ ရမယ်။ နက်ဖန် နေ့လယ် နှစ်နာရီကနေ စပြီး အလုပ်လာဆင်းပေတော့တဲ့(ဘယ့်နှယ်အင်တာဗျူးမှန်းမသိပါဘူးဗျာ)။

စီးတီးစန်တာ ဘူတာကနေ ၈ ဘူတာတိတိ ရထားစီး၊ လူအဆင်းအတက်မရှိတဲ့ မြို့အစွန် ဘူတာလေးတစ်ခုမှာ ဆင်း၊ သင်္ချိုင်းတစ်ခုကို ဖြတ်၊ ခုံးတံတားသေးသေးလေးကို ကျော်ပြီးရင် **Joy King Takeaway** ဆိုတဲ့ တရုတ်ဘုရင်ထမင်းစားနေတဲ့ ပန်းချီကား ဆိုင်းဘုတ်တပ်ထားတဲ့ ဆိုင် ကလေးဆီ ရောက်ရော။ ထမင်းကြော် ခေါက်ဆွဲကြော် အစရှိတဲ့ တရုတ်စာတွေကို ပါဆယ်ဆွဲလို့ ရတဲ့ ဆိုင်သေးသေးလေးပါပဲ။ ဖုန်းဆက်မှာတာတွေကို အိမ်အရောက်ပို့တယ်ပေါ့။

ဆိုင်ရှင် အဘော်စကာက ကောင်တာထိုင်၊ ဖုန်းနဲ့ အဘော်ဒါလက်ခံမယ်။ ကုလားနှစ်ကောင် ရယ် ကိုယ်ရယ်က မီးဖိုချောင်ထဲမှာ အောက်ခြေသိမ်းလုပ်မယ်။ အဘော်စကာ့မိန်းမ တရုတ်မကြီးက ကြော်မယ် လှော်မယ်။ အဘော်ဒါတွေကို လိုက်ပို့တဲ့ ဒရိုင်ဗာက အားလီ (အလီ ဖြစ်မယ်) ဆိုတဲ့ အီရန် ကုလားကြီး (သူလည်း ဂျော်ဒီစကားပဲပြောတဲ့ ဗြိတိသျှကုလား)။ ဒါပဲ လူအင်အားက။

ပထမဆုံးနေ့မှာတင် တရုတ်အဘွားကြီးက ကိုယ့်ကို တစ်ချိန်လုံး ဆဲနေတော့တာပဲ။ အဓိက အချက်က သူပြောတဲ့စကားကို ကိုယ်မှ နားမလည်တာကိုး။ သူကြော်လှော်နေတုန်း ဟိုပစ္စည်း ဒီပစ္စည်း တောင်းတဲ့အခါ ဘာက ဘာမှန်း၊ ဘယ်နားမယ်မှန်း ကိုယ်က မသိသေးဘူး။

အဲ့ဒါအပြင် တချို့အလုပ်တွေက အထာမှ မသိတာ။

ပန်းကန်ခွက်ယောက်တွေ ဆေးကြောတဲ့အခါ ကိုယ့်အိမ်မှာလို ဆေးနေလို့တဲ့။ ဒါ နင့် အိမ် မဟုတ်ဘူး၊ နင့်အိမ်ပြန်မှ သွားလုပ်၊ အဲ့လို ဘာညာနဲ့ ဖယ်စမ်းဆိုပြီး သူကိုယ်တိုင် တဝုန်းဝုန်းနဲ့ ဝင်ကြမ်းပြတယ်။ ဒီလိုဆေးရတယ်၊ နောက်နေ့ အချိုးမပြောင်းရင် အလုပ်ပြုတ်ပြီသာမှတ် တဲ့။ ကိုယ်လည်း ခပ်ရွံ့ ရွံ့ နဲ့ သူပြတာထက် မြန်အောင် ဆေးပြတော့တာပဲ။ ပန်းကန်ကွဲလည်း ငါ့အပူ မဟုတ်ဘူးဆိုတဲ့ အဟုနဲ့ ရှူးရှူးရှားရှား ဝုန်းဒိုင်းကျဲပြီး ဆေးတော့တာ။

ဒီဆိုင်ရဲ့ အခြေအနေကလည်း အဲ့ဒီလို မလုပ်လို့မရမှန်း မြင်ရလာတာကိုး။ ညမိုးချုပ် သွားတာနဲ့ လာလိုက်တဲ့ အဘော်ဒါတွေဆိုတာ ပလူကိုပုံနေတာပဲ။ အဘော်ဒါဖုန်းတွေ လက်ခံနေတဲ့ ကောင်တာက အဘော်စကာဆီက ဖုန်းပြန်ဖြေသံ အဆက်မပြတ်ကြားနေရတယ်။

“ဟလို... ဂျွိုင်းကင် တိတ်ခ်ကဝေး... ဟလို...ဂျွိုင်းကင် တိတ်ခ်ကဝေး ...” အဲ့ဒီအသံ တွေချည့်ပဲ။ အဆက်မပြတ် ပန်းကန်ဆေးနေရတဲ့ ကြားထဲက **Joy King** ကို “ဂျွိုင်းကင်” လို့ တရုတ်သံ မပေါက်ပေါက်အောင် အသံထွက်ပြနေတဲ့ သူ့အသံကို ကြားရလို့ စောက်တရုတ်တော့ အင်္ဂလိပ်တွေကို ဖိန့်နေတာပဲလို့ တွေးမိပြီး ပြုံးမိသေးတယ်။

ဒီလောက် အလုပ်တွေများနေတဲ့ ကြားထဲက ကိုယ့်ပခုံးကို လာပုတ်လို့ လှည့်ကြည့် တော့ တရုတ်အဘွားကြီး။ မီးဖိုချောင်နောက်ဖေး မလှယ်ပေါက်ကို လက်ညှိုးထိုးပြပြီး နှစ်မိနစ် ထွက်လို့ရမယ်တဲ့။ ဘာမှန်းမသိလို့ အူကြောင်ကြောင် ပြန်ကြည့်မိတော့ ဆစ်ကလက်ဖွာတဲ့ ပုံစံ လုပ်ပြတယ်။ သွားသောက်ချေပေါ့။ နှစ်မိနစ်ပဲ ပေးမယ်တဲ့။ ဆစ်ကလက် မကုန်သေးရင် မီးသတ် ပြီး ပြန်ဝင်ခဲ့။ နောက်တစ်နာရီပြည့်ရင် ကျန်တဲ့တစ်ပိုင်း ပြန်သွားထွက်သောက်လို့ ရတယ်တဲ့။ နောက်မှ သိရတာက အဘွားကြီးက တစ်ချိန်က ဆစ်ကလက် တအားသောက်တာတဲ့။ ရောဂါ ကြောင့် ရပ်ထားတာ။ ဒါကြောင့် ဆေးလိပ်သမားချင်းချင်း နားလည်လို့ ချန့်စ်ပေးတဲ့ သဘောပေါ့ လေ။

တရုတ်အဘွားကြီးက မီးဖိုချောင်ထဲက ကုလားနှစ်ကောင်နဲ့ ကိုယ့်ကို တစ်ချိန်လုံး အော်ဟစ်ဆဲဆိုနေသလို၊ ရှေ့ကောင်တာက အော်စကာကလည်း အော်ဒါလိုက်ပို့တဲ့ အီရန်ဒရိုင်ဗာ ကို တစ်ခုခု အမှားအယွင်းဖြစ်လာရင် ဆဲချက်တွေက မိုးမွှန်နေတာ။ ကိုယ်အသင့်ထုပ်ထားတဲ့ အော်ဒါထုပ်တွေနဲ့ စာရွက်တွေ မီးဖိုထဲလာဝင်ယူတိုင်း မျက်စိပျက်မျက်နှာပျက်နဲ့ အော်စကာ သိပ်အော်တယ် သူငယ်ချင်းလို့ ကိုယ့်ကို တိုးတိုးတိတ်တိတ် စောင်တင်းချပြီး အထုပ်ကလေးဆွဲလို့ မြန်မြန်ပြန်ပြေးထွက်သွားတာပါပဲ။

ည ၁၀ နာရီလောက်မယ် အော်ဒါပါးစ ပြုလာလို့ ထမင်းစားဖို့ပြင်ကြရတယ်။ တရုတ် လင်မယားဟာ ညစာအတွက် သူတို့ကိုယ်တိုင် တရှဲရှဲ ကြော်လှော်တယ်။ လေးငါးမိနစ်အတွင်း ဟင်း ၅ ပွဲလောက် ဖြစ်သွားတယ်။ အသီးအရွက်တွေထည့်တဲ့ ထင်းရှူးပုံးလေးတွေ ဆက်တဲ့ပြီးစားပွဲလုပ်ထားတဲ့အပေါ်ထမင်းတွေ ဟင်းတွေတင်တဲ့ပြီး လက်ရည်တပြင်တည်းလူကုန်တက်ကုန် စားကြတာပါပဲ။ စားရင်းသောက်ရင်းနဲ့ အဘိုးကြီးအဘွားကြီး လင်မယားဟာ သူ့အလုပ်သမား ကုလားနှစ်ကောင်နဲ့ ကိုယ့်ကို စကားစမြည်တွေပြော၊ ဟိုမေးဒီမေးလုပ်တဲ့အခါ မျက်နှာတွေက ပျော့ပျောင်းပြုံးချိုနေပြန်တယ်။ အော်ဒါတွေ တဖြေးဖြေးအရှိန်ကျလာတဲ့နောက် ဆယ့်တစ်ထိုးခါ နီးဆို ဆိုင်သိမ်းတယ်။ ဆေးကြော သိမ်းဆည်းပြီးတာနဲ့ အားလုံး ကားပေါ်တက်၊ အော်စကာက ကိုယ်တို့ တက္ကသိုလ်အဆောင်ဝင်းထိပ်ထိ နာရီဝက်လောက်ကြာအောင် ကားမောင်းပြီး လိုက်ပို့ တယ်။ တစ်နေ့တာ ပြီးဆုံးတယ်။

နောက်တစ်နေ့ နေ့လယ်မှာ ကိုယ်ဟာ ရထားစီးပြီး **Joy King** ကို သွားတယ်။ ကုလား နှစ်ကောင်နဲ့အတူ တရုတ်အဘွားကြီးရဲ့ ညွှန်ကြားချက်အတိုင်း အသီးအရွက် သားငါးတွေ လှီးချုတ် ပြင်ဆင်တယ်။ ညနေ ၆ နာရီ ထိုးတာနဲ့ **Open** ဆိုတဲ့ ဆိုင်းဘုတ်ချိတ်လိုက်တယ်။ **Takeaway** ဆိုင်ကလေးထဲမှာ ကမ္ဘာပျက်သလို ဆူညံပွက်လောရိုက်လာပြန်ရော။

ရက်တွေလတွေကြာလာတဲ့အခါ၊ အော်စကာနဲ့ ဒရိုင်ဗာအားလီတို့အပြန်အလှန်စကား များတာတွေ၊ အော်စကာရဲ့ ဖုန်းပေါ်ကနေ ကာစတမ်မာတွေနဲ့ အဆဲအဆိုလေးတွေ၊ အဘွားကြီးရဲ့ မီးဖိုချောင်ထဲက ဝုန်းဒိုင်းကျဲ ဆဲဆိုတာတွေ၊ လက်ကို စက်တပ်ထားသလို အမျှင်မပြတ် လုပ်ရှားရ တာတွေဟာ အသားတကျဖြစ်လာပါတယ်။ ဘယ်လောက်ပဲ ချွေးပြန်ပါစေ၊ နားဆူပါစေ၊ ထမင်းစား ချိန်ရောက်ရင် မုန်တိုင်းထန်နေသမျှဟာ သာယာသွားမှာပဲ ဆိုတဲ့ အတွေးက ကိုယ့်ခေါင်းထဲ ရှိနေပြီမဟုတ်လား။ တစ်နာရီ ၆ ကျပ် ပြား ၇၀ နဲ့ တစ်ရက် ပေါင် ၅၀ ကျော်ဆိုတာ တက္ကသိုလ် ကျောင်းသားတိုင်း မက်မောတဲ့ ဝင်ငွေမဟုတ်လား။

အဲ့ဒီလိုနဲ့ တစ်ညသား၊ အော်စကာက ကိုယ့်ကို တစ်ယောက်တည်း စကားခေါ်ပြော တယ်။ နက်ဖန် နောက်ဆုံးပဲတဲ့။ ကိုယ့်မယ် အူတိအူကြောင်ရယ်။ ငါ့ကို အလုပ်ထုတ်တာလား ဆို တော့၊ မဟုတ်ဘူးတဲ့။ မင့်တို့ မဒမ် (တရုတ်မကြီး)

လက်အရမ်းကိုက်နေတာ နှစ်ချီနေပြီ၊ တစ်နေ့က သွားပြတော့ အရိုးကင်ဆာ ဆိုလားကွာ တဲ့။ ငါတို့ ဒီဆိုင်လေးကို ပိတ်ပစ်ရတော့မယ်တဲ့။ ကိုယ့်မယ် အလုပ်ပြုတ်တာထက် ဖြစ်ရလေဆိုတဲ့ မျက်နှာနဲ့ အဒေါ်စကာ့ကို ငေးကြည့်နေမိတယ်။ အဒေါ်စကာ က စိတ်မကောင်းဟန် ဖြစ်နေတဲ့ ကိုယ့်ကိုကြည့်ရင်း စကားဆက်ပြောတယ်။

"အနှစ် ၄၀ ကွာ၊ နှစ်ပေါင်း ၄၀ ရှိခဲ့ပြီ၊ ဒီဆိုင်လေးကို ငါတို့ဖွင့်ခဲ့တာ။ ငါက ဟောင်ကောင် က တရုတ်ပေါ့။ မင့်တို့မဒမ်က ဒီမယ်မွေးတဲ့ တရုတ်မ။ သူ့မိဘတွေက အင်မီးဂရန့်တွေဆိုပါတော့။ အဆက်အစပ်တွေနဲ့ ငါ့ကို ဒီကိုခေါ်လာတဲ့ပြီး အဲ့ဒီ တရုတ်မနဲ့ ပေးစားတာပဲ။ ငါတို့ ညားပြီး သိပ် မကြာ ဘူး၊ ဒီဆိုင်လေးဖွင့်ပြီး ထမင်းရောင်းခဲ့ကြတာ။ သားသမီး ၄ ယောက် ပွားစီးခဲ့တယ်။ ငါတို့ တစ်ရက်တောင် အနားမယူခဲ့ဖူးဘူး သိလား။ မင်းမြင်တဲ့အတိုင်း နေ့စဉ်နဲ့အမျှ ပင်ပန်းဆင်းရဲကြီး စွာနဲ့ ဒီလိုချည့်ပဲ၊ ထမင်းတွေ ဟင်းတွေ ရောင်းခဲ့ရတာ။ နေပူပူ မိုးရွာရွာ နှင်းကျကျ ဘာကြီးဖြစ်နေနေ ငါတို့ဆိုင်မပိတ်ခဲ့ဘူး။ ခု ငါ့သားသမီး ၄ ယောက်စလုံးဟာ ရှေ့နေတွေ၊ ဆရာဝန်တွေချည့်ပဲ။ တစ်ရက်ကလေးမှ မနားခဲ့ရပေမယ့် တန်ပါတယ်လေ။ အေးလေ ... နောက်ဆုံးတော့ ငါ့မိန်းမဟာ ခုခါမှပဲ နားရပြီပေါ့လေ..." တဲ့။

"ခုမင့်ကို ဘာကြောင့် အရင်ခေါ်ပြောရသလဲဆိုတော့ ဟိုကလေးတွေ (ကုလားနှစ် ကောင်) ထက်စာရင် မင်းကလူကြီး။ ရင့်ကျက်ပြီးသား ကောင် ဆိုတာ စကားပြောပုံဆိုပုံကြည့်တာ နဲ့ သိတယ်။ ငါ သူတို့ကို နက်ဖန်ပြီးရင် အလုပ်မရှိတော့ဘူးဆိုတာ ပြောမထွက်ဘူး။ ဒီည အလုပ် သိမ်းလို့ မင်းတို့အဆောင်ပြန်ရောက်ရင် မင်းကြည့်ပြောလိုက်ပေတော့ကွာ..."တဲ့။

အဲ့ဒီည ထမင်းဝိုင်းမယ် အဒေါ်စကာတို့လင်မယားရယ်၊ ကိုယ်ရယ်ဟာ မျက်နှာမကောင်း ကြဘူး။ ဟိုကုလားလေး နှစ်ကောင်ကတော့ ဘုမသိဘမသိ အခါတိုင်းလို နောက်ပြောင်ရင်း ညစာကို မြိန်ရည်ယှက်ရည် စားနေကြတယ်။

Joy King ရဲ့နောက်ဆုံးညဟာတိတ်ဆိတ်နေတာပဲ။ အဒေါ်ဒါတွေအများကြီးရပေမယ့် လို့ အခါတိုင်းလို အဒေါ်ဟာစ် ဆူညံမနေကြဘူး။ အားလုံး တိတ်တဆိတ်နဲ့ လုပ်စရာရှိတာကို လုပ်နေ ကြတယ်။ စကားတစ်ခွန်းတလေလောက်ပဲ ပြောထွက်ကြတယ်။

အဲ့ဒီနောက်ဆုံးညမှာ ထမင်းဝိုင်းဟာ အတော်ကြီး တိတ်ဆိတ်ငြိမ်သက်တဲ့ ထမင်းဝိုင်း ပဲ။ အဒေါ်စကာက ဟင်းပွဲတွေ မွစိထနေအောင် ကြော်လှော်ချက်ပြုတ်တယ်။ စားကြစမ်းပါ၊ မြိန်ရည် ယှက်ရည် စားကြလို့ ဆော်ဩပေမယ့်လို့ ဘယ်သူမှ သိပ်ဆာဟန်မတူပါဘူး။ မြန်မြန်လက်စသတ် ပြီး ဆေးကြောသုတ်သင်ကြတယ်။ ဒရိုင်ဗာ အားလီက သူ့နောက်ဆုံးအဒေါ်ဒါကို သွားမပို့ခင် ထုံးစံ အတိုင်း အိမ်အပြန် ပါဆယ်ထုပ်သွားဖို့ တစ်ပွဲမှာတယ်။

"စပါယ်ရှယ်ဖရိုက်ရိုက်စ်ဖော်ဝမ်းလပ်စ်တိုင်းမ်..."တဲ့။

စပါယ်ရှယ်ထမင်းကြော်(အသား များ၊ ကြက်ဥများ၊ အသီးအရွက်များ) နောက်ဆုံးအနေနဲ့ပေါ့လေ။

အဘွားကြီးက ထတဲ့ပြီး တရှဲရှဲနဲ့ အများကြီးရအောင်ကြော်တယ်။ ခဏနေတော့အားလီ ပြန်ရောက်လာပြီး သူ့ နောက်ဆုံး ထမင်းထုပ်ကြီးကို လာယူတယ်။ တစ်ယောက်တည်းမဟုတ်ဘူး။ ဘေးမှာ ကောလိပ်ကျောင်းသူအရွယ် ကုလားမလေး ပါလာတယ်။ အဓ်စကာတို့လင်မယားနဲ့ မိတ်ဆက်ပေးတယ်။

"ဒါ မင်းတို့ မမွေးခင်ကတည်းက အဖေ့ကို အလုပ်ပေးခဲ့တဲ့ လင်မယားပေါ့။ ကားမဝယ် နိုင်ဘူး အဖေက။ အဲ့ဒါကို အဓ်စကာက သူ့ကားကို ပေးမောင်းတာကွ။ နောက်တော့ အပိုင်ပေး လိုက်တယ်။ အဲ့ဒီကနေ စတဲ့ပြီး နှစ်ပေါင်းများစွာ အဖေက သူတို့ဒရိုင်ဗာပေါ့။ သမီးကို တမင်ခေါ် လာတာ၊ကိုင်း... အဖေ့ကိုယ်စား ကျေးဇူးတင်ပါတယ်လို့ ပြောလိုက် သမီး" တဲ့။

ကုလားမလေးက အဓ်စကာတို့ကို ကျေးဇူးတင်ပါတယ် ပေါ့။ တရုတ်လင်မယားက တဟားဟားပဲ။ အားလီ နင်ဘာကိစ္စ ကလေးကို ပေါက်ကရတွေ လျှောက်ပြောနေတာလဲတဲ့။

ပြီးတော့ အဓ်စကာက တောင်းပန်တယ်။ အားလီ ... ငါဟာ ကုန်လွန်ခဲ့တဲ့ နှစ်ပေါင်း ... များစွာမှာ မင့်ကို ဆဲဆို ကြိမ်းမောင်းခဲ့တာတွေ အများကြီးပဲ။ ငါ့ကို ခွင့်လွှတ်တယ်မလား တဲ့။ အီရန်ကုလားကြီးက ဘာပြန်ပြောလဲဆိုတော့ မင့်ဖာသာ ဆဲချင်တာ ဆဲလေ၊ မင့်အဆဲခံရတိုင်း ငါကလည်း မီးဖိုခန်းထဲက အလုပ်သမားတွေနဲ့ မင့်ကွယ်ရာမှာ စောင်တင်းတွေတုပ်ခဲ့တာပါပဲ၊ ကြေရောပေါ့တဲ့။ အဲ့လိုပြောပြီး တဟီးဟီးနဲ့ နှစ်ယောက်သား အဓ်ရယ်နေကြပြန်တယ်။

ကိုယ့်စိတ်ထဲ မျှော်တလင့်လင့်ဝတ္ထုထဲက ရှေ့နေနဲ့ သူ့တပည့်ကို ပြေးမြင်မိသေးတယ်။ နောက်တော့ ကုလားကြီးဟာ ကိုယ်တို့တွေကိုပါ လက်ဝှေ့ရမ်းပြပြီး ဂွဒ်ဘိုင်လို့ အဓ်တဲ့ပြီး သူ့သမီး လေးကို လက်တစ်ဖက်ဆွဲ၊ နောက်လက်တစ်ဖက်က စပါယ်ရှယ် ထမင်းကြော်ထုပ်ကြီး ကိုင်တဲ့ပြီး လှည့်ထွက်သွားတော့တာပါပဲ။

အဲ့ဒီညက နောက်ဆုံး ကိုယ်တို့အဆောင်ရှေ့ရောက်တော့ ကားအပေါ်က အဆင်းမယ် အဓ်စကာတို့လင်မယားနဲ့ လက်ချင်းဆွဲထားရင်း အတင်းလှုပ်ရမ်း နှုတ်ဆက်ကြတာပေါ့။ လုပ်ခ လစာအပြင် မုန့်ဖိုးဆိုပြီး တစ်ယောက်ကို ၂၀၀ စီ အတင်းပေးသေးတယ်။ တစ်ခါက နှုတ်ကြမ်း လျှာကြမ်းလို့ ထင်ခဲ့ဖူးတဲ့ တရုတ်မကြီးဟာ မျက်ရည်လည်ရွဲနဲ့၊ ငါ့သားတို့ကို ငါဆူခဲ့ ဆဲခဲ့တာတွေ ခွင့်လွှတ်နော် ... တဲ့။ ကိုယ်တို့က အမလေး မဒမ်ရယ် ... ကိုယ့်ဖာသာ ကျန်းမာအောင်သာ နေပေ တော့၊ မဒမ့်အဆူအဆဲတွေ အကောက်မှာပဲ ပျော်ရင်း ထမင်းဝခဲ့ရတာ ဘာညာနဲ့ ပြန်ပြောတော့ ကိုယ်တို့ကို ငါ့သားတွေ ပညာတတ်ကြီးတွေ မြန်မြန်ဖြစ်ကြပါစေ လို့ ဆုပေးနေသေးတယ်။

လူ့ဘဝဆိုတာ ရုပ်ရှင်ဇာတ်ကားအရှည်ကြီး ဆိုပါတော့။ မသေမချင်း ဆက်လက်ရိုက် ကူးနေရတဲ့ ရုပ်ရှင်ကားကြီးပေါ့။ ကိုယ့်မှတ်ဉာဏ်ဟာတစ်မျိုးပဲ။ ပ။ အူဒ အဲ့ဒီ ဘဝဇာတ ဘဝဇာတ်ကားရှည်ကြီးထဲက တချို့ဇာတ်ကွက်တွေကို မတော်တဆလည်း မေ့မသွားဘူးရယ်။ တစ်ခါတလေကျရင် အိပ်မက်ထဲ မှာ ရထားစီးပြီး မြို့အစွန်ဘူတာတစ်ခုမှာ ဆင်းတယ်။ သင်္ချိုင်းတစ်ခုကို ဖြတ်တယ်။ ခုံးတံတားလေး တစ်ခုကို ကျော်တယ်။ ဘယ်ရောက်နေမှန်းမရေရာဘူး။ ငါဒီနေရာကို ရင်းနှီးနေတယ်ပေါ့။ အဲ့ဒီ မှာ မှန်ချပ်အကြီးကြီး မျက်နှာစာမှာ ကာထားတဲ့ ဆိုင်လေးတစ်ခုထဲကို ဝင်သွားမိရော။ ဆိုင်ထဲမှာ တရုတ်အဘိုးကြီးတစ်ယောက်ဟာ တယ်လီဖုန်းမြည်သံကြားလို့ ဆတ်ခနဲကောက်ကိုင်ပြီး ပြန်ဖြေ တယ်။

“ဟလို… ဂျိုင်းကင် တိတ်ခ်ကဝေး…” တဲ့။

ညီမလေး မြစ်

ဟိုစဉ်က နွေရာသီတစ်ခုမှာ ကိုယ်နဲ့ညီမလေးဟာ အဲ့ဒီမြစ်ကြောင်းအတိုင်း လှေ ကလေးတစ်စင်းကို မျက်နှာချင်းဆိုင် လှော်လို့ပေါ့။ ရှူးတူးပေါတော ကိုယ်ဟာ ရုတ်တရက် လှော် တက်ကို လှေပေါ်ကန့်လန့်ဖြတ်တင်၊ မျက်နှာချင်းဆိုင် ထိုင်နေတဲ့ ညီမလေးရှေ့မှာ အလယ်ခေတ် က သူ့ရဲကောင်းစတိုင်ဖမ်းလို့ ဒူးကိုကွေးရင်း “အကယ်၍ မင်းသာ အကို့ကို မချစ်ဘူးလို့ ငြင်းဆန်ခဲ့ ရင် ဟိုး မိုးကုပ် စက်ဝိုင်းအထိ လှော်ခတ်သွားဖို့ ဝန်မလေးဘူး” လို့ ခြိမ်းခြောက်အကြွပ်ကိုင် ချစ်ရေး ဆိုခဲ့တာပေါ့။ ညီမလေးကတခွိခွိနဲ့ ရယ်။ ဘာမှပြန်မဖြေဘူး။ ကိုယ့်ကိုတအားဖက်ပြီးမွှတ်မွှတ်သိပ် သိပ် နမ်းခဲ့တယ်။ နမ်းလို့ဝမှ မောနေတဲ့အသံလေးနဲ့ “အကိုဟာ သောက်အကြီး၊ ရှင်မပြောလည်း ကျမ ရှင့်ကို နမ်းဖို့ကြံနေတာ အထမြောက်ခါ နီးနေပြီ” တဲ့။ ကိုယ်လေ ပျော်လွန်းလို့ သေသွား မလား မှတ်ခဲ့တာပေါ့။ နောက်နှစ် အနည်းငယ်အကြာမှာ သောက်ကြီး ကိုယ်ဟာ အဲ့ဒီမြစ်လေးထဲ တစ်ယောက်တည်း လှေလှော်ရင်း ခပ်ဆွေးဆွေး ကျန်ရစ်ခဲ့ပြန်တယ်။ သံယောဇဉ်မြစ်ကလေး အတွက် တစ်ခွက်၊ ရက်စက်သူ မိစိမ်းကားလေးအတွက် တစခွက်၊ ကိုယ်ဝီစကီ နှစ်ခွက်ကို လှေလှော်ရင်း သောက်ခဲ့တာမှတ်မိပါသေးတယ်။

သေချာတာက လှေလှော်ရင်း ငိုခဲ့မိတဲ့ ကိုယ်၊ အဲ့ဒီနေရာကို ဘယ်တော့မှ ထပ်မလာရဲ တော့ဘူး ဆိုတာပါပဲလေ။

ဂွတ်ဒ်ဘိုင် မေရီ

မေရီနဲ့ ကျနော် နောက်ဆုံးစကားပြောခဲ့ရတာ ဖုန်းပေါ်မှာ။ ကျနော်ဘာဖြစ်သွားခဲ့တာလဲ သူသိခဲ့ဟန် မတူဘူး။

"ဟလို မေရီ"

"ဟန်နီ... နင်ဘယ်မှာလဲ ငါစိတ်ပူလို့သေတော့မယ်"

"မေရီ... ကိုယ်တို့ နောက်နောင် ပြန်မဆုံနိုင်တော့ဘူး"

"ဟန်နီ... နင်ဘယ်မှာလဲလို့ ငါမေးနေတယ်လေ"

"ငါ့ကို ဂရုစိုက်ခဲ့တာတွေအတွက် ကျေးဇူးတင်ပါတယ်"

"မဟုတ်သေးဘူးဟာ... နင်ဘယ်မှာလဲ ငါ့ကိုပြောလေ ငါလာမယ် အခု"
"မေရီ... နင်မငိုပါနဲ့ဟာ၊ နင်လိုက်လာလို့မရတော့တဲ့နေရာမှာငါ..."

"အား... ဟန်နီ နင်အဲ့ဒီလိုမပြောနဲ့၊ ငါ နင်မရှိပဲ ဘယ်လိုမှ နေလို့ မတတ်..."

"မေရီ... ဂွတ်ဒ်ဘိုင် အချစ် ဂွတ်ဒ်ဘိုင်"

(ပါပီယွန်၏ထရော်မာ - ၂မှ)

ကျနော် သူနဲ့ အဲ့ဒီလို နောက်ဆုံးစကားပြောခဲ့စဉ်က အချုပ်ကားထဲမှာကိုး။ လက်ထိပ် နောက်ပြန် အခတ်ခံထားရတဲ့ အချုပ်သားတစ်ယောက်ကိုင်ထားပေးတဲ့ ဖုန်းကို ကုန်းကွကွနဲ့ ပြောခဲ့ရတာ။ ဖုန်းထဲက အဲဟာစ်ငိုယိုနေတဲ့ မေရီအသံကို ကျနော် ဆက်နားမထောင်နိုင်ခဲ့ဘူး။ ကိုယ်ကို ပြန်မတ်ပြီး ဖုန်းကိုင်ပေးထားတဲ့လူကို ဖုန်းချလိုက်တော့လို့ ကတုန်ကယင် အဲဟာစ်မိခဲ့ သေးတယ် ထင်တာပဲ။ အဲ့ဒီအဖြစ်အပျက်ကို ပြန်တွေးတိုင်း ခုထိ ဘယ်ဖက်ရင်အုံထဲ တစ်ချက် တစ်ချက် စူးခနဲဖြစ်သေးတယ်။ ငါ့မှာ ဘာအပြစ်ရှိလို့ နင်ပစ်ပြေးသွားခဲ့ရတာလဲဟာလို့ မေရီဟာ တစ်ဘဝလုံး တွေးနေရှာမလားပေါ့။

ကျနော်အဲ့ဒီမေရီဆိုတဲ့စကာပူတရုတ်မလေးနဲ့ ဘယ်လိုဆုံခဲ့ရတယ်ဆိုတာ

သတိရမိပါ သေးတယ်။

လူ့အဓောက်တန်းစားဘဝနဲ့ ဝဲစွဲနေတဲ့ အချိန်ပေါ့။ စင်္ကာပူပန်နီဆူလား ပလာဇာမှာ ဗမာ ထမင်းဆိုင်တောင် တစ်ဆိုင်နှစ်ဆိုင်လောက်ပဲရှိတဲ့ ကာလဖြစ်မယ်။ အဲ့ဒီမှာ လက်ဖက်ရည်ဆိုင် ထိုင် ဘူပိတ်နေတုန်း ဝလုံးတွေထဲက (အိုဗာစတေးနဲ့ နေတဲ့လူတွေကို ဝလုံးလို့ခေါ်တယ် အင်္ဂလိပ် အက္ခရာ အို - 0 ကို ဗမာမှုပြုထားတာ) ကျနော် နာမည်မမှတ်မိတော့တဲ့ လူတစ်ယောက်က အလုပ်လိုချင်ရင် ဒီဖုန်းကို ခေါ်ကြည့်ဆိုလို့ ခေါ်ကြည့်တော့ မန်းနီးဆိုတဲ့ ကုလား ကန်ထရိုက်တစ်ဦး နဲ့ အဆက်အသွယ်ရတယ်။ စက်ရုံတွေက စတိုခန်းတွေလိုက်ရှင်းတဲ့ ကန်ထရိုက်ကုလား။

ကုလားမန်းနီးဆီမှာ အလုပ်လုပ်ရင်း နှစ်ပတ်လောက်နေတော့ ဂျူရောင်းဖက်က စက်ရုံ တစ်ခုရဲ့ စတိုခန်းကို သွားရှင်းရတယ်။ ပစ္စည်းတွေဆွဲထုတ်၊ ပစ္စည်းတင်တဲ့ စင်အမြင့်ကြီးတွေရဲ့ သံဖရိမ်တွေကို တဖြောင်းဖြောင်း ရိုက်ဖြုတ်၊ အဲ့ဒီဖရိမ်အလေးကြီးတွေကိုထမ်းတဲ့ပြီး စက်ရုံထောင့် မှာပုံ၊ အတော်ဖားတဲ့ အလုပ်မျိုး။ ကျနော့် လုပ်ဖော်ကိုင်ဖက်တွေက ဘင်္ဂလားကုလားတွေ။ နည်းနည်းထုံတယ်။ ဉာဏ်သိပ်မသုံးဘူး။ ပျင်းတဲ့ပျင်းရိဟန်နဲ့ အလုပ်လုပ်တတ်တယ်။ အဲ့ဒီမှာ ချာတိတ်လေး ကျနော်က စွာတေးလေးပေါ့။ အလုပ်သမားခေါင်းလေးပေါ့။ စက်ရုံမန်နေဂျာနဲ့ စတို မန်နေဂျာ အနားရောက်လာရင် ကုလားဖြူလို စကားစမြည်ပြောလိုက်၊ တရုတ်စကား မတောက် တခေါက်နဲ့ ဟွားလိုက်လုပ်တတ်တယ်။ စပ်ဖြဲဖြဲနဲ့ နောက်တီးနောက်တောက်တွေ ပြောတယ်။ ရက် ကြာလာတော့ အတော်ခင်လာကြရော။ ကော်ဖီတွေဘာတွေ လာတိုက်တဲ့အထိ ဖြစ်လာတယ်။

တစ်ရက်သား ဟောဟဲ ဟောဟဲနဲ့ သံဖရိမ်တွေထမ်းနေတုန်း ဂျင်မီ (စက်ရုံမန်နေဂျာ) နဲ့ မေရီ (စတိုမန်နေဂျာမလေး) ကျနော့်အနား ရောက်လာတယ်။ စက်ရုံရှင်းလင်းရေးအလုပ်တွေက အပြီးသတ်ခါနီးပြီ။ ထုံးစံအတိုင်း နောက်ပြောင်နေကြရင်း ဂျင်မီက စပ်ဖြဲဖြဲနဲ့ စတယ်။ ဟေ့ရောင် မေရီက မင့်ကို အရမ်းသဘောကျနေတာတဲ့။ သံဖရိမ်တွေ ပခုံးပေါ် ပစ်တင်ပြီး အော်ဟစ်ရင်း သယ်သွားတာများ သိပ်သန်မာလွန်းတဲ့ ကောင်လေး တဲ့။ မင့်ကို ဒိတ်ချင်နေတာလားမသိဘူး ဟီ တဲ့။ ကျနော်ဆိုတဲ့ အကောင်ကလည်း သိတဲ့အတိုင်း မျက်နှာအတော်ပြောင်တာဆိုတော့ မေရီ ဆိုတဲ့ တရုတ်မလေးကို ဆတ်ခနဲ လှမ်းကြည့်ပြီး မျက်စိတစ်ဖက်မှိတ်ပြလိုက်တယ်။ ဆံပင်ရှည် ရှည်၊ ရှပ်အင်္ကျီအဖြူကျပ်ကျပ်၊ စတိုင်ပန် အနက်ကလေးနဲ့ အဲ့ဒီ တရုတ်မလေးဟာ လျှာကလေး တစ်လစ် ထုတ်ပြပြီး ခေါင်းငုံ့သွားရော။ ရှက်သွားတယ်ပေါ့လေ။ အို ... ရှက်နေပြန်ပြီ၊ ငါ့ဖုန်းနံပါတ် ယူမလားလို့ ကျနော်က စတော့ ပန်းသွေးရောင်မျက်နာနဲ့ ကျနော့်ကို အသာယာ ခိုးကြည့်ရင်း တကယ်ပေးရဲလို့လား တဲ့။ ဂျင်မီကတော့ ကျနော်တို့ နှစ်ယောက် ဖြစ်ပျက်နေကြတာကို ကြည့် ရင်း တဟားဟားနဲ့ အော်ရယ်နေတာပါပဲ။

နောက်တော့ ကျနော်လည်း အလုပ်ပြီးသွားလို့ အဲ့ဒီစက်ရုံကို

သွားစရာမလိုတော့ဘူး။ ကုလား မန်းနီးဆီကလည်း အလုပ်ထွက်လိုက်တယ်။ ဝုဒ်လန်းစက်မှုဇုံထဲက စတီးဖရိမ်တွေ မီးခံမှန် တွေ တံခါးတွေလုပ်တဲ့ စက်ရုံမှာ အလုပ်ရသွားတာကိုး။ နှစ်ပတ်လောက်အကြာ တနင်္ဂနွေတစ်ရက် မှာ ဖုန်းတစ်ကောလ် ဝင်လာတယ်။ ဘယ်သူမှန်း မသိဘူး။ ဘယ်သူလဲဆိုတော့ ပေး ငါ မေရီပါတဲ့။ နင်ဘယ်မှာလဲ တဲ့။ ကျနော် ရယ်ချင်ရက်ပက်ကျိအသံနဲ့ ငါ့ဖုန်းနံပါတ် ဘယ်ကရတာလဲ ဆိုတော့ မန်းနီးဆီက တဲ့။ နာရီဝက်လောက်ကြာတော့ ကျနော် တီရှပ်အနက်ရောင်၊ ဂျင်းပန်အပြာလေး ဝတ်လို့ ဝုဒ်လန်းဘူတာရုံနား ရောက်သွားတာပဲ။ ဟိုကြည့်ဒီကြည့်လုပ်နေတုန်း နောက်ကျောက နေ တစ်စုံတစ်ယောက်က သိုင်းဖက်တာကိုခံရတယ်။ ဟာ ဆိုပြီး လှည့်ကြည့်ဖို့ လုပ်တာ မရဘူး။ ချိုင်းအောက်ကနေ လက်လျှိုပြီး နောက်ကနေ အတင်းသိုင်းဖက်ထားတာ။ မွှေးပျံ့နေတဲ့ ရနံ့လေးနဲ့အတူ လှည့်မကြည့်နဲ့ ငါရက်တယ်တဲ့၊ အသံစွာစွာလေး ကြားလိုက်ရတယ်။ နှစ်မိနစ်လောက်အထိ အဲ့လိုကြီး လုပ်နေတာရယ်။ ငါတို့ တစ်သက်လုံး ဒီလိုလုပ်နေကြမှာလားလို့ ရယ်ချင်စိတ်ကို မျိုသိပ် ပြီး အော်တော့မှ လွှတ်ပေးတယ်။ ချာခနဲ လှည့်ကြည့်လိုက်တော့ အောက်နှုတ်ခမ်းကို ကိုက်ထားပြီး မချင့်မရဲ ဟန်ရယ်၊ ရက်ဝဲဝဲဟန် ပေါင်းထားတဲ့ မျက်နှာနဲ့ မေရီ ဆိုတဲ့ကောင်မလေး။ ကျနော့်ရင် ဘတ်ကို ဆတ်ခနဲ လက်သီးနဲ့ထိုးပြီး ဆဲရင်း အကျင့်ပုတ်ကောင် ငါ့ကို ဖုန်းနံပါတ်မပေးပဲ လစ်သွား တာတဲ့။

အဲ့ဒီနောက်တော့ မေရီဟာ ရွှင်မြူးနေတဲ့ မြင်းမလေးပဲ။ ကျနော်က ဘေးကနေ အဲ့ဒီ ခုန်ဆွဆွ လုပ်နေတဲ့ လည်ဆံမွှေးတလွှားလွှားနဲ့ မြင်းဖြူမလေးကို ဇက်ကြိုးလှုမ်းလှမ်းဆွဲရင်း ကျေနပ်နေတဲ့ ဂျော်ကီလေးပေါ့။ ကော်ဖီဆိုင်မှာ ပူးပူးကပ်ကပ်ထိုင်၊ ဆစ်ကလက်တူတူ ထွက်ဖွာ၊ စကားတွေဖောင်ဖွဲ့ တခွီခွီနဲ့ ပျော်နေကြတာပါပဲ။ ညနေစောင်းလို့ မိုးချုပ်တဲ့အထိ တစ်ယောက် မျက်နှာတစ်ယောက် ရီဝေဝေစိုက်ကြည့်ရင်း ကြည့်မဝကြတာရယ်။ အင်းလေ ကျနော်က ရှိလှမှ အသက် နှစ်ဆယ်၊ မေရီက နှစ်ဆယ့်သုံး၊ ရှူးရှူးမိုက်မိုက် နုလုံးသားနုနုနယ်နယ် အရွယ်လေးတွေ ကိုး။ မိုးစုံးစုံးချုပ်တော့ ကျနော် မေရီကို လိုက်ပို့တယ်။ အန်မိုကာရိုဘူတာနဲ့ ကပ်လျှက် တောင်ကုန်း လေးရဲ့ တစ်ဖက်အဆင်းနားမှာ သူ့အိမ်က။ ဘူတာရုံက ထွက်၊ တောင်ကုန်းပေါ်တက်သွားကြရင်း တစ်ဖက် ဆင်ခြေလျှောလေးအဆင်းမှာ သစ်တောအုပ်ကလေး။ အဲ့ဒီသစ်တောအုပ်ကလေးထဲ အဖြတ်မှာ မေရီက ကျနော့်ကို မျက်နှာချင်းဆိုင်တယ်။ လည်ပင်းကို သိုင်းဖက်တယ်။ ခြေဖျား ထောက်တယ်။ ဟန်နီ … တဲ့၊ မျက်နှာကို မော့ထားပေးတယ်။ ကျနော်တို့ အရူးအမူးဖြစ်သွားခဲ့ တယ် ထင်တာပဲ။ သစ်တောအုပ်ကလေးထဲမှာ ဖက်လိုက် နမ်းလိုက် ဟိုဖက်လျှောက်လိုက် ဒီဖက် လျှောက်လိုက်နဲ့ ပတ်ချာလှည့်နေခဲ့တာ အကြာကြီးရယ်။

ငါ့ကို ဘာလို့ကြိုက်ရတာတုံး **Bloody Mary** (သရဲမ) လေးရာလို့ ကျနော်မေးခဲ့ဖူးပါ တယ်။ သူမက ရက်ဝဲဝဲဟန်နဲ့ နောက်နောင်မှာ ပြန်ပြောင်းပြောပြတယ်။ ငါ နင့်ကို မြင်ခဲ့စဉ်က ဒီလောက် ဆင်းရဲပင်ပန်းတဲ့ အလုပ်ကို လုပ်နေရတာတောင် လောကကို အကောင်းမြင်နေတဲ့

မျက်နှာမျိုးကြောင့်တဲ့။ သယ်ရပိုးရ ခက်ခဲကြမ်းတမ်းတဲ့ အလုပ်ကြောင့် နင့်ဘေးက ဘင်္ဂလားလေး တွေဟာ ငိုင်တွေတွေ ငူတူတူရုပ်တွေ ပေါက်နေပေမယ့် နင့်မျက်နှာက ပြုံးစိစိရယ်။ ငါနဲ့ ဂျင်မီ အနား ရောက်လာတိုင်း အခေါ်ပာစ်နှုတ်ဆက်ပြီး ရယ်ရယ်ပြနေတာလေ။ ဆံပင်ဂုတ်ထောက်ကို စွပ်ကျယ် အဖြူ ခေါင်းပေါ်အုပ်ပြီး ပေါင်းထားတဲ့အခောက်က မျက်နှာ၊ ချွေးတွေသံတွေ ကြားထဲက တစ်ဖက် သားကို ရယ်ပြရင်း နောက်ပြောင်နေနိုင်သေးတဲ့ ပိန်ရှည်ရှည်ကောင်လေး ... ငါကြွေခဲ့ရတာပေါ့ ဟာ တဲ့။ အဲ့လိုပြောပြီး ရှက်နေပြန်ရော။

အဲဒေါကတော့ သတိတောင်မထားမိဘူး။ ဘူတာရုံမှာ နောက်ကနေလာသိုင်းဖက်တာ ခံရမှ ဖီးလ်တက်သွားတာ သိလားလို့ ပြောရင်း တဟားဟားအခေါ်ရယ်တော့ ထုံးစံအတိုင်း ဒေါသထွက်ပြီး ကျနော့်ရင်ဘတ်ကို ဖုန်းခနဲမြည်အခောင် လက်သီးနဲ့ ပိတ်ထိုးတော့တာပါပဲ။

အဲ့ဒီလိုနဲ့ သစ်တောအုပ်ကလေးထဲမှာ သူ့အလုပ်မသွားခင် မနက်အစောကြီး၊ ဒါမှ မဟုတ် အလုပ်ကအပြန် ညနေခင်းတွေမှာ အကြိမ်ပေါင်းများစွာ ကျနော်တို့ ဆုံတွေ့ခဲ့ကြဖူးပါ တယ်။ တစ်ခါတလေ ညမှောင်မှောင် လူရှင်းတဲ့ ပင်လယ်ကမ်းစပ်မှာ သဲပြင်ပေါ် ပက်လက်လှန် အိပ်ရင်း အရက်တွေတူတူမူးလို့ ဆစ်ကလက်ကိုယ်စီခဲရင်း ကောင်းကင်ထဲက ကြယ်ကလေးတွေ ကို တူတူရေတွက်ခဲ့ဖူးပါတယ်။

တစ်ခါတလေကျတော့ သူမ မအောင့်အည်းနိုင်စွာနဲ့ ကျနော့်ကို မေးခွန်းထုတ်တတ်ပါ တယ်။ ဟန်နီ ... နင်ဘာဖြစ်လို့ ဒီဘဝရောက်နေရတာလဲတဲ့။ ကျနော့်မှာ နဝေတိမ်တောင်နဲ့ ဟေ ဆိုပြီး သူ့ကိုငေးနေတာပါပဲ။ နင်က ဘင်္ဂလားတွေလို၊ အိန္ဒိယတွေလို၊ ယိုးဒယားတွေလို တောနယ် ကလာတဲ့ လယ်သမား အသိဉာဏ်နုံချာတဲ့သူလည်း မဟုတ်ပဲနဲ့ဟာတဲ့။ ကူလီတွေထမ်း ကြဲရာကျ ပန်းတွေ လုပ်နေပြီး တော်စတိုင်းတွေ၊ ဟမ်မင်းဝေးတွေ ဘာပြုလို့ပြောနေတာလဲတဲ့။ သန့်သန့်ပြန့် ပြန့် နေတတ်ပြီး ဘာလို့ အင်မတန်ယဉ်ကျေးနေရတာလဲ တဲ့။ ငါအသေချာသိတယ်၊ နင်နဲ့ ဒီဘဝနဲ့ မတန်ဘူးဟာတဲ့။ ငါက နင့်ကိုချစ်နေလို့ ဒီလိုပြောတာမဟုတ်ပါဘူးဟာ တဲ့။ ငါချစ်တဲ့ ငဲ့ကောင် လေးရဲ့ဘဝကို ငါတွေးမိတိုင်း ရင်နာရတယ် နင်သိလားတဲ့။ ငါက သာမန်စာရေးမလေးပါ၊ ချမ်းချမ်း သာသာလည်း မဟုတ်ရပါဘူး။ ဒါပေမယ့် ငါတို့ နှစ်ယောက်ဘဝတွေက ... ဆိုပြီး ဆက်မပြောနိုင် ရှာတော့ဘူး။ ဆို့ဆို့နင့်နင့်ဖြစ်ပီး တိတ်သွားတယ်။

ကျနော်က စပ်ဖြဲဖြဲပါပဲ။ သင်တို့အား စင်္ကာပူနိုင်ငံသူများနှင့် အိမ်ထောင်ပြုခွင့် မပေးပါ ဆိုပြီးကြေညာထားတာကိုဒီတိုင်းပြေရောက်ခါစအလုပ်သမားရုံးမှာအလုပ်သမားမှတ်ပုံတင်ဒ ယူစဉ်က မြင်ခဲ့ပြီးသားမဟုတ်လား။ ဆံပင်ဂုတ်ထောက်နဲ့ တရုတ်ရုပ်ပေါက်နေတဲ့ ကျနော်၊ မေရီနဲ့ အတူတွဲသွားတဲ့ အခါတိုင်း ကလေကချေ လူ့အခောက်အလွှာက နိုင်ငံခြားသားအလုပ်သမားလို့ လူတွေ မသိဘူး။ ဒါပေမယ့် တကယ့်ဘဝမှာတော့

အင်း ကျနော်ဟာ နိုင်ငံခြားသား အလုပ်သမား၊ အစောက်တန်းစား။ အဲ့ဒါအပြင် လမ်းပေါ်မှာ လျှောက်သွားနေတဲ့ ဥပဒေပြင်ပကလူ ဖြစ်နေတယ် ဆိုတာပါပဲ။ အဲ့ဒါကိုလည်း ကျနော်မကွယ်ဝှက်ပါဘူး။ မေရီကို အကုန်ပြောပြထားတာပါပဲ။ သူက ဘာပြန်ပြောလဲ ဆိုတော့ ငါဂရုမစိုက်ဘူးတဲ့။ နင်က ငါ့ချစ်သူပဲတဲ့။ ပြီးတော့ ဒီအကြောင်းတွေ ခဏခဏ ငါ့ကိုမပြောပါနဲ့။ ငါမေ့ထားပါရစေတဲ့။ ငါ့ကိုချစ်တယ်ဆို ထပ်မပြောပါနဲ့တဲ့။ သနားစရာ ကောင်းတဲ့ မေရီလေး။ လက်ရှိဘဝကို မေ့ထားပြီး ပျော်သလိုနေဖို့ ကြိုးစားနေရှာတဲ့ ကျနော့် ရည်းစားလေးပေါ့။

အချိန်တွေ ကြာလာတာနဲ့အမျှ သံယောဇဉ်တွေ ပိုပိုလာတဲ့အခါ ကျနော်ဟာ ရက်စက်ခဲ့ ပါတယ်။ မေရီကို မူးမူးနဲ့ ဖုန်းထဲကနေ ဆဲပါတယ်။ နောက်နောင် ငါ့ဆီမလာပါနဲ့တော့လို့ မောင်း ထုတ်ပါတယ်။ လူလူချင်း ခွဲခြားဆက်ဆံတတ်တဲ့ မင့်တို့တိုင်းပြည်ကို ယီးပဲ ထင်တယ်။ မင်းမျက်နှာလည်း မမြင်ပါရစေနဲ့တော့လို့ တောင်းပန်ပါတယ်။ ကျနော့်သိမ်ငယ်စိတ်နဲ့ မောင်းထုတ်တာတွေ ကို သူ စိတ်မနာပါဘူး။ တစ်ရက် နှစ်ရက်လောက် ငြိမ်သက်သွားပေမယ့်လို့ သုံးရက်မြောက်ဆို ကျနော့်ဆီ ရောက်လာတာပါပဲ။ ပြုံးစိစိနဲ့ ဟန်နီမလာတော့ ငါလာတယ်လို့ ပြောတယ်။ ဘာလာ လုပ်တာလဲလို့ ဟောက်ထုတ်တဲ့အခါ၊ အိုး ... ငါ့ရည်းစားဆီ ငါလာတာ ဘာလုပ်လုပ်ပေါ့လို့ မချို မချဉ် မျက်နှာပေးနဲ့ စိတ်ဆိုးဟန်မပြပဲ ပေကပ်ပြီး အနားက မခွာတော့ဘူးရယ်။ နောက်ဆုံး စိတ် ပျော့တဲ့ ကျနော် ပုံမှန်ပန်ဖြစ်သွားတဲ့အခါ ကလေးတစ်ယောက်လို ကျနော့်ရင်ခွင်ထဲ ခေါင်းထိုး ထည့်ပြီး အော်ငိုတော့တာပါပဲ။ ငါ့ကို နောက်ထပ် အဲ့လိုမလုပ်ရဘူး။ ငါသေသွားလိမ့်မယ် တဲ့။ ငါ့ကို နမ်းစမ်းပါ ဟန်နီတဲ့။ အပြန်အလှန်နမ်းကြရင်း တအီအီနဲ့ ဝမ်းနည်းပက်လက် ငိုနေသေးတာ ရယ်။

ဒီလို မတူညီတဲ့ ဘဝနှစ်ခုကို ဘာနဲ့မှပေါင်းစပ်လို့မရမှန်းသိသိကြီးနဲ့ ကျနော်တို့ ဆက် ချစ်ခဲ့ကြတာပါပဲ။ သူက ကျနော့်ကို ဗမာပြေကို ပြန်စေချင်တယ်။ ပါ့စပို့အသစ်တစ်ခုနဲ့ ပြန်လာစေ ချင်တယ်။ ပညာရေးနောက်ခံ မရှိတဲ့ ကျနော့်ကို ကျောင်းလေး ဘာလေး ပြန်လာတက်ဖို့ပေါ့။ လူရာဝင်ဖို့ပေါ့လေ။ စာရေးမလေး မေရီက ကျနော့်ကို ကျောင်းထားပေးမယ်ပေါ့။

ဘဝကြီးက မရေမရာပါ။ လကုန်ရက်ရောက်တိုင်း လီဗိုက်စ်ဂျင်းပန် တစ်ထည် မေရီ ကျနော့်ကို ဝယ်ပေးတတ်တယ်။ အဲ့ဒီလိုနဲ့ ဂျင်းပန် တစ်ဆယ့်ရှစ်ထည်တိတိ ရအပြီးမှာ ကျနော် ပျောက်ဆုံးသွားခဲ့တာပါပဲ။ ပါ့စပို့သိမ်းထားပြီး မတရားလုပ်တဲ့ အလုပ်ရှင် တရုတ်ကို ကိုယ်ထိ လက်ရောက် ကျူးလွန်မှုရယ်၊ ရက်ကျော်မှုရယ် အစရှိသဖြင့်ပေါ့။ မထင်မှတ်ထားတဲ့ အဖြစ်အပျက် ကြောင့် မေရီကိုလည်း ဘာတစ်ခုမှမပြောခဲ့နိုင်ပါဘူး။

စီရင်ချက်ချအပြီး အပြစ်ဒဏ်ကျခံရမယ့် ကွင်းစ်တောင်း အကျဉ်းထောင်ကို သွားတဲ့ လမ်းပေါ်က အချုပ်ကားပေါ်ကနေ လက်ထိပ်တန်းလန်းနဲ့ ဖုန်းဆက်ခဲ့တာ နောက်ဆုံးပါပဲ။ ဖုန်းပေါ် မှာလည်း ဖြစ်ကြောင်းကုန်စင် မပြောခဲ့ပါဘူး။ ငါ မလာနိုင်တော့ဘူး မေရီ အချစ်ရယ်။

ဂွတ်ဒ်ဘိုင်

ဒါပါပဲ။

အဲ့ဒီနောက်မှာ အလုံပိတ် အမှောင်ခန်းတွေ၊ သံတိုင်တွေ အစရှိသဖြင့် ကျနော်ဖြတ် သန်းခဲ့ရပါတယ်။ သူ့ကို နင့်နင့်သီးသီးလွမ်းပါတယ်။ သို့သော် ဘာဒုက္ခမှ ထပ်မပေးလိုတော့ပါ။ ကျနော်တို့ဟာ အပြီးအပိုင် ဘဝခြားခဲ့ကြပြီမဟုတ်လား။ဘာဖြစ်သွားမှန်းမသိပဲ ပျောက်ဆုံး ထွက် ပြေးသူလို့ သူ ကျနော့်ကို နာကျည်းသွားပါစေတော့လို့ပဲ ဆုတောင်းခဲ့ပါတယ်။ ကလေကချေ နိုင်ငံ ရပ်ခြားက ရွှေပြောင်းကူလီတစ်ကောင်ကို ချစ်မိလို့ ကံဆိုးရှာသူလေး မေရီပေါ့။ ဒီလောက်ပါပဲ။

ဒါပါပဲ။ မေရီနဲ့ ကျနော့်အကြောင်းက။ ဒါပေမယ့် တကယ်မပြီးသေးဘူးရယ်။အရက်ခွက် ရဲ့ အဝက ကျယ်တယ်။ လူ့ဘဝက တိုတောင်းတယ်။ အဲ့ဒီလူ့ဘဝတိုတိုလေးထဲမှာကို မယုံနိုင် လောက်ဖွယ် တိုက်ဆိုင်မှုတွေ ရှိသေးတယ်ဗျ။

နောက်ထပ် ၁၀ နှစ်တိတိအကြာမှာ ကျနော်ဟာ လန်ဒန်မြို့တော်က ဟိဒ်သရိုး လေဆိပ် ထဲမှာ။ တစ်နေရာက ပြန်အလာ၊ နျူးကာဆယ်ကို ဆက်သွားဖို့ အဲ့ဒီလေဆိပ်ထဲမှာ တဝဲလည်လည် လုပ်နေတုံး မှန်ချပ်ကြီးရဲ့ တစ်ဖက်ကနေ မိန်းမတစ်ယောက်ရယ် ကျနော့်ကို အံ့ဩတုန်လှုပ်ဟန်နဲ့ ကြည့်နေတာရယ်။ ကလေးတစ်ယောက်ကို ပွေ့ထားတယ်။ တစ်ယောက်ကို လက်က ဆွဲထား တယ်။ မေရီမှ မေရီအစစ်။ ၁၀ စုနှစ် တစ်ခုကြာခဲ့တာတောင် ဒီရုပ်ဒီရည်ပဲ။ ကျနော့်ကိုအသေအချာ မှတ်မိဟန်နဲ့ မှန်ချပ်ကြီးတစ်ဖက်ကနေ တွေတွေလေး ငေးနေရှာတာ။ ကျနော်ကလည်း ဟိုစဉ်က လိုပဲပိန်ရှည်ရှည် ဆံပင်ဂုတ်ထောက်ကိုး။

ကျနော် ဘာလုပ်ရမလဲ။ စကားလည်း လှမ်းပြောလို့မရဘူး။ မှန်ချပ်ကြီး ခြားထားတယ်။ ငါ ထောင်ကျသွားခဲ့တယ် အချစ်ရာ ... ငါရှောင်ပုန်းသွားတာ မဟုတ်ပါဘူး၊ ငါလေ နင့်ကို ဒီ တစ်သက် ပြန်မမြင်ရတော့ဘူး ထင်နေတာ။ နင်အိမ်ထောင်ကျခဲ့ပြီပေါ့။ ကလေးတွေက ချောလိုက် တာဟာ။ နင့်ရုပ်ကလေးတွေနော်။ ငါ့ကို ခွင့်လွှတ်တယ်မလား။ နောက်ဘဝရှိသေးရင် နင်နဲ့ ဆုံပါရ စေလို့ အမြဲဆုတောင်းနေမယ် ဟာ။ ဒီမယ်ကြည့်စမ်း ... ငါ ခုဝတ်ထားတဲ့ ဂျင်းပန်က နင်ဝယ်ပေး ထားတဲ့ ဟာလေ။ ဝတ်လို့ရသေးတယ် တွေ့လား။ ခုထိ ရိုရိုသေသေသိမ်းထားတာနော် ဟာဟ။ ဘဝက ဘာမှမပြောင်းဘူးဟ။ ခုထိ ကူလီထမ်းနေရတုန်း။ နိုင်ငံပဲ ပြောင်းသွားတာ။ တစ်ခုပဲ နင်ဖြစ် စေချင်တဲ့ ပညာတတ်ဖြစ်ဖို့ ငါ ခုကြိုးစားနေတာ လမ်းခုလပ်ရောက်နေပြီသိလား။ နင်ပျော်တယ် မလား ဒီလိုကြားရတော့။ နင့်အိမ်ထောင်နဲ့ကော အဆင်ပြေလား။ တစ်ခါတစ်ခါတော့ နင့်ကို **Bloody Mary** လေးလို့ ခေါ်တတ်တဲ့ ကူလီထမ်း ရည်းစားဟောင်းကို လွမ်းမှာပေါ့၊ ဟုတ်တယ် မလား။ မညာပဲ ပြောကြေးဟာ။ လွမ်းရင် လွမ်းတယ်ပေါ့။ ဟေ့ ငါတော့ မတော်တဆ အိမ်ထောင် ကျခဲ့ရင်

သမီးလေးမွေးမှာ သိလား။ နာမည်ကိုတော့ မေရီလို့ ပေးဦးမှာ။ စိတ်ကောင်းနှလုံးကောင်း ရှိပြီး လူတန်းစား မခွဲခြားတတ်တဲ့ နင့်လို မိန်းမပျိုလေး ဖြစ်လာစေချင်တာ။ ကိုင်း နင်မကျေနပ်ဘူး လား ငါ့အကြံအစည်ကို။ ပြောရင်းနဲ့ အားမရလိုက်တာဟာ ဒီမှန်ချပ်ကြီးကလည်း ...။

စိတ်ထဲမှာ အဲ့လိုတွေ အဆက်မပြတ် ပြောနေမိတယ်။ လက်တွေ့မှာတော့ တစ်ယောက်

နဲ့တစ်ယောက် မှန်ချပ်ကို ထွင်းဖောက်ပြီး စိုက်ကြည့်နေရင်းက ကျနော်မှန်း သူသေချာသွားအခါင်

တစ်ချက် ရယ်ပြလိုက်ပြီး ချာခနဲလှည့်ထွက်လာခဲ့တယ်။ သူဘယ်လို ကျန်ရစ်ခဲ့ရှာလဲ မသိတော့

ဘူး။

ကျနော့်စိတ်ထဲမှာ ဘယ်တုန်းကမှ မကြုံဖူးခဲ့တဲ့ ဝမ်းနည်းအားငယ်မှုမျိုးကြီးဗျာ။

ပျောက်ဆုံးသွားသော အရာများသည် ရှိနေသည်

ပထမဆုံး ပျောက်သွားတာ **Mohi** ပဲ။

သူက အိမ်ထောင်ရှိတာကိုး။ သူ့တိုက်ခန်းမှာ ငါတို့တတွေကို ညစာခေါ်ကျွေးတယ်။ သူ့မိန်းမလက်ရာ အာရပ်အစားအသောက်တွေပေါ့။ စားသောက်ပြီးတော့ မုန့်အချိုတွေ၊ စွံပလွန် သီးတွေ၊ ပင်လယ်ဝကို လှမ်းမြင်နေရတဲ့ ဝရန်တာမှာ ကုလားလက်ဖက်ရည်တွေနဲ့ ဝိုင်းဖွဲ့ကြရင်း ဆစ်ကလက်ကိုယ်စီ ဖွာကြတယ်။ အဲ့ဒီမှာ **Mohi** က စကားစတယ်။

“ငါနက်ဖန်အိမ်ပြန်တော့မယ်...”တဲ့။ ဒါများ ဘာဆန်းသလဲပေါ့။ ခက်တာက မနေ့ကပဲ ဘွဲ့ယူရသေးတယ် ခု ငါတို့ကို ထားသွားတော့မယ်ဆိုတော့ နည်းနည်း မြန်လွန်းမနေဘူးလား။ သူ ဘာဆက်ပြောလဲဆိုတော့...

“ငါ မင်းတို့နဲ့ ပျော်ချင်ပါသေးတယ်ကွာ၊ ဒါပေမယ့် ငါ့မိန်းမက ဒီနေရာမှာ တစ်စက္ကန့်မှ ဆက်မနေချင်တော့ဘူး” တဲ့။

“ဈေးသွားတိုင်း အင်္ဂလိပ်ငမူးတွေက စောက်ကုလားမ အိမ်ပြန်စမ်း၊ ဒါ နင့်တိုင်းပြေ မဟုတ်ဘူး လို့ နှစ်ပေါင်းများစွာ အမြဲအဆဲခံခဲ့ရရှာတဲ့ သူ့အဖို့မှာလည်း ဘယ်နေချင်ပါ့မလဲကွာ၊ ငါနားလည်ပါတယ်...” တဲ့။

ငါတို့တစ်ဖွဲ့လုံး ငြိမ်ကျသွားခဲ့တယ်။ ခဏလောက်တိတ်နေကြပြီး မပျော်ရွှင်တဲ့စိတ်နဲ့ ငါတို့ ထပြန်ခဲ့ကြတယ်။ ကျန်တဲ့ကောင်တွေနဲ့ သူတို့လင်မယား နှုတ်ဆက်ကြတော့ မျက်ရည်လည်ရွဲပေါ့။ ငါကတော့ အားလုံးထဲမှာ အသက်အကြီးဆုံးလူကြီးမလား။ ပြုံးဖြဲဖြဲနဲ့ “အီဂျစ်သွားလည်ရင် ပါ့စပို့ သတိထား ညီလေးရာ ... ” လို့ နောက်တောက်တောက် လုပ်ခဲ့သေးတာပေါ့ (သူငယ်ငယ် ကအီဂျစ်ကဖာတန်းမယ် ပါ့စပို့ပျောက်ဖူးတယ်ဆိုကိုး)။ **Mohi... Mohi...** ဆော်ဒီကုလားလေး။ တက္ကသိုလ်ကိုမိန်းမပါခေါ်လာပြီး လာတက်တဲ့ကောင်။ ပြုံးတုံ့တုံ့နဲ့ ဆစ်ကလက် ပါးစပ်ကမချတဲ့ ကျောင်းစာတော်တဲ့ ကုလားလေး။ ငါတို့ တက္ကသိုလ် ဒုတိယနှစ်မှာ သူ့မိန်းမ ကိုယ်ဝန်ပျက်ကျတော့ ကိုယ်လက်အင်္ဂါ စုံလင်နေပြီဖြစ်တဲ့ ကလေးအသေလေးကို ငါတို့တတွေ သင်္ချိုင်းမှာ သွားမြှုပ်ကြ တယ်။ မိုးမျှုမှုန်တွေနဲ့ ပိန်းပိတ်အခေါင်မှောင်ပြီး အေးခဲနေတဲ့ သင်္ချိုင်းကြီးထဲမှာ ကလေးကို မြှုပ်ပြီး တော့ **Mohi** ကို ပြန်ကြစို့လို့ခေါ်တော့ ဒီကောင် မလိုက်ဘူး၊ ကလေးမြေပုံရှေ့မှာ ပေပြီး ရပ်နေ တယ်။ ငါတို့မှာ အေးလွန်းလို့

တဆတ်ဆတ်တုန်နေပြီ။ ဒီလိုနေရာမျိုးကြီးမှာ ငါ့ကလေးလေးကို မထားရက်ခဲ့နိုင်ဘူးကွာ တဲ့။ ငါတို့ကောင်တွေ ဒီကောင့်ကို ဝိုင်းချုပ်ပြီး ကားပေါ်ဆွဲတင်ခဲ့ရတာပေါ့။ ခုတော့လည်းဒင်းသွားရှာပြီပေါ့လေ။

ဒုတိယမြောက်လစ်သွားတာ ယိုးဒယားကောင်လေး။

Duke မအေဘေးလေး။ ယူအက်စ်နဲ့ ကနေဒါမှာ အထက်တန်းထိ ကျောင်းတက်၊နောက်တော့ တရုတ်ပြေမှာ တက္ကသိုလ်သွားထားပြန်တော့ ပထမနှစ် နှစ်ခါကျ။ ကျောင်းထွက်။ မိဘတွေခမျာ မနေနိုင်ရှာတော့ ဘီလပ်ကို ထပ်ပို့ရာက ငါတို့နဲ့တွေ့တာပါပဲ။ ငါတို့နဲ့ မတွေ့ခဲ့ရင် ဒင့်ဘဝလည်း ဆုံးမှာပါ။ တက္ကသိုလ် ပထမနှစ်ဝက်အထိ အရက်သောက်တာရယ်၊ ပါတီတက်တာ ရယ်က လွဲပြီး ဘာမှလုပ်တဲ့ကောင် မဟုတ်ဘူး။ အုပ်စုဖွဲ့လုပ်ရတဲ့ပရောဂျက်တွေမှာ ဘယ်တော့မှ မီတင် လာမတက်။ စာကြည့်တိုက်ကို တစ်ခါမှ မရောက်ဖူးဘူး။ ငါဆဲဖန်များတော့မှ အင်တာနက် ထဲက တွေ့ကရာတွေ ကူးယူလာပြီး မီတင်မှာ လာဆွေးနွေးတော့ ဝိုင်းရယ်တာခံရတဲ့ ကောင်။ ဒါပေမယ့် ငါ့ကိုတော့ အတော်ညှာတာပါတယ်။ ငမွဲကောင်မှန်း သိတော့ ထမင်းဝယ်ကျွေး၊ ကော်ဖီ တိုက်၊ ဆစ်ကလက်တိုက်၊ သူချည့်ပဲ အကုန်အကျခံခဲ့ရှာတာရယ်။ လူ့ **behavior** တွေဟာ ကူး စက်တတ်သလား ငါမသိပါဘူး။ ဒီကောင်ဟာ သူဌေးသား လူပေါ်ကြွေဘဝကနေ ပိုက်ဆံမလို ပဲ ငါတို့နောက်လိုက်တဲ့ပြီး ပန်းကန်ဆေး၊ ကြမ်းတိုက်၊ စားပွဲထိုးတွေ လျှောက်လုပ်လာတော့တာပဲ။ ရလာတဲ့ ပိုက်ဆံတွေ အကုန်စုထားတဲ့ပြီး သူ့အမေအတွက် **LV** အိတ်တွေ ဘာတွေ ဝယ်ပို့တယ် ဆိုလား။ အဘွားကြီးမယ် အံ့တွေဩတဲ့ပြီး ငါ့ဆီ ဖုန်းဆက်လာသေးတယ်၊ ကျမသားလေးဟာ ခပ်ဆိုးဆိုး တေတေလေးကနေ သူငယ်ချင်းတွေကြောင့် ခုလို သိတတ်လာတာပါတဲ့၊ ဟာ့ ဟာ့ ...။ ကျောင်းစာလည်း တကယ်လိုက်လုပ်တော့၊ အမယ် နောက်ဆုံးကျတော့ ပထမအဆင့် အဓ်နာနဲ့တောင် ဘွဲ့တွေ ဘာတွေ ရသွားတာဗျား။ သူ့ပင်ကိုယ်က ဉာဏ်ကောင်းတဲ့ ချာတိတ်ကိုး။

နောက်ဆုံးတစ်နေ့တော့ သူလည်းယိုးဒယားကသူ့အိမ်ပြန်ဖို့ပြင်တယ်။ ငါလည်းသူ့အိမ် လိုက်သွားပြီး သိမ်းဆည်းထုပ်ပိုးကူတယ်ပေါ့။ အားလုံးပြီးတော့ သူ့အိမ်နားက နော်လ်ဖော့ခ်လမ်း က အဘိုးကြီးများ အရက်ဘားမှာ အတူတူသောက်ကြတယ်။ စကားများများ သိပ်မပြောဖြစ်ကြ တော့ဘူး။ ငါ အဲ့ဒီညက ရေဂါမိုး ၁၀ ပက်လောက်တောင် ချမိသလားပဲ။ အတော်မူးကုန်တယ်။ နောက်နောင်မှာ တစ်ခုခုဖြစ်တိုင်း ဟိုလိုလုပ်ပါ၊ ဒီလိုလုပ်ပါ ငါမင့်ကို အကြံပေးနိုင်တော့မှာ မဟုတ် ဘူး၊ ပေတေ လေလွင့်တာတွေဟာ မကောင်းကြောင်း ငါ့ဘဝနဲ့ယှဉ်လို့ မင်းကို ငါအကြိမ်ကြိမ် ပြောပြခဲ့ဖူးတယ်၊ အခု မင်း လူကြီးဖြစ်ပြီ၊ ကိုယ့်ဘဝကိုယ် စောင့်ရှောက်ပေတော့လို့ ... ငါ့ဘဝမှာ မလုပ်ဖူးတဲ့ ရှားရှားပါးပါး ဩဇာပေးတဲ့ အလုပ်ကို လုပ်ခဲ့မိလိုက်သေးတယ် ထင်တာပဲ။

ငါလည်း ဘားထဲက ထွက်ကော ကျန်ရစ်ခဲ့တဲ့ မအေဘေးလေးဟာ ဘားအဝင်ဝက ဆင်နားရွက်တံခါးကို ကိုင်ထားရင်း လှမ်းအော်တယ်။

"Hey Thet, it fucking hurts, matey! " ៖ သူငယ်ချင်းရာ ပေါ့။

ငါမျက်မှောင်ကြုတ်၊ လက်နှစ်ချောင်းကို **V** ပုံစံ ပြောင်းပြန်ထောင်ပြပြီး ချာခနဲ လှည့် ထွက်လာခဲ့တယ်။ အဓိပ္ပာယ်က **Fuck Off !** ပေါ့။ စောင်ရှူးလေး မျက်ရည်လေး စမ်းစမ်း စမ်းစမ်း နဲ့ ဂျိုပုန်းလား။ သူ့ကို ပြောမယ့်သာ ပြောရတယ်၊ ငါတစ်ယောက်တည်း အိမ်ကို လမ်းလျှောက်အပြန် မယ် ငါတို့တွေ ပြန်မဆုံနိုင်ကြတော့ဘူးဆိုတဲ့ အသိနဲ့ တစ်ယောက်တည်း မျက်ရည်ခိုးကျခဲ့ရတာပါပဲ။ သိတယ်မလား၊ ငါဆိုတဲ့ကောင်က လူရှေ့မှာကျဟန်ဆောင်ကောင်းသလောက် ကွယ်ရာမှာ အသည်းနုတဲ့ကောင်လေ။

အီရန်ကောင် **Saman ...**။

ရုပ်ရှင်ရုံထဲမှာ ရှေ့ဆုံးတန်းကထိုင်ပြီး ကြည့်နေတုန်း ဟားလီးဝုဒ် ဇာတ်လမ်းတွေ အတိုင်း အီရန်တွေကို ဗီလိန်တွေအဖြစ် ပြနေတာကို ကြည့်တဲ့ပြီး ဒေါသမထိန်းနိုင်ပဲ ပိတ်ကားကို လက်ညှိုးငေါက်ငေါက်ထိုးရင်း၊ "ယန်းကီးတွေ ရီးပဲ" လို့ အကျယ်ကြီးအော်ဆဲလို့ ငါတို့တွေ သူ့ကို ရုပ်ရှင်ရုံထဲက အတင်း ဆွဲထုတ်ခဲ့ရဖူးတာပေါ့။ သူ့အလုပ်လုပ်တဲ့ ပီဇာဆိုင်က အင်္ဂလိပ်မက အရက် ကလေးထွေထွေနဲ့ သူ့အိမ်ကို လာလည်တယ်။ ဟိုက ခေါင်းလောင်း တတောင်တောင် တီးနေတာ ကို ဖွင့်မပေးရဲပဲ ချောင်းကြည့်ပေါက်ကနေ ချောင်းနေရင်း ငါ့ဆီကို ဖုန်းဆက်တယ်။ ငါ ... ငါ ဘာ လုပ်ရမလဲတဲ့။ အိမ်ထဲခေါ်ပြီး ထိုင်ရှိခိုးလိုက်ပေါ့ကွာလို့ ငါက နောက်တောက်တောက် ပြန်ပြောတာ ကို ဒင်းက အင့် ... အင်း ငါမဖွင့်ပေးရဲဘူး၊ ကြောက်တယ်တဲ့။ စောက်ပေါကောင်။ နောက်နေ့ တွေ့ တော့ မေးကြည့်တယ်၊ အဲ့ အင်္ဂလိပ်မကို မင်းက မကြိုက်ဘူးလားဆိုတော့ ကြိုက်တယ်တဲ့၊ ဒါပေမယ့် တကယ်ချစ်မချစ် မသေချာဘူးတဲ့။ ငါက တကယ်ချစ်မှ လူပျိုရည်အပျက်ခံမှာတဲ့။ ဒါကြောင့် တံခါးမဖွင့်ပေးရဲတာ တဲ့။ ငါတို့မယ် ရယ်လိုက်ရတာ ဆိုတာလေ။ အီရန်ဟာ သိပ္ပံပညာ မှာ တခြားကုလားတွေထက် ရှေ့ရောက်နေတာ မဆန်းဘူး။ ငါ့ဘော်ဒါ အီရန်ဟာ တက္ကသိုလ်မှာ အမြဲတမ်း ထိပ်ကချည့်ပဲ။ ဘွဲ့ရတော့လည်း ဆုတွေ ဘာတွေ ရလိုက်သေးတာရယ်။ ဒါပေမယ့် ဆင်းရဲနုံချာတဲ့ တိုင်းပြေက ကောင်တွေ ထုံးစံအတိုင်း သူ အိမ်မပြန်ချင်ဘူး။ ဘီလပ် ထိပ်တန်း တက္ကသိုလ်တွေထဲပါတဲ့ ဘုရင့်ကောလိပ်မယ်ပီအိတ်ချ်ဒီဇ်နှစ်သွားလုပ်မယ်တဲ့။ လောလောဆယ် အားနေတဲ့ အချိန်လေး မန်ချက်စတာဖက်သွားပြီး ပန်းကန်ဆေး ပိုက်ဆံသွားရှာတော့မယ်ဆိုပြီး အထုပ်အပိုးပြင်တယ်။ သူ့ကား အစုတ်လေးပေါ်တင်တယ်။ ဒီမြို့ကနေ အပြီးခွာမယ်ပေါ့။ ကားဘေး မှာ ရပ်နေတဲ့ ငါ့ကို သိုင်းဖက်တယ်။ ငါ့ပါးကိုဘယ်ပြန်ညာပြန် နမ်းတယ်။ ကုန်လွန်ခဲ့တဲ့နှစ်တွေမှာ မင်းသာ မရှိခဲ့ရင် ငါတို့ သူငယ်ချင်းတွေ ခုလို ခင်ခင်မင်မင် စုဖွဲ့မိခဲ့မှာမဟုတ်ဘူးတဲ့။ ငါ့ဘဝမှာ လမ်းပေါ် ရန်မဖြစ်ခဲ့ဖူးဘူး၊ ဂစ်တာ မတီးဖူးဘူး၊အရက် မသောက်ဖူးဘူး၊ လောင်းကစား မလုပ်ဖူး ဘူး၊ ရည်းစားသနာရယ်လို့လည်း ခုထိ ဖြစ်ဖြစ်မြောက်မြောက် မရှိဖူးဘူး၊ ကိုရှေဘာ ဆိုတဲ့ မင့်ပုံပြင် တွေထဲက လူစားမျိုးနဲ့လည်း မိတ်ဆွေမဖြစ်ဖူးဘူး။ဒါပေမယ့် အဲ့ဒါတွေ အကုန်လုံးကို

တက္ကသိုလ် နှစ်တွေမှာ မင့်ဆီက ကြားဖူးခဲ့တယ်။ အဲ့ဒါတွေ နားထောင်ပြီး ငါ့ဘဝမှာ ယောက်ျားဖြစ်ရတာ သိပ်မတန်သလိုကြီးကွာတဲ့။ ဒါပေမယ့် ငါ့မှာ မင့်လို သူငယ်ချင်းမျိုး ရှိခဲ့ဖူးတာနဲ့တင်ကျေနပ်ခဲ့ရပါ

ပြီတဲ့။

အဲ့ဒီမှာ ငါကမချိုမချဉ်မျက်နှာပေးနဲ့ သူ့ကို ပြောရော။ အမယ်... စောက်ပိုတွေပြောသွား သေးတယ်။ မန်ချက်စတာမှာ အင်္ဂလိပ်မ အမိုက်လေးတွေ အိမ်လိုက်လာရင် တံခါးပိတ်ပြီး ထပ်ပုန်း မနေနဲ့။ လူပျိုရည်ဆိုတာ ကုန်သွားတဲ့ အမျိုးမှ မဟုတ်တာလို့ ပြောင်ချော်ချော်ပြောရင်း သူ့ကားတံခါးကို ဝုန်းခနဲ တွန်းပိတ်ပြီး လှည့်ထွက်ခဲ့တယ်။ သူငယ်ချင်းနဲ့ ခွဲရတဲ့စိတ်အပြင် နောက်ဆုံးတော့ ငါတစ်ယောက်တည်း ကျန်ခဲ့ပါကောလား ဆိုတဲ့ စိတ်ကြောင့် ထင်တယ်၊ ငါ့ အိမ်အပြန်လမ်းဟာ ခြောက်ခြားဖွယ်ရာကောင်းလိုက်ပုံများ။

အဲ့ဒီနောက်ပိုင်းမှာ ငါ့စိတ်တွေဟာ ဂယောက်ဂယက်ဖြစ်နေခဲ့တယ်။ နှစ်တွေအကြာကြီး ငါ့ကောင်တွေနဲ့ ကျင်လည် ကျက်စားခဲ့ရာ ဒီမြို့ကြီးထဲ မြင်မြင်နေရမှာ ငါတို့ခြေရာတွေချည့်ပဲ မဟုတ်လား။ ဘယ်လောက် အထီးကျန်ချင်စရာကြီးလဲလို့။ သူတို့ထွက်သွားပြီး နှစ်ပတ်အကြာမှာ ငါလည်း အထုပ်အပိုးပြင်တော့တာပါပဲ။ အလုပ်တစ်ခုခု မရခင်စပ်ကြား တောင်ပိုင်းက ကမ်းခြေမြို့

လေးတစ်မြို့မှာ ဆေးကုစားနေတဲ့ ငါ့ညီလေးဆီ သွားမှီခိုတော့မယ်ပေါ့။

နှစ်အတန်ကြာနေခဲ့ဖူးတဲ့ ငါ့အိမ်ကလေးက ထွက်လာတော့ ဘာမှများများစားစား မပါ ပါဘူး။ ဒီမြို့ကို ရောက်လာခဲ့တဲ့ အတိုင်းပါပဲ၊ ဘီးလုံးတပ်ထားတဲ့ အိတ်အကြီးတစ်လုံးရယ်၊ ကျောမှာ လွယ်ထားတဲ့ ဂစ်တာရယ်၊ ဒါပါပဲ။ အပိုအားဖြင့် ဘွဲ့လက်မှတ်ဆိုတဲ့ စက္ကူတစ်ရွက်တော့ အိတ်ထဲပါ လာတယ်။ မြို့လယ်ခေါင်က ပတ်ကလီနီးကို ဘတ်စ်ကားစီးဖို့ လမ်းလျှောက်လာရင်း ငါ့အတွေးတွေ ဟာ တောင်ရောက်မြောက်ရောက်။ အေးစက်တဲ့ လေပြင်းတွေ အမြဲတိုက်နေတဲ့ ပင်လယ်ဘေးက ဒီမြို့ဟာ ငါ့အတွက် လွမ်းစရာ တစ်စက်ကလေးမှ မကောင်းခဲ့ပါဘူး။ အူတိအူကြောင် ပိန်ညှောင် ညှောင် ကောင်လေးအဖြစ် ဒီမြို့ကို ငါရောက်လာခဲ့တယ်။

ဒီမြို့ထဲမှာ ငါ့ သိပ္ပံပညာရှင်မလေးကို ငါဆုံးရှုံးခဲ့ရတယ်။ ငါ့ညီမလေး မယ်ဒီ ပျောက်ဆုံး

သွားခဲ့တယ်။ ငါ့သူငယ်ချင်း မာလကာသီး တံတားပေါ်က ခုန်ချသွားခဲ့တယ်။ ငါ သွေးမြေကျခဲ့ရဖူး

တယ်။ ငါ့ကို လမ်းသရဲတွေက ရိုက်လုသွားခဲ့ဖူးတယ်။ ငါက လမ်းသရဲတွေကို ပြန်ရိုက်ခဲ့ဖူးတယ်။ အိမ်အပြန်ညတွေမှာ ဓားတန်းလန်းနဲ့

သေနေတဲ့ အလောင်းတွေ မြင်ခဲ့ရဖူးတယ်။ နာမည်ဆိုးတဲ့ ဖောရက်စ်ဟောလ်က အိမ်အပြန်နောက်ကျတဲ့ ညတွေမှာ တစ်နေ့နေ့မှာ ငါဟာ လမ်းပေါ်မှာ ဓား ထိုးခံရပြီး သေမလားလို့ အမြဲစိုးရိမ်နေခဲ့ရဖူးတယ်။ ငါ ပီဇာဖုတ်ခဲ့ရတယ်။ ငါ ပန်းကန်ဆေးခဲ့ရတယ်။ ငါ ကူလီထမ်းခဲ့ရတယ်။ ငါချစ်တဲ့

သူငယ်ချင်းတွေနဲ့ ဆုံခဲ့ရတယ်။ ငါ ဘဝကို လက်မြှောက်အရှုံးပေးလုနီးပါး အကြိမ်ကြိမ်ဖြစ်ခဲ့ရ တယ်။ လက်မတင်မီလေးတင် ပြန်ပြန်ထူမ နိုင်ခဲ့တယ်။ နောက်ဆုံးတော့ ငါဟာ လေအဝှေ့မှာ မတော်တဆ လွင့်ပါသွားတဲ့ လဲမှိုပွင့်လေးတစ်ခု

လို တိတ်တဆိတ်ပဲ ဒီမြို့က ထွက်ခွာသွားရတော့မယ်။ ဘတ်စ်ကားပေါ် ပစ္စည်းတွေ တင်အပြီးမှာ ငါ ဘယ်တုန်းကမှ မချစ်ခဲ့တဲ့ မြို့ကို နောက်ဆုံးအနေနဲ့ တစ်ချက်ငေးလိုက်သေးတယ်။ တစ်ခါက ငါ အင်မတန်မုန်းတီးခဲ့ဖူးတဲ့ ဒီမြို့အပေါ်မှာ ချစ်ခြင်းမုန်းခြင်း ဘာမှမရှိတော့

ဘူး။ ဘဝဆိုတာ မိုးရေထဲမှာ ဘယ်လို ကခုန်ရမလဲလို့ သင်ယူရတာ မဟုတ်လား။ ဘတ်စ်ကား ထွက်ခဲ့ပြီ။ ငါ နောက်ပြန်မလှည့်တော့ဘူး။

(Mohi ပို့လာတဲ့ ဓာတ်ပုံအဟောင်းတွေကြောင့် ဒီစာကိုရေးတယ်)

ပြတင်းပေါက်

ကဗျာဆရာကြီးတစ်ယောက်ဟာ ဘူတာရုံအိုလေးတွေကို ရူးသွပ်ကြောင်း လူသိရင် ကြား ဝန်ခံဖူးသလိုပေါ့၊ ကျနော်ဟာ အိုဟောင်းနေတဲ့ စာတိုက်တွေကို ရူးသွပ်သူပါ။ ဘဝမှာ စာပို့ သမားတစ်ယောက်ဖြစ်ချင်ခဲ့ကြောင်း၊ ပိုင်ရဲ့စာပို့သမားကဗျာကို အိပ်ခန်းနံရံမှာ ချရေးခဲ့ဖူးကြောင်း၊ တစ်ခါက ပြောခဲ့ဖူးတယ် မဟုတ်လား။ ခြေခင်းလက်ခင်းသာတဲ့ စနေနေ့လယ်ခင်းမျိုးမှာ ကျနော် ဟာ တက္ကသိုလ်စာတိုက်ရှေ့ သွားရပ်တဲ့ပြီး ဆစ်ကလက်ခဲရင်း ငေးကြည့်နေခဲ့ဖူးတယ်။ မရေ မတွက်နိုင်တဲ့ စာတွေကို . တစ်စုံတစ်ယောက်ဆီ ကျနော် ဒီနေရာကနေ ပို့ခဲ့ဖူးတာကိုး (ရည်ညွှန်း - **Santiago** ပဲနွယ်ကုန်းတွင် ကွယ်လွန်သည်)။ အတိတ်ဟာ ကြည်နူးစရာ၊ နာကျင် စရာတွေအပြည့်။

"ကြည့်ပြာဝေး" ရဲ့ စာအဟောင်းလေးတွေကို ဓာတ်ပုံတွေအဖြစ်နဲ့ ကျနော်တို့ဖတ်ခဲ့စဉ် က နာကျင်ဆွေးမြေ့ရတာမျိုး၊ အိတ်ချိန်းရုံးက တယ်လီဖုန်းမှန်ခန်းလေးတွေထဲက ၁၀ မိနစ်စာ ကြည်နူးမှုမျိုး၊ စာတိုက်က ရောက်လာတတ်တဲ့ စာတွေထဲက စာလုံးလေးတွေကို အထပ်ထပ် အလွတ်ရအောင် ဖတ်ရင်း စာခေါက်ကလေးကို ရင်ဘတ်ပေါ်တင်ရင်း တသိမ့်သိမ့်တုန်တဲ့ ရင်အစုံ နဲ့ အိပ်စက်ရတာမျိုး၊ မထည့်ဝါလှတဲ့ လက်ဖက်ရည်ဆိုင် စုတ်ချာချာလေးတွေထဲ ချက်နို့ဆီနဲ့ ဖျော် တဲ့ ချိုပျစ်ပျစ် လက်ဖက်ရည်ကို ငုံရင်း၊ မွန်ထရီ ဆစ်ကလက်ဖွာရင်း ခုချိန်ဆို သူ ဘာတွေများ လုပ် နေရှာမလဲလို့ အဝေးကိုငေးရင်း ရော်ရမ်းမှန်းဆရတာတွေ...။

ကျနော်တို့ဟာ လူပီသစွာနဲ့ ကျနော်တို့ရဲ့ **imagination** တွေကို ဖြန့်ကျက်ထားရင်း အဲ့ဒီအတွေးကမ္ဘာလေးတွေထဲမှာ ချစ်ရသူတွေနဲ့ ကြည်မွေ့ခဲ့ကြဖူးတာပေါ့။

မကြာသေးတဲ့ နှစ်ကာလတစ်ခုမှာ သတင်းတစ်ခု ကြည့်ရဖူးတယ်။ ဒုတိယကမ္ဘာစစ် ကာလကြီး အတွင်းမှာ အမေရိကန်စစ်သားတစ်ယောက်နဲ့ အင်္ဂလိပ်မလေးတစ်ယောက်ဟာ လန်ဒန်က သိမ်းမြစ်နံဘေးမယ် ချစ်ကျွမ်းဝင်ခဲ့ကြသတဲ့။ အသက်၂၀ ကျော် ကောင်လေးနဲ့ ၁၇ နှစ် အရွယ်ကောင်မလေးဆိုတော့ အရူးအမူးပေါ့လေ။ နှစ်ယောက်လုံးအတွက် အချစ်ဦးတွေတဲ့။ သိပ်မကြာပါဘူး၊ မဟာမိတ်တွေရဲ့ ဒီဒေးကမ်းတက်တိုက်ပွဲမှာ အမေရိကန်စစ်သားလေး ပါသွား တယ်။

“ငါပြန်လာခဲ့မယ်…” လိုမှာသွားခဲ့သတဲ့။

စစ်ကြီးဟာ သူတို့နှစ်ယောက် ကမ္ဘာခြားသွားခဲ့တယ်။ နောက်တော့ စာလေးတွေ အပြန် အလှန် ရေးနေရင်း ကောင်လေးက စာတစ်စောင်ရေးလိုက်တယ်၊ ငါမင့်ကို လက်ထပ်မှဖြစ်မယ်တဲ့။ အဲ့ဒီစာက ကောင်မလေးဆီ ရောက်မလာပဲ ပျောက်ဆုံးသွားခဲ့တယ်။ ကောင်မလေးဟာမမျှော်လင့် တော့ပါဘူး။ သူချစ်သူဟာ တစ်ယောက်ယောက်နဲ့ လက်ထပ်လိုက်ပြီလို့ ယူဆတဲ့ပြီး အဆက် အသွယ် မလုပ်တော့ပါ။ တစ်ဖက်ကလည်း တစ်နေ့မှာ လေယာဉ်ပျက်ကျမှုတစ်ခုရဲ့ သတင်းထဲက နာမည်တူ အမျိုးသမီးတစ်ယောက်ရဲ့အလောင်းဟာ ကောင်မလေးရဲ့ပုံပန်းသဏ္ဍာန်နဲ့ ကိုက်ညီနေ ကြောင်း ကောင်လေးဖြစ်သူ ဖတ်လိုက်ရတဲ့အခါ သူမ သေဆုံးသွားခဲ့ပြီလို့ တစ်ထစ်ချ မှတ်ယူလိုက် သတဲ့။

အဲ့ဒီလိုနဲ့ နှစ်ပေါင်း ၇၀ ကြာခဲ့တယ်။ နှစ်ပေါင်း ၇၀…။

အိုမင်းရင့်ရော်နေတဲ့ အခါကျမှ ယနေ့ခေတ်နည်းပညာရဲ့အကူအညီနဲ့ သူတို့ဟာ ကမ္ဘာ ကြီးရဲ့တစ်နေရာစီမှာ သက်ရှိထင်ရှား ရှိနေကြသေးမှန်း ရှာတွေ့ခဲ့ကြတယ်။ နှစ်ဖက် သားသမီးတွေ ရဲ့အကူအညီနဲ့ အင်တာနက်မှာ ဗီဒီယိုကောလ် ပြောကြတယ်။ သတင်းထဲမှာ အဲ့ဒီ ဗီဒီယိုကောလ် ခေါ်နေတဲ့ အခိုက်အတန့်လေးကို ပြနေတာ။ အသက် ၉၀ ကျော် အဘိုးကြီးနဲ့ အသက် ၈၀ ကျော် အဘွားကြီးဟာ ကွန်ပြူတာ မျက်နှာပြင်ကနေ တစ်ဆင့် တစ်ယောက်နဲ့ တစ်ယောက် ငေးလို့…။

အဘိုးကြီးကပြောတယ်၊ **“I still dream of you”**ကိုယ်မင့်ကိုအိပ်မက်မက်နေတုန်း ပဲတဲ့။ အဘွားကြီးက **“You do …”** တဲ့၊ အဲ့လိုပြောရင်း ပြုံးနေတယ်။ အဲ့ဒီသတင်းအတိုလေးကို ကြည့်ရင်း ကျနော့်မှာ ပြောမပြတတ်အောင် ကြည်နူးခဲ့ရဖူးတယ်ပေါ့။

ယနေ့ခေတ် နည်းပညာတွေဟာ ကြောက်မက်ဖွယ်ကောင်းလောက်အောင် တိုးတက် လာတယ်။ ကျနော်တို့ စာတွေ မရေးကြတော့ဘူး။ စာတိုက်က ရောက်လာမယ့် စာတွေကို မမျှော် ကြတော့ဘူး။ ကျနော်တို့မှာ အဝေးကို ဆွေးရီရီငေးရင်း သူဘယ်လိုများ နေရှာမလဲလို့ ရော်ရမ်း မှန်းဆတာတွေ မလုပ်ကြတော့ဘူး။ ကုန်ကုန်ပြောရရင် ကျနော်တို့ သိပ်မတွေးတော့ဘူး။ ခုပို့ ခု ချက်ချင်းရောက်နိုင်တဲ့ စာအတိုတွေကို နည်းပညာအကူအညီနဲ့ ပို့နိုင်ပြီ။ **Messenger, Viber, WhatsApp** လက်မလေးနဲ့ ဖိပွတ်လိုက်တာနဲ့ ရည်ရွယ်သူဆီ ချက်ချင်း တစ်စုံတရာ လှမ်းပြော နိုင်ခဲ့ပြီ။ တစ်ခါက အိပ်မက်တောင် မမက်ဖူးတဲ့ အသည်းပုံတွေ၊ ရယ်မောနေတဲ့ ပုံတွေ၊ လျှာထုတ် နေတဲ့ပုံတွေ၊ မျက်လုံးမှိတ်ပြနေတဲ့ပုံတွေ အစရှိတဲ့ စတစ်ကာတွေ ပို့နိုင်ပြီ။ ဘာလုပ်နေလဲ၊ ဘယ်မှာ လဲ၊ဘယ်သူနဲ့လဲအစရှိသဖြင့် ချက်ချင်းလှမ်းမေးနိုင်ခဲ့ပြီ။

ကျနော်တို့မှာ **imagination** မရှိတော့ဘူး။ ယခုလက်ရှိ ဖြစ်ပျက်နေတဲ့

အရာတွေပဲ ရှိ တော့တယ်။ လိုင်စိတ်ဖောက်ပြန်တဲ့ ပုံတွေ၊ စကားစမြည်ပြောဆိုမှုတွေ၊ ဗီဒီယိုတွေ ပိုပိုများလာ တယ်။ လက်မတစ်ချက် ရွှေ့တာနဲ့ ဘယ်သူ့ကိုမဆို ရိသဲ့သဲ့လုပ်လို့ ရနေတယ်။ အလွယ်တကူ ချစ်ကျွမ်းဝင်ပစ်လိုက်လို့ ရတယ်။ ဒါပေမယ့် ဟိုစဉ်ကလို ခေါင်းထဲ အကြာကြီး ထည့်မထားနိုင်ကြဘူး။ အလွယ်ချစ်တယ်၊ အလွယ် မေ့တယ်။ နောက်ထပ် နောက်ထပ်တွေ အများကြီး ကျနော်တို့ကို စောင့်နေတယ်။ တွေးခြင်း ငေးခြင်းတွေဟာ ဒီခေတ်ဒီအခါမှာ ခေတ်နောက်ကျသွားခဲ့ပြီ။

တစ်ခါတစ်ခါမှာ အဲ့ဒီအရာတွေကနေ လွတ်မြောက်ဖို့ ကျနော်ဟာ ဖုန်းမျက်နှာပြင်ကို မကြည့်ပဲ အဝေးကိုငေးဖို့ ကြိုးစားပါတယ်။ စာရွက်နဲ့ ဘောလ်ပန်ကို ရှေ့မှာ ချထားပြီး ဆစ်ကလက် ဖွာပါတယ်။ မတီးဖြစ်တာ ကြာပြီဖြစ်တဲ့ ဂစ်တာကို ကောက်ကိုင်ပြီး ခေတ်ဟောင်းသီချင်းတွေထဲက မှတ်မိသလောက် သီချင်းတချို့ကို နည်းနည်းတီးဖို့ ကြိုးစားပါတယ်။ ဟိုတီးဒီခတ်နဲ့ နည်းနည်း စျာန် ဝင်လာတဲ့ အခါ စာရွက်ပေါ်ချရေးပါတယ်။

သို့....

ခုချိန်ခါမှာ မင်းတစ်ယောက် ဘာလုပ်နေရှာမလဲလို့ ကိုယ်တွေးနေမိတယ် မေ... ကိုယ်မနေ့ညက ဘိုင်ရွန်ရဲ့ကဗျာတစ်ပုဒ်ကို ဖတ်နေရင်းမင့်ကို နင့်နင့်သည်းသည်း သတိရခဲ့တယ်သိလား...

ဆက်ရေးစရာမလိုသေးဘူး။
ဒါကခုပို့ခုရောက်တဲ့အပလီကေးရှင်းတစ်ခုမှမဟုတ်တာ။ ဆစ်ကလက် ဆက်ဖွာတယ်။ ဂစ်တာကို ဟိုကုတ်ဒီကုတ် လုပ်တယ်။ ပြတင်းပေါက်က တစ်ဆင့် အဝေးကို ငေးတယ်။ တွေးတယ်။ အချိန်တွေ အများကြီး ရပါသေးတယ်။ ဟုတ်တယ် မဟုတ်လားဗျာ။

ခရမ်းချဉ်သီးလေးတွေ

အစိပ္ပာယ်မဲ့လွန်းတဲ့ ဗမာဓာတ်ရှင်ဇာတ်ကားတွေကို မောင်ပါပီ ဘယ်တော့မှ မကြည့်ဘူး။ လူတွေကို ကလိထိုးပြီး ရယ်ခိုင်းတာကို ကြည့်ပြီး လိုက်ရယ်နေတဲ့လူတွေ၊ ငွတ်ကြီး ဒရာမာ ဆန်ပြတာကို လိုက်ငိုနေတဲ့လူတွေကိုလည်း မောင်ပါပီ နားမလည်ပါ။ အပ်ကြောင်းထပ်ပြီး ယုတ္တိမဲ့လွန်းတဲ့ ထိုးဇာတ်တွေနဲ့ ဖန်တရာတေတဲ့ ဟာတွေ။ ဆပ်ပြာအော်ပရာလို့ခေါ်တဲ့ ကိုးရီးယား ဇာတ်လမ်းတွဲတွေလည်း ထိုနည်းငှင်းပဲ။ အဲ့လိုပြောလို့ ဟောလီးဝုဒ်ဇာတ်ကားတွေကကော ဘယ်လောက် ကောင်းလို့လဲလို့ မေးလာရင် လူကြိုက်များတဲ့ ပေါကြောင်ကြောင် အမေရိကန် ဓာတ်ရှင်တွေလည်း အများကြီးပါပဲ ဆိုတာ ဝန်ခံရလိမ့်မယ်။ ဒါပေမယ့် အော်စကာဆုရတဲ့ ဇာတ်ကားတွေကို ခင်ဗျားတို့ ကြည့်ကြည့်ပါ။ သူတို့မှာ အင်မတန် အနုပညာမြောက်တဲ့ ဓာတ်ရှင်တွေ လည်း ထွက်နေသေးတာကိုးဗျ။ တစ်နာရီကျော် နှစ်နာရီလောက် ပေးလိုက်ရတဲ့ အချိန်အတွင်း မှာ ရင်ဘတ်ထဲ ငြိသွားအောင် လုပ်ပြနိုင်တဲ့ ဓာတ်ရှင်ဇာတ်ကားတစ်ခုဟာ(ကိုယ့်ပြောနေကျ စကားနဲ့ ပြောရရင်) “လူဖြစ်ရတာ တန်လိုက်လေ” ဆိုတဲ့ အရသာမျိုး၊ သီချင်းကောင်းကောင်း တစ်ပုဒ် နားထောင်လိုက်ရတဲ့အခါ၊ စာအုပ်ကောင်းကောင်းတစ်အုပ်ကို ဖတ်လိုက်ရတဲ့အခါ၊ ဝီစကီ ကောင်းကောင်း ၃ ပက်လောက် သောက်လိုက်ရတဲ့အခါ ငါဟာ အင်မတန် လူဖြစ်ရကျိုး နပ်လိုက် တာပါလားဆိုတဲ့ အတွေးမျိုးဝင်လာတတ်တာမျိုး။ ထားလိုက်ပါတော့။

တစ်ခါတုန်းက ဗမာဓာတ်ရှင်သိပ်ကြိုက်တဲ့ မောင်ပါပီကြီးဒေါ်ကြီးတွေနဲ့ အဲ့ဒီဟာတွေကို သိပ်မုန်းတဲ့ မောင်ပါပီတို့ အစပ်အဟပ်မတည့်ခဲ့ပုံလေး ပြောချင်လို့။ အိမ်ခဏပြန်တဲ့ မောင်ပါပီ တစ်ယောက်ပေ့ါဗျာ၊ ညမိုးချုပ် အရက်ဆိုင် လက်ဖက်ရည်ဆိုင်တွေက အာရိုက်ပြီး အိမ်ပြန်လာရင် စိတ်ဆင်းရဲရတာက ဗမာဓာတ်ရှင်ကို ဧည့်ခန်းမှာ အသံအကျယ်ကြီးဖွင့်ပြီး ထိုင်ကြည့်တတ်တဲ့ ဒေါ်ကြီးနဲ့ ဒေါ်လေးတို့ကြောင့် စိတ် အင်မတန်ဆင်းရဲခဲ့ရတာပေ့ါ။ ဘာမှန်းမသိတဲ့ ဝူးဝူးဝါးဝါး ဒိုင်ယာလော့ဂ်တွေ၊ ကြောင်တောင်တောင် တီးလုံးတွေ မကြားချင်လည်း အိပ်ခန်းထဲကနေ ကြား နေရတာကိုး။ အဆင့်မရှိတဲ့ ဟာတွေ ဘာညာ သွားဝေဖန်ပြန်ရင်လည်း ငါတို့ဖာသာ ကြိုက်လို့ ကြည့်တာ မကြားချင် နားပိတ်ထားဆိုပြီး အဟောက်ခံရသေးတာ။

ဒီလိုနဲ့တစ်နေ့ အိမ်ပြန်လာတော့ သူတို့တွေ ဧည့်ခန်းမှာ

ငုတ်တုတ်ထိုင်နေကြပေမယ့် ဗမာကားတွေ ဘာတွေ ကြည့်မနေဘူးဗျ။ အဲ့ဒီမှာ မောင်ပါပီ အိပ်ခန်းထဲဝင်ပြီး ရန်ကုန်က တေးရေး ဆရာတစ်ယောက်က ဒါလေးကြည့်ကြည့်၊ ရေလည်မိုက်တယ် မောင်ရ ဆိုပြီး လက်ဆောင်ပေးခဲ့ တဲ့ **DVD** ချပ်ကို သွားယူလာပြီး ဖွင့်ကြည့်တော့တာပဲ။ ကြီးဒေါ်ကြီးတွေကလည်း ဟဲ့ ဘာကားတုံးဆိုပြီး ဝင်မေ့တာပေါ့။

ဇာတ်ကားက အီရန်ဇာတ်ကားဗျ။ မဂျစ် ဆိုတဲ့ အီရန်ဒါရိုက်တာ ရိုက်တာ။ ဇာတ်လမ်းက စကားပြောခန်းကို သိပ်မပါတာရယ်။ တစ်ခွန်းစ နှစ်ခွန်းစ အဲ့လိုလေးတွေချည့်ပဲ (ဗမာကားတွေနဲ့ ဘာကွာလဲ ကြည့်)။ အကျဉ်းချုပ်ပြောရရင် အာဖဂန်နစ္စတန်က စစ်ပြေးဒုက္ခသည်တွေဟာ အီရန် ထဲ ဝင်ပြေးလာပြီး တီဟီရန်မြို့ ဆင်ခြေဖုံးတွေမှာ ခိုလှုံနေကြတဲ့အချိန်။ မှတ်ပုံတင်မရှိ၊ အလုပ်လုပ် ခွင့်မရှိ၊ အဲ့လို တရားမဝင်ဘဝတွေပေါ့။ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ အလုပ်ကြမ်း ဝင်လုပ်ကြ ပြီး အသက်ဆက်၊ ရဲတွေ ဝင်ဖမ်းရင် ပြေး (တစ်ချိန်က စက်ာပူ၊ အခုမလေးရှားနဲ့ ယိုးဒယားက တရားမဝင် ဗမာတွေလိုပေါ့)။ အဲ့ဒီဆောက်လုပ်ရေး လုပ်ငန်းတစ်ခုမှာ အီရန်တစ်ကောင်က အလုပ်သမားတွေကို လက်ဖက်ရည်ဖျော် မုန့်ကျွေးလုပ်တဲ့ကောင်၊ အလုပ်သမားတွေနဲ့ တည့်ကို မတည့်ဘူး။ တစ်ချိန်လုံး ရန်ဖြစ်နေတာ။

အဲ့ဒီမှာ အာဖဂန်အလုပ်သမားတစ်ယောက် မတော်တဆဖြစ်ပြီး ခြေကျိုးသွားတယ်။ အဲ့ဒီလူ ခြေကျိုးသွားတော့ သူ့နေရာအစားထိုးဖို့ သူ့ဆယ်ကျော်သက် သားလေး ရောက်လာကော။ အာဖဂန်ချာတိတ်လေးက ပျော့တိပျော့ဖတ်နဲ့ အလုပ်ကြမ်းသိပ်မလုပ်နိုင်ဘူး။ ဒါနဲ့ ဖိုမင်လုပ်တဲ့သူ က လက်ဖက်ရည်ဖျော်တဲ့ အီရန်နဲ့ အာဖဂန်ချာတိတ်လေးကို အလုပ်ချင်း နေရာလဲပေးကော။

အဲ့ဒီမှာ လက်ဖက်ရည်ဖျော်တဲ့ အီရန်ကောင်က ပေါက်ကွဲတော့တာပေါ့။ တစ်ချိန်လုံး သူ့နေရာ လုသွားတဲ့ အာဖဂန်ချာတိတ်လေးကို ဒုက္ခပေးမလို့ ချောင်းနေတာ။ ချောင်းနေရင်း ဘာသွားတွေ့လဲ ဆိုတော့ အာဖဂန်ချာတိတ်လေးဟာ ကောင်လေး မဟုတ်ဘူးဗျ။ ဆံပင်အရှည် ကြီးနဲ့ အာဖဂန်မလေး။ ဆံပင်တွေ ဖီးသင်နေတာကို ချောင်းကြည့်ရင်း တွေ့သွားတာ။

နောက်နေ့တွေကျတော့ ခပ်ဆိုးဆိုး အီရန်ကောင် အချိုး ချက်ချင်းပြောင်းသွားတယ်။ ယောကျာ်းလေး ယောင်ဆောင်ထားတဲ့ အာဖဂန်မလေးကို အကာအကွယ်ပေး၊ ကူညီပေး၊ ရေလည်တွေ စွတ်ကြွေတော့တာ။ ဟိုက သူ့ကို စကားတစ်ခွန်းမှ မပြောဘူး။

ဒီလိုနဲ့တစ်နေ့ သူတို့ဆောက်လုပ်ရေးထဲကို လဝကတွေ အလစ်ဝင်ဖမ်းတော့ အာဖဂန် တွေ အကုန်ထွက်ပြေးရတယ်။ ကြောက်လန့်တကြားဖြစ်နေတဲ့ အာဖဂန်မလေးကို တစ်ဖက်သတ် ကြိုက်နေတဲ့ အီရန်ကောင်က အတင်းပြေးခိုင်း၊ သူကတော့ လဝကတွေကို အတင်းဝင်လုံး၊ ခြေသလုံးတွေ ဘာတွေကို အတင်းဆွဲဖက်ထား၊ ကောင်မလေးကို အော်၊

ပြေးတော့ ပြေးတော့ ဘာညာပေါ့။ လဝကရဲတွေက သူ့ကို ဝိုင်းရိုက်ပြီး ရဲစခန်းကို ဖမ်းသွားရော။ အာဖဂန်မလေးကတော့ လွတ်သွားတယ်။ ရဲစခန်းက ပြန်လွှတ်လာတော့ အဲ့ဒီ အီရန်ကောင် အာဖဂန်မလေးကို လိုက်ရှာ တယ်။ မတွေ့ဘူး။ အာဖဂန်စစ်ပြေးတွေ နေတဲ့နေရာတွေအထိ လိုက်ရှာတယ်၊ မတွေ့ဘူး။ ကောင်မ လေးက သူ့ကို တစ်နေရာကနေ မြင်ပြီး ငေးနေတာ။ မိန်းကလေးလို ဝတ်စားထားတော့ သူက သတိမထားမိ။ သူ့ခမျာ အရူးတစ်ပိုင်းဖြစ်နေပြီ။

နောက်ဆုံး သူ့အလုပ်ထဲက အာဖဂန်တစ်ကောင်နဲ့ တွေ့တော့၊ ကောင်မ နေရာမှာလဲ ဆိုတာ သိသွားတယ်။ အသာလေးသွားကြည့်တော့ သူရင်ကျိုးပြန်ရော။ ကောင်မ လေး ခမျာ မြစ်ထဲမှာ ကျောက်တုံးတွေဆယ်တဲ့ အလုပ်ကို ပ်ကို ပင်ပန်းဆင်းရဲကြီးစွာ လုပ်နေတာ တွေ့ လိုက်ရတာကိုး။ ဒါနဲ့ အီရန်ကောင် သူ့ဆောက်လုပ်ရေးက ဖိုမင်ဆီမှာ အပ်ထားတဲ့ သူ့ပိုက်ဆံတွေ အကုန်ထုတ်(ကောင်မလေး ဒုက္ခရောက်နေတာကို မကြည့်ရက်လို့)၊ ခုနက အာဖဂန်ကောင်ကို ကောင်မလေးရဲ့အဖေလက်ထဲ ထည့်ပေးပါဆိုပြီး အပ်လိုက်တယ်။ သူပေးလိုက်တဲ့ ပိုက်ဆံက ကောင်မလေးရဲ့အဖေက မရပဲ ကြားထဲက အာဖဂန်ကောင်က ယူပြီး အာဖဂန်နစ္စတန်ကို လစ်သွား ပြန်တယ်။ ကောင်မလေးကို သွားကြည့်ပြန်တော့ မြစ်ထဲမှာ ကျောက်တုံးဆယ်တဲ့ အလုပ်လုပ်ရင်း တုန်တုန်ရီရီလေး။ ကောင်မလေး အဖေက ဆောက်လုပ်ရေးအလုပ်ရှင်ဆီမှာ ပိုက်ဆံလာချေး တယ်။ သူ့အာဖဂန်နစ္စတန်ကို မဖြစ်မနေ ပြန်ရတော့မယ်၊ ငွေလိုတယ်ပေါ့။ ချေးလို့ မရဘူး။

ဇာတ်လိုက်ကျော် အီရန်က အဲ့ဒီအဖြစ်အပျက်ကို သိသွားတော့(ကူညီစရာ ပိုက်ဆံက လည်း သူ့မှာ မရှိတော့ဘူး) ဘာလုပ်သလဲဆိုတော့ သူ့အီရန်မှတ်ပုံတင်ကို သွားရောင်းပစ်လိုက် တယ်။ ရတဲ့ပိုက်ဆံကို ကောင်မလေးအဖေကို ကူညီပါတယ်ဆိုပြီး လက်ထဲ ထည့်ပေးလိုက်တယ်။ နောက်တစ်နေ့ မနက်မှာ ကောင်မလေးတို့ မိသားစုဟာ အာဖဂန်နစ္စတန်ကို ပြန်ဖို့ပြင်ပြီ။ မိုးမြူမှုန် တွေ ကြားထဲ လော်ရီကားပေါ်ကို အိုးတွေ ခွက်တွေ ပုံးတွေ ပလုံးတွေ တင်ကြတဲ့နေရာမှာ ဇာတ်လိုက်ကျော် အီရန်ကောင်ဟာ ဝင်ပြီးကူတယ်။ ကောင်မလေးလက်ထဲက ခြင်းတောင်းထဲ ထည့်ထားတဲ့ ဟင်းချက်စရာ ပစ္စည်းလေးတွေ လွှတ်ကျသွားတယ်။ အီရန်ကောင်က ပြန်ကောက် ကူတယ်။ ခရမ်းချဉ်သီး အနီရောင်လေးတွေ၊ ကြက်သွန်နီတွေ၊ ကြက်သွန်ဖြူတွေ အတူတူကောက် ကြရင်း လက်ချင်းဆုံလုနီးပါး ဖြစ်ဖြစ်သွားရာက မော့ကြည့်တယ်။ နှစ်ယောက်သား အကြည့်ချင်း ဆုံတယ်။ မျက်လုံးချင်း ချစ်နေကြတယ်။ တစ်စက္ကန့် နှစ်စက္ကန့် ... ပစ္စည်းတွေကောက်လို့ ပြီးတယ်။ ကောင်မလေးက မျက်နှာကို အဝတ်နဲ့ ကာပစ်လိုက်တယ်။ ခြင်းတောင်းလေးဆွဲလို့ ကားပေါ်ကို အပြေးလေးတက်တယ်။ ဗွက်အိုင်ထဲ ခြေတစ်ဖက်နစ်ပြီး ဖိနပ်လေးကျွတ်အကျန် အီရန်ကောင်က ပြေးတဲ့ပြီး ဗွက်ထဲက ဖိနပ်လေးကို ဆွဲထုတ်၊ ပေနေတဲ့ရွှံ့တွေကို လက်နဲ့သပ်ချပြီး ကောင်မလေးကို စီးပေးတယ်။ ကောင်မလေး ကားပေါ်တက်တယ်။ လော်ရီကားအစုတ်ကြီး ထွက်ခွာသွားခဲ့တယ်။

အီရန်ကောင်ဟာ ငူတူတူကြီးရပ်လို့။ ခုနက ကောင်မလေးချန်သွားခဲ့တဲ့ ဗွက်ထဲက ဖိနပ် ရာလေးကို ငေးလို့။ အဲ့ဒီအချိန်မှာ မိုးတွေက တဝေါဝေါကျလာတယ် ခြေရာလေးပေါ်မှာ မိုးပေါက် တွေ။ ဇာတ်လိုက်ကျော်ဟာ ပြုံးပြီး ခြေရာလေးကို ငေးနေခဲ့တယ်။ ဇာတ်လမ်းက ဒါပါပဲ။

အချစ်ဇာတ်လမ်းတဲ့ဗျာ။ချစ်တယ်လို့တစ်ခွန်းမပြောသွားခဲ့ဘူး။ အလုပ်ထဲမှာအတ္တကြီး ပြီး ဂွတိုက်တဲ့ အီရန်ကောင်ဟာ ကောင်မလေးကို မိန်းကလေးမှန်း သိသွားတဲ့နေ့မှာ အင်မတန် ညစ်ပတ်ပေပွတဲ့ ဆောက်လုပ်ရေး အလုပ်ထဲကို ဘောင်းဘီအသစ်တွေ ဘာတွေ ဝတ်လာပြီး

ရှိုးတွေများပြတဲ့အခါကျနော်ရယ်ချင်မိခဲ့တယ်။ အလုပ်ကို လဝကတွေ ဝင်ဖမ်းတော့ ကောင်မလေး ကို ပြေးခိုင်းပြီး ရဲတွေကို ခြေသလုံးဖက် တရွတ်တိုက်ပါတဲ့အထိ တားဖို့ကြိုးစားတဲ့ အဲ့ဒီကောင်ကို ကျနော် သနားခဲ့တယ်။ မြစ်ထဲက ကျောက်တုံးတွေကို ဆယ်ပြီး ပင်ပန်းဆင်းရဲကြီးစွာ အလုပ်လုပ် နေရတဲ့ ကောင်မလေးကို သွားငေးကြည့်ရင်း တိတ်တခိုး ကြေကွဲရတဲ့ ကောင်။ ကောင်မလေးဘဝ အဆင်မပြေတဲ့အခါ သူတတ်နိုင်သလောက် ကူညီဖို့ ကြိုးစားရှာတယ်။ ရှိတဲ့ပိုက်ဆံတွေ ပြောင် သွားတဲ့အခါ သူ့ဘဝပျက်သွားနိုင်တဲ့အထိ လျှောက်လုပ်ပစ်တယ်။ မှတ်ပုံတင်ကို သွားရောင်းစား ပြီး ရလာတဲ့ ပိုက်ဆံကို သွားပေးပစ်တာမျိုး။ ဘယ်လောက်မိုက်မဲလိုက်သလဲ။

အဲ့ဒီဟာတွေအတွက် သူပြန်ရလိုက်တာက ပြုတ်ကျသွားတဲ့ ခရမ်းချဉ်သီး အနီရောင် လေးတွေ အတူတူကောက်စဉ်က ကောင်မလေး ကြည့်သွားတဲ့ အကြည့်လေးတစ်ချက်ပဲတဲ့။ နှုတ်ခမ်းချင်း စုပ်နမ်းတာတွေ မပါဘူး။ လိင်ပြကွက်တွေ မပါဘူး။ ယုတ်စွအဆုံး စကားတောင် ကောင်းကောင်း မပြောဖူးလိုက်ဘူး။ ဒါပေမယ့် မောင်ပါပီ သိလိုက်တာက ချစ်ခြင်းမေတ္တာနဲ့ ပတ်သက်လာရင် ဘာသာလူမျိုး ယဉ်ကျေးမှု ဘယ်လိုကွဲပြားကြပါစေ၊ လူတွေဟာ အတော်မိုက်မဲ ကြတယ် ဆိုတာပဲ။

ဇာတ်လမ်းဆုံးတော့ မောင်ပါပီ မျက်ရည်ကျတယ်။ လက်ခုံနဲ့ ပွတ်ပြီး မျက်ရည်သုတ် တော့ မောင်ပါပီကြီးဒေါ်တွေက တအံ့တသြရယ်။ ဟဲ့ နင့်ဇာတ်ကားက ဘာတွေမှန်း မသိတဲ့ဟာ၊ နင်က ဘာပြုလို့ ငိုနေရတာတုံးတဲ့။ ဇာတ်လိုက်ကုလားကလည်း အူတိအူကြောင်နဲ့တဲ့။ သူတို့ကို ဘာမှ ပြန်မပြောခဲ့ဘူး။ အိပ်ခန်းထဲ ဝင်တယ်၊ မီးပိတ်တယ်၊ အိပ်ရာပေါ်မှာ တလူးလူးတလှိမ့်လှိမ့်နဲ့ ဆစ်ကလက်တစ်လိပ် ဖွာရင်း တွေးတယ်။

တကယ်တော့ ချစ်ခြင်းမေတ္တာဆိုတာ ခရမ်းချဉ်သီးလေးတွေ တစ်ခါလောက် အတူ ကောက်ဖူးတာလည်း ဖြစ်နိုင်တာပဲ။ ငါ လူဖြစ်ရတာ တန်သွားခဲ့ပြန်ပြီလို့။

မတ်မတ်ရပ်တဲ့ သူ

ဘဝမှာ ခင်ဗျားတို့ ဘယ်လောက် ခေါင်းမာခဲ့ဖူးလဲ။ လူတွေဟာ မိမိယုံကြည်ရာတစ်ခု အတွက် မကြောက်မရွံ့ ဘယ်လောက် ခေါင်းမာနိုင်မှာမို့လဲ။ သေခြင်းတရား၊ ခြိမ်းခြောက်မှု၊ ဖိနှိပ်မှု တွေနဲ့ ရင်ဆိုင်ရတဲ့အခါ ကြံ့ကြံ့ခိုင်နိုင်တဲ့လူတွေ လောကမှာ ဘယ်လောက်ရှိခဲ့သလဲ။ ဂျွန်လရဲ့ နှင်းပွင့်လေးတွေလို၊ ကြက်မရဲ့သွားတွေလို အင်မတန်ပါးရှားပါလိမ့်မယ်။ အဲ့ဒီလို ကိုယ့်ယုံကြည်မှု အတွက်မတ်မတ်ရပ်ရဲတဲ့ လူတွေဟာ သာမညောင်ညလူ **nobody** တွေ မဟုတ်တဲ့ လူလွန်မသား **sombody** တွေပေါ့။

ဒုတိယကမ္ဘာစစ်နောက်ပိုင်း အမေရိကန်တွေ ဦးဆောင်တဲ့ အနောက်အုပ်စုနဲ့ ဆိုဗီယက် ရုရှား ဦးဆောင်တဲ့ အရှေ့အုပ်စုတို့ ရန်စောင်နေခဲ့တဲ့ အရင်းရှင်ကမ္ဘာနဲ့ ကွန်မြူနစ်ကမ္ဘာတို့ရဲ့ စစ်အေး ကာလမှာပေါ့။ ကမ္ဘာကြီးက အချိန်မရွေးထပေါက်နိုင်တဲ့ ချိန်ကိုက်ဗုံးကြီးတစ်လုံးပဲ။ ၁၉၅၇ နျူးယောခ်မြို့တော် ဘရွတ်ကလင်းအရပ်က ရူးဒေါ့ဖ် အဘေယ်လ် ဆိုတဲ့ အဘိုးကြီးတစ်ယောက် အိမ်ကို အက်ဖ်ဘီအိုင် အေးဂျင့်တွေက ဝင်ရောက်စီးနင်းပါတယ်။ သူဟာ ဓာတ်ပုံစတူဒီယို ပိုင်ရှင် ခပ်ရိုးရိုးအေးအေး ပန်းချီထိုင်ဆွဲနေတတ်တဲ့ အဘိုးကြီးလို့ သရုပ်ဖော်ထားပေမယ့် တကယ်တမ်း က ဆိုဗီယက်ထိပ်သီး စပိုင်ကြီးပါ။

ရူးဒေါ့ဖ်အဘေယ်လ်ဟာ (အမည်ရင်း ဖစ်ရှာ) အင်္ဂလန်နိုင်ငံ နျူးကာဆယ်မှာ မွေးပြီး ငယ်စဉ်က မိဘတွေနဲ့အတူ ရုပ်ရှားကို ပြောင်းရွှေ့ခဲ့ပါတယ်။ တပ်နီတော်ထဲ တာဝန်ထမ်းဆောင်စဉ် က ရေဒီယိုအင်္ဂျင်နီယာ လုပ်ခဲ့ပြီး အင်္ဂလိပ်၊ ရုပ်ရှား၊ ဂျာမန်၊ ပိုလစ်ရှ်နဲ့ ဂျူး ဘာသာစကားတွေကို ကျွမ်းကျင်တဲ့အတွက် ဆိုဗီယက်ထောက်လှမ်းရေး ကေဂျီဘီက အမေရိကားကို စပိုင်အဖြစ်နဲ့ စေလွှတ်ထားတဲ့သူပါ။ ဆိုဗီယက်စပိုင် ထိပ်သီးကြီးကို မိပြီဆိုတဲ့ သတင်းကြောင့် တစ်နိုင်ငံလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်နေပါပြီ။

အမေရိကန်အစိုးရဟာ သူတို့ထုံးစံအတိုင်း တရားမျှတတဲ့ တရားစီရင်မှုကိုပြချင်တဲ့ အတွက် ဆိုဗီယက်စပိုင်ဖက်က လျှောက်လဲမယ့် တရားခံရှေ့နေ ငှားပါတယ်။ ဘယ်ရှေ့နေကမှ ရန်သူ့စပိုင်ဖက်က ရှေ့နေ မလိုက်ချင်လို့ ငြင်းပယ်ကြပါတယ်။ နောက်ဆုံးမှာ ဂျိမ်းစ် ဒိုနိုဗန် ဆိုတဲ့ အမေရိကန် ရှေ့နေတစ်ယောက်က ဆိုဗီယက်စပိုင် ရူးဒေါ့ဖ်အဘေယ်လ်ရဲ့ ရှေ့နေအဖြစ်လက်ခံ

လိုက်ပါတယ်။

တရားခွင်မှာ စပိုင်ထိပ်သီး ရူးဒေါ့ဖ်အဘေယ်လ် ဆိုတဲ့ အဘိုးကြီးဟာ မတုန်လှုပ်ပါဘူး။ သူ့ကိုယ်သူ သေလူလို့သတ်မှတ်ထားပုံ ရပါတယ်။ သူဟာ စပိုင်အချင်းချင်း သစ္စာဖောက်ခံရလို့ အဖမ်းခံရသော်ငြား သူတို့ စပိုင်ကွင်းဆက်တွေကို အပြစ်လျှော့လိုလျှော့ငြား မဖော်ပါ။ သေဒဏ် သာ အကျခံမယ့် အမှုအရာပါပဲ။ ထူးခြားတာက သူ့ဖက်က လျှောက်လဲချက်ပေးနေတဲ့ တရားခံ ရှေ့နေ ဂျိမ်းစ်ဒိုနိုဗန် ဆိုတဲ့လူပဲ။ တစ်နိုင်ငံလုံးက အာရုံစိုက်မုန်းတီးနေတဲ့ ဆိုဗီယက်စပိုင်ဖက်က လျှောက်လဲနေတယ်။ တရားခံနဲ့ ရှေ့နေလုပ်သူတို့ သီးသန့်စကားပြောတာကို အမေရိကန် စီအိုင်အေတွေက နားထောင်ချင်တာကို(တရားမျှတမှု မရှိဘူးလို့) ငြင်းဆန်တယ်။ ဂျိမ်းစ် ဒိုနိုဗန် က ပြောတယ်။

“ကျနော်က ခင်ဗျားဖက်က လျှောက်လဲပေးဖို့ တာဝန်ပေးခံရတာ။ ပွင့်ပွင့်လင်းလင်း ပြောရရင် ဘယ်သူမှ ခင်ဗျားအတွက် ရှေ့နေ မလိုက်ချင်ကြဘူး။ အားလုံးက ခင်ဗျားကို လျှပ်စစ် ကုလားထိုင်ပေါ်ပို့ချင်နေကြတာ”

ရူးဒေါ့ဖ်အဘေယ်လ်က “အင်း” လို့တစ်လုံးတည်း ပြန်ပြောတယ်။ “ခင်ဗျားကြည့်ရတာ ဘာမှမဖြစ်သလိုပဲဗျာ၊ မစိုးရိမ်ဘူးလား” လို့ မေးတော့ ရူးဒေါ့ဖ် အဘေယ်လ်က တည်တည်ငြိမ်ငြိမ်ပဲ ပြန်ဖြေခဲ့တယ်။ **Would it help?** (ဘာထူးမှာလဲ) တဲ့။

သီးသန့်အခန်းလေးထဲမှာ တရားခံ ရူးဒေါ့ဖ်အဘေယ်လ်က ခေါင်းမာမာနဲ့ သူ့ဖက်က လျှောက်လဲနေတဲ့ ရှေ့နေဖြစ်သူထံက ဆစ်ကလက်တစ်လိပ် တောင်းသောက်ပြီး စကားစမြည် ပြောတယ်။

“မင်းရပ်နေတဲ့ ပုံကိုမြင်တော့ ငါငယ်ငယ်က အိမ်လာလည်တတ်တဲ့ အဖေ့သူငယ်ချင်း တစ်ယောက်ကိုသတိရတယ်။ ငါ့အဖေက ပြောတယ်။ အဲ့ဒီလူကို စောင့်ကြည့်ထားတဲ့။ ငါလည်း သူလာတိုင်း ကြည့်ကြည့်နေတာပဲ။ ဘာမှလည်းမထူးခြားပါဘူးကွာ။ တစ်နေ့သား၊ ငါ မင့်သားလေး အရွယ်လောက်ရှိမှာပေါ့။ ငါတို့အိမ်ကို ဒါဇင်နဲ့ချီတဲ့ နယ်ခြားစောင့်ပြည်သူ့စစ်တွေ ဝင်စီးရော။ ငါ့ အဖေကို ရိုက်တယ်။ ငါ့အမေကို ရိုက်တယ်။ အဲ • ခုနက ပြောတဲ့ ငါ့အဖေရဲ့သူငယ်ချင်း၊ သူ့ကို လည်းရိုက်တယ်။ ငါလည်း ကြည့်နေလိုက်တယ်။ အဲ့ဒီလူ တစ်ခါအရိုက်ခံရတယ်။ လဲကျတယ်။ ပြန်ထလာတယ်။ ခပ်ပြင်းပြင်း ထပ်ရိုက်တယ်။ လဲကျတယ် ပြန်ထတယ်။ နောက်ဆုံး အဲ့လို ပြန်ပြန် ထရပ်လွန်းလို့ စစ်သားတွေက ဆက်မရိုက်တော့ပဲ ချမ်းသာပေးလိုက်တယ်။ သူတို့ထွက်မသွားခင် မှာ အဲ့ဒီလူကို ပြောသွားသေးတယ်ကွ။ စတိုက်ကီမူဇစ် တဲ့။ အဓိပ္ပာယ်က ဘယ်လိုခေါ်မလဲ၊ မတ်မတ်ရပ်တဲ့လူ ပေါ့”

အမှုကို ဆက်လက်စစ်ဆေးတဲ့အခါ ရှေ့နေဖြစ်သူ ဂျိမ်းစ် ဒိုနိုဗန်ဟာ ဆိုဗီယက်စပိုင်ကို သေဒဏ်မချဖို့ ကျားကုတ်ကျားခဲ လျှောက်လဲတယ်။

ရှူးဒွေါ့ဖ်အဘေယ်လ်ဟာ သူ့တိုင်းပြေအတွက် သူ အလုပ်လုပ်နေတဲ့သူပါ။ အမေရိကန်စပိုင်တွေကော ဆိုဗီယက်မှာမရှိလို့လား။ သေဒဏ်ချလိုက် လို့ အမေရိကန်တွေအတွက် ဘာမှ အကျိုးအမြတ်မရနိုင်ဘူး။ သူ့ကို ထောင်ဒဏ်သာ အပြစ်ပေး လိုက်ရင် တစ်ချိန်မှာ စပိုင်ချင်း လဲလှယ်လို့မရနိုင်ဘူးလား အစရှိသဖြင့် ခုခံပါတယ်။

စစ်အေး အရှိန်မြင့်ချိန်ကာလ အမေရိကန်တွေဟာ ဆိုဗီယက်ကို အင်မတန်မုန်းတီးနေ တဲ့ အချိန်ဖြစ်တဲ့အတွက် ရန်သူ့ဖက်က ရှေ့နေလိုက်သူ ဂျိမ်းစ်ဒိုနိုဗန်ဟာ တစ်နိုင်ငံလုံးရဲ့ မုန်းတီးမှု ကို ခံယူရပါတယ်။ ဝေဖန်မှုတွေ၊ ခြိမ်းခြောက်မှုတွေအပြင် မိသားစုနဲ့ အတူနေထိုင်ရာ အိမ်ကို သေနတ်နဲ့ ခြောက်လှန့်ပစ်ခတ်တာတွေပါ ခံလာရပါပြီ။ ဂျိမ်းစ် ဒိုနိုဗန်ဟာ သူ့ယုံကြည်ချက်ကို ကြံ့ကြံ့ခံပြီး နောက်မဆုတ်ပါ။

နောက်ဆုံးမှာ ရုံးတော်က ဆိုဗီယက်စပိုင်ထိပ်သီး ရှူးဒွေါ့ဖ်အဘေယ်လ်ကို သေဒဏ် မချပဲ ထောင်ဒဏ်အနှစ် ၃၀ စီရင်ချက် ချလိုက်ပါတယ်။

အဲ့ဒီအမှုကြီးအပြီး ၁၉၆၀ ခုနှစ်မှာ ကမ္ဘာကျော် ယူတူးလေယာဉ် ပစ်ချခံရတဲ့ အဖြစ် အပျက် ဖြစ်ပွားပါတယ်။ ယူတူး လို့ခေါ်တဲ့ အမေရိက သူလျှိုလေယာဉ်ဟာ ဆိုဗီယက်ပိုင်နက်ပေါ် တိတ်တဆိတ် ပျံသန်း ထောက်လှမ်းနေရင်း ပစ်ချခံရပါတယ်။ အမေရိကန်လေယာဉ်မှူး ဂယ်ရီ ပါဝါစ်ကို ဆိုဗီယက်တွေက လက်ရဖမ်းမိသွားပြီး ကမ္ဘာ့အလယ်မှာ ကုလသမဂ္ဂစင်မြင့်ပေါ်မှာ အရှက်ခွဲပါတယ်။

တစ်ချိန်တည်းမှာပဲ ရှေ့နေ ဂျိမ်းစ် ဒိုနိုဗန်ဟာ ဆိုဗီယက်လက်အောက်ခံ အရှေ့ဂျာမနီက ပို့လိုက်တဲ့ စာတစ်စောင်ကို လက်ခံရရှိပါတယ်။ ပေးပို့သူက၊ အမေရိကန်မှာ ထောင် အနှစ် ၃၀ ကျ နေတဲ့ သူ့အမှုသည် ရှူးဒွေါ့ဖ်အဘေယ်လ်ရဲ့ဇနီးလို့ ဆိုပါတယ်။ စာက ဘာမှထွေထွေထူးထူး မပါပါ။ ဒါပေမယ့် ဒါဟာ ဆိုဗီယက်အစိုးရက သူတို့စပိုင်ထိပ်သီး ရှူးဒွေါ့ဖ် အဘေယ်လ်နဲ့ အမေရိကန်စပိုင် လေယာဉ်မှူးဂယ်ရီပါဝါစ်ကိုလဲမလားလို့အမေရိကန်အစိုးရဆီအချက်ပြတဲ့စာလို့ယူဆရပါတ ဒိုနိုဗန် တစ်ချိန်က ယူဆခဲ့သလို တကယ်ဖြစ်လာပါပြီ။ အဲ့ဒီမှာ အမေရိကန်အစိုးရဟာ ဂျိမ်းစ် ဒိုနိုဗန် ကို ဂျာမနီကို တရားမဝင် စေလွှတ်လိုက်ပါတယ်။ ရန်သူ ဆိုဗီယက်နဲ့ စပိုင်ချင်းလဲလှယ်တာဟာ တရားဝင်ကိစ္စမဟုတ်ပါ။

အရှေ့နဲ့အနောက် နှစ်ခြမ်းကွဲနေတဲ့ဂျာမနီနိုင်ငံ ဘာလင်မြို့တော်မှာ အဲ့ဒီအချိန်ကအရှေ့ ဘာလင်နဲ့ အနောက်ဘာလင် ခြားထားမယ့် ကမ္ဘာကျော် ဘာလင်တံတိုင်းကြီး စတင်ဆောက်လုပ် နေချိန် ဖြစ်နေပါပြီ။ ဆိုဗီယက်တွေ မင်းမူနေတဲ့ အရှေ့ဖက်အခြမ်းကို ဂျိမ်းစ် ဒိုနိုဗန် ကျော်ဖြတ် ဝင်ရောက်သွားပါတယ်။

ဆိုဗီယက် ကောဂျီဘီအဆောင့်နဲ့ တွေ့ပါတယ်။ ရှူးဒွေါဖ်အဘေယ်လ်ရဲ့ ဇနီးနဲ့တွေ့ပါတယ်။ လူချင်းလဲဖို့ ညှိနှိုင်းပါတယ်။ အရှေ့ဂျာမနီ (GDR) က ရှေ့နေချုပ်နဲ့ ထပ်တွေ့တဲ့အခါ အရှေ့ဂျာမနီ က နယ်စပ်ဖြတ်ကျော်မှုနဲ့ ဖမ်းထားတဲ့ အမေရိကန်ကျောင်းသား ပရိုင်ယာ ဆိုတဲ့ ကောင်လေးနဲ့ ရှူးဒွေါဖ်အဘေယ်လ်ကို လူချင်းလဲချင်ပါတယ်လို့အရေးဆိုပါတယ်။ အဲ့ဒီအချိန်က အရှေ့ဂျာမနီဟာ အမေရိကန်ရဲ့ အသိမှတ်ပြုမှုကို အသည်းအသန်လိုချင်နေပါတယ်။ အမေရိကန်သူလျှို လေယာဉ်မှူးအကြောင်းမပြောပါ။

ဂျိမ်းစ် ဒိုနိုဗန် အနောက်ဂျာမနီဖက် ပြန်ကူးလာပြီး ဆွေးနွေးတဲ့အခါ စီအိုင်အေက အမေရိကန်ကျောင်းသားကိစ္စ အသာမေ့ထားပြီး ရှူးဒွေါဖ်အဘေယ်လ်နဲ့ အမေရိကန် လေယာဉ်မှူး ဂယ်ရီပါဝါစ်ကိုပဲ လဲလှယ်ကြဖို့ ညှိခိုင်းပါတယ်။ ဂျိမ်းစ် ဒိုနိုဗန်ဟာ စီအိုင်အေရဲ့ညွှန်ကြားချက်ကို ဂရုမစိုက်ပါ။

မင်းတို့ဖက်က လေယာဉ်မှူးနဲ့ အမေရိကန်ကျောင်းသား နှစ်ယောက်စလုံး ပေးမှ ငါတို့ ဖက်က ရှူးဒွေါဖ်အဘေယ်လ်ကို ပေးမယ်၊ မဟုတ်ရင် မလဲတော့ဘူးလို့ အကြောင်းပြန်ကြားလိုက်ပါ တယ်။ နောက်ဆုံး သဘောတူညီချက် ရသွားကြပါတယ်။

လဲလှယ်မယ့်နေရာက ပို့စ်ဒမ်နဲ့ ဘာလင်မြို့ကိုဆက်ထားတဲ့ ဂလင်နစ်ကယ် တံတားပေါ် မှာပါ။ အရှေ့ဂျာမနီနဲ့အနောက်ဂျာမနီ ခြားထားတဲ့ တံတားပေါ့။ ဘာလင်ကို တံတိုင်းခြားထားပြီး အဝင်အထွက်လုပ်တဲ့ ဂိတ်ပေါက်က မြို့လယ်ခေါင်မှာ ရှိပါတယ်။ ချက်ပွိုင့်ချာလီ လို့ ခေါ်ပါတယ်။ နှစ်ဖက်စလုံးကတပ်တွေဟိုဖက်ဒီဖက်အပြည့်ချထားတဲ့ ကမ္ဘာကျော်နေရာပါ။ ဒါပေမယ့်စပိုင်ချင်း လဲတာကို အဲ့ဒီနေရာမှာ မလုပ်ပါ (တရားဝင် မဟုတ်တဲ့ အတွက်)။ မြို့အစွန်လို့ ခေါ်ရမယ့် ဂလင်နစ် ကယ် တံတားပေါ်ကို ချိန်းဆိုပါတယ်။ အမေရိကန် ကျောင်းသားကိုတော့ စပိုင်ချင်းလဲမယ့် နေရာ ဆီ ခေါ်မလာပါဘူး။ ချက်ပွိုင့်ချာလီကနေ လွှတ်ပေးမယ်လို့ ပြောထားပါတယ်။

နှင်းပွင့်တွေ ဖွဲဖွဲလှုပ်နေတဲ့ ဂလင်နစ်ကယ်တံတားပေါ်က ညတစ်ညမှာ အမေရိကန် ရှေ့နေ ဂျိမ်းစ် ဒိုနိုဗန်နဲ့ တစ်ချိန်က သူ့အမှုသည် ဆိုဗီယက်စပိုင် အဘိုးကြီးတို့ ဘေးချင်းယှဉ်လျှက် ရပ်နေပါတယ်။ တံတားတစ်ဖက်တစ်ချက်မှာ နှစ်ဖက်စစ်သားတွေဟာ ဆလိုက်မီးမောင်းတွေ နောက်ကွယ်ကနေ လက်ဖြောင့်သေနတ်တွေနဲ့ ချိန်ရွယ်ထားကြတယ်။ အရှေ့ဖက်အခြမ်း ကေဂျီ ဘီ အဆောင့်တွေကြားထဲမှာ အကျည်းစံ အမေရိကန်လေယာဉ်မှူးကို မြင်နေရပြီ။

ဂျိမ်းစ် ဒိုနိုဗန်က သူ့မိတ်ဆွေဟောင်း စပိုင်အဘိုးကြီးကို မေးတယ်။ “ခင်ဗျား စိတ်လှုပ် ရှားနေသလား” တဲ့။

ရှူးဒွေါဖ်အဘေယ်လ်ကပြန်ဖြေတယ်။ **Would it help?**တဲ့။ သူတို့နောက်ဆုံးဆုံတွေ့ ခြင်းဆိုတာ သိနေကြတော့ စကားနည်းနည်း အပြန်အလှန် ပြောဖြစ်ကြတယ်။

အခု အလဲအလှယ်နဲ့အတူ ပြိုင်တူလုပ်မယ်လို့ သဘောတူညီမှုရထားတဲ့ ချက်ပိုင့်ချာလီ ဂိတ်က အမေရိကန်ကျောင်းသားလေးကို မလွှတ်ပေးသေးဘူးလို့ ဖုန်းဝင်လာတယ်။ စီအိုင်အေ အရာရှိက ဝင်ပြောတယ်။ အဲ့ကျောင်းသားလွှတ်လွှတ်မလွှတ်လွှတ်ငါတို့လူချင်းလဲကြစို့၊ အချိန်မရှိတော့ဘူးတဲ့။ အချိန်မရွေး ပစ်ခတ်မှုဖြစ်ပွားနိုင်တဲ့ နေရာမှာ ကြာကြာရပ်နေတာဟာ အန္တရာယ်များ လွန်းတယ် မဟုတ်လား။

တစ်ဖက်က အမေရိကန် လေယာဉ်မှူးကို ခေါ်လာတဲ့ ကေဂျီဘီ အဧးဂျင့်တွေကလည်း လှမ်းအော်ပြောနေပြီ။ "ဟေ့လဲမလားမလဲဘူးလား၊ ခုမလဲရင် နောင်မမျှော်နဲ့တော့" တဲ့။

ဂျိမ်းစ် ဒိုနိုဗန်ကို ရူးဒေါ့ဖ်အဘေယ်လ်က မေးတယ်။ "မင်းလိုချင်တာ နောက်တစ် ယောက် ပါသေးတာလား" တဲ့။

"ကောင်လေးတစ်ယောက် ပါသေးတယ်" လို့ ဂျိမ်းစ် ဒိုနိုဗန်က ပြန်ဖြေတော့ "မင်း အဲ့လူ ကို ရမှဖြစ်မှာလား" တဲ့။

"ငါလိုချင်တယ်"လို့ ပြန်အဖြေမှာ ဘေးက စီအိုင်အေအရာရှိက ဆောက်တည်ရာမရဖြစ် ပြီး ရူးဒေါ့ဖ်အဘေယ်လ်ကို မောင်းထုတ်တယ်။ အဘိုးကြီး အဘေယ်လ်၊ ခင်ဗျားသွားတော့ မြန်မြန် သွား၊ ခုသွားတော့တဲ့။

စပိုင်အဘိုးကြီးဟာ သူ့မိတ်ဆွေ ရှေ့နေလုပ်သူကို လှည့်ကြည့်ပြီး တစ်ခွန်းပြောတယ်။ "စတွိုက်ကီမူဇစ်" တဲ့။

ပြီးတော့မှ စီအိုင်အေ အရာရှိလုပ်သူကို လှမ်းပြောတယ်။ ငါ စောင့်နိုင်ပါတယ်ကွာ တဲ့။ ကိုယ် သေဒဏ်ကျခံရမယ့် အခြေနေမျိုးမှာ မတ်မတ်ရပ်ပေးခဲ့သူ မိတ်ဆွေရှေ့နေ အတွက် သူလွတ်မြောက်ခါနီး အခြေနေမှာ မထွက်ခွာသွားဘူး။ သူတို့နှစ်ယောက်ပဲ နားလည်တဲ့ စကားကိုဆိုပြီး ပေတေပြီး ရပ်နေခဲ့ပြန်တယ်။

အဲ့ဒီအချိန်မှာပဲ ဖုန်းဝင်လာတယ်။ အမေရိကန်ကျောင်းသားလေး ချက်ပိုင့်ချာလီဂိတ် က လွှတ်လပြီတဲ့။ ငါတို့အမေရိကန်ကောင်လေးကိုရပြီလို့လှမ်းအအော်မှာပဲရူးဒေါ့ဖ် အဘေယ်လ် က ဂျိမ်းစ် ဒိုနိုဗန်ကို ခပ်တိုးတိုးပြောတယ်။

"ငါမင့်ကို ပန်းချီကားတစ်ချပ် လက်ဆောင်ပို့ထားတယ်။ မင့်အတွက် အဓိပ္ပာယ်တစ်ခုခု ရှိမယ်လို့ မျှော်လင့်တာပါပဲကွာ"တဲ့။

ဂျိမ်းစ် ဒိုနိုဗန်က ငါမင့်အတွက် လက်ဆောင်ယူလာဖို့ မေ့ခဲ့တယ်လို့ပြောတော့ အဘိုး ကြီးအဘေယ်လ်က အဲ့ဒါ လက်ဆောင်ပါပဲ လက်ဆောင်ပါပဲလို့ တဖွဖွပြောရင်း သူ့မိတ်ဆွေကို ကျောခိုင်းလို့

တံတားတစ်ဖက်ဆီကို နှင်းမှုန်တွေကြားထဲ တဖြေးဖြေးလျှောက်ရင်း ထာဝရ ကျော ခိုင်း ထွက်ခွာသွားခဲ့တယ်။

အခု ကျနော်အကျဉ်းရေးပြသွားတာဟာ **Bridge of Spies** ဆိုတဲ့ ရုပ်ရှင်ကားပါ။ မှတ်မိသလောက် ပြန်ရေးပြထားတာပါပဲ။ ခေါင်းမာပြီး မိမိယုံကြည်ရာအတွက် မတ်မတ်ရပ်ရဲတဲ့ လူတွေ လောကမှာ ဘယ်နှစ်ယောက်ရှိမလဲ ကျနော် အတိကျမသိပါဘူး။ သူတို့သတ္တိတွေကိုတော့ ကျနော် လေးစားရပါတယ်။ ဒီဇာတ်လမ်းဟာ စိတ်ကူးယဉ်ရုပ်ရှင် မဟုတ်ပါ။ ကမ္ဘာကျော် ဆိုဗီယက် စပိုင် ရူးဒေါ့ဖ် အဘေယ်လ် (ခ) ဝီလီဖစ်ရှာနဲ့ သူ့ရှေ့နေ ဂျိမ်းစ်ဒိုနိုဗန်ရဲ့ တကယ့်အဖြစ်အပျက်ပါ။ ရုပ်ရှင်ထဲပါတဲ့ ယူတူးလေယာဉ် ပစ်ချခံရမှု၊ ရူးဒေါ့ဖ်အဘေယ်လ်နဲ့ ဂယ်ရီပါဝါစ်တို့ လဲလှယ်ခြင်း၊ အရှေ့ဂျာမနီမှာ အဖမ်းခံထားရတဲ့ အမေရိကန်ကျောင်းသား ပရိုင်ယာ အစရှိသဖြင့် အားလုံးဟာ စစ်အေးခေတ်မှာ တကယ်ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေပါပဲ။

သေဒဏ် အကျခံရတော့မယ် ဆိုတာတောင် ကိုယ်ယုံကြည်ရာ ကိုယ်လုပ်ခဲ့ပြီဖြစ်တဲ့ အတွက် ကြောက်ရွံ့ဟန်တစ်စက်မှ ပြမသွားတဲ့ ဆိုဗီယက်စပိုင် အဘိုးကြီး ရူးဒေါ့ဖ်အဘေယ်လ်။ စပိုင်တစ်ယောက်ကို သေဒဏ်ချတာဟာ အကျိုးမရှိဘူး။ သူ့တာဝန် သူထမ်းဆောင်နေတာ ဖြစ်တယ်လို့ တစ်ထစ်ချ ယုံကြည်ပြီး တစ်နိုင်ငံလုံးက သစ္စာဖောက်အဖြစ် စွပ်စွဲခံ၊ အခြိမ်းခြောက်ခံ နေရတာတောင် မတုန်လှုပ်ပဲ ခုခံချေပခဲ့သူ အမေရိကန်ရှေ့နေ ဂျိမ်းစ် ဒိုနိုဗန်။ အဲ့ဒီဇာတ်ကောင် နှစ်ကောင်ဟာ ကျနော့်ကို တစ်သက်လုံး လွှမ်းမိုးထားတော့မယ် ထင်ပါတယ်။

ဇာတ်ကားရဲ့အလှဆုံးအခန်းက တံတားပေါ်မှာ စပိုင်အဘိုးကြီးက ထွက်သွားဖို့ငြင်းဆန် ပြီး သူ့မိတ်ဆွေရှေ့နေကို စတွိုက်ကီမူဇစ် လို့ လှမ်းပြောတဲ့ အခန်းပါပဲ။

ကျနော့်ဘဝမှာ စတွိုက်ကီမူဇစ် ဖြစ်ခဲ့ မဖြစ်ခဲ့ မသေချာပါဘူး။ ဒါပေမယ့် ဒုက္ခသုက္ခတွေ ကြုံလို့ မတုန်လှုပ်ပဲ ပေခံနေလို့များ တစ်စုံတစ်ယောက်က စိတ်မညစ်ဘူးလားလို့ အမေးခံရတဲ့ အခါတည်တည်ငြိမ်ငြိမ်နဲ့ **Would it help?** လို့ပြန်ပြောနိုင်ဖို့ဒီရုပ်ရှင်ကိုကြည့်အပြီးမှာအသင့်ပြင် ထားခဲ့ပါတယ်။

မိုင်းကွင်းအိမ်

ဒုတိယ ကမ္ဘာစစ် ပြီးဆုံးခါနီးကာလမှာ အရှေ့ဖက်ကနေ ဒလကြမ်းချီလာတဲ့ ရုရှားတပ်နီ တော်ဟာ ဂျာမနီကို တက်သိမ်းတဲ့အခါ လက်စားချေတဲ့သဘောနဲ့ သန်းနဲ့ချီတဲ့ ဂျာမန်အမျိုးသမီး တွေကို အဓမ္မပြုကျင့်ခဲ့ပါတယ်။ ထပ်ပြောပါမယ်၊ သန်းချီနေတဲ့ မုဒိန်းမှုတွေကို ကျူးလွန်ခဲ့တာပါ။ ဒါပေမယ့် အဲ့ဒီ အဖြစ်အပျက်ကြီးဟာ ဘယ်တော့မှ ထင်ပေါ်တဲ့ စစ်ရာဇဝတ်မှုအဖြစ် သမိုင်းမှာ နေရာပေးခြင်း မခံခဲ့ရပါ။ ဂျာမန်တွေဟာ နာဇီတွေ၊ ကျူးကျော်သူတွေ၊ ကမ္ဘာစစ်မီးမွေးသူတွေ ဖြစ်တဲ့အတွက် မိမိတို့ပြုခဲ့သမျှအတွက် ပြန်လည်ပေးဆပ်ရခြင်းသာဖြစ်တယ်လို့ ယူဆဟန် တူပါ တယ်။ သမိုင်းကို အောင်နိုင်သူတွေသာ ရေးတယ် ဆိုတဲ့ စကားပုံကို ကျနော်တို့ အမှတ်ရစရာပေါ့။ ဒီနေရာမှာ ကျနော် မေးခွန်းထုတ်လိုတာကတစ်ဖက်က **the Good** ဆိုရင် တစ်ဖက်က **the Evil** ဆိုတာမျိုး ပုံသေ ထာဝရယူဆကြတာဟာ မှန်ကန်ကြရဲ့လား ဆိုတာပဲ။

အဲ့ဒီမေးခွန်းဟာ သမိုင်းမှတ်တမ်းတွေ ဖတ်ရှုလေတိုင်း ကျနော့်ဖာသာ ပြန်မေးမိတဲ့ မေးခွန်းပါပဲ။ မနေ့ညက ကြည့်ခဲ့မိတဲ့ ရုပ်ရှင်ဇာတ်ကား အဆုံးမှာလည်း အဲ့ဒီမေးခွန်းကို ကျနော် ထပ်မေးမိပြန်တယ်။

ဥရောပရုပ်ရှင်ပွဲတော်မှာပြနေတဲ့**Under sandet**(သဲပြင်အောက်မှာ) (သို့) **Landof Mine** (မိုင်းကွင်း) ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားကို ကြည့်အပြီးမှာပေါ့။ ကျနော့်ဘဝမှာ စိတ်အထိခိုက် အတုန်လှုပ်ဆုံးဆိုတဲ့ ရုပ်ရှင်ဇာတ်ကားတွေဟာ သိပ်များများစားစား မရှိခဲ့ပါဘူး။ ဒီဇာတ်ကားဟာ အဲ့ဒီလိုအမျိုးအစားတွေထဲက တစ်ခုအပါအဝင် ဖြစ်သွားခဲ့ပါတယ်။ ပြောနေကျအတိုင်း ပြောရရင် လူဖြစ်ရတာ တန်တယ်ပေါ့။

ဒုတိယကမ္ဘာစစ်အတွင်းမှာ ဂျာမန်စစ်တပ်ဟာ ဒိန်းမတ်ပြေမှာ မြေမြှုပ်မိုင်း၂ သန်းကျော် ကို ထောင်ထားခဲ့ပါတယ်။

၁၉၄၅ မေလမှာ ဒိန်းမတ်ဟာ ဂျာမန်လက်အောက်က လွတ်မြောက်တယ်။ ရှုံးနိမ့်သွား တဲ့ **Wehrmacht** ဂျာမန်စစ်တပ်ဟာ ဒိန်းမတ်ပြေထဲက လက်နက်မဲ့ ဆုတ်ခွာနေချိန်မှာ ဒိန်းမတ် စစ်တပ်က တပ်ကြပ်ကြီးဟာ **POW** လို့ခေါ်တဲ့ ဂျာမန်စစ်အကျဉ်းသား လူတန်းကြီးထဲက ဒိန်းမတ် အလံကိုင်လာတဲ့ဂျာမန်စစ်သားကို ဒေါသတကြီး ဆွဲထိုးပါတယ်။

ကျူးကျော်သူတွေအပေါ်ထားတဲ့ သူ့အမုန်းတရားကို ဖွင့်လှစ်ပါတယ်။ မင်းနဲ့ ဒီအလံနဲ့ ဘာဆိုင်သလဲကွလို့ အော်အော်ပြီး ထိုးတာပါ။ ရှုံးနိမ့်သူ စစ်အကျဉ်းသားတွေဟာ ခွန်းတုံ့မပြန်ရဲပဲ ညှိုးငယ်စွာနဲ့ သူပြုသမျှနေပြီး ဆက်လက်ထွက် ခွာသွားရပါတယ်။

အဲ့ဒီဂျာမန်တွေအပေါ် အင်မတန်မုန်းတီးသူ ဒိန်းမတ်တပ်ကြပ်ကြီး **Rassmussen** ထံကို ဂျာမန်စစ်အကျဉ်းသား ၁၄ ယောက်တိတိ ဒိန်းမတ်စစ်တပ်က ပို့လိုက်ပါတယ်။ သူတို့တာဝန် ကတော့ ဒိန်းမတ်အနောက်ဖက်ကမ်းခြေ သဲသောင်ပြင်အောက်မှာ ထောင်ထားတဲ့ မြေမြှုပ်မိုင်းတွေကိုဖယ်ရှားရှင်းလင်းဖို့ပါပဲ။
အဲ့ဒီဂျာမန်စစ်သားလေးတွေဟာဥမမည့်စာမမြောက်ဆယ်ကျော် သက်ကောင်လေးတွေပါ။ ဒိန်းမတ်တပ်ကြပ်ကြီး **Rassmussen** ဟာ သူ့လက်အောက်ရောက် လာတဲ့ ဂျာမန်ချာတိတ်တွေကို စတွေ့ကတည်းက မညှာတာပါ။ ငါတို့ဒိန်းတွေဆီက သနားညှာတာ မှုတွေ ကရုဏာတွေရလိမ့်မယ် မင့်တို့မထင်နဲ့လို့ သူ့အကျဉ်းသားတွေကို ကြိုပြောထားပါတယ်။ တစ်နာရီကို ၆ လုံးနဲ့ မြေမြှုပ်မိုင်းတွေ ဖော်ပြီးရင် ၃ လ ဆိုရင် ဂျာမနီကို ပြန်ရမယ်လို့ ဆိုပါတယ်။ လက်ဗလာ ကိရိယာတန်ဆာမပါပဲ သဲပြင်ပေါ်မှောက်ပြီး တုတ်ချောင်းလေးတွေနဲ့ မြေမြှုပ်မိုင်းတွေ ကိုတူး၊ စနက်တံကို ဖယ်ထုတ်ရတဲ့အသက်အန္တရာယ်နီးတဲ့ အလုပ်တွေကို တစ်ရက်မှာ နာရီပေါင်း များစွာ ကြာအောင် ဂျာမန်စစ်သားလေးတွေ လုပ်ရပါတယ်။ အစာရေစာ မပေးပါ။ ကမ်းခြေ သဲ

သောင်ပြင်မှာ တစ်နေကုန် မိုင်းတူး၊ အလုပ်ပြီးရင် အနီးအနားက အချုပ်ဆောင်ထဲ ဝင်အိပ် ဒါပါပဲ။ သူတို့နဲ့ မလှမ်းမကမ်းက ယာတောအိမ်တစ်လုံးမှာ ဒိန်းအမျိုးသမီးတစ်ဦးနဲ့ သမီးလေး တစ်ယောက် နေပါတယ်။ ဂျာမန်တွေကို တူးတူးခါးခါးမုန်းတဲ့အတွက် သူတို့ကို အဆက်အဆံ မလုပ်ပါ။ ရက်အနည်းငယ် အကြာမှာ အစာရေစာ မရတဲ့အတွက် သူတို့ အားအင်ချည့်နဲ့လာပါပြီ။ တပ်ကြပ်ကြီး **Russmussen** ထံ တင်ပြပေမယ့် ဂျာမန်တွေအတွက် အစာမရှိဘူးကွလို့ ခပ်တင်း တင်းပဲ ပြန်ပြောတာ ခံရပါတယ်။ စစ်ကြီးကြောင့် အစာရေစာ ပြတ်လပ်နေပါတယ်။

အဲ့ဒီလိုအင်အားချိနဲ့စွာ မိုင်းဖော်ရင်း သူတို့ထဲက **Wilhelm** ဆိုတဲ့ဂျာမန်စစ်သားလေး ဟာ မိုင်းထပေါက်ပြီး လက်နှစ်ဖက်စလုံး ဖွာထွက်သွားပါတယ်။ သွေးအလူးလူးနဲ့ ဝေဒနာခံစားနေ ရတုန်း သူ ငိုယိုရင်း အော်ပါတယ်။

“မေမေရေ..မေမေ ... ကျနော် အိမ်ပြန်ချင်ပြီဗျာ” တဲ့။ တပ်ကြပ်ကြီး **Russmussen** က မော်ဖင်းတစ်လုံး ချက်ချင်းထိုးပေးပြီး စစ်တပ်ဆေးရုံ ကို ပို့လိုက်ပေမယ့် **Wilhelm** သေသွားရှာပါတယ်။

နောက်တစ်နေ့မှာ ဆေးရုံကို လိုက်သွားတော့ ဂျာမန်ကောင်လေး သေပြီဖြစ်ကြောင်း သာ သိလိုက်ရတဲ့ **Russmussen** ဟာ သူ့အကျဉ်းသားတွေဆီ

ပြန်လာပြီး **Wilhelm** ဘာမှ မဖြစ်ကြောင်း၊ ဂျာမနီပြန်ခွင့်ရသွားပြီ ဖြစ်ကြောင်း လှမ်းလိုက်ပါတယ်။ ဒါပေမယ့် ဒိန်းမတ်တပ်ကြပ် ကြီးဟာ စိတ်ထဲမှာ လူသားဆန်တဲ့ စိတ်တွေ ဝင်စပြုလာပါပြီ။ စစ်တပ်ဂိုဒေါင်က ပေါင်မုန့်နဲ့ အာလူး တွေ ခိုးလာပြီး သူ့အကျဉ်းသား ဂျာမန်ကောင်လေးတွေကို ပေးစ ပြုလာပါတယ်။ ကောင်းကောင်း မွန်မွန် ဆက်ဆံစ ပြုလာပါတယ်။

တစ်ညမှာ အင်ဖာတစ်ဝိုယိုသံတွေကြောင့် **Russmussen** လန့်နိုးလာပါတယ်။ မူးရူးနေတဲ့ မဟာမိတ်စစ်သားတွေဟာ သူ့အကျဉ်းသား ဂျာမန်စစ်သားလေးတွေကို အချုပ်ခန်းထဲက ထုတ်ပြီး သေးနဲ့ပန်းပြီး နှိပ်စက်ကလူ ပြုနေပါတယ်။ ဒိန်းမတ်တပ်ကြပ်ကြီးဟာ အပြေးအလွှား သွားပြီး အဲ့ဒီလုပ်ရပ်ကို တားမြစ်တဲ့အခါ မဟာမိတ်စစ်သားတွေနဲ့ အတူပါလာတဲ့ ဒိန်းမတ်စစ်တပ် အရာရှိက စွပ်စွဲပါတယ်။ မင်းဟာ ဒီဂျာမန်ခွေးတွေကို ကရုဏာသက်နေတာပေါ့၊ ဟုတ်လားပေါ့။ **Russmussen** က ခပ်တင်းတင်းပဲ ပြန်ပြောခဲ့တယ်။ သူတို့က ကလေးလေးတွေပါကွာ တဲ့။

အဲ့ဒီအဖြစ်အပျက်နောက်မှာ ဂျာမန်အကျဉ်းသားလေးတွေဟာ သူတို့ကို အုပ်ချုပ်တဲ့ ဒိန်းမတ်တပ်ကြပ်ကြီးနဲ့ အတော် အဆင်ပြေလာကြပါတယ်။

မိုင်းတွေဆက်တူးကြတယ်။အမွှာညီအကိုနှစ်ယောက်ဖြစ်တဲ့ **Werner** နဲ့ **Ernst**ဆိုတဲ့ ဂျာမန်ကောင်လေးနှစ်ယောက်ဟာ မိုင်းတွေတူးရင်း သူတို့အနာဂတ်အတွက် တိုင်ပင်ရင်းပေါ့။ ပြိုကျပျက်စီးနေတဲ့ ဂျာမနီပြေကို ပြန်ရောက်ရင် ပန်းရန်လုပ်စားကြမယ်။ စစ်ကြီးကြောင့် အရာရာ ဟာ ပြန်လည် တည်ဆောက်ရမှာဆိုတော့ ပန်းရန်လုပ်ငန်းက ထောမှာကွပေါ့။ အဲ့ဒီလို စိတ်ကူး နဲ့ ပျော်နေကြစဉ်မှာပဲ **Werner** တစ်ယောက် မိုင်းအကြီးကြီးတစ်ခုကို အဖြုတ်မှာ ထပေါက်ပြီး ပျောက်သွားတယ်။ တစ်စစီဖြစ်ပြီး ရှာလို့မတွေ့တော့ပါ။ **Ernst** ဟာ အရူးတစ်ယောက်လို အင်ဖာ ဟစ်ပြီး **Werner** ကို လိုက်ရှာနေပါတယ်။ နောက်ပိုင်းမှာ **Ernst** ဟာ **abnegation** လို့ ခေါ်တဲ့ အရှိတရားကို ငြင်းဆန်တဲ့ စိတ်ဝေဒနာရသွားပြီး သူ့အမွှာညီအကို **Werner** သေသွားတာကို လက်မခံတဲ့ကောင်လေး ဖြစ်သွားပါတယ်။

တစ်နေ့မှာ သူတို့ စခန်းနား ယာတောအိမ်က ဒိန်းအမျိုးသမီးရဲ့ သမီးလေး ပျောက်သွား ပါတယ်။ လိုက်ရှာတော့ မိုင်းကွင်းရဲ့ အလယ်မှာ အရုပ်ကလေးနဲ့ ဆော့နေတာ သွားတွေ့ပါတယ်။ ဒိန်းအမျိုးသမီးဟာ သူမ အင်မတန်မုန်းတဲ့ ဂျာမန်ကောင်လေးတွေဆီ အပြေးလာပြီး အကူအညီ တောင်းတဲ့အခါ အုပ်စုလိုက် ပြေးလိုက်သွားပြီး မိုင်းကွင်းအလယ်က ကလေးမလေးကို ကယ်ဖို့ တစ်လက်မချင်း မိုင်းတွေကို စမ်းပြီးသွားနေရပါတယ်။ တပ်ကြပ်ကြီး **Russmussen** က နောက် လိုက်လာပြီး ရင်တမမနဲ့ ကလေးကို ကယ်ဖို့လုပ်နေတာကို ရပ်ကြည့်နေရပါတယ်။

က အဲ့ဒီအချိန်မှာပဲ **Ernst** ရောက်လာပြီး ခံစားချက်မဲ့ မျက်နှာနဲ့ မိုင်းကွင်းအလယ်ထဲ မကြောက်မရွံ့ လျှောက်သွားပြီး ကလေးကို ပွေ့ခေါ်တယ်။ လာကယ်တဲ့လူတွေ လက်ထဲ ကလေးကို ထည့်ပြီးတာနဲ့ ချာခနဲ လှည့်ထွက်ပြီး

မိုင်းကွင်းထဲကို ဆက်လျှောက်သွားပါတယ်။ သူငယ်ချင်းတွေ ရဲ့ ကြောက်လန့်တကြား အော်ဟစ်တားမြစ်တာကို ကြားဟန်မတူတော့ပါဘူး။ သူတို့နဲ့ ခပ်လှမ်း လှမ်း အရောက်မှာ ပြင်းထန်တဲ့ ပေါက်ကွဲသံနဲ့အတူ မှိုပွင့်ကြီးတစ်ခုပေါ်လာပြီး **Ernst** ဆိုတဲ့ ဂျာမန် ကောင်လေး ပျောက်ကွယ်သွားပါတယ်။ ဂျာမနီမှာ ကျန်ခဲ့တဲ့ မိဘတွေဟာ သေသည်ရှင်သည် မသိပါ။ တွယ်တာရာ အမွှာညီအကိုဖြစ်သူဟာ သေဆုံးခဲ့ပြီးပါပြီ။ ယခုအခါ တွယ်တာရာလို့ ဘာမှ မကျန်၊ အနာဂတ်ရယ်လို့ တွေးဆနိုင်စွမ်းမရှိတော့တဲ့ ဆယ်ကျော်သက် ဂျာမန်စစ်သားပိန်ပိန်လေး

ဟာ မိုင်းကွင်းထဲ ဖြတ်လျှောက်ပြီး အသေခံသွားခဲ့ပါတယ်။

စိတ်နှလုံး မချမ်းမြေ့ဖွယ်ရာ အဖြစ်အပျက်တွေနောက်မှာ ကျန်ခဲ့တဲ့ ဂျာမန်စစ်သားလေး တွေနဲ့ သူတို့ကို အုပ်ချုပ်တဲ့ ဒိန်းမတ်တပ်ကြပ်ကြီးဟာ မိုင်းတွေ အဆက်မပြတ်ဖော်နိုင်ခဲ့ပါတယ်။ တစ်နေ့မှာ သူတို့တူးဖော်ထားတဲ့ မြေမြုပ်မိုင်းတွေ ရာထောင်ချီပြီး ထရပ်ကားတစ်စီးပေါ် တင်နေ ကြပါတယ်။

ချာတိတ်လေးတွေဟာ စိတ်ကူးယဉ်နေကြပါတယ်။ ဘာလင်ကို ပြန်ရောက်ရင် အမဲ သားနဲ့ အာလူးဟင်း ငါ့အမေချက်တာ စားရတော့မယ်။ ဘီယာသောက်ရတော့မယ်။ ရည်းစား လည်း ထားဦးမယ်ပေါ့။ သူတို့ ပြုံးပျော်ရွှင်စွာ တိုင်ပင်နေတုန်းမှာပဲ ပြင်းထန်တဲ့ ပေါက်ကွဲသံကြီးနဲ့ အတူ မြေပြင်ဟာ သိမ့်သိမ့်တုန်သွားပါတယ်။ တပ်ကြပ်ကြီး **Russmussen** နဲ့ မိုင်းဖော်နေတဲ့ ဂျာမန်ကောင်လေး ၄ ယောက် အပြေးအလွှားသွားကြည့်တော့ မည်းနက်နေတဲ့ မြေပြင်ကြီးသာ ကျန်ခဲ့ပါတယ်။ သူတို့သူငယ်ချင်းတွေ ထပ်မံပျောက်ဆုံးခဲ့ရပါပြီ။ စနက်တံမပြုတ်တဲ့ မိုင်းတစ်လုံး က အစပြုပြီး ရာထောင်ချီတဲ့ မိုင်းတွေ ထကွဲသွားဟန်တူပါတယ်။

လူ ၁၄ ယောက်နဲ့ အစပြုခဲ့တဲ့ သူတို့အုပ်စုလေးဟာ နောက်ဆုံးမှာ **Sebastian Ludwig Helmut** နဲ့ **Rodolf** ဆိုတဲ့ ဂျာမန်ကောင်လေး ၄ ယောက်သာ ကျန်ပါတော့တယ်။ မြေမြုပ်မိုင်းတွေ ဖော်ပြီးတဲ့ အချိန်မှာ ကတိဝတ်အတိုင်း ဂျာမနီကို ပြန်ပို့မယ်ဆိုတာကို ဒိန်းမတ် စစ်တပ်က မလုပ်ပေးပါဘူး။ နောက်ထပ် မိုင်းတွေထပ်ဖော်ဖို့ အခြားကမ်းခြေတစ်ခုကို ကျန်ရစ်တဲ့ ဂျာမန်စစ်သားလေး ၄ ယောက်ကို ပို့ပစ်လိုက်ပါတယ်။

ချာတိတ်တွေကို သံယောဇဉ်တွယ်နေပြီဖြစ်တဲ့ ဒိန်းမတ်တပ်ကြပ်ကြီး **Russmussen** ဟာ အထက်အရာရှိနဲ့ ထိပ်တိုက်တွေ့ပါတယ်။ ကလေးတွေကို ဂျာမနီပြန်ပို့ပေးဖို့ တောင်းဆိုပါ တယ်။ မရပါ။ ဂျာမန်တွေဟာ သူတို့အပြစ်တွေကို ပေးဆပ်ရမယ်။ ဒီမိုင်းတွေကို ရှင်းရမယ်။ ဒါ အထက်အမိန့်ပဲလို့ အငြင်းဆန်ခံရပါတယ်။ **Russmussen** က အော်ဟစ်တယ်၊ “သူတို့က ကလေးတွေကွ၊ အပြစ်မဲ့တဲ့ ကလေးတွေ၊ မင်းတို့ မတရားမလုပ်နဲ့” ပေါ့။ ဒါပေမယ့် မအောင်မြင်ပါ ဘူး။

မြေမြုပ်မိုင်းတွေ အပြည့်နဲ့ နောက်ထပ်ကမ်းခြေတစ်ခုမှာ ဂျာမန်အကျဉ်းသားတွေ ရပ် နေကြတယ်။ မိုးတွေ ခိုက်ခိုက်တုန်အောင် ရွာလို့။ အဲ့ဒီမှာ ဒိန်းမတ်စစ်တပ်အမိန့်နဲ့ ဂျာမန်အကျဉ်း သားတွေကို ရွှေ့ပြောင်းဖို့ အကြောင်းကြားစာ ရောက်လာတယ်။

Sebastian

Ludwig

Helmut

Rodolf

အဲ့ဒီ ၄ ယောက်ကို ရွေးထုတ်ပြီး တာလပတ်အုပ်ထားတဲ့ ထရပ်ကားပေါ် တက်စေ တယ်။ ထရပ်ကား မောင်းထွက်တယ်။ အတန်ကြာတဲ့အခါ တောစပ်တစ်ခုနား ရောက်တယ်။ တာလပတ်ဖွင့်ပြီး ဆင်းခိုင်းတဲ့အခါ သူတို့ရဲ့ ဒိန်းမတ်တပ်ကြပ်ကြီး **Russmussen** ဖြစ်နေတာ ဂျာမန်စစ်သားလေးတွေ တွေ့ရတယ်။

"ဟိုးမှာ တွေ့လား၊ မီတာ ၅၀၀ လောက် ဝေးတယ်။ မင်းတို့ ပြေးကြပေတော့။ ဟိုဖက်က ဂျာမနီပဲ။ အိမ်ပြန်ကြတော့ ကောင်လေးတွေ..." တဲ့။

ဂျာမန်ချာတိတ်လေးတွေက ကြောင်ငေးနေကြတယ်။ ဒိန်းမတ်တပ်ကြပ်ကြီးက အော် ဟစ်တယ်။ ဘာလုပ်နေတာလဲ ပြေးကြတော့လေတဲ့။

ကောင်လေးတွေ ပြေးတယ်။ ပြေးရင်း နောက်ပြန် လှည့်ကြည့်တယ်။ မျက်ရည်တွေ ကြားထဲမှာ တစ်ခါက သူတို့ကို အင်မတန်မုန်းတီးတဲ့ ဒိန်းမတ်တပ်ကြပ်ကြီးဟာ ငေးရင်း ကျန်ရစ်ခဲ့ ရှာတယ်။ ရုပ်ရှင်ဇာတ်လမ်းက ဒါပါပဲ။

ဟားလီးဝုဒ် ရုပ်ရှင်တွေထဲက **the Good the Evil** (နာဇီဂျာမန်တွေဟာ ထာဝရ ဆိုးယုတ်ပြီး မဟာမိတ်တွေဟာ လူကောင်းတွေ) ဆိုတာမျိုးကနေ ကွဲထွက်နေတယ်။ လူသားဝါဒ ကို မီးမောင်းထိုးပြထားတယ်။ ကြင်နာသနားတတ်မှု၊ တွယ်တာမှု၊ ပျောက်ဆုံးမှု၊ စစ်ရဲ့ ဆိုးယုတ်မှု ကြောင့် ဓားစားခံဖြစ်ရရှာတဲ့ ကလေးတွေ အစရှိသဖြင့် ရင်နင့်စရာကောင်းတဲ့ လောကီထုပ္ပတ်ကို ပြထားတယ်။

ရုပ်ရှင်မပြမီ အဖွင့်စကားပြောတဲ့ ဒိန်းမတ် (သံအရာရှိ ထင်တာပဲ) လူကြီးရဲ့ မိန့်ခွန်းက တန်ဖိုးရှိလွန်းလှတယ်။ သမိုင်းကနေ ကျနော်တို့ သင်ယူရမယ်တဲ့။ ယဉ်ကျေးတဲ့ လူတွေဟာ ဆိုးယုတ်တဲ့ အတိတ်သမိုင်းတွေကို မဖုံးကွယ်ထားဘူး။ ငါတို့ချည့်ပဲ မှန်ခဲ့တယ်လို့ မပြောဘူး။ ခဏခဏ ပြန်လှစ်ဟပြပြီး ငါတို့ နောက်ထပ်ဒီလိုမျိုးအဖြစ်မခံနိုင်ဘူးဆိုပြီး နောက်မျိုးဆက်တွေကို သွန်သင်တယ်။

ဒါပါပဲ။ ဥရောပ ရုပ်ရှင်ပွဲတော် မပြီးသေးပါဘူး။ ခင်ဗျားမှာ အချိန် ၂ နာရီလောက် ရနိုင်မယ်ဆိုရင် ဒိန်းမတ်ဒါရိုက်တာ **Martin Zandvliet** ရိုက်တဲ့**Land of Mine (Undersandet)** ဆိုတဲ့ ဂျာမန်စကားပြော အင်္ဂလိပ်စာတန်းထိုး ရုပ်ရှင်ဇာတ်ကားကို သွားရောက်ခံစားကြည့်ပါလို့ အကြံပေးချင်ပါတယ်။ ခင်ဗျား လူဖြစ်ရတာ တန်ချင်တယ် ဆိုရင်ပေါ့လေ။

ခွေးကလေးနဲ့အမျိုးသမီး

ဇာတ်လမ်းအဖွင့်မှာ သက်လတ်ပိုင်းအရွယ်ရောက်နေပြီဖြစ်တဲ့ မိုက်ကယ်ကိုမြင်ရတယ်။

ညက သူနဲ့အတူအိပ်ခဲ့ဟန်တူတဲ့ အမျိုးသမီးထွက်ခွါသွားချိန်မှာ ပြူတင်းပေါက်အပြင်ဖက်ကို မိုက်ကယ်ငေးတယ်။ ဂျုံးဂျုံးဂျက်ဂျက်မြည်သံပေးပြီး မိုးတဖွဲဖွဲမှာ ခုတ်မောင်းသွားတဲ့ မြို့ပတ်ရထားကို ပြတယ်။ မြို့ပတ်ရထားထဲမှာ မိုးရေတွေစိုရွဲနေတဲ့ ကောင်လေးတစ်ယောက်ပါသွားတယ်။ အဲ့ဒီကောင်လေးဟာ မိုက်ကယ် ပါပဲ။

ဇာတ်လမ်းနောက်ကြောင်းပြန်တယ်။ ၁၉ ၅၉ အနောက်ဂျာမနီက နွှမ်းရှတတ် မြို့ကလေးမှာ မိုးတွေရွာနေတယ်။

အသက် ၁၅နှစ်အရွယ် မိုက်ကယ် ဆိုတဲ့ ချာတိတ်လေးဟာ နေသိပ်ကောင်းဟန်မတူဘူး။ ဓာတ်ရထားပေါ်ကဆင်းလာပြီး မိုးရေထဲမှာ ဒရီးဒရိုင်နဲ့။ အဆောက်အဦးအဟောင်းတစ်ခုရဲ့ အပေါက်ဝနားရောက်တော့ သူမဟန်နိုင်တော့ဘူး ထိုးအန်ချပစ်လိုက်တယ်။ နံရံကိုမှီထားရင်း ထပ်အန်ချတယ်။ အဲ့ဒီမှာ အမျိုးသမီးတစ်ယောက်ရောက်လာပြီး သူ့ကို ဆွဲထူတယ်။ အန်ဖတ်တွေကိုဆေးကြောပေးတယ်။ အားငယ်နေတဲ့သူ့ကို ဆွဲပွေ့ထူပြီးအားပေးတယ်။အိမ်ပြန်လိုက်ပို့ခဲ့တယ်။

လအနည်းငယ်ကြာပြီးတဲ့နောက် မိုက်ကယ် နေကောင်းလာတော့ သူ့အမေရဲ့ တိုက်တွန်းချက်အရ သူ့ကို အိမ်ပြန်ပို့ပေးခဲ့တဲ့ အမျိုးသမီးကို ကျေးဇူးစကားဆိုဖို့ ပန်းစည်းလေးနဲ့ပြန်သွားရှာတယ်။ အဆောက်အဦးအဟောင်းကြီးရဲ့ မှောင်ကြောင်ကြောင်လှေကားတွေအတိုင်းတက်သွားရင်း အမျိုးသမီးရဲ့ အခန်းထဲရောက်သွားတယ်။ ပန်းစည်းပေးရင်း ကျေးဇူးတင်စကားဆိုရင်း သူတို့စကားစမြည်ပြောကြတယ်။ နေမကောင်းဖြစ်လို့ အိပ်ယာထဲနားနေရပေမယ့် စာတော့အဖတ်မပျက်ကြောင်း မိုက်ကယ်ကပြောတော့ မီးပူတိုက်နေတဲ့ အဲ့ဒီအမျိုးသမီးရဲ့ မျက်နာအမူအရာက တစ်မျိုးဖြစ်သွားတယ်။ ခဏနေတော့ မိုက်ကယ် က ပြန်တော့မယ်လို့နှုတ်ဆက်တယ်။

ခဏစောင့် ငါလည်းလိုက်မယ် အလုပ်သွားမလို့ .. အဝတ်လဲလိုက်ဦးမယ် အခန်းအပြင်ကစောင့်နေ လို့ အမျိုးသမီးက ပြောတယ်။

အိပ်ခန်းအပြင်က စောင့်နေတဲ့ ၁၅နှစ်သား ချာတိတ်လေး မိုက်ကယ်ဟာ မရည်ရွယ်ပဲ ချောင်းကြည့်မိတယ်။ ရွှေရောင်ဆံနွယ် အတွန့်အလိုပ်တွေပိုင်ရှင် အသက်၃၀ကျော် ခပ်လှလှအမျိုးသမီးဟာ ကပိုကရိုနဲ့ ခြေအိတ်အရှည်ဝတ်နေတယ်။ ပေါင်တန်ဖြောင့်ဖြောင့်လှလှကို မြင်ရတဲ့ အခါ လူပျိုပေါက်လေး မိုက်ကယ့်ရင်ထဲ ဗလောင်ဆူသွားတယ်။ အဲ့ဒီအချိန်မှာ ခေါင်းငုံ့ပီး ခြေအိတ်စွပ်နေတဲ့အမျိုးသမီး ဆတ်ကနဲ မိုက်ကယ့်ကိုလှမ်းကြည့်တော့ သူခိုးလူမိဖြစ်သွားရတယ်။ ရှက်ရွံ့ထိတ်လန့်စွာနဲ့ မိုက်ကယ် ထွက်ပြေးခဲ့တယ်။

နောက်ရက်တွေမှာမြို့ပတ် ဓာတ်ရထားပေါ် လက်မှတ်စစ်အဖြစ် အလုပ်လုပ်နေတဲ့ အမျိုးသမီးကို တိတ်တိတ်လေးသွားခိုးကြည့်ရင်း မိုက်ကယ်ရင်ခုန်တယ်။ သူမ နေတဲ့ အဆောက်အဦးအဟောင်းနား မယောင်မလည်သွားသွားလုပ်ရာက အလုပ်ကပြန်လာတဲ့ အမျိုးသမီးနဲ့ ပက်ပင်းတိုးတယ်။ အမျိုးသမီးဟာ ဘာမှမဖြစ်ခဲ့သလိုမျက်နာခပ်မာမာနဲ့ မိုက်ကယ့်ကို တိုက်အဓောက်က မီးသွေးပုံးတွေ အခန်းထဲ သယ်ခိုင်းတယ်။ မီးသွေးမှုန်တွေ ပေတလူးပီး ကြောင်ချေးရုပ်ပေါက်နေတဲ့ မိုက်ကယ့်ကို မြင်တော့ ဟက်ပက်ပက်ရယ်တယ်။ မင်းဒီပုံနဲ့ အိမ်ပြန်လို့မဖြစ်ပါဘူးလို့ပြောတယ်။ အဝတ်တွေအကုန်ချွတ်ခိုင်းတယ်။ ရေချိုးဇလားထဲ ဝင်ထိုင်ပီး ရေချိုးခိုင်းတယ်။

ရေချိုးဇလားထဲက အဝတ်မဲ့ ချာတိတ်လေးမိုက်ကယ်ဟာ သူ့အဝတ်တွေကိုလှန်းပေးနေတဲ့ အမျိုးသမီးကိုချောင်းကြည့်ရင်း ရင်ဖိုလှိုက်မောနေတယ်။

အဝတ်လှန်းရာက ပြန်လာတဲ့ အမျိုးသမီးက ရေသုတ်ဖို့ ပုဝါ လာအပေးမှာ ရေချိုးဇလားထဲ ပက်လက်လှန်နေတဲ့ မိုက်ကယ် ထိတ်လန့်တုန်လှုပ်သွားရတယ်။ သူမ အဝတ်တွေဝတ်မထားတော့ဘူး။

ကျောပေးထားရင်း ရှက်ရွံ့နေတဲ့ မိုက်ကယ်ကို အနောက်ကနေသိုင်းဖက်ရင်း သူမ မေးတယ်။

မင်းဒီကို ဒါကြောင့်ပြန်လာတာမလား တဲ့

ပြောပြောဆိုဆိုနဲ့ ဆွဲလှည့်ပီး မျက်နာချင်းဆိုင်ခိုင်းတယ်။

မိုက်ကယ်က ကတုန်ကယင်နဲ့ ခင်ဗျားက အရမ်းလှတာကိုး လို့ပြန်ဖြေတယ်။

မင်းဘာတွေ ဘာတွေပြောနေတာလဲ.. ငါ့ကို ကြည့်စမ်းပါ ကလေးရယ် လို့ သူမ အပြောမှာ မိုက်ကယ်ဟာ ချုပ်တီးနိုင်စွမ်းမရှိတော့ဘူး....

အဲ့ဒီနေ့က မိုက်ကယ် အိမ်အပြန်နောက်ကျလို့ အဆူခံရတယ်။

ညစာထမင်းဝိုင်းမှာ အဆူခံနေရတဲ့ မိုက်ကယ်ဟာ မျက်လုံးထဲ သူနဲ့ဟိုအမျိုးသမီး ချစ်ပွဲဝင်ခဲ့တာတွေပဲ ပြန်မြင်ယောင်ပီး ခပ်တည်တည်နဲ့ ကျနော် နေကောင်းပီ နက်ဖန်ကစပီး ကျောင်းပြန်တက်တော့မယ်လို့ မိဘတွေကိုပြောလိုက်တယ်။

နောက်နေ့တွေမှာ မိုက်ကယ်ကျောင်းကလစ်ထွက်တယ်။ အဆောက်အဦးအဟောင်းကြီးဆီကို ပြေးတယ်။ အလုပ်က ပြန်လာတဲ့ အမျိုးသမီး အိမ်ပြန်အရောက်နဲ့ ကွက်တိပဲ။

၂ယောက်သား ဒရေသောပါး အဝတ်တွေချွတ်ပစ်တယ်။ စကားတွေများများအရင်မဆိုကြဘူး။ စိတ်လှုပ်ရှားစွာနဲ့ ချစ်ကြတယ်။ သူမ ဟာ အချစ်မှော်ဆရာမကြီး။ ချာတိတ်လေး မိုက်ကယ်ကို အချစ်လမ်းညွှန်ပေးတယ်။ ချစ်စခန်းဖွင့်အပီးမယ် မိုက်ကယ်က သူမ နာမည်ကိုမေးတယ်။ မင်းဘာလုပ်မလို့လဲလို့ ပြောရင်းပြန်ဖြေတယ်။ သူမနာမည်က ဟာန်နာရှမစ် တဲ့။ မမဟာန်နာပေ့ါ။ မိုက်ကယ်ရဲ့ တိတ်တခိုးအချစ်ဦး မမဟာန်နာ။

နောက်ရက်နောက်ရက်တွေမှာ မိုက်ကယ် ကျောင်းက လစ်တုံးပဲ။ မမဟာန်နာနဲ့ အရှူးအမူးချစ်တယ်။ အိပ်ယာပေါ် လှဲနေကြရင်း မမဟာန်နာက မေးတယ်။ မင်းကျောင်းမှာ ဘာတွေသင်နေတာလဲတဲ့။ မိုက်ကယ်က လာတင် ဘာသာနဲ့ စာနည်းနည်းရွတ်ပြတယ်။ သိပ်လှတယ်ကွာလို့ မမဟာန်နာကပြောရင်း ပြုံးနေရော။ သိပ်လှတယ်လို့ ပြောရအခေါင် မမ ကဖြင့် နားလည်းမလည်ပဲနဲ့လို့ ပြန်ပြောရင်း မိုက်ကယ်က တစောင်းလှဲအိပ်နေတဲ့ သူ့မမရဲ့ တင်ပါးချောချောမွတ်မွတ်ကို နမ်းတယ်။

ဂျာမန်လိုကော ဘာတွေသင်နေတာလဲ တဲ့ ..

အင်မီးလီးယား ဂါလောတီ ဆိုတဲ့ ပြဇာတ် ဖတ်ကြည့်ပါလား လို့ မိုက်ကယ်က ပြောရင်း စာအုပ်ကိုထိုးပေးတော့ မမဟာန်နာက ဟင့်အင်း မမ ကိုဖတ်ပြတဲ့။ ပြဇာတ်ဖတ်ပြနေတဲ့ မိုက်ကယ့်ကို မမဟာန်နာက ပြုံးပြုံးလေးငေးရင်း ကြောင်ကလေးတစ်ကောင်လို ငြိမ်သက်စွာနားထောင်နေခဲ့တယ်။

သူတို့၂ဦးရဲ့ တိတ်တခိုးအချစ်ဇာတ်လမ်းဟာ သာမန်နဲ့မတူ အနည်းငယ်ထူးခြားတယ်။

မမဟာန်နာဟာ အရာရာကို သံသယနဲ့ကြည့်တတ်ပီး တခါတခါမှာ ဒေါသကြီးတယ်။ ဥပမာ သူမ အလုပ်လုပ်နေတဲ့ ဓာတ်ရထားပေါ် မိုက်ကယ်ရောက်သွားပီး လာခိုးကြည့်တာကို မြင်သွားတဲ့အခါ..

အိမ်ပြန်အရောက်မှာ ပြဿနာတက်တယ်။

မင်း ငါ့ကို ဘာလို့လာချောင်းကြည့်ရတာလဲဆိုပြီး ဒေါသူပုန်ထတယ်.. (ဘာလို့ ငါ့ဆီတိုက်ရိုက်မလာပဲ လာချောင်းရတာလဲပေါ့) မိုက်ကယ်က ညှိုးငယ်စွာနဲ့ ကျနော် မမကို စိတ်ပျက်အောင် တမင်လုပ်တာမဟုတ်ပါဘူးဗျာ လို့ ပြန်ပြောတော့ ရေချိုးဖို့ပြင်နေတဲ့အဝတ်ဗလာနဲ့ မမဟာန်နာက မိုက်ကယ့် အနားပြေးလာပြီးအော်တယ်။ မင်းငါ့ကို စိတ်ပျက်အောင် မလုပ်နိုင်ဘူး ဆိုတာ မြဲမြဲမှတ်ထားလိုက်။ မင်းအဲ့လောက်အဆင့်မရှိဘူးကွတဲ့။ ချာတိတ်လေး မိုက်ကယ် အင်မတန်ဝမ်းနည်းသွားရတယ်။ အခန်းအပြင်ထွက်ပြီး မျက်ရည်ကျရတယ်။ ငိုလို့အားရတဲ့ အခါ အခန်းထဲပြန်ဝင်ပြီး ရေချိုးဇလားထဲ ရေစိမ်နေတဲ့ မမဟာန်နာကို မေးတယ်။ ခုနက ပြောတာ တကယ်လားမမရာတဲ့။ ကျနော်က မမအတွက် ဘာမှမဟုတ်ဘူးလားတဲ့။

မမကျနော့်ကို ခွင့်လွှတ်တယ်မလား။ ကျနော့်ကိုချစ်တယ်မလား.. အဲ့လိုတွေ မိုက်ကယ်က မေးတဲ့အခါ မမဟာန်နာက စိတ်ရှုပ်နေတဲ့ ဟန်နဲ့စိုက်ကြည့်ရင်း ခေါင်းငြိမ့်ပြတယ်။

ရေချိုးပြီးစီးလို့ မမဟာန်နာ ဆံပင်ကပိုကရိုတွေကို ခြောက်အောင်သုတ်နေတဲ့ အချိန် မိုက်ကယ်က ထုံးစံအတိုင်း ချစ်ခန်းဖွင့်ဖို့အဝတ်တွေချွတ်တယ်။

မင်းဘာစာအုပ်ပါလာလဲတဲ့

ဟိုးမားရဲ့ အိုဒက်ဆီ လို့ပြန်ဖြေတော့..

ကောင်းပြီ ငါတို့ အစီအစဥ်ပြောင်းတယ် မမကိုစာအရင်ဖတ်ပြ ပြီးမှ ချစ်ကြမယ် တဲ့

မိုက်ကယ်က အိုဒက်ဆီကိုဖတ်ပြ မမဟာန်နာက မီးဖိုချောင်ထဲ အလုပ်လုပ်ရင်းနားထောင် ..စာဖတ်ပြနေတဲ့ မိုက်ကယ့်ကို မွှေးမွှေးပေး.. အဲ့လိုနဲ့ အဆင်ပြန်ပြေသွားကြရော။

အဲ့ဒီလိုနဲ့ နေ့တွေရက်တွေ ကုန်လွန်ခဲ့ကြပြန်တယ်။ မိုက်ကယ် စာဖတ်ပြတယ်။ ဖတ်ပြတဲ့ ဇာတ်လမ်းပေါ်မူတည်ပြီး မမဟာန်နာက ငိုတယ်.. ရယ်မောတယ်.. တခါတလေ စိတ်ဆိုးတယ်.. ဥပမာ ရေချိုးဇလားထဲ တူတူရေစိမ်ကြရင်း လေဒီချတ်တလေ၏ ချစ်သူ စာအုပ်ကိုဖတ်ပြတဲ့အခါ မမဟာန်နာက စိတ်ဆိုးတယ်။ ရွံစရာကောင်းတဲ့ ညစ်ညမ်းစာအုပ်ကြီးတဲ့။ ဒါပေမယ့် ဆက်ဖတ်စမ်းကွာတဲ့။

တရက်မှာ သူတို့၂ယောက် စက်ဘီးကိုယ်စီနဲ့ အပျော်ခရီးထွက်ကြတယ်။

ကျေးလက်ဒေသတခွင်ကို စက်ဘီးနဲ့လေ လျှောက်နှင်းကြရင်း စားသောက်ဆိုင်တစ်ခုမှာ ထိုင်တော့ မမဟာန်နာက မီနူးကိုကြည့်ရင်း မိုက်ကယ်မှာတာပဲ စားမယ်လို့ပြောတယ်။ ဘေးဝိုင်းက ကျောင်းသားလေးတွေ မီနူးကဒ်ကိုဖတ်ရင်း ငြင်းခုန်နေတာကိုငေးတယ်။ စားသောက်ပြီး ပက်ဆံရှင်းတော့ ဆိုင်ရှင် အန်တီကြီးက မိုက်ကယ့်ကိုပြောတယ် မင့်အမေလားတဲ့။ မိုက်ကယ်က ခပ်တည်တည်ပဲ သူ့ကိုရပ်စောင့်နေတဲ့ မမဟာန်နာဆီလေ လျှောက်သွားပြီး မွှတ်မွှတ်သိပ်သိပ်နမ်းပြပစ်လိုက်တဲ့ အခါ ဟို အန်တီကြီးရှက်သွားရော။

ခရီးဆက်ကြရင်း တနေရာအရောက်မှာခဏနားကြတော့ မမဟာန်နာဟာ ဘုရားရှိခိုးကျောင်းအိုလေးထဲက နောက်ဆုံးခုံတန်းမှာ ဝင်ထိုင်တယ်။

ကလေးတွေရဲ့ ဓမ္မတေး သံပြိုင်ဆိုနေသံကို နားထောင်ရင်း မျက်ရည်လည်ရွဲနဲ့ မိုက်ကယ့်ကိုပြုံးပြတယ်။ အဲ့ဒီက ထွက်လာတော့ မမဟာန်နာက စမ်းချောင်းလေးထဲမှာ ရေကူးတယ်။ မိုက်ကယ်က ကမ်းပါးမှာထိုင်ရင်း မမအတွက် ကဗျာတစ်ပုဒ်ရေးခဲ့တယ်။

သူတို့နှစ်ယောက်ရဲ့ ချစ်ခရီးက တစ်နွေလုံးကြာခဲ့တယ်။

အဆင်ပြေသလားမေးရရင် မမဟာန်နာက တခါတခါမှာ မိုက်ကယ့်ကို လွှမ်းမိုးလွှန်းတယ်။ ဒေါသတကြီး အော်ဟောက်တယ်။ ပါးချတယ်။ ဒါပေမယ့်ကလေးလေးတစ်ယောက်လို ရေချိုးပွတ်တိုက်သန့်စင်ပေးပြီး ချစ်ပြ ဂရုစိုက်ပြပြန်ရော။ စာဖတ်ခိုင်းတယ်။ ပြီးရင် အရူးအမူးချစ်ပွဲဝင်ကြပြန်တယ်။

တနေ့မှာ မိုက်ကယ် တစ်ယောက် မမဟာန်နာ့အခန်းဆီအရောက် ဗလာကျင်းနေတဲ့ အခန်းလွှတ်ကိုသာရှာတွေ့ခဲ့တယ်။

မမဟာန်နာ ပျောက်ဆုံးသွားခဲ့ပြီ။

(ဇာတ်ဝင်ခန်းတနေရာမှာ ဟန်နာရှမစ်ကို အလုပ်ကြိုးစားလို့ လက်မှတ်စစ်ရာထူးကနေ မြို့ပတ်ရထားမောင်းသူရာထူး တိုးပေးလိုက်ပြီဖြစ်ကြောင်းပြထားတယ်)

မမဟာန်နာပျောက်ဆုံးသွားပြီး ၇နှစ်အကြာမှာ ဟိုက်ဒင်ဘတ်ဂ် ဥပဒေကျောင်းမှာ မိုက်ကယ်ဟာ ဥပဒေအထူးပြုကျောင်းသားဖြစ်နေပြီ။

တက္ကသိုလ်က သူ့ပရော်ဖက်ဆာ လုပ်သူဟာ နာဇီခေတ်ကို အထူးစိတ်ဝင်စားသူဖြစ်တယ်။ စစ်ကြီးအတွင်းက ကျူးလွန်ခဲ့တဲ့ စစ်ရာဇဝတ်မှုတွေအတွက် ဂျာမန်လူမျိုးတွေရဲ့ အပြစ်မကင်းတဲ့ ခံစားချက်တွေအကြောင်း လေ့လာတယ်။

မိုက်ကယ်နဲ့အတန်းဖော်ခေတ်ပြိုင်တွေဟာ သူတို့မိဘတွေ မျိုးဆက်ရဲ့ နာဇီခေတ်က ဖြုတ်သန်းမှုတွေကို မကျေနပ်ဟန်ပြထားတယ်။ တရက်မှာ ပရော်ဖက်ဆာ ဦးဆောင်ပီး သူတို့ တစ်တန်းလုံး နာဇီစစ်တရားခံတစ်စုရဲ့ တရားစီရင် ကြားနာမှုတစ်ခုကို သွားရောက်လေ့လာကြတယ်။

မင်းဟာ ၁၉ ၂၂ခုနှစ် ဟာမန်းရှတတ် မှာ မွေးတဲ့ ဟန်နာရှမစ် ဟုတ်ပါသလား ဆိုတဲ့ တရားသူကြီးရဲ့ မေးခွန်းထုတ်သံကိုကြားတဲ့ အခါ မိုက်ကယ် တုန်လှုပ်သွားတယ်။

နှစ်ပေါင်းများစွာ ထွက်ပြေးပုန်းရှောင်သွားတဲ့ မမဟန်နာ ကို နာဇီစစ်တရားခံအဖြစ်နဲ့ တရားခွင်မှာ ပြန်မြင်ရပီ။

ဘာလင်မြို့က ကမ္ဘာကျော် ဇီးမန်းစက်ရုံမှာ အလုပ် လုပ်နေရာက နာမည်ဆိုးနဲ့ ကျော်ကြားတဲ့ နာဇီ အက်စ်အက်စ် တပ်ဖွဲ့ကို ဝင်သွားခဲ့တဲ့ ဟန်နာရှမစ်..

မင့်သဘောနဲ့မင်းဝင်ခဲ့တာလား ဆိုတာကို ဟုတ်တယ်လို့ အစစ်ခံတယ်

ကမ္ဘာကျော် အော့ဇ်ဝတ်ဇ်ရဲ့ အကျဉ်းစခန်းမှာ အစောင့်လုပ်ခဲ့တယ် နောက်တော့ ကရာကော နားက အသေးစား အကျဉ်းစခန်းကိုပြောင်းတယ် ဟုတ်ပါသလားဆိုတာကို ဝန်ခံတယ်

ကြားနာမှု က အပြန်မှာ မိုက်ကယ်ဟာ ဆောက်တည်ရာမရတော့ဘူး။ တခါက သူအင်မတန်ချစ်ခဲ့ရသူ ခပ်ချောချော အမျိုးသမီးဟာ ကမ္ဘာကျော် မျိုးဖြုတ်သုတ်သင်မှုကြီးထဲ ပါဝင်ခဲ့ဖူးတဲ့ နာဇီတရားခံတစ်ယောက်တဲ့လား။

နောက်ထပ်ရုံးချိန်းတွေမှာ အစွပ်စွဲခံနာဇီတရားခံအမျိုးသမီး ၆ယောက်ထဲက ဟန်နာရှမစ် ဟာ အဓိကနေရာက အစစ်ဆေးခံရတယ်။

လစဉ်လတိုင်း အကျဉ်းသားအသစ်တွေအတွက် နေရာမရှိတဲ့ အတွက် အကျဉ်းသားဟောင်းတွေကို သုတ်သင်ဖို့ လူရွေးထုတ်တဲ့ အခါ သူမတို့ အစောင့်၆ယောက်ကရွေးထုတ်ပေးရကြောင်း ဝန်ခံတယ်။

(ကျန်တဲ့ အမျိုးသမီးတွေက ငြင်းတယ်) အရွေးခံ အကျဉ်းသားတွေ အသတ်ခံရတော့မှာ မင်းသိတယ်မလားလို့ တရားသူကြီးက မေးတဲ့ အခါ ဟန်နာရှမစ် က တရားသူကြီးမင်းဆိုရင်ကော ဘာလုပ်မလဲလို့ ခပ်မာမာပြန်ချေပတယ်။ (မပါးနပ်ဘူး ခပ်ရိုးအအ ရယ်)

နောက်ထပ်စွဲချက်တစ်ခုက ရပ်ရှားတွေရဲ့ ဗုံးဒဏ်ကြောင့်

အကျဉ်းသားတွေနဲ့ အတူ ပုန်းရှောင်ရတဲ့ တည့ာမှာ ရွာလေးတစ်ရွာကို သူတို့ရောက်သွားတယ်။ အကျဉ်းသား အမျိုးသမီးတွေကို ချာ့ချ်ကျောင်းထဲထည့်ပြီး သော့ပိတ်ထားခဲ့တယ်။ ညဖက် မီးကြဲခံရတဲ့ အခါ အကျဉ်းသူ၃၀၀ထည့်ထားခဲ့ ချာ့ချ်ကျောင်းမီးလောင်တယ်။ အစောင့်တွေက သော့မဖွင့်ပေးဘူး။ အကုန်မီးလောင်ခံရပြီး သေဆုံးတယ်။ အဲ့ဒီအမှုမှာလည်း ဟန်နာရှမစ် ဟာ အဓိက တာဝန်ရှိသူလို့ အစွပ်စွဲခံရတယ်။ အက်စ်အက်စ်တပ်ဖွဲ့ရဲ့ ရပို့ ကို ရုံးတော်မှာ တင်ပြတဲ့ အခါ လက်မှတ်ထိုးထားတာ ဟန်နာရှမစ် ဖြစ်နေတယ်။ ဘာဖြစ်လို့ တံခါးသော့ မဖွင့်ပေးတာလဲ လို့ တရားသူကြီးက မေးတာကို ဟန်နာရှမစ် က တာဝန်အရ အကျဉ်းသားတွေ လွတ်မြောက်ခွင့်ပေးလို့မရဘူးလို့ အစစ်ခံတယ်။ လွတ်သွားရင် မင်းကို အက်စ်အက်စ်အဖွဲ့က ဒဏ်ခတ်လိမ့်မယ်ပေါ့ ဟုတ်သလားလို့ မေးတာကို ပါးပါးနပ်နပ်မဖြေတတ်ဘူး။ တရားသူကြီးမင်းသာ ကျမနေရာမှာဆို ဘာလုပ်မလဲပဲထပ်ပြောပြန်တယ်။

အကျဉ်းသားတွေထဲက မသေပဲကျန်ရစ်သူ သားအမိရဲ့ အစစ်ခံချက် အရ ဟန်နာရှမစ် ဟာ တစ်မူထူးခြားနေတယ်။ အကျဉ်းသူ ကလေးမလေးတွေကို အနားခေါ်ထားပြီး စာအုပ်တွေ အမြဲဖတ်ပြခိုင်းတတ်တယ်တဲ့။

နောက်ဆုံး ရပို့ ကို ဘယ်သူရေးလဲ မေးတာကို ဟန်နာရှမစ် က ကျမတို့ တစ်ဖွဲ့လုံးတူတူရေးတာပါလို့ အစစ်ခံတယ်။ ကျန်တဲ့ တရားခံတွေက မဟုတ်ဘူး ဟန်နာရေးတာ ရပို့မှာ သူကိုယ်တိုင်လက်မှတ်ထိုးတာကြည့်ပါလို့ ချေပတယ်။ တရားသူကြီးက ဟန်နာ့ကို ရုံးတော်မှာ လက်ရေးနမူနာရေးပြခိုင်းတယ်။ ဟန်နာရှမစ် တုန်လှုပ်သွားတယ်။ မရေးပြတော့ဘူး။ ကျမ ရေးတဲ့ ရပို့ ပါလို့ ဝန်ခံလိုက်တယ်။

မိုက်ကယ် ဟာ အံ့ဩတုန်လှုပ်စွာနဲ့ ပိရိသတ်ထဲကနေ သူ့မမဟန်နာကို ငေးကြည့်နေခဲ့တယ်။

မိမိကိုယ်ကို ခုခံကာကွယ်ဖို့တောင် နားမလည်တဲ့ ခပ်အအ တရားခံမ။ လက်ရေးနမူနာ အယူမခံတဲ့ အခါ မိုက်ကယ် အကုန်လုံးကိုနားလည်သွားခဲ့ပြီ။ သူတို့ဦးချစ်ရည်လူးခဲ့စဉ်က ဘာလို့ စာဖတ်ပြခိုင်းခဲ့တာလဲ.. အပျော်ခရီးထွက်စဉ်က စားသောက်ဆိုင်မှာ မီနူး မဖတ်ပဲ သူ့ကိုမှာခိုင်းခဲ့တာလဲ။ စာမတတ်ဘူး။ မမဟန်နာ ဟာ စာမရေးတတ် မဖတ်တတ်ခဲ့ဘူး။ နှစ်ခြင်းရှတတ် မြို့ကလေးမှာ လက်မှတ်စစ်လုပ်နေရာက ဓာတ်ရထားမောင်းရာထူးတိုးအပေးမှာ ထွက်ပြေးခဲ့ရတာ စာမတတ်လို့။ ဇီးမန်းစက်ရုံမှာ အလုပ်လုပ်နေရာက ရာထူးအတိုးမှာ စာမတတ်တဲ့ အတွက် ထွက်ခဲ့ရာက နာဇီအက်စ်အက်စ်တပ်ဖွဲ့ထဲ အစောင့်အလုပ်ဝင်လုပ်ခဲ့တာ ဘာလို့လဲ စာမတတ်လို့။ ကိုယ်စာ မတတ်မှန်း လူသိမခံဝံ့လို့ အရှက်ကြီးလွန်းလို့ ခုအခါမှာ ကိုယ်ကျိုးနည်းရတော့မယ်။

ပိရိသတ်ထဲက ငေးနေတဲ့ မိုက်ကယ်ဟာ ဆောက်တည်ရာမရဘူး။

လူတွေမသိတဲ့ ဟန်နာ့ လ ျို့ဝှက်ချက်ကို တရားသူကြီးသိသွားရင် ဘယ်လိုဖြစ်နိုင်မလဲ။ အပြစ်က မလွတ်တောင် ကျန်တဲ့ တရားခံတွေနဲ့အတူတူ လေ ျှာ့ပေါ့သွားနိုင်မလား။ (ခုလောလောဆယ်က အကုန်လုံးသူ့ အပေါ်ပုံကျနေပြီ)

အဲဒီရုံးချိန်းအပြီးမှာ မိုက်ကယ်ဟာ သူ့ဆရာ ပရော်ဖက်ဆာနဲ့ အမှုအကြောင်းဆွေးနွေးတယ်။

တရားခံမ စာမတတ်ကြောင်း သူသိတယ်ပေါ့။ သူရှက်လို့ ဖုံးထားတာ။ ဒါကိုသာ ရုံးတော်က သိရင် အနည်းဆုံး အလေ ျှာ့အပေါ့ခံရနိုင်တယ်ပေါ့။ ပရော်ဖက်ဆာက မိုက်ကယ့်ကို ပြောတယ် မင်း အဲ့ဒီအမျိုးသမီးနဲ့စကားပြောပြီးပြီလားတဲ့။

မိုက်ကယ် တစ်ယောက် ဟန်နာရှမစ် ဆီ ထောင်ဝင်စာသွားတွေ့ဖို့ကြိုးစားတယ်။

ထောင်ဝင်စာတွေ့တဲ့ အခန်းထဲ ဟန်နာရှမစ် စောင့်နေတဲ့နေရာကို သွားတဲ့ မြေကွက်လပ်ကို အဖြတ်မှာ မိုက်ကယ် စိတ်ပြောင်းသွားတယ်။

ချာကနဲ လှည့်ပြီး ဂိတ်ပေါက်ဝဆီ ပြန်လေ ျှာက်သွားခဲ့တယ်။ ဘယ်သူမှန်းမသိ ထောင်ဝင်စာ လာတွေ့တယ်ဆိုလို့ စောင့်နေတဲ့ ဟန်နာရှမစ် ဆီ ဘယ်သူမှ ပေါ်မလာခဲ့ပါ။

(ရုပ်ရှင်ထဲမပါတဲ့ ဇာတ်ကွက်တစ်ခုမှာ အပျော်ခရီးထွက်စဉ်က မနက်မှာ မိုက်ကယ် အပြင်ခဏသွားကြောင်း စာတိုလေးရေးပြီးထားခဲ့တယ်။ ပြန်လာတဲ့အခါ မမဟန်နာက ငိုယိုပြီး သူ့ကိုပစ်သွားပြီး ထင်ခဲ့တာဆိုပြီး သောင်းကျန်းတယ်။ မိုက်ကယ်က စာတိုလေး မမြင်ဘူးလား မမရာ ဆိုတာကို မတွေ့ဘူးလို့ ပြန်ဖြေတယ်။ အဲဒီစာတိုလေးလည်း ပျောက်နေတယ်။ အမှန်က ဟန်နာ စာမဖတ်တတ်လို့ အထင်လွဲကြောင်းပြထား)

အဲ့ဒီညမှာ မိုက်ကယ်ဟာ သူ့ကိုသဘောကျဟန်ပြတဲ့ တက္ကသိုလ်က အတန်းဖော်ကောင်မလေးရဲ့ အခန်းကို သွားလည်တယ်။ လိင်ဆက်ဆံတယ်။

ကိစ္စပြီးတဲ့အခါ အသာအယာထပြီး အခန်းအပြင်ထွက်တယ်။ ကောင်မလေးက ဘာလုပ်တာလဲလို့ မေးတာကို ဆောရီး..ငါ့ဖာသာ တစ်ယောက်ထဲအိပ်ချင်လို့ လို့ပြန်ဖြေပြီး ထားပစ်ခဲ့တယ်။ ကိုယ့်အိပ်ယာပြန်ရောက်တော့ မမဟန်နာကို ပြင်းပြင်းပျပျ သတိရနေခဲ့တယ်။

(ယောက်ျားတွေဟာ မိမိမစုံမက်သူနဲ့ တူတူမအိပ်ချင်ကြဘူး)

နောက်ဆုံးရုံးချိန်းမှာ ပိရိသတ်တွေဟာ နာဇီတရားခံတွေကို

အခေါ်ဟာစ်ဆဲဆိုကြတယ်။

ရုံးတော်က ကျန်တဲ့ တရားခံအမျိုးသမီးတွေကို ၄နှစ်နဲ့၃လ ထောင်ချပြီး လူ၃၀၀မီးလောင်သေဆုံးမှုအတွက် အဓိက တရားခံ ဟာန်နာရှမစ် ကို ထောင်ဒဏ်တစ်သက်ချမှတ်လိုက်တယ်။

ဒဏ်ရာ အနာတရရနဲ့ မိုက်ကယ်ဟာ အိမ်ထောင်ကျတယ်။ သမီးတစ်ယောက်ရတယ်။ အိမ်ထောင်ကွဲတယ်။

ဟာန်နာရှမစ် ထောင်ထဲရောက်တာ ၈နှစ်လောက်ကြာသွားတဲ့ အခါ .. တနေ့မှာ ပါဆယ်ထုပ်တစ်ခုလက်ခံရရှိတယ်။ ကက်ဆက်နဲ့တိတ်ခွေလေးတွေဖြစ်နေတယ်။ ဇဝေဇဝါဖြစ်နေတဲ့ ဟာန်နာ တိတ်ခွေကို ကက်ဆက်ထဲထည့်ပြီး ဖွင့်ကြည့်တဲ့ အခါ..

ဟိုးမားရဲ့ အိုဒက်ဆီ .. ဆိုတဲ့ စာဖတ်သံထွက်ကျလာတယ်။

တုန်ခါနေတဲ့ လက်ချောင်းတွေနဲ့ ချက်ချင်းခလုတ်ပိတ်မိတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ကလေး လို့ သူမ ခေါ်ခဲ့ဖူးတဲ့ မိုက်ကယ်ရဲ့ စာဖတ်သံပါလား။

ကက်ဆက်ခလုတ်ကိုနှိပ်ပြီး ထပ်ဖွင့်ကြည့်တယ်။ မိုက်ကယ်မှ မိုက်ကယ်အစစ်ပဲ။ ဟိုး အရင်တုံးကလိုပဲ ဟိုးမားရဲ့ အိုဒက်ဆီကို ဖတ်ပြနေတယ်။ ဟာန်နာရှမစ် ဟာ မျက်ရည်တွေကြားထဲက ကက်ဆက်ထဲက စာဖတ်သံကိုနားထောင်လို့။

နောက်ထပ် နောက်ထပ် ကက်ဆက်ခွေတွေဟာ ဟာန်နာရှမစ်ဆီကို ဆက်တိုက်ပဲ ရောက်လာတယ်။ စာအုပ်ပေါင်းမြောက်များစွာကို မိုက်ကယ်က ဖတ်ပြနေတယ်။

တနေ့မှာ မိုက်ကယ့်ထံက ရောက်လာတဲ့ ကက်ဆက်ခွေ အသစ်ဟာ အန်တန်ချက်ကော့ဖ်ရဲ့ ခွေးကလေးနဲ့အမျိုးသမီး စာအုပ်ဖြစ်နေတယ်။

တခါက မိုက်ကယ်ကိုယ်တိုင် ဖတ်ပြပြီး ဟာန်နာသိပ်ကြိုက်တဲ့ စာအုပ်လေး။ ဟာန်နာရှမစ် ထောင်စာကြည့်တိုက်ကို သွားတယ်။ ခွေးကလေးနဲ့အမျိုးသမီး စာအုပ်ကို ငှါးတယ်။

သူ့အခန်းပြန်ရောက်တော့ စာအုပ်ကို အသင့်ပြင်အနေထားဖွင့်ထားရင်း ကက်ဆက်ခွေကို ဖွင့်တယ် ခွေးကလေးနဲ့အမျိုးသမီး ဆိုတဲ့ အသံကိုနားထောင်ပြီး စာလုံးတွေကို လိုက်မှတ်တယ်။ ဟာန်နာရှမစ် ဟာ မိမိဖာသာ စာဖတ်ဖို့ စကြိုးစားခဲ့ပြီ။

တနေ့မှာ မိုက်ကယ့်ဆီ စာတစ်စောင်ရောက်လာတယ်။ ပေးပို့သူက ဟာန်နာရှမစ်တဲ့။ ကလေးတစ်ယောက်ရဲ့ လက်ရေးမျိုးနဲ့ ရေးထားတဲ့ စာကတိုတိုလေး ..

ပို့ပေးတဲ့ နောက်ဆုံးအခွေတွေအတွက် ကျေးဇူးတင်ပါတယ် ကလေးရယ်..

ငါကြိုက်ပါတယ် ..တဲ့

မိုက်ကယ်ဟာ နောက်ထပ် ကက်ဆက်ခွေတွေထပ်ပို့ပေးနေပေမယ့် ဟန်နာ့ဆီ စာမပြန်ပါ။

တဖြေးဖြေး စာတတ်ကျွမ်းလာတဲ့ ဟန်နာ့ ထံကသာ စာလေးတွေ တဖွဲဖွဲရောက်လာနေခဲ့တယ်။

အဲ့ဒီလိုနဲ့ နှစ်ပေါင်းများစွာ အကြာ ဟန်နာရှမစ်ဟာ ထောင်ထဲမှာ၁၀နှစ်ကြာသွားခဲ့ပီ။

တနေ့မှာ ထောင်ဝါဒါက မိုက်ကယ့်ဆီ ဖုန်းဆက်ပါတယ်။ ဟန်နာနဲ့မိုက်ကယ် ဘာတော်စပ်မှန်း သူမ မသိပါဘူး။ သို့သော် ဟန်နာဟာ မကြာခင် ထောင်ကလွတ်ပါတော့မယ်။ ဆွေမျိုးညာတိမရှိတဲ့ ဟန်နာ ဟာ အပြင်လောကမှာ အသက်ဆက်ရှင်ဖို့ မလွယ်ပါဘူး။ မိုက်ကယ် ကူညီနိုင်မလားလို့ မေးတယ်။

ဒီလိုနဲ့ မိုက်ကယ်ဟာ ထောင်ထဲလိုက်သွားခဲ့တယ်။

ထောင်ဝါဒါရဲ့ လမ်းညွှန်မှုနဲ့ ထမင်းစား စားပွဲမှာ ထိုင်နေတဲ့ ဟန်နာရှမစ် ရှေ့ကို ရောက်သွားပီး မျက်နှာချင်းဆိုင်ထိုင်မိတယ်။ ၂ယောက်သား ဝမ်းနည်းဆို့နင့်နေတဲ့ အကြည့်နဲ့ ငေးနေကြတယ်။ ဟန်နာရှမစ်က လက်ကမ်းပေးတဲ့ အခါ မိုက်ကယ်က အသာဖွဖွတို့ထိတယ်။

မင်း အရွယ်ရောက်ခဲ့ပီကော ကလေးရယ် တဲ့...

တစ်ခေါင်းလုံး ဖွေးဆွတ်နေတဲ့ ဆံပင်ဖြူတွေ ဖုံးနေတဲ့ အဘွားအိုလေး ဟန်နာက စကားစတယ်။

မိုက်ကယ်က သူ့လက်ကို ရုတ်လိုက်တယ်။ စကားစတယ်။

အလုပ်အကိုင်တစ်ခု စီစဉ်ပေးနိုင်ကြောင်း.. အခန်းလေးတစ်ခု နေဖို့ ဖန်တီးပေးနိုင်ကြောင်း ပေါ့..

ဟန်နာက ကျေးဇူးပါ လို့ တိုးတိုးပြောတယ်...

ဟန်နာ့အခန်းအနီးနားမှာ စာကြည့်တိုက်လည်း ရှိကြောင်း မိုက်ကယ်က ဆက်ပြောတယ်.. ဒီနှစ်ပိုင်း စာတွေအရမ်းဖတ်ဖြစ်တယ်မလားလို့မေးတော့

ဟန်နာက ငါ့ကိုစာဖတ်ပြတာပိုကြိုက်တာလို့ ဖေးရင်းပြန်ဖြေတယ်။ ခုတော့ ဒါတွေပီးပီပေါ့နော် တဲ့။ (ဖတ်မပြတော့ဘူးပေါ့နော်)

အတိတ်အကြောင်းတွေးဖြစ်သေးလား လို့ မိုက်ကယ်က မေးတော့

မင်းနဲ့ငါ့ရဲ့ အတိတ်လား လို့ ဟန်နာက မေးတယ်

မိုက်ကယ်က ခါးသီးဟန်နဲ့ မဟုတ်ဘူး အဲ့ဒါမဟုတ်ဘူး လို့ ငြင်းတယ်

သူတို့ စကားဆက်ပြောတာ အဆင်မပြေတော့ဘူး။ တချိန်က အင်မတန်ချောတဲ့ ဟန်နာရှမစ် ဟာ လူအိုနံ့နံနေတဲ့ အဘွားအိုလေးဖြစ်နေပီ။ အဲ့ဒါကို မိုက်ကယ်ကရွံရှာသလိုဖြစ်လာတယ်။ သူမ ဟာ အတိတ်ကလုပ်ရပ်တွေကို သင်ခန်းစာ ယူဟန်မတူဘူးလို့ သူကမြင်နေတယ်။ နောက်အပတ် ထောင်ကလွတ်ရင် လာကြိုမယ်လို့ မိုက်ကယ်က ပြောရင်း ထပြန်ဖို့ပြင်တယ်။ ဟန်နာရှမစ်ဟာ မိုက်ကယ့်ကို ခပ်စူးစူးတစ်ချက် စိုက်ကြည့်တယ်။

ဟိုး လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက ချာတိတ်လေး မိုက်ကယ်ကို ပုန်းရှောင်စွန့်ခွါတော့မယ့် နောက်ဆုံးအကြိမ်က စိုက်ကြည့်ခဲ့တဲ့မမဟန်နာရဲ့ အကြည့်မျိုး..

နောက်တစ်ပတ်မှာ မိုက်ကယ်ဟာ ပန်းစည်းလေးကိုင်လို့ ဟန်နာရှမစ်ကို လာကြိုတဲ့ အခါ ဘဝတစ်ခုလုံး ကွဲကြေသွားဟန်တူတဲ့ ဟန်နာရှမစ် တစ်ယောက် ထောင်ကလွတ်မယ့်နေ့မှာပဲ မိမိကိုယ်ကို သတ်သေသွားပီဖြစ်ကြောင်းသိလိုက်ရပါတယ်။

ဒီရုပ်ရှင်ဇာတ်ကားအပေါ် ကျနော့်ခံစားမှုကို ရေးပြချင်လွန်းလို့ ဇာတ်ကြောင်းအစအဆုံးနီးပါး မှတ်မိသလောက်ပြန်ရေးပြခဲ့မိပါတယ်။ အတိအကျကြီး မဟုတ်ပေမယ့် ဇာတ်ကြောင်းအကုန်နီးပါး ရေးမိသွားတယ်။ အခုရေးပြခဲ့ **The Reader** ဇာတ်ကားဟာ ကျနော်အင်မတန်ကြိုက်ခဲ့ဖူးတဲ့ ဒရာမာရုပ်ရှင်တွေဖြစ်တဲ့ **The English Patient** တို့ **Atonement** တို့လို ဇာတ်ကားတွေနဲ့မတူ တမူကွဲလွန်းပါတယ်။ အထူးသဖြင့် ဇာတ်လမ်းသွားဟာ ပုံမှန်မဟုတ်ပါဘူး။ အငြင်းပွားဖွယ်ရာ ကာရိုက်တာတွေနဲ့ဖွဲ့စည်းထားပီး အဓိက ဇာတ်ကောင်၂ယောက်ရဲ့ ဆက်ဆံရေးဟာ လူမှုအသိုက်အဝန်းက လက်မခံတဲ့ အချစ်ရေးမျိုးဖြစ်နေပါတယ်။ ညစ်ညမ်းတယ်လို့ ထင်ရတဲ့ ပြကွက်တွေဟာ ပိရိသတ် ကျနော့် နှလုံးသွေးကို ပွက်ပွက်ဆူစေပါတယ်။ ၁၉၂၂ခုနှစ်မှာ မွေးတဲ့ ဟန်နာရှမစ် ဟာ ၁၉ ၅၉ ခုနှစ်၊ မိုက်ကယ်ဘာ့ဂ်နဲ့ ချစ်ကြိုးသွယ်တဲ့ အချိန်မှာ အသက်၃၆နှစ်ရှိတဲ့ သက်လတ်ပိုင်းမိန်းမဖြစ်နေပါပီ။ မိုက်ကယ်ဟာ ၁၅နှစ်အရွယ် ချာတိတ်လေးပါ။ အသက်မပြည့်သေးတဲ့ ချာတိတ်ကို ကျုံးသွင်းဖျက်ဆီးတယ်လို့ ဥပဒေအရကော လူမှုပတ်ဝန်းကျင်ကပါ သတ်မှတ်ပါလိမ့်မယ်။ ဘိုလိုဆိုရင်

bizarre relationship လို့ ပြောရမယ်ထင်တယ်။

ဒါပေမယ့် အဲ့ဒီအချက်ကို ရုပ်ရှင်ကား စကြည့်မိတာနဲ့ ကျနော်မတွေးမိတော့ပါဘူး။

ကျနော်ဟာ မိုက်ကယ်ဖြစ်သွားတယ်။ ၁၅နှစ်အရွယ် ချာတိတ်ရဲ့ အသွေးအသားတွေဟာ ဘယ်လိုဖြစ်နေတတ်သလဲဆိုတာ အဲ့ဒီအရွယ်ကို ဖြတ်သန်းဖူးတဲ့လူတိုင်းသိပြီးသားပဲ။ ချို(ဂျို)သွေးပြီး ခတ်ကွင်းပြင်နေတဲ့ နွားရိုင်းပေါက်စလေးပေါ့။ ဟန်နာရှမစ် ဆိုတဲ့ မိန်းမကကော.. အသက် ၃၆နှစ်ဆိုတာ အစွမ်းကုန်ပွင့်လန်းနေတဲ့ နေကြာပန်းပွင့်ပဲ။ မိန်းမတစ်ယောက်ရဲ့ အလှအပဆုံး အဆူအဖြိုးဆုံးအချိန်ပဲ။ အဲ့ဒီကွာဟနေတဲ့ အရာ၂ခုဟာ အင်မတန် စပ်ဟပ်နေတယ်။(ကျနော်ဒီ့ထက်ပိုပြီး မပြောရဲတော့ဘူး ကိုယ့်ဖာသာတွေးကြည့်ကြပါ)

ရုပ်ရှင်ထဲက မိုက်ကယ်နဲ့အတူ မမဟန်နာရဲ့ ခြေအိတ်ဝတ်ဟန်ကို ချောင်းကြည့်ပြီး ရင်တုန်တယ်။ ပေါင်တံလှလှကိုမြင်ပြီး တံတွေးမျိုချမိတယ်။ ဆတ်ကနဲ သူခိုးဖမ်းတဲ့ အကြည့်နဲ့ လှမ်းကြည့်တဲ့ အဝါရောင် ဆံနွယ်အတွန့်တွေနဲ့ မမဟန်နာရဲ့ လှပကျော့ရှင်းတဲ့ဟန်ပန်လေး။ ရေချိုးဇလားနား လာရပ်တဲ့ မမဟန်နာရဲ့ အဝတ်မဲ့တဲ့ ကိုယ်လုံးအိအိဖြိုးဖြိုးကို အမြင်မှာ အသက်တောင် မရှုနိုင်တော့လောက်အောင်ဖြစ်ပြီး ဟာကနဲ စိတ်ထဲကအော်မိတယ်။

ဒါပေမယ့် သံသယ ဖြစ်ဖွယ် အချက်တွေကို စတွေ့ရတယ်။

ဥပမာ .. မိုက်ကယ်က ကျေးဇူးတင်စကားလာပြောရင်း နေမကောင်းဖြစ်လို့ အိပ်ယာထဲ လှဲနေရပေမယ့် စာအဖတ်မပျက်ကြောင်း ပြောတဲ့အခါ ဟန်နာရှမစ် ရဲ့ မျက်နှာမှာ အရိပ်တစ်မျိုးဖြတ်ပြေးသွားတယ်။ မိုက်ကယ် စာဖတ်ကြောင်းသိသွားပြီး စိတ်ဝင်စားသွားတယ်လို့ထင်တယ်။ ချက်ချင်းပဲ အလုပ်သွားဖို့ ပြင်တယ် .. အဝတ်လဲပြတယ်။ မိုက်ကယ် ချောင်းကြည့်လိမ့်မယ်မှန်းသိသိနဲ့။ လူပျိုပေါက်ကလေးရဲ့ စိတ်ဆင်ရိုင်းကို ကျုံးစသွင်းတယ်လို့ ယူဆရမယ်။ နောက်တော့ မီးသွေးကျုံးခိုင်းတယ်။ ရေချိုးခိုင်းတယ်။

ကတုန်ကယင်ဖြစ်နေတဲ့ အရိုင်းလေးကို အချစ်အရသာဘာလဲပြလိုက်တယ်။ သူ ဆင်ထားတဲ့ အကွက်ထဲ ရောက်လာမှ စာအကြောင်းပေအကြောင်းစကားစတယ်။ စာဖတ်ပြခိုင်းတယ်။ စာဖတ်ပြရင် ငါနဲ့ချစ်ရမယ်ဆိုပြီး အပေးအယူ(မသိမသာ)လုပ်တယ်။ ရုပ်ရှင်ကြည့်ပိရိသတ် ကျနော်ဟာ အဲ့ဒါတွေကို အသေချာ သတိမထားပါ။ မိုက်ကယ်နေရာက ဝင်ခံစားပြီး ပျော်နေပါတယ်။ ကမ္ဘာကျော်စာအုပ်တွေဖတ်ပြတယ် တူတူပျော်တယ် ငိုတယ် ရန်ဖြစ်တယ် အဆုံးကျရင် တစ်တစ်ရစ်ရစ် မမဟန်နာလေးနဲ့ ချစ်ပွဲဝင်ရမယ်။ ဒါပါပဲ။

ဇာတ်ကွက်တချို့မှာ မသိမသာပြထားတာတွေရှိတယ်။ ဟန်နာရှမစ် ဟာ ဒေါသကြီးတယ် မိုက်ကယ်နဲ့ဆက်ဆံရေးမှာ သူကချည့်ပဲ လွှမ်းမိုးနေတယ်။ မလျော်ကန်တဲ့ ဆက်ဆံရေးတစ်ခုဖြစ်ပေမယ့်လို့ ဓာတ်ရထားပေါ်မှာ သူ့ကိုတိုက်ရိုက်မခေါ်ပဲ လာချောင်းကြည့်တဲ့ မိုက်ကယ့်ကို ဒေါသတကြီးရန်တွေ့တာမျိုး (မင်းငါ့ဆီ သတ္တိရှိရှိ မလာရဲပဲ ခိုးကြောင်ခိုးဝှက်လာမချောင်းနဲ့ကွာ ငါမင့်ကို ရထားပေါ်မှာ ဗလက္ကာယ ပြုမှာမို့လားလို့ အော်တာမျိုး) မိုက်ကယ်ဟာ အသက်ကြီးတဲ့ မိန်းမတစ်ယောက်နဲ့ ချစ်မိနေတာကို ရှက်ရွံ့နေပြီး သူမ ကို ပေါ်ပေါ်တင်တင် မချစ်ဝံ့တာကိုလည်း ဟန်နာ ဟာ သိနေတယ်။

အဆုံးတနေ့မှာ ဟန်နာရှမစ် ထွက်ပြေးပျောက်ဆုံးသွားတဲ့ အခါ မိုက်ကယ်ဟာ အထက်ကပြောတဲ့ မှုမမှန်တဲ့ အချစ်ရေးကြောင့် သူမ အသိအမှတ်အပြုမခံရတာကြောင့် နာကျည်း ရှောင်တိမ်းသွားရှာတယ်လို့ ထင်နေခဲ့တယ်။

တရားခွင်မှာ တရားခံ ဟန်နာရှမစ် အဖြစ်ပြန်တွေ့ရတဲ့ အခါ မိုက်ကယ်ဟာ ယူကြုံးမရဖြစ်တယ်။

မိမိတရားခံအဖြစ်နဲ့ လေ ျှာက်လှဲချက်ပေးနေရတာတောင် ကိုယ့်ကိုယ်ကို ဘာပြောနေမှန်း(တရားခွင်မှာ ဘာတွေဖြစ်နေမှန်း)သေချာမသိတဲ့ အသက်၄၀စွန်းစွန်း ခပ်အအ အမျိုးသမီးအဖြစ်ပြန်မြင်ရတာ နာကျင်ရတယ်။ နောက်ဆုံး မမဟန်နာလို့ သူသိခဲ့တဲ့ အမျိုးသမီးဟာ စာမတတ်ကြောင်း သိလိုက်ရတဲ့အခါ မိုက်ကယ် စိတ်တွေလွန်ဆွဲနေခဲ့တယ်။ အမှုတွေပုံချခံနေရတာတောင် စာမတတ်ကြောင်းဖုံးထားတဲ့ မိန်းမ။ အနည်းဆုံးတော့ သူမ တစ်ယောက်ထဲ မှာသာ တာဝန်ရှိတာမဟုတ်ကြောင်းပြနိုင်ခဲ့သော် လေ ျှာ့ပေါ့တဲ့ ပြစ်ဒဏ်ရနိုင်ချေရှိတယ်။ (ကျန်တဲ့ တရားခံအမျိုးသမီးတွေ ၄နှစ်ကျော်လောက်ပဲ ထောင်ဒဏ်ခံရတယ်)

ဟန်နာရှမစ်နဲ့ ထောင်ထဲမှာတွေ့ဖို့ ကြိုးစားပေမယ့် မိုက်ကယ် စိတ်ပြောင်းသွားတယ်။ မတွေ့ဘူး။ တရားသူကြီးကို ဟန်နာ စာမတတ်ကြောင်း သွားမပြောခဲ့ဘူး။ ဒီနေရာမှာ ကျနော်နားလည်သွားတာက မိုက်ကယ့် စိတ်ဟာ အင်မတန်ရှုပ်ထွေးတဲ့ အဆင့်ကိုရောက်နေပြီ။ အဲ့ဒီခေတ် အဲ့ဒီအခါက မျိုးဆက်၂ခုဟာ ပွတ်တိုက်မှုဖြစ်နေတဲ့ ခေတ်ကာလဖြစ်နေတယ်။ အရင်မျိုးဆက်ဟာ နာဇီဝါဒကို မျက်ကွယ်ပြု အားပေးခဲ့တယ် လို့ မိုက်ကယ်တို့ မျိုးဆက်က အပြစ်တင်နေတဲ့ကာလ။ မိုက်ကယ့်အတန်းဖော် ဥပဒေကျောင်းသားတွေဟာ သူတို့ သွားလေ့လာနေတဲ့ တရားခွင်က နာဇီမတွေကို အင်မတန်ရွံရှာစက်ဆုပ်နေတယ်။ တရားခံမ ဟန်နာရှမစ် ကို တရားခွင်မှာ ငေးငေးပြီး အမူအရာပျက်နေတဲ့ မိုက်ကယ့်ကို သူတို့ရိပ်မိသလိုဖြစ်နေတယ်။ အဲ့ဒါဟာ မိုက်ကယ့်အတွက် ရှက်စရာကြီးပဲ။ မင်း နာဇီမကြီးနဲ့ ဖြစ်ဖူးတယ်ဟုတ်လားလို့ လူသိမှာ ကြောက်တယ်။ ကျနော်နားလည်တာ အဲ့လိုပဲ။

ဒုတိယတစ်ချက်က နှုတ်ဆက်စကားတစ်ခွန်းတောင် မဆိုပဲ သူ့ကို ချန်ထားခဲ့တယ်ဆိုတဲ့ နာကျည်းမှု။

အရွယ်မရောက်သေးတဲ့ သူ့ကို သွေးသားဆန္ဒဖြေဖျောက်ရုံသက်သက်ကစားသွားခဲ့တယ်။ ချာတိတ်လေး ငါ့မှာတော့ အရှုံးအမူးကျန်ရစ်ခဲ့ရတယ်ပေါ့။ အဲ့ဒီ စိတ်တွေအကုန်လုံးကြောင့် မိုက်ကယ်ဟာ အစေးကပ်သွားခဲ့တယ်လို့ ယူဆရတယ်။ (တက္ကသိုလ်က အတန်းဖော်ကောင်မလေးနဲ့ လိင်ဆက်ဆံတဲ့ ပြကွက်၊ ကိုယ့်အခန်းကိုယ်ပြန်အိပ်တဲ့ ပြကွက်)

နောက်နောင်မှာ မိုက်ကယ့်ဘဝဟာ အဲ့ဒီစိတ်ဒဏ်ရာတွေကြောင့်ပဲ အိမ်ထောင်ရေးမအောင်မြင် ပြိုကွဲ၊ ဘပြကီးကို တစ်ယောက်ထဲ အေးတိအေးစက်အထီးကျန်ဆန်ဆန်ဖြတ်နေတဲ့ သူဖြစ်သွားခဲ့ရတယ်လို့ ထင်တယ်။ ဥပမာ ဇာတ်လမ်းအဖွင့်မှာ ပြတဲ့ ဘယ်သူမှန်းသိတဲ့ မိန်းမနဲ့အိပ်ပီး မနက်ဖက်မှာ အဲ့ဒီမိန်းမ ဖုတ်ဖက်ခါထပြန်သွားတဲ့ ပြကွက်မျိုး။

ထောင်ထဲက ဟန်နာရှမစ် ဆီကို အသံသွင်းတိတ်ခွေတွေပို့ပီး စာဖတ်ပြတဲ့ အခါ မိုက်ကယ်ဟာ မမဟန်နာကို ချစ်နေတုံးပဲလား ဆိုပီး ကြည်နူးရပြန်တယ်။

ဟိုးမားရဲ့ အိုဒက်ဆီ ဆိုတဲ့ မိုက်ကယ့်စာဖတ်သံကို ကြားလိုက်ရတဲ့ ဟန်နာရှမစ် အို..ကနဲဖြစ်သွားတဲ့ အခါ ကျနော့် ရင်ထဲ ဆစ်ကနဲဖြစ်သွားရတာမျိုး။ မျက်ရည်လည်ရွဲနဲ့ မိုက်ကယ့် စာဖတ်သံတွေကို နားထောင်နေတဲ့ ဟန်နာရှမစ် ကို ငေးရင်း ကျနော်လည်း အင်မတန်ဆွေးမြေ့ရတာမျိုး။ ခွေးကလေးနဲ့ အမျိုးသမီး စာအုပ်ကို ဖတ်ပြထားတဲ့ တိတ်ခွေလေးရတဲ့ အချိန်မှာ ဟန်နာရှမစ် ဟာ ငြိမ်သက်မနေတော့ပဲ ထောင်စာကြည့်တိုက်က စာအုပ်ကိုပြေးငှါးပီး စာဖတ်ဖို့ ကြိုးစားတဲ့ အခါ ပိရိသတ်ကျနော်ဟာ အံ့ဩ ဝမ်းသာတဲ့ ခံစားချက်မျိုးဖြစ်ရပြန်တယ်။

ဒါပေမယ့် ဟန်နာ့ စာအတိုလေးတွေကို ပြန်စာမရေးတဲ့ မိုက်ကယ့်ကို နားမလည်ပြန်ဘူး။

နောက်ဆုံး အခံစားရဆုံး ပြကွက်က ထောင်ထဲက ထမင်းစားခန်းမှာ ထောင်ကလွတ်ခါနီး ဟန်နာ့ကို မိုက်ကယ်က လာတွေ့တဲ့ အခန်း။ ဟန်နာရှမစ် ဆိုတဲ့ အဘွားကြီးအိုလေးဟာ ဘာကိုမေ ျှာ်လင့်နေသေးတာလဲ။ ငါ့ကို စာဖတ်ပြဦးမှာလားဆိုတဲ့ အဓိပ္ပါယ်ပါတဲ့ မေးခွန်းကို မိုက်ကယ်ဟာ ရှောင်ထွက်သွားတယ်။ မလှပတော့တဲ့ ဟန်နာရှမစ် ဆိုတဲ့ လူအိုနံ့နံနေတဲ့ ဆံပင်ဖြူ အဘွားကြီးကို မိုက်ကယ်ဟာ မသတီတော့ဘူးပေါ့။ ရွံရှာတယ်ပေါ့။ အတိတ်အကြောင်းတွေးမိသေးလားဆိုတာကို ..

မင်းနဲ့ငါ့ အတိတ်လား လို့ အဆောတလျင် ပြန်မေးတဲ့

ဟန်နာ့မျက်လုံးတွေထဲမှာ အချစ်အရိပ်အငွေ့တွေရယ်..

မဟုတ်ဘူး အဲ့ဒီအတိတ်မဟုတ်ဘူးလို့ ခါးခါးသီးသီး ပြန်ပြောတဲ့ မိုက်ကယ့်မျက်နာပေါ်က ရှက်ရွံ့နာကျင်မှုတွေရယ်။

ဟန်နာရှမစ် နားလည်သွားခဲ့ရတယ်။ တစ်ဘဝလုံး ဆွေမဲ့မျိုးမဲ့ တွယ်တာရာမဲ့ခဲ့တဲ့ စာမတတ်ပေမတတ်မိန်းမ အဲ့ဒီ နာဇီမကြီးရဲ့ တစ်ဦးတည်းသောတွယ်တာရာ တခါက ကလေးလို့ခေါ်ခဲ့ဖူးတဲ့ မိုက်ကယ်ဆိုတဲ့ ကောင်လေးရဲ့ ဘဝမှာ ဟန်နာရှမစ် မရှိတော့ဘူး။ ဘာကြောင့် သူ့ဆီ ပြန်စာတွေမရေးခဲ့တာလဲ သူနားလည်သွားခဲ့ရပြီ။ မေ ျာ်လင့်ချက်မဲ့သွားတဲ့ အကျဉ်းစံ နာဇီမကြီးဟာ သူ့ကိုမသတိတော့တဲ့ ကောင်လေး လာကြိုမှာကို မေ ျာ်မနေတော့ပါဘူးလေ။ ထောင်ကလွတ်မယ့်နေ့မှာပဲ ကိုယ့်ကိုယ်ကို အဆုံးစီရင်ပစ်လိုက်တယ်။ မိုက်ကယ်လာကြိုတာကိုစောင့်မနေတော့ဘူး။ နေပါစေတော့ ကလေးရယ် ငါ့ဖာသာအဝေးကို ထွက်သွားပါ့မယ်ပေါ့။

ဟန်နာနေသွားခဲ့တဲ့ အခန်းလေးထဲ မိုက်ကယ်ဝင်ကြည့်တော့ ချက်ကော့ဖ်ရဲ့ “ခွေးကလေးနဲ့အမျိုးသမီး” ဇာတ်လမ်းကို လက်ရေးနဲ့စာရွက်ပေါ်ချရေးပြီး နံရံမှာကပ်ထားတာတွေ့ရတယ်။ ဟန်နာ့ နောက်ဆုံးဆန္ဒအဖြစ်ရေးသွားခဲ့တဲ့စာထဲမှာ သူမ ချန်ရစ်ခဲ့တဲ့ ပက်ဆံအချို့ကို အကျဉ်းစခန်းမီးလောင်မှုက အသက်မသေကျန်ရစ်ခဲ့သူ အမျိုးသမီးကို လွှဲပေးစေလိုကြောင်း.. မိုက်ကယ့်ကို ဟလို လို့ နှုတ်ဆက်ခဲ့ကြောင်းနဲ့ အဆုံးသတ်ထားတယ်။ အဲ့ဒီစာကို ထောင်ဝါဒါ အမျိုးသမီးက ဖတ်ပြတဲ့ အခါ မိုက်ကယ်ဟာ ကလေးလေး တစ်ယောက်လို အော်ငိုတော့တာပဲ။

ကျနော်ကိုယ်တိုင်လည်း တောင့်ခံမထားနိုင်တော့ဘူး။ မျက်ရည်ကျရတယ်။

လူ့ဘဝမှာ လိင်ကိစ္စမပါသော်လည်းပဲ ဖြူစင်တဲ့ ချစ်ခြင်းမေတ္တာတစ်ခု ပြန်မရနိုင်တော့ဘူးလား။ ကံဆိုးမကြီး ဟန်နာရှမစ်ဟာ တစ်ဆယ့်ရှစ်နှစ်တိတိထောင်ထဲမှာ အသက်ရှင်နိုင်ခဲ့ပေမယ့် နောက်ဆုံးမှာ မေ ျာ်လင့်စရာမကျန်တော့ကြောင်းသေချာသွားတဲ့အခါ ဘဝကို အဆုံးသတ်ပစ်လိုက်တယ်တဲ့လားဗျာ။

ဒီရုပ်ရှင်ဟာ ကျနော့်ကို ပျော်ရွှင်စေခဲ့တယ်။ လိင်ပိုင်းဆိုင်ရာ စိတ်လှုပ်ရှားမှုကိုပေးခဲ့တယ်။ တုန်လှုပ်စေခဲ့တယ်။

နောက်ဆုံးမှာ ကျနော့် နှလုံးသားကို ထုခွဲချေမွသွားခဲ့တယ်။ လူတစ်ယောက်ဟာ မေ ျာ်လင့်ချက်ရှိနေသ၍ အသက်ဆက်ရှင်သန်ချင်နေပေမယ့်လို့ ဘဝမှာ ဘာမှမကျန်တော့ပါလားလို့ သိလိုက်ရတဲ့ အချိန်မှာ လူ့လောကမှာ ဆက်လက်မရှင်သန်လိုတော့ကြောင်း

နားလည်ခံစားလိုက်ရတယ်။

လူဖြစ်ရတာ တန်လိုက်လေ လို့ ကျူးရင့်ချင်တဲ့ အခါတိုင်းမှာ **The Reader** ရုပ်ရှင် ဇာတ်ကားကို ကျနော် ကြည့်လေ့ရှိပါတယ်။

ကြည့်မိတိုင်း ကျနော် စိတ်လှုပ်ရှားမိပါတယ်။ ခွေးကလေးနဲ့ အမျိုးသမီး ဆိုတဲ့ ချက်ကော့ဖ်ရဲ့ စာအုပ်ကို ရုပ်ရှင်ကြည့်ပြီးတာနဲ့ ကောက်ဖတ်ဖို့ စာအုပ်စင်ပေါ်က ဆွဲချထားပြီး အသင့်ဘေးမှာချထားလေ့ရှိပါတယ်။ ဇာတ်ကား ဆုံးကာနီး ဇာတ်ကွက်တွေမှာ ကျနော် ငိုမိပါတယ်။ ကိစ္စမရှိပါဘူး။ ဘဝမှာ လူဖြစ်ရတာ တန်ကြောင်း ဒီရုပ်ရှင် ဇာတ်ကားက သက်သေပြနေတာပဲမဟုတ်လား။

ပါပီယွန်_ပယ်ရီပယ်ရီချစ်ကန်းပါပီယွန်_ခွေးကလေးနဲ့အမျိုးသမီး

"ခွေးကလေးနဲ့အမျိုးသမီး"

ဇာတ်လမ်းအဖွင့်မှာ သက်လတ်ပိုင်းအရွယ်ရောက်နေပြီဖြစ်တဲ့ မိုက်ကယ် ကိုမြင်ရတယ်။

ညက သူနဲ့အတူအိပ်ခဲ့ဟန်တူတဲ့ အမျိုးသမီးထွက်ခွါသွားချိန်မှာ ပြူတင်းပေါက်အပြင်ဖက်ကို မိုက်ကယ်ငေးတယ်။ ဂျုံးဂျုံးဂျက်ဂျက်မြည်သံပေးပြီး မီးတဖွဲဖွဲမှာ ခုတ်မောင်းသွားတဲ့ မြို့ပတ်ရထားကို ပြတယ်။ မြို့ပတ်ရထားထဲမှာ မိုးရေတွေစိုရွှဲနေတဲ့ ကောင်လေးတစ်ယောက်ပါသွားတယ်။ အဲ့ဒီကောင်လေးဟာ မိုက်ကယ် ပါပဲ။

ဇာတ်လမ်းနောက်ကြောင်းပြန်တယ်။ ၁၉ ၅၉ အနောက်ဂျာမနီက နွှိုင်းရှတတ် မြို့ကလေးမှာ မိုးတွေရွာနေတယ်။

အသက် ၁၅နှစ်အရွယ် မိုက်ကယ် ဆိုတဲ့ ချာတိတ်လေးဟာ နေသိပ်ကောင်းဟန်မတူဘူး။ ဓာတ်ရထားပေါ်ကဆင်းလာပြီး မိုးရေထဲမှာ ဒရီးဒရိုင်နဲ့။ အဆောက်အဦးအဟောင်းတစ်ခုရဲ့ အပေါက်ဝနားရောက်တော့ သူမဟန်နိုင်တော့ဘူး ထိုးအန်ချပစ်လိုက်တယ်။ နံရံကိုမှီထားရင်း ထပ်အန်ချတယ်။ အဲ့ဒီမှာ အမျိုးသမီးတစ်ယောက်ရောက်လာပြီး သူ့ကို ဆွဲထူတယ်။ အန်ဖတ်တွေကိုဆေးကြောပေးတယ်။ အားငယ်နေတဲ့သူ့ကို ဆွဲပွေ့ထူပြီးအားပေးတယ်။အိမ်ပြန်လိုက်ပို့ခဲ့တယ်။

လအနည်းငယ်ကြာပြီးတဲ့နောက် မိုက်ကယ် နေကောင်းလာတော့ သူ့အမေရဲ့ တိုက်တွန်းချက်အရ သူ့ကို အိမ်ပြန်ပို့ပေးခဲ့တဲ့ အမျိုးသမီးကို ကျေးဇူးစကားဆိုဖို့ ပန်းစည်းလေးနဲ့ပြန်သွားရှာတယ်။

အဆောက်အဦးအဟောင်းကြီးရဲ့ မှောင်ကြောင်ကြောင်လှေကားတွေအတိုင်းတက်သွားရင်း အမျိုးသမီးရဲ့ အခန်းထဲရောက်သွားတယ်။ ပန်းစည်းပေးရင်း ကျေးဇူးတင်စကားဆိုရင်း သူတို့စကားစမြည်ပြောကြတယ်။ နေမကောင်းဖြစ်လို့ အိပ်ယာထဲနားနေရပေမယ့် စာတော့အဖတ်မပျက်ကြောင်း မိုက်ကယ်ကပြောတော့ မီးပူတိုက်နေတဲ့ အဲ့ဒီအမျိုးသမီးရဲ့ မျက်နှာအမူအရာက တစ်မျိုးဖြစ်သွားတယ်။ ခဏနေတော့ မိုက်ကယ် က ပြန်တော့မယ်လို့နှုတ်ဆက်တယ်။

ခဏစောင့် ငါလည်းလိုက်မယ် အလုပ်သွားမလို့ .. အဝတ်လဲလိုက်ဦးမယ် အခန်းအပြင်ကစောင့်နေ လို့ အမျိုးသမီးက ပြောတယ်။

အိပ်ခန်းအပြင်က စောင့်နေတဲ့ ၁၅နှစ်သား ချာတိတ်လေး မိုက်ကယ်ဟာ မရည်ရွယ်ပဲ ချောင်းကြည့်မိတယ်။ ရွှေရောင်ဆံနွယ် အတွန့်အလိပ်တွေပိုင်ရှင် အသက်၃၀ကျော် ခပ်လှလှအမျိုးသမီးဟာ ကပိုကရိုနဲ့ ခြေအိတ်အရှည်ဝတ်နေတယ်။ ပေါင်တန်ဖြောင့်ဖြောင့်လှလှကို မြင်ရတဲ့ အခါ လူပျိုပေါက်လေး မိုက်ကယ့်ရင်ထဲ ဗလောင်ဆူသွားတယ်။ အဲ့ဒီအချိန်မှာ ခေါင်းငုံ့ပြီး ခြေအိတ်စွပ်နေတဲ့အမျိုးသမီး ဆတ်ကနဲ မိုက်ကယ့်ကိုလှမ်းကြည့်တော့ သူခိုးလူမိဖြစ်သွားရတယ်။ ရှက်ရွံ့ထိတ်လန့်စွာနဲ့ မိုက်ကယ် ထွက်ပြေးခဲ့တယ်။

နောက်ရက်တွေမှာမြို့ပတ် ဓာတ်ရထားပေါ် လက်မှတ်စစ်အဖြစ် အလုပ်လုပ်နေတဲ့ အမျိုးသမီးကို တိတ်တိတ်လေးသွားခိုးကြည့်ရင်း မိုက်ကယ်ရင်ခုန်တယ်။ သူမ နေတဲ့ အဆောက်အဦးအဟောင်းနား မယောင်မလည်သွားသွားလုပ်ရာက အလုပ်ကပြန်လာတဲ့ အမျိုးသမီးနဲ့ ပက်ပင်းတိုးတယ်။ အမျိုးသမီးဟာ ဘာမှမဖြစ်ခဲ့သလိုမျက်နှာခပ်မာမာနဲ့ မိုက်ကယ့်ကို တိုက်အခေါက်က မီးသွေးပုံးတွေ အခန်းထဲ သယ်ခိုင်းတယ်။ မီးသွေးမှုန်တွေ ပေတလူးပြီး ကြောင်ချေးရုပ်ပေါက်နေတဲ့ မိုက်ကယ့်ကို မြင်တော့ ဟက်ပက်ပက်ရယ်တယ်။ မင်းဒီပုံနဲ့ အိမ်ပြန်လို့မဖြစ်ပါဘူးလို့ပြောတယ်။ အဝတ်တွေအကုန်ချွတ်ခိုင်းတယ်။ ရေချိုးဇလားထဲ ဝင်ထိုင်ပြီး ရေချိုးခိုင်းတယ်။

ရေချိုးဇလားထဲက အဝတ်မဲ့ ချာတိတ်လေးမိုက်ကယ်ဟာ သူ့အဝတ်တွေကိုလှန်းပေးနေတဲ့ အမျိုးသမီးကိုချောင်းကြည့်ရင်း ရင်ဖိုလှိုက်မောနေတယ်။

အဝတ်လှန်းရာက ပြန်လာတဲ့ အမျိုးသမီးက ရေသုတ်ဖို့ ပုဝါ လာအပေးမှာ ရေချိုးဇလားထဲ ပက်လက်လှန်နေတဲ့ မိုက်ကယ် ထိတ်လန့်တုန်လှုပ်သွားရတယ်။ သူမ အဝတ်တွေဝတ်မထားတော့ဘူး။

ကျောပေးထားရင်း ရှက်ရွံ့နေတဲ့ မိုက်ကယ်ကို အနောက်ကနေသိုင်းဖက်ရင်း သူမ မေးတယ်။

မင်းဒီကို ဒါကြောင့်ပြန်လာတာမလား တဲ့

ပြောပြောဆိုဆိုနဲ့ ဆွဲလှည့်ပြီး မျက်နှာချင်းဆိုင်ခိုင်းတယ်။

မိုက်ကယ်က ကတုန်ကယင်နဲ့ ခင်ဗျားက အရမ်းလှတာကိုး လို့ပြန်ဖြေတယ်။

မင်းဘာတွေ ဘာတွေပြောနေတာလဲ.. ငါ့ကို ကြည့်စမ်းပါ ကလေးရယ် လို့ သူမ အပြောမှာ မိုက်ကယ်ဟာ ချုပ်တီးနိုင်စွမ်းမရှိတော့ဘူး....

အဲ့ဒီနေ့က မိုက်ကယ် အိမ်အပြန်နောက်ကျလို့ အဆူခံရတယ်။

ညစာထမင်းဝိုင်းမှာ အဆူခံနေရတဲ့ မိုက်ကယ်ဟာ မျက်လုံးထဲ သူနဲ့ဟိုအမျိုးသမီး ချစ်ပွဲဝင်ခဲ့တာတွေပဲ ပြန်မြင်ယောင်ပြီး ခပ်တည်တည်နဲ့ ကျနော် နေကောင်းပြီ နက်ဖန်ကစပြီး ကျောင်းပြန်တက်တော့မယ်လို့ မိဘတွေကိုပြောလိုက်တယ်။

နောက်နေ့တွေမှာ မိုက်ကယ်ကျောင်းကလစ်ထွက်တယ်။ အဆောက်အဦးအဟောင်းကြီးဆီကို ပြေးတယ်။ အလုပ်က ပြန်လာတဲ့ အမျိုးသမီး အိမ်ပြန်အရောက်နဲ့ ကွက်တိပဲ။

၂ယောက်သား ဒရေသောပါး အဝတ်တွေချွတ်ပစ်တယ်။ စကားတွေများများအရင်မဆိုကြဘူး။ စိတ်လှုပ်ရှားစွာနဲ့ ချစ်ကြတယ်။ သူမ ဟာ အချစ်မှော်ဆရာမကြီး။ ချာတိတ်လေး မိုက်ကယ်ကို အချစ်လမ်းညွှန်ပေးတယ်။ ချစ်စခန်းဖွင့်အပြီးမယ် မိုက်ကယ်က သူမ နာမည်ကိုမေးတယ်။ မင်းဘာလုပ်မလို့လဲလို့ ပြောရင်းပြန်ဖြေတယ်။ သူမနာမည်က ဟန်နာရှမစ် တဲ့။ မမဟန်နာပေ့ါ။ မိုက်ကယ်ရဲ့ တိတ်တခိုးအချစ်ဦး မမဟန်နာ။

နောက်ရက်နောက်ရက်တွေမှာ မိုက်ကယ် ကျောင်းက လစ်တုံးပဲ။ မမဟန်နာနဲ့ အရှူးအမူးချစ်တယ်။ အိပ်ယာပေါ် လှဲနေကြရင်း မမဟန်နာက မေးတယ်။ မင်းကျောင်းမှာ ဘာတွေသင်နေတာလဲတဲ့။ မိုက်ကယ်က လာတင် ဘာသာနဲ့ စာနည်းနည်းရွတ်ပြတယ်။ သိပ်လှတယ်ကွာလို့ မမဟန်နာကပြောရင်း ပြုံးနေရော။ သိပ်လှတယ်လို့ ပြောရအခေါင် မမ ကဖြင့် နားလည်းမလည်ပဲနဲ့လို့ ပြန်ပြောရင်း မိုက်ကယ်က တစောင်းလှဲအိပ်နေတဲ့ သူ့မမရဲ့ တင်ပါးချောချောမွတ်မွတ်ကို နမ်းတယ်။

ဂျာမန်လိုကော ဘာတွေသင်နေတာလဲ တဲ့ ..

အင်မီးလီးယား ဂါလောတီ ဆိုတဲ့ ပြဇာတ် ဖတ်ကြည့်ပါလား လို့

မိုက်ကယ်က ပြောရင်း စာအုပ်ကိုထိုးပေးတော့ မမဟာန်နာက ဟင့်အင်း မမ ကိုဖတ်ပြတဲ့။ ပြဇာတ်ဖတ်ပြနေတဲ့ မိုက်ကယ့်ကို မမဟာန်နာက ပြုံးပြုံးလေးငေးရင်း ကြောင်ကလေးတစ်ကောင်လို ငြိမ်သက်စွာနားထောင်နေခဲ့တယ်။

သူတို့၂ဦးရဲ့ တိတ်တခိုးအချစ်ဇာတ်လမ်းဟာ သာမန်နဲ့မတူ အနည်းငယ်ထူးခြားတယ်။

မမဟာန်နာဟာ အရာရာကို သံသယနဲ့ကြည့်တတ်ပီး တခါတခါမှာ ဒေါသကြီးတယ်။ ဥပမာ သူမ အလုပ်လုပ်နေတဲ့ ဓာတ်ရထားပေါ် မိုက်ကယ်ရောက်သွားပီး လာခိုးကြည့်တာကို မြင်သွားတဲ့အခါ.. အိမ်ပြန်အရောက်မှာ ပြသနာတက်တယ်။

မင်း ငါ့ကို ဘာလို့လာချောင်းကြည့်ရတာလဲဆိုပီး ဒေါသူပုန်ထတယ်.. (ဘာလို့ ငါ့ဆီတိုက်ရိုက်မလာပဲ လာချောင်းရတာလဲပေါ့) မိုက်ကယ်က ညှိုးငယ်စွာနဲ့ ကျနော် မမကို စိတ်ပျက်အောင် တမင်လုပ်တာမဟုတ်ပါဘူးဗျာ လို့ ပြန်ပြောတော့ ရေချိုးဖို့ပြင်နေတဲ့အဝတ်ဗလာနဲ့ မမဟာန်နာက မိုက်ကယ့် အနားပြေးလာပီးအော်တယ်။ မင်းငါ့ကို စိတ်ပျက်အောင် မလုပ်နိုင်ဘူး ဆိုတာ မြဲမြဲမှတ်ထားလိုက်။ မင်းအဲ့လောက်အဆင့်မရှိဘူးကွတဲ့။ ချာတိတ်လေး မိုက်ကယ် အင်မတန်ဝမ်းနည်းသွားရတယ်။ အခန်းအပြင်ထွက်ပီး မျက်ရည်ကျရတယ်။ ငိုလို့အားရတဲ့ အခါ အခန်းထဲပြန်ဝင်ပီး ရေချိုးဇလားထဲ ရေစိမ်နေတဲ့ မမဟာန်နာကို မေးတယ်။ ခုနက ပြောတာ တကယ်လားမမရာတဲ့။ ကျနော်က မမအတွက် ဘာမှမဟုတ်ဘူးလားတဲ့။

မမကျနော့်ကို ခွင့်လွှတ်တယ်မလား။ ကျနော့်ကိုချစ်တယ်မလား.. အဲ့လိုတွေ မိုက်ကယ်က မေးတဲ့အခါ မမဟာန်နာက စိတ်ရှုပ်နေတဲ့ ဟန်နဲ့စိုက်ကြည့်ရင်း ခေါင်းငြိမ့်ပြတယ်။

ရေချိုးပီးစီးလို့ မမဟာန်နာ ဆံပင်ကပိုကရိုတွေကို ခြောက်အောင်သုတ်နေတဲ့ အချိန် မိုက်ကယ်က ထုံးစံအတိုင်း ချစ်ခန်းဖွင့်ဖို့အဝတ်တွေချွတ်တယ်။

မင်းဘာစာအုပ်ပါလာလဲတဲ့

ဟိုးမားရဲ့ အိုဒက်ဆီ လို့ပြန်ဖြေတော့..

ကောင်းပီ ငါတို့ အစီအစဉ်ပြောင်းတယ် မမကိုစာအရင်ဖတ်ပြ ပီးမှ ချစ်ကြမယ် တဲ့

မိုက်ကယ်က အိုဒက်ဆီကိုဖတ်ပြ မမဟာန်နာက မီးဖိုချောင်ထဲ အလုပ်လုပ်ရင်းနားထောင် ..စာဖတ်ပြနေတဲ့ မိုက်ကယ့်ကို မွှေးမွှေးပေး.. အဲ့လိုနဲ့

အဆင်ပြေန်ပြေသွားကြရော။

အဲ့ဒီလိုနဲ့ နေ့တွေရက်တွေ ကုန်လွန်ခဲ့ကြပြန်တယ်။ မိုက်ကယ် စာဖတ်ပြတယ်။ ဖတ်ပြတဲ့ ဇာတ်လမ်းပေါ်မူတည်ပြီး မမဟာန်နာက ငိုတယ်.. ရယ်မောတယ်.. တခါတလေ စိတ်ဆိုးတယ်.. ဥပမာ ရေချိုးဇလားထဲ တူတူရေစိမ်ကြရင်း လေဒီချတ်တလေ၏ ချစ်သူ စာအုပ်ကိုဖတ်ပြတဲ့အခါ မမဟာန်နာက စိတ်ဆိုးတယ်။ ရွံစရာကောင်းတဲ့ ညစ်ညမ်းစာအုပ်ကြီးတဲ့။ ဒါပေမယ့် ဆက်ဖတ်စမ်းကွာတဲ့။

တရက်မှာ သူတို့ချယောက် စက်ဘီးကိုယ်စီနဲ့ အပျော်ခရီးထွက်ကြတယ်။

ကျေးလက်ဒေသတခွင်ကို စက်ဘီးနဲ့လေ ချာက်နင်းကြရင်း စားသောက်ဆိုင်တစ်ခုမှာ ထိုင်တော့ မမဟာန်နာက မီနူးကိုကြည့်ရင်း မိုက်ကယ်မှာတာပဲ စားမယ်လို့ပြောတယ်။ ဘေးဝိုင်းက ကျောင်းသားလေးတွေ မီနူးကဒ်ကိုဖတ်ရင်း ငြင်းခုန်နေတာကိုငေးတယ်။ စားသောက်ပြီး ပက်ဆံရှင်းတော့ ဆိုင်ရှင် အန်တီကြီးက မိုက်ကယ့်ကိုပြောတယ် မင့်အမေလေးတဲ့။ မိုက်ကယ်က ခပ်တည်တည်ပဲ သူ့ကိုရပ်စောင့်နေတဲ့ မမဟာန်နာဆီလေ ချာက်သွားပြီး မွတ်မွတ်သိပ်သိပ်နမ်းပြပစ်လိုက်တဲ့ အခါ ဟို အန်တီကြီးရှက်သွားရော။

ခရီးဆက်ကြရင်း တနေရာအရောက်မှာခဏနားကြတော့ မမဟာန်နာဟာ ဘုရားရှိခိုးကျောင်းအိုလေးထဲက နောက်ဆုံးခုံတန်းမှာ ဝင်ထိုင်တယ်။

ကလေးတွေရဲ့ ဓမ္မတေး သံပြိုင်ဆိုနေသံကို နားထောင်ရင်း မျက်ရည်လည်ရွဲနဲ့ မိုက်ကယ့်ကိုပြုံးပြတယ်။ အဲ့ဒီက ထွက်လာတော့ မမဟာန်နာက စမ်းချောင်းလေးထဲမှာ ရေကူးတယ်။ မိုက်ကယ်က ကမ်းပါးမှာထိုင်ရင်း မမအတွက် ကဗျာတစ်ပုဒ်ရေးခဲ့တယ်။

သူတို့ချယောက်ရဲ့ ချစ်ခရီးက တစ်နွေလုံးကြာခဲ့တယ်။

အဆင်ပြေသလားမေးရင် မမဟာန်နာက တခါတခါမှာ မိုက်ကယ့်ကို လွှမ်းမိုးလွန်းတယ်။ ဒေါသတကြီး အော်ဟောက်တယ်။ ပါးချတယ်။ ဒါပေမယ့်ကလေးလေးတစ်ယောက်လို ရေချိုးပွတ်တိုက်သန့်စင်ပေးပြီး ချစ်ပြ ဂရုစိုက်ပြပြန်ရော။ စာဖတ်ခိုင်းတယ်။ ပြီးရင် အရူးအမူးချစ်ပွဲဝင်ကြပြန်တယ်။

တနေ့မှာ မိုက်ကယ် တစ်ယောက် မမဟာန်နာ့အခန်းဆီအရောက် ဗလာကျင်းနေတဲ့ အခန်းလွတ်ကိုသာရှာတွေ့ခဲ့တယ်။

မမဟာန်နာ ပျောက်ဆုံးသွားခဲ့ပြီ။

(ဇာတ်ဝင်ခန်းတနေရာမှာ ဟန်နာရှမစ်ကို အလုပ်ကြီးစားလို့

လက်မှတ်စစ်ရာထူးကနေ မြို့ပတ်ဓာတ်ရထားမောင်းသူရာထူး တိုးပေးလိုက်ပီဖြစ်ကြောင်းပြထားတယ်)

မမဟာန်နာပျောက်ဆုံးသွားပီး ၇နှစ်အကြာမှာ ဟိုက်ဒင်ဘတ်ဂ် ဥပဒေကျောင်းမှာ မိုက်ကယ်ဟာ ဥပဒေအထူးပြုကျောင်းသားဖြစ်နေပီ။

တကက္ကသိုလ်က သူ့ပရော်ဖက်ဆာ လုပ်သူဟာ နာဇီခေတ်ကို အထူးစိတ်ဝင်စားသူဖြစ်တယ်။ စစ်ကြီးအတွင်းက ကျူးလွန်ခဲ့တဲ့ စစ်ရာဇဝတ်မှုတွေအတွက် ဂျာမန်လူမျိုးတွေရဲ့ အပြစ်မကင်းတဲ့ ခံစားချက်တွေအကြောင်း လေ့လာတယ်။ မိုက်ကယ်နဲ့အတန်းဖော်ခေတ်ပြိုင်တွေဟာ သူတို့မိဘတွေ မျိုးဆက်ရဲ့ နာဇီခေတ်က ဖြတ်သန်းမှုတွေကို မကျေနပ်ဟန်ပြထားတယ်။ တရက်မှာ ပရော်ဖက်ဆာ ဦးဆောင်ပီး သူတို့ တစ်တန်းလုံး နာဇီစစ်တရားခံတစ်စုရဲ့ တရားစီရင် ကြားနာမှုတစ်ခုကို သွားရောက်လေ့လာကြတယ်။

မင်းဟာ ၁၉ ၂၂ခုနှစ် ဟာမန်းရှတတ် မှာ မွေးတဲ့ ဟာန်နာရှမစ် ဟုတ်ပါသလား ဆိုတဲ့ တရားသူကြီးရဲ့ မေးခွန်းထုတ်သံကိုကြားတဲ့ အခါ မိုက်ကယ် တုန်လှုပ်သွားတယ်။

နှစ်ပေါင်းများစွာ ထွက်ပြေးပုန်းရှောင်သွားတဲ့ မမဟာန်နာ ကို နာဇီစစ်တရားခံအဖြစ်နဲ့ တရားခွင်မှာ ပြန်မြင်ရပီ။

ဘာလင်မြို့က ကမ္ဘာကျော် ဇီးမန်းစက်ရုံမှာ အလုပ် လုပ်နေရာက နာမည်ဆိုးနဲ့ ကျော်ကြားတဲ့ နာဇီ အက်စ်အက်စ် တပ်ဖွဲ့ကို ဝင်သွားခဲ့တဲ့ ဟာန်နာရှမစ်..

မင့်သဘောနဲ့မင်းဝင်ခဲ့တာလား ဆိုတာကို ဟုတ်တယ်လို့ အစစ်ခံတယ်

ကမ္ဘာကျော် အော့ဇ်ဝစ်ရှ် အကျဉ်းစခန်းမှာ အစောင့်လုပ်ခဲ့တယ် နောက်တော့ ကရာကော နားက အသေးစား အကျဉ်းစခန်းကိုပြောင်းတယ် ဟုတ်ပါသလားဆိုတာကို ဝန်ခံတယ်

ကြားနာမှု က အပြန်မှာ မိုက်ကယ်ဟာ ဆောက်တည်ရာမရတော့ဘူး။ တခါက သူအင်မတန်ချစ်ခဲ့ရသူ ခပ်ချောချော အမျိုးသမီးဟာ ကမ္ဘာကျော် မျိုးဖြုတ်သုတ်သင်မှုကြီးထဲ ပါဝင်ခဲ့ဖူးတဲ့ နာဇီတရားခံတစ်ယောက်တဲ့လား။

နောက်ထပ်ရုံးချိန်းတွေမှာ အစွပ်စွဲခံနာဇီတရားခံအမျိုးသမီး ၆ယောက်ထဲက ဟာန်နာရှမစ် ဟာ အဓိကနေရာက အစစ်ဆေးခံရတယ်။

လစဉ်လတိုင်း အကျဉ်းသားအသစ်တွေအတွက် နေရာမရှိတဲ့ အတွက်

အကျဉ်းသားဟောင်းတွေကို သုတ်သင်ဖို့ လူရွေးထုတ်တဲ့ အခါ သူမတို့ အစောင့်ဖြယောက်ကရွေးထုတ်ပေးရကြောင်း ဝန်ခံတယ်။

(ကျန်တဲ့ အမျိုးသမီးတွေက ငြင်းတယ်) အရွေးခံ အကျဉ်းသားတွေ အသတ်ခံရတော့မှာ မင်းသိတယ်မလားလို့ တရားသူကြီးက မေးတဲ့ အခါ ဟန်နာရှမစ် က တရားသူကြီးမင်းဆိုရင်ကော ဘာလုပ်မလဲလို့ ခပ်မာမာပြန်ချေပတယ်။ (မပါးနပ်ဘူး ခပ်ရိုးအအ ရယ်)

နောက်ထပ်စွဲချက်တစ်ခုက ရပ်ရှားတွေရဲ့ ဗုံးဒဏ်ကြောင့် အကျဉ်းသားတွေနဲ့ အတူ ပုန်းရှောင်ရတဲ့ တည့်မှာ ရွာလေးတစ်ရွာကို သူတို့ရောက်သွားတယ်။ အကျဉ်းသား အမျိုးသမီးတွေကို ချာ့ချ်ကျောင်းထဲထည့်ပြီး သော့ပိတ်ထားခဲ့တယ်။ ညဖက် ဗုံးကြဲခံရတဲ့ အခါ အကျဉ်းသူ၃၀၀ထည့်ထားခဲ့ ချာ့ချ်ကျောင်းမီးလောင်တယ်။ အစောင့်တွေက သော့မဖွင့်ပေးဘူး။ အကုန်မီးလောင်ခံရပြီး သေဆုံးတယ်။ အဲ့ဒီအမှုမှာလည်း ဟန်နာရှမစ် ဟာ အဓိက တာဝန်ရှိသူလို့ အစွပ်စွဲခံရတယ်။ အက်စ်အက်စ်တပ်ဖွဲ့ရဲ့ ရပို့ ကို ရုံးတော်မှာ တင်ပြတဲ့ အခါ လက်မှတ်ထိုးထားတာ ဟန်နာရှမစ် ဖြစ်နေတယ်။ ဘာဖြစ်လို့ တံခါးသော့ မဖွင့်ပေးတာလဲ လို့ တရားသူကြီးက မေးတာကို ဟန်နာရှမစ် က တာဝန်အရ အကျဉ်းသားတွေ လွတ်မြောက်ခွင့်ပေးလို့မရဘူးလို့ အစစ်ခံတယ်။ လွတ်သွားရင် မင်းကို အက်စ်အက်စ်အဖွဲ့က ဒဏ်ခတ်လိမ့်မယ်ပေါ့ ဟုတ်သလားလို့ မေးတာကို ပါးပါးနပ်နပ်မဖြေတတ်ဘူး။ တရားသူကြီးမင်းသာ ကျမနေရာမှာဆို ဘာလုပ်မလဲပဲထပ်ပြောပြန်တယ်။

အကျဉ်းသားတွေထဲက မသေပဲကျန်ရစ်သူ သားအမိရဲ့ အစစ်ခံချက် အရ ဟန်နာရှမစ် ဟာ တစ်မူထူးခြားနေတယ်။ အကျဉ်းသူ ကလေးမလေးတွေကို အနားခေါ်ထားပြီး စာအုပ်တွေ အမြဲဖတ်ပြခိုင်းတတ်တယ်တဲ့။

နောက်ဆုံး ရပို့ ကို ဘယ်သူရေးလဲ မေးတာကို ဟန်နာရှမစ် က ကျမတို့ တစ်ဖွဲ့လုံးတူတူရေးတာပါလို့ အစစ်ခံတယ်။ ကျန်တဲ့ တရားခံတွေက မဟုတ်ဘူး ဟန်နာရေးတာ ရပို့မှာ သူကိုယ်တိုင်လက်မှတ်ထိုးတာကြည့်ပါလို့ ချေပတယ်။ တရားသူကြီးက ဟန်နာ့ကို ရုံးတော်မှာ လက်ရေးနမူနာရေးပြခိုင်းတယ်။ ဟန်နာရှမစ် တုန်လှုပ်သွားတယ်။ မရေးပြတော့ဘူး။ ကျမ ရေးတဲ့ ရပို့ ပါလို့ ဝန်ခံလိုက်တယ်။

မိုက်ကယ် ဟာ အံ့သြတုန်လှုပ်စွာနဲ့ ပရိသတ်ထဲကနေ သူ့မဟန်နာကို ငေးကြည့်နေခဲ့တယ်။

မိမိကိုယ်ကို ခုခံကာကွယ်ဖို့တောင် နားမလည်တဲ့ ခပ်အအ တရားခံမ။ လက်ရေးနမူနာ အယူမခံတဲ့ အခါ မိုက်ကယ် အကုန်လုံးကိုနားလည်သွားခဲ့ပြီ။

သူတို့ဦးချစ်ရည်လူးခဲ့စဉ်က ဘာလို့ စာဖတ်ပြခိုင်းခဲ့တာလဲ.. အပျော်ခရီးထွက်စဉ်က စားသောက်ဆိုင်မှာ မီနူး မဖတ်ပဲ သူ့ကိုမှာခိုင်းခဲ့တာလဲ။ စာမတတ်ဘူး။ မမဟန်နာ ဟာ စာမရေးတတ် မဖတ်တတ်ခဲ့ဘူး။ နှိုင်းရှတတ် မြို့ကလေးမှာ လက်မှတ်စစ်လုပ်နေရာက ဓာတ်ရထားမောင်းရာထူးတိုးအပေးမှာ ထွက်ပြေးခဲ့ရတာ စာမတတ်လို့။ ဇီးမန်းစက်ရုံမှာ အလုပ်လုပ်နေရာက ရာထူးအတိုးမှာ စာမတတ်တဲ့ အတွက် ထွက်ခဲ့ရာက နာဇီအက်စ်အက်စ်တပ်ဖွဲ့ထဲ အစောင့်အလုပ်ဝင်လုပ်ခဲ့တာ ဘာလို့လဲ စာမတတ်လို့။ ကိုယ်စာ မတတ်မှန်း လူသိမခံဝံ့လို့ အရှက်ကြီးလွန်းလို့ ခုအခါမှာ ကိုယ်ကျိုးနည်းရတော့မယ်။

ပိရိသတ်ထဲက ငေးနေတဲ့ မိုက်ကယ်ဟာ ဆောက်တည်ရာမရဘူး။

လူတွေမသိတဲ့ ဟန်နာ့ လ ျှို့ဝှက်ချက်ကို တရားသူကြီးသိသွားရင် ဘယ်လိုဖြစ်နိုင်မလဲ။ အပြစ်က မလွှတ်တောင် ကျန်တဲ့ တရားခံတွေနဲ့အတူတူ လေ ျှာ့ပေါ့သွားနိုင်မလား။ (ခုလောလောဆယ်က အကုန်လုံးသူ့ အပေါ်ပုံကျနေပြီ)

အဲဒီရုံးချိန်းအပြီးမှာ မိုက်ကယ်ဟာ သူ့ဆရာ ပရော်ဖက်ဆာနဲ့ အမှုအကြောင်းဆွေးနွေးတယ်။

တရားခံမ စာမတတ်ကြောင်း သူသိတယ်ပေါ့။ သူရှက်လို့ ဖုံးထားတာ။ ဒါကိုသာ ရုံးတော်က သိရင် အနည်းဆုံး အလေ ျှာ့အပေါ့ခံရနိုင်တယ်ပေါ့။ ပရော်ဖက်ဆာက မိုက်ကယ့်ကို ပြောတယ် မင်း အဲ့ဒီအမျိုးသမီးနဲ့စကားပြောပီးပီလားတဲ့။

မိုက်ကယ် တစ်ယောက် ဟန်နာရှမစ် ဆီ ထောင်ဝင်စာသွားတွေ့ဖို့ကြိုးစားတယ်။

ထောင်ဝင်စာတွေ့တဲ့ အခန်းထဲ ဟန်နာရှမစ် စောင့်နေတဲ့နေရာကို သွားတဲ့ မြေကွက်လပ်ကို အဖြတ်မှာ မိုက်ကယ် စိတ်ပြောင်းသွားတယ်။

ချာကနဲ လှည့်ပီး ဂိတ်ပေါက်ဝဆီ ပြန်လေ ျှာက်သွားခဲ့တယ်။ ဘယ်သူမှန်းမသိ ထောင်ဝင်စာ လာတွေ့တယ်ဆိုလို့ စောင့်နေတဲ့ ဟန်နာရှမစ် ဆီ ဘယ်သူမှ ပေါ်မလာခဲ့ပါ။

(ရုပ်ရှင်ထဲမပါတဲ့ ဇာတ်ကွက်တစ်ခုမှာ အပျော်ခရီးထွက်စဉ်က မနက်မှာ မိုက်ကယ် အပြင်ခဏသွားကြောင်း စာတိုလေးရေးပီးထားခဲ့တယ်။ ပြန်လာတဲ့အခါ မမဟန်နာက ငိုယိုပီး သူ့ကိုပစ်သွားပီး ထင်ခဲ့တာဆိုပီး သောင်းကျန်းတယ်။ မိုက်ကယ်က စာတိုလေး မမြင်ဘူးလား မမရာ ဆိုတာကို မတွေ့ဘူးလို့ ပြန်ဖြေတယ်။ အဲဒီစာတိုလေးလည်း ပျောက်နေတယ်။ အမှန်က ဟန်နာ စာမဖတ်တတ်လို့ အထင်လွဲကြောင်းပြထား)

အဲ့ဒီညမှာ မိုက်ကယ်ဟာ သူ့ကိုသဘောကျဟန်ပြတဲ့ တက္ကသိုလ်က အတန်းဖော်ကောင်မလေးရဲ့အခန်းကို သွားလည်တယ်။ လိင်ဆက်ဆံတယ်။

ကိစ္စပြီးတဲ့အခါ အသာအယာထပြီး အခန်းအပြင်ထွက်တယ်။ ကောင်မလေးက ဘာလုပ်တာလဲလို့ မေးတာကို ဆောရီး..ငါ့ဖာသာ တစ်ယောက်ထဲအိပ်ချင်လို့ လို့ပြန်ဖြေပြီး ထားပစ်ခဲ့တယ်။ ကိုယ့်အိပ်ယာပြန်ရောက်တော့ မမဟန်နာကို ပြင်းပြင်းပျပျ သတိရနေခဲ့တယ်။

(ယောက်ျားတွေဟာ မိမိမစုံမက်သူနဲ့ တူတူမအိပ်ချင်ကြဘူး)

နောက်ဆုံးရုံးချိန်းမှာ ပိရိသတ်တွေဟာ နာဇီတရားခံတွေကို အငေါ်ပာစ်ဆဲဆိုကြတယ်။

ရုံးတော်က ကျန်တဲ့ တရားခံအမျိုးသမီးတွေကို ၄နှစ်နဲ့၃လ ထောင်ချပြီး လူ၃၀၀မီးလောင်သေဆုံးမှုအတွက် အဓိက တရားခံ ဟန်နာရှမစ် ကို ထောင်ဒဏ်တစ်သက်ချမှတ်လိုက်တယ်။

ဒဏ်ရာ အနာတရနဲ့ မိုက်ကယ်ဟာ အိမ်ထောင်ကျတယ်။ သမီးတစ်ယောက်ရတယ်။ အိမ်ထောင်ကွဲတယ်။

ဟန်နာရှမစ် ထောင်ထဲရောက်တာ ၈နှစ်လောက်ကြာသွားတဲ့ အခါ .. တနေ့မှာ ပါဆယ်ထုပ်တစ်ခုလက်ခံရရှိတယ်။ ကက်ဆက်နဲ့တိတ်ခွေလေးတွေဖြစ်နေတယ်။ ဇဝေဇဝါဖြစ်နေတဲ့ ဟန်နာ တိတ်ခွေကို ကက်ဆက်ထဲထည့်ပြီး ဖွင့်ကြည့်တဲ့ အခါ..

ဟိုးမားရဲ့ အိုဒက်ဆီ .. ဆိုတဲ့ စာဖတ်သံထွက်ကျလာတယ်။

တုန်ခါနေတဲ့ လက်ချောင်းတွေနဲ့ ချက်ချင်းခလုတ်ပိတ်မိတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ကလေး လို့ သူမ ခေါ်ခဲ့ဖူးတဲ့ မိုက်ကယ်ရဲ့ စာဖတ်သံပါလား။

ကက်ဆက်ခလုတ်ကိုနှိပ်ပြီး ထပ်ဖွင့်ကြည့်တယ်။ မိုက်ကယ်မှ မိုက်ကယ်အစစ်ပဲ။ ဟိုး အရင်တုံးကလိုပဲ ဟိုးမားရဲ့ အိုဒက်ဆီကို ဖတ်ပြနေတယ်။ ဟန်နာရှမစ် ဟာ မျက်ရည်တွေကြားထဲက ကက်ဆက်ထဲက စာဖတ်သံကိုနားထောင်လို့။

နောက်ထပ် နောက်ထပ် ကက်ဆက်ခွေတွေဟာ ဟန်နာရှမစ်ဆီကို ဆက်တိုက်ပဲ ရောက်လာတယ်။ စာအုပ်ပေါင်းမြောက်များစွာကို မိုက်ကယ်က ဖတ်ပြနေတယ်။

တနေ့မှာ မိုက်ကယ့်ထံက ရောက်လာတဲ့ ကက်ဆက်ခွေ အသစ်ဟာ အန်တန်ချက်ကော့ဖ်ရဲ့ ခွေးကလေးနဲ့အမျိုးသမီး စာအုပ်ဖြစ်နေတယ်။

တခါက မိုက်ကယ်ကိုယ်တိုင် ဖတ်ပြပီး ဟန်နာသိပ်ကြိုက်တဲ့ စာအုပ်လေး။ ဟန်နာရှမစ် ထောင်စာကြည့်တိုက်ကို သွားတယ်။ ခွေးကလေးနဲ့အမျိုးသမီး စာအုပ်ကို ငှါးတယ်။

သူ့အခန်းပြန်ရောက်တော့ စာအုပ်ကို အသင့်ပြင်အနေထားဖွင့်ထားရင်း ကက်ဆက်ခွေကို ဖွင့်တယ် ခွေးကလေးနဲ့အမျိုးသမီး ဆိုတဲ့ အသံကိုနားထောင်ပီး စာလုံးတွေကို လိုက်မှတ်တယ်။ ဟန်နာရှမစ် ဟာ မိမိဖာသာ စာဖတ်ဖို့ စကြိုးစားခဲ့ပီ။

တနေ့မှာ မိုက်ကယ့်ဆီ စာတစ်စောင်ရောက်လာတယ်။ ပေးပို့သူက ဟန်နာရှမစ်တဲ့။ ကလေးတစ်ယောက်ရဲ့ လက်ရေးမျိုးနဲ့ ရေးထားတဲ့ စာကတိုတိုလေး ..

ပို့ပေးတဲ့ နောက်ဆုံးအခွေတွေအတွက် ကျေးဇူးတင်ပါတယ် ကလေးရယ်..

ငါကြိုက်ပါတယ် ..တဲ့

မိုက်ကယ်ဟာ နောက်ထပ် ကက်ဆက်ခွေတွေထပ်ပို့ပေးနေပေမယ့် ဟန်နာ့ဆီ စာမပြန်ပါ။

တဖြေးဖြေး စာတတ်ကျွမ်းလာတဲ့ ဟန်နာ့ ထံကသာ စာလေးတွေ တဖွဲဖွဲရောက်လာနေခဲ့တယ်။

အဲ့ဒီလိုနဲ့ နှစ်ပေါင်းများစွာ အကြာ ဟန်နာရှမစ်ဟာ ထောင်ထဲမှာ၁၇နှစ်ကြာသွားခဲ့ပီ။

တနေ့မှာ ထောင်ဝါဒါက မိုက်ကယ့်ဆီ ဖုန်းဆက်ပါတယ်။ ဟန်နာနဲ့မိုက်ကယ် ဘာတော်စပ်မှန်း သူမ မသိပါဘူး။ သို့သော် ဟန်နာဟာ မကြာခင် ထောင်ကလွတ်ပါတော့မယ်။ ဆွေမျိုးညာတိမရှိတဲ့ ဟန်နာ ဟာ အပြင်လောကမှာ အသက်ဆက်ရှင်ဖို့ မလွယ်ပါဘူး။ မိုက်ကယ် ကူညီနိုင်မလားလို့ မေးတယ်။

ဒီလိုနဲ့ မိုက်ကယ်ဟာ ထောင်ထဲလိုက်သွားခဲ့တယ်။

ထောင်ဝါဒါရဲ့ လမ်းညွှန်မှုနဲ့ ထမင်းစား စားပွဲမှာ ထိုင်နေတဲ့ ဟန်နာရှမစ် ရှေ့ကို ရောက်သွားပီး မျက်နှာချင်းဆိုင်ထိုင်မိတယ်။ ၂ယောက်သား ဝမ်းနည်းဆို့နင့်နေတဲ့ အကြည့်နဲ့ ငေးနေကြတယ်။ ဟန်နာရှမစ်က လက်ကမ်းပေးတဲ့ အခါ မိုက်ကယ်က အသာဖွဖွတို့ထိတယ်။

မင်း အရွယ်ရောက်ခဲ့ပီကော ကလေးရယ် တဲ့...

တစ်ခေါင်းလုံး ဖွေးဆွတ်နေတဲ့ ဆံပင်ဖြူတွေ ဖုံးနေတဲ့ အဘွားအိုလေး ဟန်နာက စကားစတယ်။

မိုက်ကယ်က သူ့လက်ကို ရုတ်လိုက်တယ်။ စကားစတယ်။

အလုပ်အကိုင်တစ်ခု စီစဉ်ပေးနိုင်ကြောင်း.. အခန်းလေးတစ်ခု နေဖို့ ဖန်တီးပေးနိုင်ကြောင်း ပေါ့..

ဟန်နာက ကျေးဇူးပါ လို့ တိုးတိုးပြောတယ်...

ဟန်နာ့အခန်းအနီးနားမှာ စာကြည့်တိုက်လည်း ရှိကြောင်း မိုက်ကယ်က ဆက်ပြောတယ်.. ဒီနှစ်ပိုင်း စာတွေအရမ်းဖတ်ဖြစ်တယ်မလားလို့မေးတော့

ဟန်နာက ငါ့ကိုစာဖတ်ပြတာပိုကြိုက်တာလို့ ဝေးရင်းပြန်ဖြေတယ်။ ခုတော့ ဒါတွေပြီးပီပေါ့နော် တဲ့။ (ဖတ်မပြတော့ဘူးပေါ့နော်)

အတိတ်အကြောင်းတွေးဖြစ်သေးလား လို့ မိုက်ကယ်က မေးတော့

မင်းနဲ့ငါ့ရဲ့ အတိတ်လား လို့ ဟန်နာက မေးတယ်

မိုက်ကယ်က ခါးသီးဟန်နဲ့ မဟုတ်ဘူး အဲ့ဒါမဟုတ်ဘူး လို့ ငြင်းတယ်

သူတို့ စကားဆက်ပြောတာ အဆင်မပြေတော့ဘူး။ တချိန်က အင်မတန်ချောတဲ့ ဟန်နာရှမစ် ဟာ လူအိုနံ့နံနေတဲ့ အဘွားအိုလေးဖြစ်နေပီ။ အဲ့ဒါကို မိုက်ကယ်ကရွံ့ရှာသလိုဖြစ်လာတယ်။ သူမ ဟာ အတိတ်ကလုပ်ရပ်တွေကို သင်ခန်းစာ ယူဟန်မတူဘူးလို့ သူကမြင်နေတယ်။ နောက်အပတ် ထောင်ကလွတ်ရင် လာကြိုမယ်လို့ မိုက်ကယ်က ပြောရင်း ထပြန်ဖို့ပြင်တယ်။ ဟန်နာရှမစ်ဟာ မိုက်ကယ့်ကို ခပ်စူးစူးတစ်ချက် စိုက်ကြည့်တယ်။

ဟိုး လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက ချာတိတ်လေး မိုက်ကယ်ကို ပုန်းရှောင်စွန့်ခွါတော့မယ့် နောက်ဆုံးအကြိမ်က စိုက်ကြည့်ခဲ့တဲ့မမဟန်နာရဲ့ အကြည့်မျိုး..

နောက်တစ်ပတ်မှာ မိုက်ကယ်ဟာ ပန်းစည်းလေးကိုင်လို့ ဟန်နာရှမစ်ကို လာကြိုတဲ့ အခါ ဘဝတစ်ခုလုံး ကွဲကြေသွားဟန်တူတဲ့ ဟန်နာရှမစ် တစ်ယောက် ထောင်ကလွတ်မယ့်နေ့မှာပဲ မိမိကိုယ်ကို သတ်သေသွားပီဖြစ်ကြောင်းသိလိုက်ရပါတယ်။

ဒီရုပ်ရှင်ဇာတ်ကားအပေါ် ကျနော့်ခံစားမှုကို ရေးပြချင်လွန်းလို့ ဇာတ်ကြောင်းအစအဆုံးနီးပါး မှတ်မိသလောက်ပြန်ရေးပြခဲ့မိပါတယ်။

အတိအကျကြီး မဟုတ်ပေမယ့် ဇာတ်ကြောင်းအကုန်နီးပါး ရေးမိသွားတယ်။ အခုရေးပြခဲ့ **The Reader** ဇာတ်ကားဟာ ကျနော်အင်မတန်ကြိုက်ခဲ့ဖူးတဲ့ ဒရာမာရုပ်ရှင်တွေဖြစ်တဲ့ **The English Patient** တို့ **Atonement** တို့လို ဇာတ်ကားတွေနဲ့မတူ တမူကွဲလွန်းပါတယ်။ အထူးသဖြင့် ဇာတ်လမ်းသွားဟာ ပုံမှန်မဟုတ်ပါဘူး။ အငြင်းပွားဖွယ်ရာ ကာရိုက်တာတွေနဲ့ဖွဲ့စည်းထားပြီး အဓိက ဇာတ်ကောင်၂ယောက်ရဲ့ ဆက်ဆံရေးဟာ လူမှုအသိုက်အဝန်းက လက်မခံတဲ့ အချစ်ရေးမျိုးဖြစ်နေပါတယ်။ ညစ်ညမ်းတယ်လို့ ထင်ရတဲ့ ပြကွက်တွေဟာ ပိရိသတ် ကျနော့် နှလုံးသွေးကို ပွက်ပွက်ဆူစေပါတယ်။ ၁၉ ၂၂ခုနှစ်မှာ မွေးတဲ့ ဟန်နာရှမစ် ဟာ ၁၉ ၅၉ ခုနှစ်၊ မိုက်ကယ်ဘာ့ဂ်နဲ့ ချစ်ကြိုးသွယ်တဲ့ အချိန်မှာ အသက်၃၆နှစ်ရှိတဲ့ သက်လတ်ပိုင်းမိန်းမဖြစ်နေပါပြီ။ မိုက်ကယ်ဟာ ၁၅နှစ်အရွယ် ချာတိတ်လေးပါ။ အသက်မပြည့်သေးတဲ့ ချာတိတ်ကို ကျူးသွင်းဖျက်စီးတယ်လို့ ဥပဒေအရကော လူမှုပတ်ဝန်းကျင်ကပါ သတ်မှတ်ပါလိမ့်မယ်။ ဘိုလိုဆိုရရင် **bizarre relationship** လို့ ပြောရမယ်ထင်တယ်။

ဒါပေမယ့် အဲ့ဒီအချက်ကို ရုပ်ရှင်ကား စကြည့်မိတာနဲ့ ကျနော်မတွေးမိတော့ပါဘူး။

ကျနော်ဟာ မိုက်ကယ်ဖြစ်သွားတယ်။ ၁၅နှစ်အရွယ် ချာတိတ်ရဲ့ အသွေးအသားတွေဟာ ဘယ်လိုဖြစ်နေတတ်သလဲဆိုတာ အဲ့ဒီအရွယ်ကို ဖြတ်သန်းဖူးတဲ့လူတိုင်းသိပြီးသားပဲ။ ချို(ဂိုျ)သွေးပြီး ခတ်ကွင်းပြင်နေတဲ့ နွားရိုင်းပေါက်စလေးပေ့ါ။ ဟန်နာရှမစ် ဆိုတဲ့ မိန်းမကကော.. အသက် ၃၆နှစ်ဆိုတာ အစွမ်းကုန်ပွင့်လန်းနေတဲ့ နေကြာပန်းပွင့်ပဲ။ မိန်းမတစ်ယောက်ရဲ့ အလှအပဆုံး အဆူအဖြိုးဆုံးအချိန်ပဲ။ အဲ့ဒီကွာဟနေတဲ့ အရာ၂ခုဟာ အင်မတန် စပ်ဟပ်နေတယ်။(ကျနော်ဒီ့ထက်ပိုပြီး မပြောရဲတော့ဘူး ကိုယ့်ဖာသာတွေးကြည့်ကြပါ)

ရုပ်ရှင်ထဲက မိုက်ကယ်နဲ့အတူ မမဟန်နာရဲ့ ခြေအိတ်ဝတ်ဟန်ကို ချောင်းကြည့်ပြီး ရင်တုန်တယ်။ ပေါင်တံလှလှကိုမြင်ပြီး တံတွေးမျိုချမိတယ်။ ဆတ်ကနဲ သူခိုးဖမ်းတဲ့ အကြည့်နဲ့ လုမ်းကြည့်တဲ့ အဝါရောင် ဆံနွယ်အတွန့်တွေနဲ့ မမဟန်နာရဲ့ လှပကျော့ရှင်းတဲ့ဟန်ပန်လေး။ ရေချိုးဇလားနား လာရပ်တဲ့ မမဟန်နာရဲ့ အဝတ်မဲ့တဲ့ ကိုယ်လုံးအိအိဖြိုးဖြိုးကို အမြင်မှာ အသက်တောင် မရှူနိုင်တော့လောက်အောင်ဖြစ်ပြီး ဟာကနဲ စိတ်ထဲကအော်မိတယ်။

ဒါပေမယ့် သံသယ ဖြစ်ဖွယ် အချက်တွေကို စတွေ့ရတယ်။

ဥပမာ .. မိုက်ကယ်က ကျေးဇူးတင်စကားလာပြောရင်း နေမကောင်းဖြစ်လို့ အိပ်ယာထဲ လှဲနေရပေမယ့် စာအဖတ်မပျက်ကြောင်း ပြောတဲ့အခါ ဟန်နာရှမစ် ရဲ့ မျက်နှာမှာ အရိပ်တစ်မျိုးဖြတ်ပြေးသွားတယ်။ မိုက်ကယ် စာဖတ်ကြောင်းသိသွားပြီး စိတ်ဝင်စားသွားတယ်လို့ထင်တယ်။ ချက်ချင်းပဲ အလုပ်သွားဖို့ ပြင်တယ် .. အဝတ်လဲပြတယ်။ မိုက်ကယ် ချောင်းကြည့်လိမ့်မယ်မှန်းသိသိနဲ့။

လူပျိုပေါက်ကလေးရဲ့ စိတ်ဆင်ရိုင်းကို ကျိုးစသွင်းတယ်လို့ ယူဆရမယ်။ နောက်တော့ မီးသွေးကျိုးခိုင်းတယ်။ ရေချိုးခိုင်းတယ်။

ကတုန်ကယင်ဖြစ်နေတဲ့ အရိုင်းလေးကို အချစ်အရသာဘာလဲပြလိုက်တယ်။ သူ ဆင်ထားတဲ့ အကွက်ထဲ ရောက်လာမှ စာအကြောင်းပေအကြောင်းစကားစတယ်။ စာဖတ်ပြခိုင်းတယ်။ စာဖတ်ပြရင် ငါနဲ့ချစ်ရမယ်ဆိုပြီး အပေးအယူ(မသိမသာ)လုပ်တယ်။ ရုပ်ရှင်ကြည့်ပိရိသတ် ကျနော်ဟာ အဲ့ဒါတွေကို အသေချာ သတိမထားပါ။ မိုက်ကယ်နေရာက ဝင်ခံစားပီး ပျော်နေပါတယ်။ ကမ္ဘာကျော်စာအုပ်တွေဖတ်ပြတယ် တူတူပျော်တယ် ငိုတယ် ရန်ဖြစ်တယ် အဆုံးကျရင် တစ်တစ်ရစ်ရစ် မမဟန်နာလေးနဲ့ ချစ်ပွဲဝင်ရမယ်။ ဒါပါပဲ။

ဇာတ်ကွက်တချို့မှာ မသိမသာပြထားတာတွေရှိတယ်။ ဟန်နာရှမစ် ဟာ ဒေါသကြီးတယ် မိုက်ကယ်နဲ့ဆက်ဆံရေးမှာ သူကချည့်ပဲ လွှမ်းမိုးနေတယ်။ မလျော်ကန်တဲ့ ဆက်ဆံရေးတစ်ခုဖြစ်ပေမယ့်လို့ ဇာတ်ရထားပေါ်မှာ သူ့ကိုတိုက်ရိုက်မခေါ်ပဲ လာချောင်းကြည့်တဲ့ မိုက်ကယ့်ကို ဒေါသတကြီးရန်တွေ့တာမျိုး (မင်းငါ့ဆီ သတ္တိရှိရှိ မလာရဲပဲ ခိုးကြောင်ခိုးဝှက်လာမချောင်းနဲ့ကွာ ငါမင့်ကို ရထားပေါ်မှာ ဇလက္ခာယ ပြမှာမို့လားလို့ အဓ်ဲတာမျိုး) မိုက်ကယ်ဟာ အသက်ကြီးတဲ့ မိန်းမတစ်ယောက်နဲ့ ချစ်မိနေတာကို ရှက်ရွံ့နေပီး သူမ ကို ပေါ်ပေါ်တင်တင် မချစ်ဝံ့တာကိုလည်း ဟန်နာ ဟာ သိနေတယ်။

အဆုံးတနေ့မှာ ဟန်နာရှမစ် ထွက်ပြေးပျောက်ဆုံးသွားတဲ့ အခါ မိုက်ကယ်ဟာ အထက်ကပြောတဲ့ မှုမမှန်တဲ့ အချစ်ရေးကြောင့် သူမ အသိအမှတ်အပြုမခံရတာကြောင့် နာကျည်း ရှောင်တိမ်းသွားရှာတယ်လို့ ထင်နေခဲ့တယ်။

တရားခွင်မှာ တရားခံ ဟန်နာရှမစ် အဖြစ်ပြန်တွေ့ရတဲ့ အခါ မိုက်ကယ်ဟာ ယူကြုံးမရဖြစ်တယ်။

မိမိတရားခံအဖြစ်နဲ့ လေ ျှာက်လှဲချက်ပေးနေရတာတောင် ကိုယ့်ကိုယ်ကို ဘာပြောနေမှန်း(တရားခွင်မှာ ဘာတွေဖြစ်နေမှန်း)သေချာမသိတဲ့ အသက်၄၀စွန်းစွန်း ခပ်အအ အမျိုးသမီးအဖြစ်ပြန်မြင်ရတာ နာကျင်ရတယ်။ နောက်ဆုံး မမဟန်နာလို့ သူသိခဲ့တဲ့ အမျိုးသမီးဟာ စာမတတ်ကြောင်း သိလိုက်ရတဲ့အခါ မိုက်ကယ် စိတ်တွေလှုန်ဆွဲနေခဲ့တယ်။ အမှုတွေပုံချခံနေရတာတောင် စာမတတ်ကြောင်းဖုံးထားတဲ့ မိန်းမ။ အနည်းဆုံးတော့ သူမ တစ်ယောက်ထဲ မှာသာ တာဝန်ရှိတာမဟုတ်ကြောင်းပြနိုင်ခဲ့သော် လေ ျှာ့ပေါ့တဲ့ ပြစ်ဒဏ်ရနိုင်ချေရှိတယ်။ (ကျန်တဲ့ တရားခံအမျိုးသမီးတွေ ၄နှစ်ကျော်လောက်ပဲ ထောင်ဒဏ်ခံရတယ်)

ဟန်နာရှမစ်နဲ့ ထောင်ထဲမှာတွေ့ဖို့ ကြိုးစားပေမယ့် မိုက်ကယ် စိတ်ပြောင်းသွားတယ်။ မတွေ့ဘူး။ တရားသူကြီးကို ဟန်နာ စာမတတ်ကြောင်း သွားမပြောခဲ့ဘူး။ ဒီနေရာမှာ ကျနော်နားလည်သွားတာက မိုက်ကယ့် စိတ်ဟာ အင်မတန်ရှုပ်ထွေးတဲ့ အဆင့်ကိုရောက်နေပီ။ အဲ့ဒီခေတ် အဲ့ဒီအခါက မျိုးဆက်၂ခုဟာ ပွတ်တိုက်မှုဖြစ်နေတဲ့ ခေတ်ကာလဖြစ်နေတယ်။ အရင်မျိုးဆက်ဟာ နာဇီဝါဒကို မျက်ကွယ်ပြု အားပေးခဲ့တယ် လို့ မိုက်ကယ်တို့ မျိုးဆက်က အပြစ်တင်နေတဲ့ကာလ။ မိုက်ကယ့်အတန်းဖော် ဥပဒေကျောင်းသားတွေဟာ သူတို့ သွားလေ့လာနေတဲ့ တရားခွင်က နာဇီမတွေကို အင်မတန်ရွံရှာစက်ဆုပ်နေတယ်။ တရားခံမ ဟန်နာရှမစ် ကို တရားခွင်မှာ ငေးငေးပီး အမူအရာပျက်နေတဲ့ မိုက်ကယ့်ကို သူတို့ရိပ်မိသလိုဖြစ်နေတယ်။ အဲ့ဒါဟာ မိုက်ကယ့်အတွက် ရှက်စရာကြီးပဲ။ မင်း နာဇီမကြီးနဲ့ ဖြစ်ဖူးတယ်ဟုတ်လားလို့ လူသိမှာ ကြောက်တယ်။ ကျနော်နားလည်တာ အဲ့လိုပဲ။

ဒုတိယတစ်ချက်က နှုတ်ဆက်စကားတစ်ခွန်းတောင် မဆိုပဲ သူ့ကို ချန်ထားခဲ့တယ်ဆိုတဲ့ နာကျည်းမှု။

အရွယ်မရောက်သေးတဲ့ သူ့ကို သွေးသားဆန္ဒဖြေဖျောက်ရုံသက်သက်ကစားသွားခဲ့တယ်။ ချာတိတ်လေး ငိုမှာတော့ အရှူးအမူးကျန်ရစ်ခဲ့ရတယ်ပေါ့။ အဲ့ဒီ စိတ်တွေအကုန်လုံးကြောင့် မိုက်ကယ်ဟာ အေးစက်သွားခဲ့တယ်လို့ ယူဆရတယ်။ (တက္ကသိုလ်က အတန်းဖော်ကောင်မလေးနဲ့ လိင်ဆက်ဆံတဲ့ ပြကွက်၊ ကိုယ့်အခန်းကိုယ်ပြန်အိပ်တဲ့ ပြကွက်)

နောက်နောင်မှာ မိုက်ကယ့်ဘဝဟာ အဲ့ဒီစိတ်ဒဏ်ရာတွေကြောင့်ပဲ အိမ်ထောင်ရေးမအောင်မြင် ပြိုကွဲ၊ ဘဝကြီးကို တစ်ယောက်ထဲ အေးတိအေးစက်အထီးကျန်ဆန်ဆန်ဖြတ်နေတဲ့ သူဖြစ်သွားခဲ့ရတယ်လို့ ထင်တယ်။ ဥပမာ ဇာတ်လမ်းအဖွင့်မှာ ပြတဲ့ ဘယ်သူမှန်းသိတဲ့ မိန်းမနဲ့အိပ်ပီး မနက်ဖက်မှာ အဲ့ဒီမိန်းမ ဖုတ်ဖက်ခါထပြန်သွားတဲ့ ပြကွက်မျိုး။

ထောင်ထဲက ဟန်နာရှမစ် ဆီကို အသံသွင်းတိတ်ခွေတွေပို့ပီး စာဖတ်ပြတဲ့ အခါ မိုက်ကယ်ဟာ မမဟန်နာကို ချစ်နေတုံးပဲလား ဆိုပီး ကြည်နူးရပြန်တယ်။

ဟိုးမားရဲ့ အိုဒက်ဆီ ဆိုတဲ့ မိုက်ကယ့်စာဖတ်သံကို ကြားလိုက်ရတဲ့ ဟန်နာရှမစ် အို..ကနဲဖြစ်သွားတဲ့ အခါ ကျနော့် ရင်ထဲ ဆစ်ကနဲဖြစ်သွားရတာမျိုး။ မျက်ရည်လည်ရွဲနဲ့ မိုက်ကယ့် စာဖတ်သံတွေကို နားထောင်နေတဲ့ ဟန်နာရှမစ် ကို ငေးရင်း ကျနော်လည်း အင်မတန်ဆွေးမြေ့ရတာမျိုး။ ခွေးကလေးနဲ့ အမျိုးသမီး စာအုပ်ကို ဖတ်ပြထားတဲ့ တိတ်ခွေလေးရတဲ့ အချိန်မှာ ဟန်နာရှမစ် ဟာ ငြိမ်သက်မနေတော့ပဲ ထောင်စာကြည့်တိုက်က စာအုပ်ကိုပြေးငှါးပီး စာဖတ်ဖို့ ကြိုးစားတဲ့ အခါ ပီရိသတ်ကျနော်ဟာ အံ့ဩ ဝမ်းသာတဲ့ ခံစားချက်မျိုးဖြစ်ရပြန်တယ်။

ဒါပေမယ့် ဟန်နာ့ စာအတိုလေးတွေကို ပြန်စာမရေးတဲ့ မိုက်ကယ့်ကို နားမလည်ပြန်ဘူး။

နောက်ဆုံး အခံစားရဆုံး ပြကွက်က ထောင်ထဲက ထမင်းစားခန်းမှာ ထောင်ကလွတ်ခါနီး ဟန်နာ့ကို မိုက်ကယ်က လာတွေ့တဲ့ အခန်း။ ဟန်နာရှမစ် ဆိုတဲ့ အဘွားကြီးအိုလေးဟာ ဘာကိုမမျှော်လင့်နေသေးတာလဲ။ ငါ့ကို စာဖတ်ပြဦးမှာလားဆိုတဲ့ အဓိပ္ပါယ်ပါတဲ့ မေးခွန်းကို မိုက်ကယ်ဟာ ရှောင်ထွက်သွားတယ်။ မလှပတော့တဲ့ ဟန်နာရှမစ် ဆိုတဲ့ လူအိုနံ့နံနေတဲ့ ဆံပင်ဖြူ အဘွားကြီးကို မိုက်ကယ်ဟာ မသတိတော့ဘူးပေါ့။ ရွံရှာတယ်ပေါ့။ အတိတ်အကြောင်းတွေးမိသေးလားဆိုတာကို ..

မင်းနဲ့ငါ့ အတိတ်လား လို့ အဆောတလျင် ပြန်မေးတဲ့ ဟန်နာ့မျက်လုံးတွေထဲမှာ အချစ်အရိပ်အငွေ့တွေရယ်..

မဟုတ်ဘူး အဲ့ဒီအတိတ်မဟုတ်ဘူးလို့ ခါးခါးသီးသီး ပြန်ပြောတဲ့ မိုက်ကယ့်မျက်နှာပေါ်က ရှက်ရွံနာကျင်မှုတွေရယ်။

ဟန်နာရှမစ် နားလည်သွားခဲ့ရတယ်။ တစ်ဘဝလုံး ဆွေမဲ့မျိုးမဲ့ တွယ်တာရာမဲ့ခဲ့တဲ့ စာမတတ်ပေမတတ်မိန်းမ အဲ့ဒီ နာဇီမကြီးရဲ့ တစ်ဦးတည်းသောတွယ်တာရာ တခါက ကလေးလို့ခေါ်ခဲ့ဖူးတဲ့ မိုက်ကယ်ဆိုတဲ့ ကောင်လေးရဲ့ ဘဝမှာ ဟန်နာရှမစ် မရှိတော့ဘူး။ ဘာကြောင့် သူ့ဆီ ပြန်စာတွေမရေးခဲ့တာလဲ သူနားလည်သွားခဲ့ရပြီ။ မမျှော်လင့်ချက်မဲ့သွားတဲ့ အကျဉ်းစံ နာဇီမကြီးဟာ သူ့ကိုမသတိတော့တဲ့ ကောင်လေး လာကြိုမှာကို မမျှော်မနေတော့ပါဘူးလေ။ ထောင်ကလွတ်မယ့်နေ့မှာပဲ ကိုယ့်ကိုယ်ကို အဆုံးစီရင်ပစ်လိုက်တယ်။ မိုက်ကယ်လာကြိုတာကိုစောင့်မနေတော့ဘူး။ နေပါစေတော့ ကလေးရယ် ငါ့ဖာသာအဝေးကို ထွက်သွားပါ့မယ်ပေါ့။

ဟန်နာ နေသွားခဲ့တဲ့ အခန်းလေးထဲ မိုက်ကယ် ဝင်ကြည့်တော့ ချက်ကော့ဖ်ရဲ့ “ခွေးကလေးနဲ့ အမျိုးသမီး” ဇာတ်လမ်းကို လက်ရေးနဲ့ စာရွက်ပေါ်ချရေးပြီး နံရံမှာကပ်ထားတာ တွေ့ရတယ်။ ဟန်နာ့နောက်ဆုံးဆန္ဒအဖြစ် ရေးသွားခဲ့တဲ့စာထဲမှာ သူမ ချန်ရစ်ခဲ့တဲ့ ပိုက်ဆံအချို့ ကို အကျဉ်းစခန်းမီးလောင်မှုက အသက်မသေကျန်ရစ်ခဲ့သူ အမျိုးသမီးကို လွှဲပေးစေလိုကြောင်း၊ မိုက်ကယ့်ကို ဟယ်လို လို့ နှုတ်ဆက်ခဲ့ကြောင်းနဲ့ အဆုံးသတ်ထားတယ်။ အဲ့ဒီစာကို ထောင်ဝါဒါ အမျိုးသမီးက ဖတ်ပြတဲ့အခါ မိုက်ကယ်ဟာ ကလေးလေးတစ်ယောက်လို အော်ငိုတော့တာပဲ။

ကျနော်ကိုယ်တိုင်လည်း တောင့်ခံမထားနိုင်တော့ဘူး။ မျက်ရည်ကျရတယ်။ လူ့ဘဝမှာ လိင်ကိစ္စမပါသော်လည်းပဲ ဖြူစင်တဲ့ ချစ်ခြင်းမေတ္တာတစ်ခု ပြန်မရနိုင်တော့ဘူးလား။ ကံဆိုးမကြီး ဟန်နာရှမစ်ဟာ

တစ်ဆယ့်ရှစ်နှစ်တိတိ ထောင်ထဲမှာ အသက်ရှင်နိုင်ခဲ့ပေမယ့် နောက်ဆုံးမှာ မျှော်လင့်စရာ မကျန်တော့ကြောင်း သေချာသွားတဲ့အခါ ဘဝကို အဆုံးသတ်ပစ်လိုက်တယ်တဲ့ လားဗျာ။

ဒီရုပ်ရှင်ဟာ ကျနော့်ကို ပျော်ရွှင်စေခဲ့တယ်။ လိင်ပိုင်းဆိုင်ရာ စိတ်လှုပ်ရှားမှုကို ပေးခဲ့ တယ်။ တုန်လှုပ်စေခဲ့တယ်။ နောက်ဆုံး ကျနော့် နှလုံးသားကို ထုခွဲချေမွသွားခဲ့တယ်။ လူ တစ်ယောက်ဟာ မျှော်လင့်ချက်ရှိနေသ၍ အသက်ဆက်ရှင်သန်ချင်နေပေမယ့်လို့ ဘဝမှာ ဘာမှမကျန်တော့ပါလားလို့ သိလိုက်ရတဲ့အချိန်မှာ လူ့လောကမှာ ဆက်လက် မရှင်သန်လိုတော့ ကြောင်းနားလည်ခံစားလိုက်ရတယ်။

"လူဖြစ်ရတာ တန်လိုက်လေ" လို့ ကျူးရင့်ချင်တဲ့ အခါတိုင်းမှာ **The Reader** ရုပ်ရှင် ဇာတ်ကားကို ကျနော် ကြည့်လေ့ရှိပါတယ်။ ကြည့်မိတိုင်း ကျနော် စိတ်လှုပ်ရှားမိပါတယ်။ ခွေးကလေးနဲ့ အမျိုးသမီးဆိုတဲ့ ချက်ကော့ဖ်ရဲ့ စာအုပ်ကို ရုပ်ရှင်ကြည့်ပြီးတာနဲ့ ကောက်ဖတ်ဖို့ စာအုပ်စင်ပေါ်က ဆွဲချပြီး ဘေးမှာ အသင့်ချထားလေ့ရှိပါတယ်။ ဇာတ်ကားဆုံးခါနီး ဇာတ်ကွက် တွေမှာ ကျနော် ငိုမိပါတယ်။ ကိစ္စမရှိပါဘူး။ ဘဝမှာ လူဖြစ်ရတာ တန်ကြောင်း ဒီရုပ်ရှင်ဇာတ်ကား က သက်သေပြနေတာပဲ မဟုတ်လား။

ဝံပုလွေပါပီ

ဘောဘီလုံမှာ ဗိုက်အပူဆုံးပုဂ္ဂိုလ် ငါမဖတ်ဖူးခဲ့ဘူး။ ငါ့ထန်းလျက်ခဲဘယ်သူရှေ့ ငါမသိခဲ့ ဘူး။ ၁၆ နှစ်သားမှာ ငါ သိခဲ့တာ ပင်လယ်ဝံပုလွေ။ ငါ့သမ္မာကျမ်းစာဟာ အဲ့ဒီစာအုပ်။ ငါ့ဘုရားသခင် ဟာ ဝံပုလွေလာဆင်။ နှလုံးရည်နဲ့ယှဉ်ပြိုင်လို့ မရတော့တဲ့အခါ လက်ရုံးအားကိုးရလိမ့်မယ် ဆိုတဲ့ ဉာဏ်အလင်းကို ငါရခဲ့တယ်။ ငါ လင်းပွင့်ခဲ့တယ်။ ဒါမှမဟုတ် ငါဟာ မိုက်ကန်းဆိုးသွမ်းခဲ့တယ်။ ငါ ဖဲချတယ်။ ငါ ဓားမြှောင်ခါးကြားထိုးတယ်။ ငါ မူးယစ်ဆေးသုံးခဲ့တယ်။ ငါ စတိုင်းဘတ်ကြိုက် တယ်။ ငါ ခရိုနင်ကြိုက်တယ်။ ငါ ဘိုင်ရွန့်ကဗျာတွေ အလွတ်ရတယ်။ ငါ လက်သီးပုန်းကိုင်တယ်။ ငါချိန်းကြိုးကိုင်တယ်။ ငါ့ဆံပင်တွေ ရှည်ခဲ့တယ်။ ငါ သိဒ္ဓတ္ထဖတ်တယ်။ ငါ ဒေါင်းနွယ်ဆွေ ဖတ်တယ်။ ငါ မောင်ခိုင်မာ့ကဗျာတွေ အလွတ်ရခဲ့တယ်။ ငါဟာ အင်မတန်ဒေါသကြီးခဲ့တယ်။ ငါဟာ လက်စားချေတတ်တယ်။ ငါဟာ အင်မတန်သည်းခံတတ်ခဲ့တယ်။ ငါ့တစ်ကိုယ်လုံး အမုန်းမီးလျှံ တွေ ထိန်ထိန်လင်းခဲ့တယ်။ ငါ့အချစ်ကြောင့် ငါ့ရင်ဘတ်ပေါ်မှာ သစ္စာပန်းတွေ ရဲပဒေါင်းခတ် အဓောင်ပွင့်ခဲ့တယ်။ ငါ မျောင်ခိုကုန်ကူးတယ်။ ငါ့လွယ်အိတ်ထဲမှာ မာ့က်စ်ရဲ့ ပြင်သစ်လူတန်းစား တိုက်ပွဲစာအုပ် ပါတယ်။ ငါ ပင်လယ်ဆိပ်ကမ်းမှာ ရေခဲရိုက်ငါးတွေ သယ်ပိုးတယ်။ ငါ ကူလီတွေနဲ့ အရက်မူးတယ်။ ငါ တက္ကသိုလ်တစ်ခုမှာ ပညာတတ်တွေနဲ့ ဆွေးနွေးငြင်းခုံတယ်။ ငါ ဖာနန်ဒို ဆောကို သိတယ်။ ငါ တာရေးဂါးကို သိတယ်။ ငါ ဘတ်ကို သိတယ်။ ငါ မီးပွိုင့်မှာ စံပယ်ပန်းရောင်း တဲ့ ကောင်လေးကို သိတယ်။ ငါ နန်းမေမေကြည်ကို ချစ်တယ်။ ငါ ထမင်းရောင်းတဲ့ ကျောက်ဘီလူး ရဲ့ မိန်းမကို မုန်းတယ်။ ငါ့မှာ သမီးလေးတစ်ယောက်ရှိရင် ကောင်းမယ်လို့ စိတ်ကူးယဉ်တယ်။ ငါ မနာလိုဖြစ်တယ်။ ဒါကြောင့် ငါချစ်တယ်။ ငါ အသည်းမာတယ်ဆိုတာ မဟုတ်ဘူး၊ ငါ့မှာ မာစရာ အသည်းနှလုံးကို မရှိဘူးဆိုတာ ငါပြောတယ်။

ငါဟာ တစ္ဆေသ်ဘောကို ရှက်လှုပ်နေတဲ့ ဝံပုလွေတစ်ကောင် ဖြစ်တယ်။ မင်းတို့သိဖို့ ငါထပ်ပြောမယ်။ ငါဟာ ဝန်ရိုးစွန်းဖက်ကို နောက်မဆုတ်တမ်း ရှက်လှုပ်နေတဲ့ အထီးကျန် ဝံပုလွေ တစ်ကောင်ဖြစ်တယ်။

ကျေးဇူးတင်လျက်

ပါပီယွန်

Whispers of Words

ခကာလောက် ငြိမ်နေကြပြီးတဲ့နောက်
ကျနော့်ကို အခါတိုင်းလို ရင်ချင်းအပ်ပြီး မယ်ဒီ ဖက်တယ်
နားရွက်နားကပ်ပြီး တိုးတိုးပြောတယ်
'ဂွတ်ဒ်ဘိုင် ဖလားဝါး ' တဲ့

ပယ်ရီပယ်ရီ ချစ်ကန်း

ပါဝီယွန်

Whisper of Words
BOOK CHANNEL